# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၅)


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၀ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၂၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၂၀၄)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယားကုန်သွယ်ရေးဝန်ကြီးအား တွေ့ဆုံ

## ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရေး ဆွေးနွေး

**နေပြည်တော် မေ ၂၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကိုရီးယားသမ္မတနိုင်ငံ၊ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Kim Hyun-chong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားရေး၊ နည်းပညာ၊ အသိပညာမျှဝေရေးနှင့် စက်မှုဇုန် တည်ထောင်ရေး အလားအလာများစသည့် ရှိရင်းစွဲနှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Kim Hyun-chong အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်




**သမိုင်းဝင် စာတစ်အုပ် သို့မဟုတ် မြန်မာ နိုင်ငံ့အရေး**

ဆောင်းပါး စာ-၆

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့၏ ဒုတိယ (၁) နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို ရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

**နာဂဒေသတွင် သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်**

ပြည်တွင်းသတင်း စာ-၅

**ဒလတံတား တည်ဆောက်ချိန် ပြည်သူများ သွားလာမှုအဆင်ပြေစေရေး ဆောင်ရွက်လျက်ရှိ**

ပြည်တွင်းသတင်း စာ-၈

**ဂျီဆဲဗင်း နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး တိုရွန်တို၌ စတင်ကျင်းပ**

နိုင်ငံတကာသတင်း စာ-၁၄


AGDBANK
Asia Green Development Bank Limited.

FIXED DEPOSIT

အပ်နှံကာလအလိုက်အတိုးနှုန်းတွေ တက်သွားပြီး အမြင့်ဆုံး ၁၀% p.a အထိ အတိုးရနိုင်မယ့် Fixed Deposit

| ၁ လ | ၂ လ | ၃ လ | ၄ လ | ၅ လ | ၆ လ | ၇ လ | ၈ လ | ၉ လ | ၁၀ လ | ၁၁ လ | ၁၂ လ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၉.၀၀% | ၉.၁၀% | ၉.၂၅% | ၉.၃၀% | ၉.၄၀% | ၉.၅၀% | ၉.၆၀% | ၉.၇၀% | ၉.၇၅% | ၉.၈၅% | ၉.၉၅% | ၁၀% |

www.agdbank.com   AGDBank

# တရားမအထူးအယူခံမှု(၆)မှု စီရင်ချက်ချပြီး (၆)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော်  မေ ၂၃**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်း အမှတ် (၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု (၆)မှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု (၆)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးညှင်း ပုညရှင်စက္ခုပါလဆေးရုံတွင် မျက်စိဝေဒနာရှင်များအား ဒုတိယအကြိမ် အခမဲ့ကုသပေး

**မိုးညှင်း  မေ ၂၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်းရှိ မျက်စိရောဂါ ဝေဒနာရှင်များအား မျက်စိ စမ်းသပ်ခြင်းလုပ်ငန်းကို မေ ၂၀ ရက်မှ ၂၃ ရက်အထိ နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ပုညရှင် တောရ အပြည်ပြည်ဆိုင်ရာ ဝိပဿနာ ရိပ်သာအတွင်းရှိ ပုညရှင် စက္ခုပါလ မျက်စိကုဆေးရုံ၌ အခမဲ့ကုသ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါမျက်စိစမ်းသပ်ကုသခြင်း လုပ်ငန်းကို ဆရာတော် ဒေါက်တာ အရှင်ကဝိဿယန(ဩစတြေးလျ)၏ ဦးဆောင်မှုဖြင့် ချယ်ရီမေတ္တာ ဖောင်ဒေးရှင်းမှ ဆရာဝန်ကြီးများက အခမဲ့ကုသပေးခြင်းဖြစ်ကြောင်း သုံးရက် တာကာလအတွင်း စုစုပေါင်း မျက်စိ ဝေဒနာရှင် ၂၃၀၀ ခန့်ကို ခွဲစိတ်ကုသ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မျက်စိ စမ်းသပ်ခြင်းလုပ်ငန်း အဆင်ပြေစေ ရန်အတွက် မိုးညှင်းမြို့နယ်အတွင်းရှိ လူမှုရေးပရဟိတအဖွဲ့များ၊ လူမှုကူညီ ရေးအသင်းအဖွဲ့များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ အကျိုးတော်ဆောင်အဖွဲ့ များက ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြ ကြောင်း သိရသည်။

**ဝ၆၇**

# တိုင်းရင်းဆေးဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး  မေ ၂၃**



(၁၇)ကြိမ်မြောက် တိုင်းရင်းဆေး ပညာအခြေခံနှင့် တိုင်းရင်းဆေးဖြင့် ပဏာမကျန်းမာရေး စောင့်ရှောက်မှု သင်တန်းဖွင့်ပွဲကို မေ ၂၃ ရက်က မန္တလေးမြို့ ၆၂ လမ်းရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် စတုတ္ထနှစ် စာသင်ဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သံဃာတော်များ၊ တာဝန်ရှိသူများက နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာမဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ကေသရက ဩဝါဒကထာ မြွက်ကြားသည်။

**သင်ကြားပို့ချသွားမည်ဖြစ်**

သင်တန်းတွင် သာသနာတက္ကသိုလ ဓမ္မာစရိယတန်း၊ စတုတ္ထနှစ် သင်တန်းသား သံဃာတော်စုစုပေါင်း အပါး ၇၀ တို့အား တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာသိမ်းကျော်၊ ဒုတိယပါမောက္ခ၊ ဌာနမှူးများ၊ လက်ထောက်ကထိက၊ နည်းပြဆရာများက တိုင်းရင်းဆေးပညာသမိုင်း၊ ကုထုံးဘာသာရပ်မိတ်ဆက်၊ တိုင်းရင်းဆေး အခြေခံသဘောတရားများ၊ ဒေသပေါက် ဆေးဖက်ဝင်အပင်များ၊ ဆေးခန်းသုံး ဆေးဖုံများ၊ ဥတုရာသီ အလိုက် ဖြစ်တတ်သော ရောဂါများနှင့် ကုထုံးနှင့် အဖြစ်များသောရောဂါများ၊ တိုင်းရင်းဆေးပညာ ကုထုံးများကို ဘာသာရပ်ဆိုင်ရာအလိုက် မေ ၁၂ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ် ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၃-၅-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၂၆၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၂၆၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၂၀/၈၄၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၅/၈၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၅/၈၅၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၅/၈၅၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၈ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၁ ·၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၈ ·၉ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၃၃ ·၁ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၁ |
| တရုတ် | တစ်ယွမ် | ၂၁၀ ·၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ ·၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီဋ္ဌေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm



# ကုလားတန်မြစ် ဘက်စုံစီမံကိန်း

ကုလားတန်မြစ်ဘက်စုံစီမံကိန်းသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ အရေးကြီးသော ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါသည်။ ကုလားတန်မြစ် ဘက်စုံစီမံကိန်းသည် အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်းရှိ ကုန်းတွင်းပိုင်း ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသကဲ့သို့ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုနိမ့်ကျနေဆဲ ပြည်နယ်များဖြစ်သည့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရေးပါပါသည်။ ပိုမိုကျယ်ပြန့်သောအမြင်ဖြင့် သုံးသပ်ရပါက ကုလားတန်မြစ် ဘက်စုံစီမံကိန်းသည် အိန္ဒိယ-မြန်မာ-ထိုင်းနိုင်ငံတို့၏ သွက်လက်မြန်ဆန်သော ကုန်သွယ်ရေးလမ်းကြောင်း ဖန်တီးမှုအတွက်လည်း အရေးပါပါသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ သဘောတူညီမှုအရ အိန္ဒိယအစိုးရသည် ကုလားတန်မြစ် ဘက်စုံစီမံကိန်း၏ အစိတ်အပိုင်းများဖြစ်သော စစ်တွေရေနက်ဆိပ်ကမ်း တည်ဆောက်ခြင်းနှင့် ပလက်ဝဆိပ်ကမ်း တည်ဆောက်ခြင်းအပါအဝင် ကုလားတန်မြစ်အား သောင်တူးရေကြောင်း ရှင်းလင်းခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စစ်တွေမြို့မှသည် ပလက်ဝသို့ ရေကြောင်းလမ်းဖြင့် သွားလာနိုင်ပြီဖြစ်ပါသည်။ ကုလားတန်မြစ်ဘက်စုံစီမံကိန်း၏ နောက်ဆုံးအပိုင်းအဖြစ် ပလက်ဝမှ အိန္ဒိယနယ်စပ်ရှိ ဇိုရင်ပူအီသို့ ကားလမ်းဖောက်လုပ်ရမည်ဖြစ်ပါသည်။ ပလက်ဝ-ဇိုရင်ပူအီကားလမ်းသည် အရှည် ၁၀၉ ကီလိုမီတာရှိပြီး တောင်ကုန်းထူထပ်သောဒေသများကို ဖြတ်သန်း၍ ခက်ခက်ခဲခဲ ဖောက်လုပ်ရမည်ဖြစ်ပါသည်။

အိန္ဒိယအစိုးရသည် ပလက်ဝ-ဇိုရင်ပူအီကားလမ်းကို ရူပီးကုဋေ ၁၆၀၀ အကုန်အကျခံ ဖောက်လုပ်သွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် အပြီးဖောက်လုပ်သွားရန် ရည်မှန်းထားပါသည်။ အိန္ဒိယအစိုးရသည် ကုလားတန်မြစ်ဘက်စုံစီမံကိန်းနှင့် ချိတ်ဆက်ထားသည့် ဇိုရင်ပူအီသို့ အိန္ဒိယနိုင်ငံ၏ တခြားသောဒေသများမှ လာရောက်ချိတ်ဆက်နိုင်ရန် အဝေးပြေးလမ်းမကြီးကိုလည်း ဖောက်လုပ်ထားပြီးဖြစ်ပါသည်။ အဆိုပါ အဝေးပြေးလမ်းမကြီးသည် လေးလမ်းသွားလမ်းမကြီးဖြစ်ပြီး ရူပီးကုဋေ ၆၀၀၀ အကုန်ကျခံ ဖောက်လုပ်ထားခြင်းဖြစ်ပါသည်။ ပလက်ဝ-ဇိုရင်ပူအီ ကားလမ်းမကြီးသာ ပြီးစီးပါက အိန္ဒိယ-မြန်မာ ကုန်းတွင်းပိုင်း ကုန်သွယ်ရေးလမ်းကြောင်းတစ်ရပ်ကို ဖော်ဆောင်နိုင်တော့မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုလားတန်မြစ် ဘက်စုံစီမံကိန်းသည် အိန္ဒိယနိုင်ငံ၏ မီဇိုရမ်ပြည်နယ်နှင့် မြန်မာနိုင်ငံ၏ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့အား ဆက်စပ်ပေးမည့် ကုန်သွယ်ရေးလမ်းကြောင်းတစ်ရပ်ကို ဖော်ဆောင်နိုင်တော့မည်ဖြစ်ပါသည်။ တစ်ဖက်၌လည်း ကုလားတန်မြစ် ဘက်စုံစီမံကိန်းကြောင့် ကာလကတ္တားဆိပ်ကမ်းနှင့် စစ်တွေဆိပ်ကမ်းတို့အကြား ပင်လယ်ရေကြောင်းကုန်သွယ်မှုကို နက်ရှိုင်းခိုင်မာစေမည် ဖြစ်ပါသည်။ ကုန်သွယ်ရေးလမ်းကြောင်းတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုများကို ဖန်တီးပေးနိုင်သောကြောင့် ကုလားတန်မြစ်ဘက်စုံစီမံကိန်းအား ဂုဏ်ပြုကြိုဆိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော် လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော် လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

**ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေ ဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

**အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက် များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရ ပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံညှိနှိုင်း အစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၂၃**

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ကုက္ကိုင်းရိပ်သာလမ်း ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုံးဝင်းအတွင်းရှိ ဆင်ဆာကြည့်ရှုသည့် ရုပ်ရှင်ရုံ၊ ရုပ်ရှင်ရိုက်ကူးရာတွင် အသုံးပြုနိုင်ရန် ပြန်လည်ပြုပြင်ထားသည့် စတူဒီယိုနှင့် ပြင်ပရိုက်ကွင်းအဖြစ် ပြင်ဆင်အသုံးပြုနိုင်မည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးသည် မြန်မာနိုင်ငံ၌ ယခုထက်ပိုမိုပြည့်စုံသည့် ရုပ်ရှင်စတူဒီယိုတစ်ခု တည်ဆောက်ဖွင့်လှစ်နိုင်ရေး၊ ရုပ်ရှင်အနုပညာနှင့် ပတ်သက်သည့် သင်တန်းကျောင်းတစ်ခု တည်ဆောက်နိုင်ရေးတို့အတွက် အကြံဉာဏ်ယူနိုင်ရန် ဖြစ်ပါကြောင်း၊ နေပြည်တော်တွင် တည်ဆောက်မည်ဆိုလျှင် အဆောက်အအုံ၊ နေရာထိုင်ခင်းသည် ရုပ်ရှင်နှင့် ပတ်သက်၍ စီမံပေးနိုင်မည့် အနေအထားမျိုးရှိပါကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ရာတွင် အစိုးရနှင့် ပုဂ္ဂလိက၊ အဖွဲ့အစည်းများ၊ ရုပ်ရှင်လောကသားများ ပူးပေါင်းဆောင်ရွက်လျှင် ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဖြစ်မြောက်မည်ဟု မြင်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အပိုင်းများလည်းရှိမည် ဖြစ်ပါကြောင်း၊ ရုပ်ရှင်စတူဒီယိုနှင့် သင်တန်းကျောင်း ပေါ်ပေါက်ရန် အခြေခံ လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လက်တွေ့အကောင်အထည်ဖော်ရာတွင် တည်ဆဲစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများ၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေများနှင့် ညီညွတ်စွာ ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါကြောင်း။

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ခြင်းကြောင့် ရုပ်ရှင်အနုပညာသည်များ၊ ရုပ်ရှင်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများတွင် လက်ငင်းအကျိုးကျေးဇူးရှိသကဲ့သို့ ရုပ်ရှင်အတတ်ပညာဖြင့် နိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော် တပ်ကုန်းရုံးချုပ်ရှိ စတူဒီယိုများတွင် ရိုက်ကူးရေးလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရုပ်ရှင်ရိုက်ကူးရေး စတူဒီယိုနှင့် ရုပ်ရှင်အတတ်ပညာသင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေး လျာထားအစီအမံများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။



ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဖိုးချစ်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးလွင်မြင့်၊ တက်ရောက်လာကြသည့် ရုပ်ရှင်လုပ်ငန်းလုပ်ကိုင်သူများနှင့် ရုပ်ရှင်သင်တန်းဖွင့်လှစ်ထားသူများက ရုပ်ရှင်အတတ်ပညာသင်တန်းကျောင်းနှင့် စတူဒီယိုများ ဖွင့်လှစ်ရာတွင် စဉ်းစားရမည့် အချက်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**



**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ မေ ၂၁ ရက်က ပုလဲမြို့နယ် အောင်ချမ်းသာကျေးရွာ၌ အခြေခံ စာတတ်မြောက်ရေးအတွက် ဖွင့်လှစ်သင်ကြားနေသည့် စာသင်ဝိုင်းရှိ စာသင်သားများအား ကြည့်ရှုအားပေးစဉ်။**

(ပုလဲမြို့နယ်ရှိ ကျေးရွာ ၂၉ ရွာ စာသင်ဝိုင်း ၅၅ ဝိုင်း၌ စာသင်သား ၅၁၆ ဦးကို မုံရွာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် လုပ်အားပေး တက္ကသိုလ် ကျောင်းသားများက ဧပြီ ၉ ရက်မှ မေ ၁၈ ရက်အထိ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## မဲခေါင်စာပေဆု ရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် မေ ၂၃**

မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မဲခေါင်စာပေဆု ရွေးချယ်ရေးအဖွဲ့သည် ပြိုင်ပွဲဝင်စာအုပ်များ ဖိတ်ခေါ်ခဲ့ရာ စိစစ်ရွေးချယ်ရေးအဖွဲ့က ဝတ္ထုတိုပေါင်းချုပ်ဆုကို May Zun Aye ရေးသားသည့် **"The Moon Light To Be Wooed" (Selected Short Stories)** က လည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုကို **Tint Tun (Chauk)**ရေးသားသည့် **" Bagan trip is rich in Flowers "** က လည်းကောင်း ဆုရရှိကြကြောင်း ထုတ်ပြန်ကြေညာထားသည်။

ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် တရုတ်(ယူနန်ပြည်နယ်) နိုင်ငံတို့ပါဝင်သည့် မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံများအတွက် ချီးမြှင့်မည့် (၉)ကြိမ်မြောက် မဲခေါင်စာပေဆုချီးမြှင့်ပွဲကို ဇွန်လ ပထမပတ်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံ ပရိဘောဂဒီဇိုင်းပြိုင်ပွဲ စိတ်ပါဝင်စားသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်

**နေပြည်တော် မေ ၂၃**

အာဆီယံဒေသတွင်းရှိ မူပိုင်ခွင့်ရုံးများနှင့် ဥရောပသမဂ္ဂမူပိုင်ခွင့်ရုံး(EUIPO) တို့ပူးပေါင်းကျင်းပမည့် "ASEAN Furniture Design Contest" ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲကို ပရိဘောဂဒီဇိုင်းဖန်တီးသူများ၊ စက်မှုလက်မှုလုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်ပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ လက်မှုပညာရှင်များ၊ ပန်းချီ၊ ပန်းပုအနုပညာရှင်များ၊ ပရိဘောဂဒီဇိုင်းဖန်တီးမှုကို စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသား မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြည်တွင်းအဆင့် ရွေးချယ်ခံရသည့် ပြိုင်ပွဲဝင် ပရိဘောဂဒီဇိုင်းလက်ရာ ငါးခုအား အာဆီယံအဆင့် ရွေးချယ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ အာဆီယံအဆင့်ရွေးချယ်ပွဲတွင် တစ်နိုင်ငံချင်းစီမှ ပေးပို့လာသော ပြိုင်ပွဲဝင်လက်ရာ ငါးခုအနက် တစ်နိုင်ငံလျှင် တစ်ဆုရွေးချယ်မည်ဖြစ်သည်။ ဆုရွေးချယ်ခံရသူများသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် " STYLE Bangkok Fair 2018" တွင် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ရမည့်အပြင် အာဆီယံဒေသတွင်းရှိ ကျော်ကြားသော ပရိဘောဂဒီဇိုင်းကုမ္ပဏီသို့ သွားရောက်လေ့လာခွင့် အခွင့်အရေးရရှိမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ခေါင်းစဉ်မှာ "ASEAN Furniture Design Contest 2018" ဖြစ်ပြီး ပြိုင်ပွဲအမျိုးအမည်မှာ Furniture Design ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် ဒီဇိုင်းလက်ရာ (hard copy နှင့် soft copy) ကို ၂၀-၅-၂၀၁၈ ရက်မှ ၂၄-၅-၂၀၁၈ ရက်အထိ မူပိုင်ခွင့်ဌာန၊ ရုံးအမှတ် (၂၁)၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော် Email address furnituredesigncontest 2018 @ gmail.com သို့ ပေးပို့ရမည်ဖြစ်သည်။ ရွေးချယ်ခံရသူစာရင်းကို ၂၉-၅-၂၀၁၈ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များအား www.facebook.com/ip.myanmar တွင် လည်းကောင်း၊ ဖုန်းနံပါတ်-၀၆၇-၄၀၄၄၁၉ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် မေ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် "တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များ" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပထမဆုရ ဌေးဝင်း (ရမ္မာဝတီ)၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ဒုတိယဆုရ ပုဂံမင်းသူ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က တတိယဆုရ ကိုကိုဆန်းတို့အား ဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်း နာယက ဒါရိုက်တာပန်းချီစိုးမိုးတို့က အထူးဆုရရှိသူများဖြစ်ကြသည့် ဌေးဝင်း (ရမ္မာဝတီ)၊ အောင်ရဲနိုင် (အမရပူရ)၊ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)၊ ကိုကိုဆန်းနှင့် လှိုင်သန်းတင့်(ရွှေပန်းချီ-ရမည်းသင်း) တို့အားဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနာယက ဒါရိုက်တာပန်းချီစိုးမိုးက ဆုများရွေးချယ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဆုရရှိကြသူများကိုယ်စား ဌေးဝင်း(ရမ္မာဝတီ)က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆုရဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များခေါင်းစဉ်ဖြင့် ကျင်းပသည့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်းတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ဂီတနှင့် ပွဲတော်များ၊ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများစသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဓာတ်ပုံများကတစ်ဆင့် ဖော်ထုတ်ပြသနိုင်ခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ခင်လာစေရန်၊ အပြန်အလှန်သိမြင်နားလည်ပြီး လေးစားတတ်စေရန်၊ ရိုင်းပင်းကူညီတတ်စေရန်နှင့် စည်းလုံးညီညွတ်ရန် ရည်ရွယ်ချက်များနှင့်အညီ ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင်နှင့် ဝါသနာရှင်စုစုပေါင်း ၂၂၀ က ဓာတ်ပုံပေါင်း ၅၈၂ ပုံပေးပို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဝန်ကြီးများအဆင့် စည်းဝေး

**နေပြည်တော် မေ ၂၈**

မြန်မာ- ကိုရီးယားနှစ်နိုင်ငံကုန်သွယ်ရေးဝန်ကြီးများအဆင့် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) ညီလာခံခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်ကိုရီးယားသမ္မတနိုင်ငံ၊ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Kim Hyun-chong တို့ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော ကိုရီးယားကုမ္ပဏီများအတွက် စက်မှုဇုန်တစ်ခု ထူထောင်ရေးနှင့် Korea Desk တည်ထောင်ပေးနိုင်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီ (Korea Trade-Investment Promotion Agency-KOTRA) တို့အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးကဏ္ဍတွင် သတင်းအချက်အလက်နှင့် နည်းပညာအသုံးချ ဆောင်ရွက်မှု တိုးတက်မြင့်မားလာစေရေးအတွက် အစိုးရဝန်ထမ်းများအား ကိုရီးယားနိုင်ငံသို့ သင်တန်းစေလွှတ်တက်ရောက်နိုင်ရေး၊ e-commerce အကောင်အထည်ဖော်ရန် Database များတည်ဆောက်ရာတွင် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့အကြား လက်မှတ်ရေး ထိုးပြီးဖြစ်သည့် Trade and Investment Promotion and Protection Agreement အား အသက်ဝင် အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ နှစ်နိုင်ငံအကြားကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်မည့် အလားအလာများ ရှာဖွေဖော်ထုတ်သွားရေးနှင့် နှစ်နိုင်ငံအစိုးရအကြားကောင်းမွန်သော စီးပွားရေးနှင့် ကုန်သွယ်ဆက်ဆံရေးတို့ကို အားပေးမြှင့်တင်သွားရေးတို့နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် အပြန်အလှန်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ ကိုရီးယားသမ္မတနိုင်ငံ၊ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Kim Hyun-chong၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang-hwa နှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်၍ ကဏ္ဍအလိုက် အသီးသီးဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီး H. E. Mr. Kim Hyun-chong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော် Park Royal Hotel တွင် နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အစိုးရဌာနအဖွဲ့အစည်းများအတွက် သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းဖွင့်

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးတွင် မီဒီယာတာဝန် ထမ်းဆောင်နေသူ ဝန်ထမ်းများအား သတင်းရေးသားထုတ်ပြန်ခြင်းနှင့် သတင်းရိုက်ကူး၊ တည်းဖြတ်၊ ထုတ်လုပ်ခြင်းများ စနစ်တကျဆောင်ရွက်နိုင်စေရန် ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်ဖွင့်လှစ်သော သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနား၌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဒီမိုကရေစီနိုင်ငံများတွင် ပြည်သူများကအစိုးရကိုရွေးကောက်တင်မြှောက်ပြီး နိုင်ငံအသုံးစရိတ်အတွက် အခွန်အခများထည့်ဝင်ရသဖြင့် ပြည်သူ့ရန်ပုံငွေဖြင့် ရပ်တည်လည်ပတ်နေသည့် ဌာနအဖွဲ့အစည်းများအနေဖြင့် ယင်းတို့လုပ်ကိုင်ဆောင်ရွက်နေသည်များကို ပြည်သူများသို့ စနစ်တကျပွင့်လင်းမြင်သာစွာ ပြန်ကြားအသိပေးရန် တာဝန်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ဌာနအဖွဲ့အစည်းများတွင် မသမာမှုများ၊ လာဘ်ပေးလာဘ်ယူမှုများကို ကျဆင်းစေပြီး သန့်ရှင်းကောင်းမွန်သော အစိုးရပေါ်ထွန်းရေးကို အထောက်အကူပြုကာအစိုးရဌာနအဖွဲ့အစည်းများနှင့် ပြည်သူများကြားတွင် သံသယစိတ်နည်းပါးကာ ယုံကြည်မှုမြင့်မားလာစေမှာဖြစ်ကြောင်း။

ဤသို့ သတင်းထုတ်ပြန်ခြင်းကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် သတင်းထုတ်ပြန်ရန် တာဝန်ရှိသည့် ဌာနနှင့် အဖွဲ့အစည်းတိုင်းတွင် သတင်းထုတ်ပြန်ရေးအဖွဲ့များကို ဖွဲ့စည်းထားရန် လိုအပ်ကြောင်း၊ ယနေ့သင်တန်းတွင်တက်ရောက်သည့် သင်တန်းသားများသည် မိမိတို့၏ ဌာနအဖွဲ့အစည်းများတွင် သတင်းထုတ်ပြန်ရေးတာဝန်ကို ထမ်းဆောင်ရမည့်သူများဖြစ်သဖြင့် သတင်းထုတ်ပြန်ရေး နည်းပညာများကို စနစ်တကျနားလည်တတ်မြောက်ထားရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ယခုသင်တန်းကိုတန်ဖိုးထားပြီး အားထုတ်ကြိုးစားတက်ရောက်ကြစေလိုကြောင်း၊ သတင်းရေးသားထုတ်ပြန်သည့် နည်းပညာများမှာ အမြဲတမ်းတိုးတက်ပြောင်းလဲနေသဖြင့် မျက်ခြည်မပြတ် လေ့လာဆည်းပူးနေရန်လည်း လိုအပ်ကြောင်း တိုက်တွန်းမှာကြားသွားသည်။



အဆိုပါသင်တန်းတွင် သတင်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်း၊ သတင်းမီဒီယာဥပဒေ၊ သတင်းသမားတို့၏ ကျင့်ဝတ်၊ အွန်လိုင်းအသုံးပြု၍ သတင်းများထုတ်ပြန်ခြင်း၊ Social Media များ အသုံးပြုရာတွင် ဆောင်ရန်၊ ရှောင်ရန် စသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းကို မေ ၂၇ ရက်အထိ ငါးရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၁၅ ခုမှ မီဒီယာတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းပေါင်း ၃၀ ကျော် တက်ရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၈-** ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# လိုင်ဗားဆည်နှင့် ဖလမ်းလေယာဉ်ကွင်းတည်ဆောက်မှု ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ကြည့်ရှု

**ဖလမ်း ဧပြီ ၂၃**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် ချင်းပြည်နယ်စာရင်းစစ်ချုပ် ဦးလာလ်တင်မန်းနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လိုင်ဗားဆည်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်ဇော်က ဆည်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်အဖွဲ့တို့က ဆည်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်အဖွဲ့သည် ဖလမ်း(ဆူရ်ဘုန်) လေယာဉ်ကွင်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာမှူး ဦးမိုးကျော်ဦးက လေယာဉ်ကွင်းတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်အဖွဲ့က လေယာဉ်ကွင်းတည်ဆောက်မှု အခြေအနေများကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**ခရိုင် (ပြန်/ဆက်)**




# ကျန်းမာရေးနှင့် ညီညွတ်သော သီးနှံထုတ်လုပ်မှုစနစ်အား တောင်သူများအပိုင်းမှလည်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် ဧပြီ ၂၃**

ပဲခူးတိုင်းဒေသကြီးဝေါမြို့နယ် ကွင်းအမှတ် ၆၇(က) တွင် ဧပြီ ၂၀ ရက်က ပြုလုပ်သည့် SRI စနစ်နွေစပါးစံကွက် ရိတ်သိမ်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်အားပေးသည်။ **(အောက်ပုံ)**



အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသနေ၊ တောင်သူများတက်ရောက်ကြပြီး နွေစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးနှင့်အတူ ကျိုက်ထိုမြို့နယ် အင်္ဂဘိုခြံသို့ရောက်ရှိကြပြီး နှစ်ရှည်ပင်သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ နှစ်ရှည်ပင် သီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းထွေးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နှစ်ရှည်သီးနှံပင်လုပ်ငန်းဆောင်ရွက်နေကြသောပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနအနေဖြင့် သုတေသနနှင့် နည်းပညာပြန့်ပွားရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးလာရေးကို အားပေးကူညီလျက်ရှိကြောင်း၊ ပုဂ္ဂလိကများအနေဖြင့် လုပ်ကိုင်ခွင့်ရမြေများကို သတ်မှတ်ကာလအတွင်း အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ကွက်ငယ်တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းရေးကဲ့သို့ ရင်းနှီးမြှုပ်နှံသူပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လုပ်ငန်းများ တိုးတက်အောင်မြင်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိက+တောင်သူ Win-Win အကျိုးဖြစ်ထွန်းခြင်းမှ ရရှိလာမည့် ပီတိကိုသာမိမိတို့အနေဖြင့် မျှော်လင့်ပါကြောင်း၊ ယင်းအကျိုးဆက်သည် နိုင်ငံတော်အတွက် ရေရှည်အကျိုးစီးပွားကိုဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ နည်းပညာအကူအညီလိုအပ်ပါက သက်ဆိုင်ရာဌာနများနှင့်ဆက်သွယ်ရယူနိုင်ကြပါကြောင်း ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ဘားအံမြို့နယ် သစ်ဖြူပင်ဆိပ်ကျေးရွာသို့ရောက်ရှိကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Unicef တို့ပူးပေါင်းဆောင်ရွက်ထားသည့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်မီးလင်းရေးနှင့် သောက်သုံးရေရရှိရေးဆောင်ရွက်ထားမှု၊ ဒေသနေပြည်သူများ၏ လျှပ်စစ်မီးနှင့် သောက်သုံးရေလုံလောက်စွာရရှိသုံးစွဲနေမှုအခြေအနေတို့ကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဘားအံမြို့နယ် အထက်ကော့ရင်း ကျေးရွာရှိရွှေလင်ဗန်းရော်ဘာလုပ်ငန်းသို့ ရောက်ရှိကြပြီး ရော်ဘာထုတ်လုပ်ခြင်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှု၊ ရော်ဘာအစေးဝယ်ယူခြင်း၊ ရော်ဘာအခြောက်ပြားဝယ်ယူခြင်းများကို ကြည့်ရှုအားပေးပြီး လုပ်ကွက်ငယ်တောင်သူများနှင့် လုပ်ငန်းရှင်များ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရန်၊ ရော်ဘာအရည်အသွေးတိုးတက်ထုတ်လုပ်ရေး၊ ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် သက်ဆိုင်သူများအားလုံးတို့နှင့် ချိတ်ဆက်၍ ရော်ဘာလုပ်ငန်း ရေရှည်ဖွံ့ဖြိုးရေးဆောင်ရွက်ကြရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပင်လယ်ပြင်အတွင်းသို့ ရေငန်ပုစွန်သားပေါက်ကောင်ရေ ၁၀ သိန်းခန့် မျိုးစိုက်ထည့်

**လောင်းလုံး ဧပြီ ၂၃**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန အစီအစဉ်ဖြင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ယနေ့နံနက် ၉ နာရီက လောင်းလုံးမြို့နယ် ကျောက်နီမော်ကျေးရွာရှိ သဘာဝပင်လယ်ပြင်အတွင်းသို့ ရေငန်ပုစွန်သားပေါက်ကောင်ရေ ၁၀ သိန်းခန့် မျိုးစိုက်ထည့်ကြကြောင်း သိရသည်။

အဆိုပါ မျိုးစိုက်ထည့်ပွဲသို့ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ရွှေ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးသက်နိုင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**

# နာဂဒေသတွင် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်း ဝေးလံခေါင်ပါး လူမှုရေးခက်ခဲသည့်ဒေသများရှိ တိုင်းရင်းသား ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ပြည်မနှင့် တန်းတူအခွင့်အရေးရရှိစေရေးနှင့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးကုသမှုများ ရရှိခံစားစေနိုင်ရေးအတွက် ကျေးလက်ဒေသ အောက်ခြေအဆင့်ထိ ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။

### တိုးချဲ့လုပ်ကိုင်

သွားနှင့် ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအနေဖြင့်လည်း ဝေးလံခက်ခဲသော မြို့နယ်များတွင် သွားဘက်ဆိုင်ရာ ဆရာဝန်များကို ခန့်ထားပေးပြီး အနီးကပ် ကုသပေးစေရုံသာမက ဝန်ကြီးဌာနအနေဖြင့်လည်း ဗဟိုမှစီစဉ်ဆောင်ရွက်သော ဝေးလံခက်ခဲသော ဒေသများအား အခမဲ့နယ်လှည့်ကွင်းဆင်းဆေးကုသခြင်း လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။

ထိုသို့ လုပ်ကိုင်ရာတွင် အစိုးရဝန်ထမ်းသွားဘက်ဆိုင်ရာ ဆရာဝန်များ၊ သွားတု ကျွမ်းကျင်သူများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ သာမက အစိုးရ၊ ပုဂ္ဂလိက လက်တွဲပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ပြင်ပပုဂ္ဂလိက သွားဘက်ဆိုင်ရာဆရာဝန်များနှင့် လုပ်အားပေးများ အတူပူးပေါင်းပါဝင်ပြီး လစဉ်သွားရောက်ဆောင်ရွက်ပေးလျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့သို့ ဧပြီ ၁၇ ရက်မှ ၁၉ ရက်အထိ သွားဘက်ဆိုင်ရာ ဆရာဝန် ၁၂ ဦး၊ သွားတုကျွမ်းကျင်သူ လေးဦး၊ အခြေခံကျန်းမာရေးဝန်ထမ်းငါးဦး စုစုပေါင်းအဖွဲ့ဝင် ၂၁ ဦးပါအဖွဲ့သည် လေရှီးမြို့နယ်မှ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ သွားနှင့်ခံတွင်း ကျန်းမာရေးအသိပညာပေးခြင်း၊ ကလေးသူငယ်များအား စနစ်မှန်သွားတိုက်နည်းစနစ်ကို စာတွေ့လက်တွေ့သင်ကြားပြီး အတူတကွပူးပေါင်း လူပ်ရှားဆောင်ရွက်ခြင်း၊ သွားနှင့် ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အနေဖြင့် သွားနုတ်ခြင်း၊ သွားဖာခြင်း၊ ကျောက်ခြစ်ခြင်းနှင့် သွားတုစိုက်ပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးသည်။

အပေါ်၊ အောက်သွားတုအံကပ် များ တပ်ဆင်ပေးသော သက်ကြီးရွယ်အိုလူနာ ၂၅ ဦး၊ ပါးစောင်နှင့် လျှာတွင်ဖြစ်ပေါ်နေသော အနာကြိတ်အား ခွဲစိတ်ပေးခဲ့သောလူနာနှစ်ဦး၊ မွေးရာပါ နှုတ်ခမ်းကွဲလူနာတစ်ဦးနှင့် အထွေထွေသွားကျန်းမာရေးလူနာ ၃၃၁ ဦးတို့အား ကုသပေးခဲ့ရာ ဒေသခံပြည်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ခြင်းအပေါ် အထူးပင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနအနေဖြင့် နာဂဒေသတိုင်းရင်းသားများ၏ သွားနှင့် ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နှစ်စဉ်ကျင်းပသော နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင်လည်း နှစ်စဉ်နီးပါးသွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိရာ ၂၀၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော်အတွက်လည်း သွားရောက်ရန်စီစဉ်ထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သမိုင်းဝင်စာတစ်အုပ် သို့မဟုတ် မြန်မာနိုင်ငံ့အရေး

မောင်ဥပဒေ

### မျှော်နေမိသည်

လူမှုကွန်ရက်တွင် တစ်ပိုင်းတစ်စတွေ့ရ၊ ဖတ်ရကတည်းက မျှော်လင့်ထားသည်။ ဘာတွေရေးမှာလဲ။ ဘာအကြောင်းတွေလဲ။ ရင်ထဲက စူးရှနေသည်။ အဓိက ဇာတ်ကောင်များအဖြစ် ထင်ရှားသူ၊ ပြည်သူကြည်ညိုသူ၊ မြန်မာနိုင်ငံ့အရေး ထမ်းဆောင်နေကြသူ၊ ဦးဆောင်ဦးရွက် ရှေ့တန်းကပုဂ္ဂိုလ်တွေ၊ သူတို့တစ်တွေက မြန်မာနိုင်ငံ့အရေး ဘယ်လိုတွေးကြပါလိမ့်…။ ဘာတွေ ဘယ်လို ဆွေးနွေးခဲ့ကြပါလိမ့် …။ လက်လှမ်းမမီသောနေရာမှာ ရှိနေသော သူတို့တစ်တွေ ပြည်သူတွေအကြောင်း ဘယ်လိုစဉ်းစားကြပါလိမ့်…။ ပြည်သူ တကယ့်လက်တွေ့ဘဝကို မေ့နေကြလေသလား။ သိချင်မိသည်။ ဖတ်ချင်မိသည်။ သူ့စာတစ်အုပ်ကို မျှော်နေမိသည်။

### စာအုပ်အမည်

**စာအုပ်ထွက်ပြီ။**
**စာအုပ်အမည်က "သူ၊ ကျွန်တော်နှင့် မြန်မာနိုင်ငံ့အရေး"**
**ရေးသူ "သူရဦးရွှေမန်း" ပါ။**

နိုင်ငံမြင့်မားသော တာဝန်နေရာမှာ ရှိကြသူများအကြောင်း၊ သူတို့ ဘာတွေလုပ်နေကြသလဲ။ ဘယ်လိုတွေးခေါ်ကြသလဲ။ ဘယ်လိုပြည်သူ့အကျိုး စဉ်းစားကြသလဲ။ ဘယ်လိုမျှော်မှန်းချက်တွေ ရှိသလဲ။ နိုင်ငံ့အရေး စိတ်အေးရပ့်မလား။ ညီညွတ်ရေးလား။ ငြိမ်းချမ်းရေးလား။ ကွဲရေး၊ တွဲရေးလား။ ဘာလား။ ညာလား။ လက်လှမ်းမမီသူ ပြည်သူများ၏ ထုံးစံအတိုင်း မျှော်လင့်မိကြသည်ပါ။ သိချင်ကြသည်ပါ။

### စေတနာ

စာအုပ်ပြုစုသူ "သူရဦးရွှေမန်း"က သူ့စာအုပ်ကို စေတနာကဏ္ဍဖြင့် ဤသို့ဖွင့်သည် - ရှုပါ။

"နိုင်ငံ့အရေးကို ကျွန်တော်အတော်အတန် သိရှိနားလည်သည်။ ပို၍နားလည်ရန် ကြိုးစားလာသည်နှင့်အမျှ ပိုမိုစိတ်ဝင်စားပြီး တတ်နိုင်သည့်ဘက်မှ နိုင်ငံအတွက် ပါဝင်အလုပ်အကျွေးပြုလိုစိတ် ရှိခဲ့သည်"တဲ့။ သူ

"ယနေ့ သူ ခေါင်းဆောင်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နေချိန်တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲမှုနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးသည် ကြီးစွာသော အခက်အခဲအတားအဆီးဖြစ်နေသည်။ သို့ရာတွင် သူသည် ထိုပြဿနာကို အခွင့်အလမ်းတစ်ရပ်ဟုယူဆပြီး သတိ၊ ဉာဏ်ပညာနှင့် သတ္တိတို့ ယှဉ်တွဲဖြေရှင်းနေသည်ကို တွေ့ရသည်"ဟု သူရဦးရွှေမန်း၏ စေတနာတွင် အရှိအတိုင်း ကောက်နုတ်ရေးသားဖော်ပြချက်က ကျွန်တော်တို့အား မြန်မာနိုင်ငံ့အရေးကို အဓိက ထောက်ပြချက်တစ်ရပ် ဖြစ်နေသည်။

### ဘာတွေပြောခဲ့ကြသလဲ

သူနှင့် ကျွန်တော် စတင်တွေ့ဆုံရာမှ ယနေ့အထိ ဘာတွေပြောခဲ့ကြသလဲ။ ဘာတွေ ဆွေးနွေးတိုင်ပင်ကြသလဲ။ ငြင်းခုံခဲ့ကြသလဲဆိုသည်တို့ကို အများက စိတ်ဝင်စားသည်။ ထို့အတူ ယနေ့တွင်လည်း ဘာတွေ တိုင်ပင်ဆွေးနွေးမှုရှိသလဲ။ ဘာတွေလုပ်နေကြသလဲ ဆိုသည်ကိုလည်း သိချင်ကြသည်။ သိလိုသူများအတွက် ဤစာရေးသားတင်ပြမှုက တစ်ခုခုတော့ ပေးနိုင်လိမ့်မည်ဟု ယူဆသည်ဟု စာရေးသူက ရေးပါသည်။

### မှတ်မှတ်ထင်ထင်ဖြစ်ရသည်

"အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်ဆောင်ဆန်း၏ သမီးတစ်ယောက် အနေဖြင့်သာ မူလက သိရှိခဲ့သော်လည်း သူ့ကို စတင်၍ ပိုပြီးသတိပြုမိသည်က ၁၉၈၈ ခုနှစ် အရေးအခင်း ကာလတွင် ပါဝင်ဆောင်ရွက်မှုများပင်ဖြစ်သည်။ ရွှေတိဂုံစေတီတော်၏ အနောက်ဘက်မုခ်ဦး လူထုဟောပြောပွဲတွင် များပြားလှသည့် လူထုပရိသတ်ကို ဟောပြောခြင်း၊ ကျွန်တော်တို့ တပ်ရင်းမှ တပ်စုတစ်စုက ရန်ကုန်မြို့ ခြောက်ထပ်ရုံးတွင် လုံခြုံရေးတာဝန်ယူထားရာ ယင်းတပ်စုကို လူစုလူဝေးဖြင့် ဝိုင်းထားစဉ် သူနှင့် သူရဦးတင်ဦးတို့ သွားရောက်ပြီး လူအုပ်ကြီးအား ဖျောင်းဖျပြောဆိုခြင်းတို့က မှတ်မှတ်ထင်ထင် ဖြစ်ရသည်"ဟု သူ၊ ကျွန်တော်နှင့် မြန်မာနိုင်ငံ့အရေး ခေါင်းစဉ်တွင် မှတ်မှတ်ထင်ထင်ဖြစ်ရပုံကို နိဒါန်းဖွင့်ရေးသည်။

### စတင်တွေ့ဆုံခြင်း

၂၀၀၂ ခုနှစ်၏ တစ်ခုသောနေ့ရက်တွင် အမှတ် ၁၄ အင်းလျားလမ်း တပ်မတော်




ညွှန့်ရိပ်သာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သူ့ကို ဖိတ်ခေါ်တွေ့ဆုံရာ သူနှင့် စတင် တွေ့ဆုံခဲ့ရပုံများ ရေးသားသည်။ **(စာ-၃)**

သူ့အနေဖြင့် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ဥက္ကဋ္ဌ၊ လက်ပံတောင်းတောင်အရေး ကူညီဖြေရှင်းပေးပုံ ဖော်ပြရေးသားထားသည်။

နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီ၊ မည်သည့် အဖွဲ့အစည်းမဆို ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း၊ နိုင်ငံသားများ၏ အဓိက စောင့်ထိန်းရမည့် သစ္စာတရားအကြောင်း၊ သစ္စာကိုမှန်ကန်ခြင်းဟုသာ သာမန်အားဖြင့် နားလည်ပြောဆိုကြကြောင်း ရေးသားထားသည်။

"တကယ်တမ်းတွင်မူ အမှန်တရားအပေါ် မှန်ကန်စွာ စောင့်ထိန်း ပြုမူပြောဆို ဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်းသည် နိုင်ငံသားတစ်ဦးအတွက် အမွန်မြတ်ဆုံးနှင့် အမြင့်မြတ်ဆုံးဖြစ်၍ နိုင်ငံကိုချစ်ကြသော နိုင်ငံသားများ၏ အဓိကစောင့်ထိန်းရမည့် သစ္စာတရားသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်ကို ကျွန်တော်တို့ ခံယူထားပါသည်"ဟု အသိပေးရေးသားထားသည်။ **(စာ-၁၃)**

### အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရင်ကြားစေ့ရေး

အကယ်၍ ထိုစဉ်က မိမိတို့ ကြိုးပမ်းခဲ့သည့် နှစ်ပွင့်ဆိုင်၊ သုံးပွင့်ဆိုင်၊ လေးပွင့်ဆိုင်၊ ခြောက်ပွင့်ဆိုင် တွေ့ဆုံမှုများကို ရိုးသားစွာနှင့် ရင်းနှီးပွင့်လင်းစွာ လက်ခံတွေ့ဆုံ၍ နှစ်ဖက်သဘောတူညီချက်များ ရယူနိုင်ကြမည်ဆိုလျှင် ယနေ့အချိန်တွင် အမျိုးသားရင်ကြားစေ့ရေးသည် အတော်ခရီးရောက်နေမည်ဖြစ်ကာ ငြိမ်းချမ်းရေးလုပ်ငန်းများလည်း ယခုအခြေအနေထက် အောင်မြင်ပေါက်မြောက်နိုင်ဖွယ်ရှိသည်။ **(စာ - ၁၅)**

### သတင်းမီဒီယာ

သတင်းမီဒီယာများနှင့် ပူးတွဲ တွေ့ဆုံမှုများက ရိုးသားခြင်းနှင့် ပွင့်လင်းမှုကိုပြသည်။ **(စာ - ၁၈)**

ပြည်သူ့ဆန္ဒနှင့် နိုင်ငံ့အကျိုးအတွက် အခြေခံဥပဒေပြင်ဆင်ရန် ကြိုးပမ်းကြခြင်း **(စာ - ၂၈)**

လောဘ၊ ဒေါသ၊ မောဟ၊ မာနများအကြောင်း **(စာ - ၃၂)** စသည့် ခေါင်းစဉ်ဖြင့် ရေးသားတင်ပြချက်များအပါအဝင် ပြည်သူ့အတွက် အထွေထွေရွေးကောက်ပွဲကို မထိခိုက်စေလိုပါ။ **(စာ - ၃၇)** ရွေးကောက်ပွဲအကြိုကာလ ကျေးလက်ပြည်သူများထံ သွားရောက်ခြင်း **(စာ - ၄၀)**၊ ပြည်သူ့ဆန္ဒအား လေးစားသမှုဖြင့် အနိုင်ရသူကိုဂုဏ်ပြုခြင်း **(စာ - ၄၃)** တို့ကို ဖတ်ရှုပြီးပါက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (ငြိမ်း) နှင့်တွေ့ဆုံခြင်း **(စာ - ၄၉)** ကို ဖတ်ရသည်။

ရွေးကောက်ပွဲတွင် NLD အနိုင်ရရှိသည်ကို လက်ခံအသိအမှတ်ပြုရေးအတွက် နည်းလမ်းတကျ ဆောင်ရွက်ရန်နှင့် ထိုမှတစ်ဆင့် ရင်ကြားစေ့ရေးကို စနစ်တကျ ဆက်လက်လုပ်ဆောင်နိုင်ရန် အရေးကြီးကြောင်း ကျွန်တော်ကောင်းစွာ ယုံကြည်နားလည်ထားသည်။ ထို့အတူ သူကလည်း ကျွန်တော်ကဲ့သို့ပင် မျှော်မှန်းထားသည်ဟု သိရသည်။

ထိုကိစ္စအတွက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း) သည်လည်း အရေးကြီးသည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့်အတွက် သူနှင့်တွေ့ဆုံလိုကြောင်းပြောသည်။ သူ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း)နှင့် တွေ့လိုသည့် အကြောင်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နိုင်ငံတည်ဆောက်ရေးအတွေ့အကြုံနှင့် အကြံဉာဏ်ကောင်းများ ရယူရန်ဖြစ်သည်။ သူနှင့် မတွေ့မီ ကျွန်တော့်ကို ဦးစွာသွားပြီး တွေ့ပေးပါဟု ပြောသည်။ **(စာ - ၄၉)**

သူတို့နှစ်ဦး တွေ့ဆုံပြီးနောက် ကျွန်တော် ဗိုလ်ချုပ်မှူးကြီးထံ နောက်တစ်ခေါက် ထပ်မံ၍ သွားရောက်တွေ့ရသေးသည်။ လူကြီးနှစ်ဦး တွေ့ဆုံမှု အောင်မြင်စွာပြီးမြောက်ကာ နိုင်ငံ့ရှေ့ရေးအတွက် အဓိကထား စဉ်းစားဆောင်ရွက်နေကြသည်ကို တွေ့မြင်သိရှိရသဖြင့် ဝမ်းမြောက်မိပါသည်။ **(စာ - ၅၁)**

မြန်မာနိုင်ငံ့အရေး သူတို့တွေးခေါ်ပုံ၊ တွေ့ဆုံဆွေးနွေးမှုများ အမြွက်မျှ ဖတ်ရှုသိရှိရခြင်းမှာ ဤစာအုပ်၏ အဓိက အနှစ်သာရပင် ဖြစ်ပါသည်။

ပြည်သူများ၏ အချုပ်အခြာအာဏာကို ပြည်သူများထံ အပ်နှင်းရန် လွှတ်တော်များခေါ်ယူခြင်း၊ လွှတ်တော်၏ မြင်ကွင်းများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စများလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ သင်ခန်းစာယူ ဆောင်ရွက်နိုင်ကြပါစေ၊ တိုင်းပြည်ကို အမှန်တကယ် ချစ်ရာရောက်အောင် အခန်းကဏ္ဍတို့ပါဝင်သည်-

### သူသည်

"သူသည် အခြေအနေတစ်ရပ်ရပ်၊ အကြောင်းအရာတစ်ခုခုကို ပြည့်ပြည့်စုံစုံ သိပြီဆိုပါက မှန်ကန်စွာ ဆုံးဖြတ်နိုင်သူတစ်ဦးဖြစ်သည်။ အခြေအနေနှင့် အချိန်အခါကိုလည်း လိုက်ဖက်အောင် ဆောင်ရွက်နိုင်သူဖြစ်သည်။ တစ်နည်းအားဖြင့် အချိန်အခါ (Timing)ကို သိသူဖြစ်သည်"ဟု ရေးသည်။ **(စာ - ၇၀)**

### ဖတ်စရာများ ချန်မထား

နှစ်ခြိုက်မိသမျှ (ရသမျှ) ရွေးနုတ်သုံးသပ်ချက်များသာ ဖြစ်ပါသည်။ နောက်ဆက်တွဲများအထိ အစုခေါင်းစဉ်အလိုက် စေတနာမှ နိဂုံးစကားအထိ စာပိုဒ်အလိုက်တွင် တွေးစရာများ၊ စဉ်းစားစရာများ၊ ဆင်ခြင်သတိပြုစရာများ ပါရှိသည်ဟု ထင်မြင်ပါသည်။ စာတစ်အုပ်လုံးရှိ ဖတ်ရှုစရာများကို ချန်မထားဘဲ ပြည့်စုံစွာ ရှာဖွေဖတ်ရှုနိုင်ကြမည်ဖြစ်ပါသည်။

### ဆွေးနွေးတိုင်ပင် ငြင်းခုံမှုများလည်းရှိသည်

သူနှင့် ကျွန်တော် ဆွေးနွေးတိုင်ပင် ငြင်းခုံမှုများလည်းရှိသည်။ ဤသို့ ဆွေးနွေးတိုင်ပင်ငြင်းခုံနိုင်သည့် အခွင့်အရေး ပေးထားခြင်းအတွက် သူ့ကို ပို၍ လေးစားတန်ဖိုးထားမိပါသည်ဟု ရေးထားသည်။ **(စာ - ၇၆)**

### နိဂုံးစကား

"ကိုယ်အားလုံးမသိ၊ အားလုံးမတတ်၊ အားလုံးမမှန်နိုင်သည်ကိုတော့ ဆင်ခြင်နိုင်မှ တော်ရုံကျမည်"ဟု သူရဦးရွှေမန်းက နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေလျက် (ပြည်သူများနှင့်အတူ)ဟု ရေးသားချက်ကို မချန်ထားရက်ပါ။

ထင်ရှားသော သမိုင်းဝင်ဓာတ်ပုံများ ၊ သတင်းမီဒီယာများနှင့် တွေ့ဆုံ ဆွေးနွေးချက်၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် ပြောကြားသည့် အမှာစကား၊ ကိုယ်ရေးမှတ်တမ်းများ အကြောင်းတို့ကိုတော့ သီးခြားမဖော်ပြတော့ဘဲ မြန်မာနိုင်ငံ့အရေးအတွက် သမိုင်းဝင်စာတစ်အုပ် ထွက်ပေါ်လာပြီဟု ပြောလျှင် လွန်သည်ဟု မထင်ပါကြောင်း ရေးသားပါရစေ။ ။

> **"တကယ်တမ်းတွင်မူ အမှန်တရားအပေါ် မှန်ကန်စွာ စောင့်ထိန်း ပြုမူပြောဆို ဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကျေးဇူးသစ္စာကို စောင့်သိ ရိုသေခြင်းသည် နိုင်ငံသားတစ်ဦးအတွက် အမွန်မြတ်ဆုံးနှင့် အမြင့်မြတ်ဆုံးဖြစ်၍ နိုင်ငံကို ချစ်ကြသော နိုင်ငံသားများ၏ အဓိက စောင့်ထိန်းရမည့် သစ္စာတရားသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းနှင့် ကာကွယ် စောင့်ရှောက်ခြင်း ဖြစ်သည်ကို ကျွန်တော်တို့ ခံယူ ထားပါသည်ဟု အသိပေးရေးသားထားသည်"**

> **"ယနေ့ သူ ခေါင်းဆောင်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နေချိန်တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲမှုနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးသည် ကြီးစွာသောအခက်အခဲအတားအဆီးဖြစ်နေသည်။ သို့ရာတွင် သူသည် ထိုပြဿနာကို အခွင့်အလမ်းတစ်ရပ်ဟုယူဆပြီး သတိ၊ ဉာဏ်ပညာနှင့် သတ္တိတို့ ယှဉ်တွဲဖြေရှင်းနေသည်ကို တွေ့ရသည်ဟု သူရဦးရွှေမန်း၏ စေတနာတွင် အရှိအတိုင်း ကောက်နုတ်ရေးသားဖော်ပြချက်က ကျွန်တော်တို့အား မြန်မာနိုင်ငံ့အရေးကို အဓိက ထောက်ပြချက်တစ်ရပ်ဖြစ်နေသည်"**

# ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေ IOM ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် IOM ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Akio Makayama ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လက်ခံတွေ့ဆုံဆွေးနွေးခဲ့သည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် IOMအဖွဲ့မှ မြန်မာရွှေ့ပြောင်း အလုပ်သမားများနှင့် ပတ်သက်၍ ဇာတ်လမ်းရိုက်ကူးထားမှုအပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင်း မြို့ပြနှင့် ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် အသက် ၁၈ နှစ်မှ ၄၀ နှစ်ကြား လူငယ်၊ အမျိုးသား၊ အမျိုးသမီးများ၊ အတန်းပညာနိမ့်ကျသူများ၊ လူမှုစီးပွားအခြေအနေနိမ့်ကျသူများနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ရန် ရည်ရွယ်ချက်ရှိသူများအတွက် ရည်ရွယ်၍ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ သိရှိခြင်း၏ အရေးကြီးမှုနှင့် ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက်များ မည်သည့်နေရာမှ ရရှိနိုင်မည်ဆိုသည်ကို သိရှိနိုင်စေရန် ဇာတ်လမ်းတိုများ ဖန်တီးရိုက်ကူးထားသည်ကို သိရှိရ၍ ဝမ်းသာပါကြောင်း ပြောကြားသည်။

ရွှေ့ပြောင်းသွားလာခြင်း အကြောင်းရင်း၊ မိသားစုလွှဲပို့ငွေအပေါ် စီမံခန့်ခွဲမှု၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများနှင့် ရွှေ့ပြောင်းအလုပ်သမား ထောက်ပံ့ကူညီရေး ဗဟိုဌာနများက သတင်းအချက်အလက်ရယူခြင်း၊ ခရီးဆုံးနိုင်ငံတွင် သတင်းအချက်အလက်များ ရရှိနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ပါဝင်သည့် ဗီဒီယိုဇာတ်လမ်းတိုများကို အမှန်တကယ် ရွှေ့ပြောင်းသွားလာသူနှင့် သူ့တို့၏ မိသားစုဝင် သို့မဟုတ် မိတ်ဆွေတစ်ဦးဦးနှင့် ပြောဆိုသည့် ပုံစံ၊ အသံနှင့်တကွ သရုပ်ဖော် ရိုက်ကူးထားကြောင်း၊ ယခုရိုက်ကူးသည့် ဗီဒီယိုဇာတ်လမ်းတိုများကို ရွှေ့ပြောင်းအလုပ်သမား ထောက်ပံ့ကူညီရေး ဗဟိုဌာန (MRC) များ၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊ ရွှေ့ပြောင်းအလုပ်သမားများ အများဆုံးလာရောက်သည့် ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းများနှင့် မြဝတီ ရွှေ့ပြောင်းအလုပ်သမားရုံးများတွင် အသိပညာပေး အစီအစဉ်တစ်ရပ်အနေဖြင့် ပြသထားနိုင်ရန် မိမိတို့ဘက်မှလည်း ပူးပေါင်းကူညီသွားမည်ဖြစ်ပါကြောင်း၊ လိုအပ်ပါက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ပြည်သူလူထုကို ပြသနိုင်ရန် လျာထားပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေ IOM ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Akio Makayama ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

ထို့အပြင် ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်သူများနှင့် စပ်လျဉ်းသည့် အချက်အလက်များ ဖြန့်ဖြူးပေးနိုင်ရန်နှင့် မိသားစုဝင်များ၏ ရပိုင်ခွင့်များကို တိုးမြှင့်ကာကွယ်ပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားနှစ်စဉ်ကျင်းပလျက်ရှိသောကြောင့် ၂၀၁၈ ခုနှစ် International Migrant Day အခမ်းအနားတွင် ပြသရန် IOM အနေဖြင့် Documentary Films ဖန်တီးဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အဆင့်ဖြစ်သည့် ပြည်ပသို့ မထွက်ခွာမီ ကြိုတင်ပြင်ဆင် ခြင်း၊ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်စေခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေခြင်း၊ ငွေကြေးစီမံခန့်ခွဲခြင်းနှင့် မိသားစုပြန်လည်ပေါင်းစည်းခြင်း စသည့်အချက်အလက်များပါဝင်ပြီး အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖော်ထုတ်ပြသနိုင်မည့် Documentary Films တစ်ခု ဖြစ်စေလိုကြောင်း ပြောကြားခဲ့သည်။ **ခင်ရတနာ**

# ကဒူးတိုင်းရင်းသားလူငယ်များ၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ဗန်းမောက် မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် နားယကာကျေးရွာတွင် ကဒူးတိုင်းရင်းသားလူငယ်များ၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက ၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

ယင်းဖွင့်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်း၊ ဗန်းမောက်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုး၊ ဆရာတော် အရှင်ကိတ္တိသာရနှင့် ကဒူးအဖွဲ့ဝင်ကော်မတီ ဦးရွှေမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုန်က အမှာစကားပြောကြားပြီး ကဒူးတိုင်းရင်းသားများ ကိုယ်စား မချိုချိုင်းက ကဒူးတိုင်းသားရိုးရာယဉ်ကျေးမှုအနုပညာနှင့် ပတ်သက်၍ ခံစားချက်အမြင်များကို ထုတ်ဖော်ပြောကြားပြီးနောက် ကဒူးတိုင်းရင်းသားများကိုယ်စား ဦးဆောင်ဆရာတော် အရှင်ကိတ္တိသာရက ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အဆို၊ အက၊ အတီးပြိုင်ပွဲ ဦးဆောင်ဆရာတော်က အလှူငွေများ ပေးအပ်လှူဒါန်းကြသော အလှူရှင်အသီးသီးကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ကဒူးတိုင်းရင်းသား လူငယ်များ၊ ဖိတ်ကြားထားသော တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများကို ကဒူးရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးပြိုင်ပွဲတွင် ပြောတီး၊ ဒိုးပတ်၊ ကဒူးရိုးရာ နောက်ပိုးအက၊ ရိုးရာယိမ်းအက၊ အဆိုပြိုင်ပွဲတွင် မြန်မာသံစဉ်၊ ကဒူးသံစဉ်၊ကိုယ်ပိုင်သံစဉ်များဖြင့် မေ ၂၃ ရက်မှ မေ ၂၉ ရက်ထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

# ဆင်သေဆည်ရေ နွေစပါး ဧက ၄၈၀၀ ကျော်အတွက် စိုက်ပျိုးရေပေးဝေနိုင်

**တပ်ကုန်း မေ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ဆင်သေဆည်ရေမှ ယခုနှစ်တွင် နွေစပါးစိုက်ပျိုးရန်အတွက် ဧက ၄၈၀၀ ကျော်ကို လျာထားပြီး စိုက်ပျိုးရေပေးဝေခဲ့ရာ ယခုအခါ လျာထားချက်အားလုံးနီးပါး ရေပေးဝေနိုင်ခဲ့ပြီဖြစ်သဖြင့် စပါးစိုက်ခင်းများလည်း စိမ်းလန်းစိုပြည်စွာ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို တွေ့မြင်ရသည်။

ဆင်သေဆည်မှ ယခုနှစ်တွင် နွေစပါးစိုက်ပျိုးရေးအတွက် ဧကပေါင်း ၄၈၁၅ ဧကကို ပြီးခဲ့သည့် မတ်လပထမပတ်မှ စတင်ရေပေးဝေခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ ဖြစ်ထွန်းအောင်မြင်ခြင်းဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တပ်ကုန်းမြို့နယ် ဦးစီးအရာရှိရုံးမှ သိရှိရသည်။

**လက်ဝဲ၊ လက်ယာမြောင်းမကြီးနှစ်ခုဖြင့် ရေပေးဝေ**

"ကျွန်တော်တို့ ဆင်သေဆည်မှာ လက်ဝဲတူးမြောင်းမကြီးနဲ့ လက်ယာတူးမြောင်းမကြီး နှစ်ခုရှိပါတယ်၊ အခုနှစ်မှာ လက်ဝဲတူးမြောင်းမကြီးအနေနဲ့ ၂၇၅၉ ဧက၊ လက်ယာတူးမြောင်းမကြီးအနေဖြင့် ၂၀၅၆ ဧက စုစုပေါင်း ၄၈၁၅ ဧကကို နွေစပါးအတွက် လျာထားခဲ့ပါတယ်၊ ဆင်သေတမံမှရေကို ဆင်သေရေလွှဲဆည်မှတစ်ဆင့် လက်ဝဲ၊ လက်ယာမြောင်းမကြီးနှစ်ခုကို စိုက်ပျိုးရေ တစ်ပြိုင်တည်းပေးဝေခဲ့ပါတယ်၊ နွေစပါးစိုက်ပျိုးရေကို မတ်လပထမပတ်မှ စတင်ပေးဝေခဲ့ပါတယ်၊ စုစုပေါင်း ကျေးရွာအုပ်စု ၁၃ အုပ်စုနဲ့ ကွင်းပေါင်း ၆၁ ကွင်းမှာ ဧကပေါင်း ၄၈၁၅ ဧကကို နွေစပါး စိုက်ပျိုးရေပေးဝေဖို့ လျာထားခဲ့ပြီး အခုချိန်မှာ ဧက ၄၄၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်"ဟု ယခုနှစ် နွေစပါးစိုက်ပျိုးရေပေးဝေမှုအခြေအနေနှင့် ပတ်သက်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တပ်ကုန်းမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဦးမျိုးဝင်းက ပြောသည်။

တပ်ကုန်းမြို့နယ်တစ်ခုလုံးတွင် ယခုနှစ် နွေစပါးအတွက် စုစုပေါင်းလျာထားဧကအားလုံးမှာ ၅၁၈၇ ဧက ရှိပြီး အဆိုပါ သတ်မှတ်လျာထားချက်များပြည့်မီအောင် စိုက်ပျိုးရေ ပေးဝေလျက်ရှိကြောင်း သိရသည်။

တပ်ကုန်းမြို့နယ်တွင် ဆင်သေဆည်၊ မုံ ရေထိန်းတမံ၊ ကင်းသာရေလှောင်တမံနှင့် ချောင်းပိတ်၊ မြောင်းပိတ်များအပါအဝင် တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် နွေစပါးအတွက် ၅၁၈၇ ဧက လျားထားခဲ့ပြီး အဆိုပါလျာထားဧက ပြည့်မီအောင် စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း၊ မြို့နယ်ချုပ်အနေဖြင့် ကျေးရွာပေါင်း ၁၈ ရွာရှိ ကွင်းပေါင်း ၁၇ ကွင်းကို ၅၁၈၇ ဧက နွေစပါးအတွက် လျာထားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆင်သေဆည်အနေဖြင့် ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ က နွေစပါး စိုက်ဧက ၃၃၉၉ ဧကသာ စိုက်နိုင်ခဲ့ပြီး ယခုနှစ်တွင် ၄၈၁၅ ဧက အထိ တိုးချဲ့လျာထားစိုက်ပျိုးရေပေးဝေနိုင်သဖြင့် ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း ၎င်းကဆက်လက်ပြောသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**



ဆင်သေဆည်ရေဖြင့် နွေစပါးများ ဖြစ်ထွန်းအောင်မြင်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-မောင်မွှေး



# မြန်မာ့ရော်ဘာအခွင့်အလမ်းမြှင့်တင်ရေး လေးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်သွားမည်

**ဘားအံ မေ ၂၈**

ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များအတွင်း မြန်မာ့ရော်ဘာအခွင့်အလမ်းမြှင့်တင်ရေး လေးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေးဌာနစိတ်တာဝန်ခံ ဦးဝင်းဇော်က ပြောသည်။

"မြန်မာ့ရော်ဘာအခွင့်အလမ်းမြှင့်တင်ရေးစီမံကိန်းထဲမှာ ရော်ဘာစိုက်ပျိုးရေးနည်းစနစ်များဆိုင်ရာသင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ လယ်ယာမြေဥပဒေသင်တန်း၊ ရော်ဘာကုန်သွယ်ရေးဆိုင်ရာ သုတေသနများလုပ်ဆောင်ခြင်းနဲ့ ကုန်ကြမ်းထုတ်လုပ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းများအပါအဝင် ခေါင်းစဉ် ၁၃ ခုနဲ့ စီမံကိန်းကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါစီမံကိန်းကို ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ ကျေးရွာအားလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် CARE Myanmar International တို့ပူပေါင်းပြီး ဇွန်လအတွင်း စတင်ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံတောင်ပိုင်းတွင်ရှိသည့် ရော်ဘာစိုက်တောင်သူများအနေဖြင့် အစေးခြစ်လုပ်သားများ ဝင်ငွေနှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ပြီး အဆင့်မြင့် ရော်ဘာပြားကုန်ကြမ်းထုတ်လုပ်နိုင်ရန်အတွက် ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ကာ သွားလာရေးခက်ခဲပြီး ဒေသခံတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဒေသတွင်ရှိသည့် ရော်ဘာစိုက်တောင်သူ၊ အစေးခြစ်လုပ်သားများကို ဦးတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရော်ဘာပြားဝယ်ယူတဲ့ဒိုင်တွေကလည်း သတ်မှတ်ဈေးနဲ့ရတဲ့ ရော်ဘာပြားကိုဝယ်ကြတယ်၊ တောင်သူအနေနဲ့ ကောင်းအောင်လုပ်လည်း ဒီဈေး၊ အညံ့လည်း ဒီဈေးပဲဆိုတော့ ဈေးကွက်ပျက်နေပြီ၊ တကယ်လို့သာ နိုင်ငံတော်ကနေ တိကျသောစနစ်တစ်ခုကို လုပ်ဆောင်ပေးရင် ရော်ဘာပြားထုတ်လုပ်မှု အဆင့်အတန်းမြင့်မားလာမှာဖြစ်ပါတယ်၊ ပြည်နယ်အတွင်း ရော်ဘာမှိုင်းခံစက်ရုံ တည်ဆောက်ပေးစေချင်သလို ခိုင်မာတဲ့ စိုက်ပျိုးလုပ်ပိုင်ခွင့်နဲ့ မြေသြဇာလည်း ဖြန့်ဖြူးပေးစေချင်ပါတယ်" ဟု ကရင်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစောတင်မောင်စိန်က ပြောသည်။

ရော်ဘာအရောင်းအဝယ်ဈေးကွက်တွင် ပြည်နယ်အတွင်း၌ မှိုင်းခံရော်ဘာပြားအဆင့်သုံး တစ်ပေါင်းလျှင် ငွေကျပ် ၇၀၀ ပေါက်ဈေးအဖြစ် အရောင်းအဝယ်ဖြစ်နေပြီး ပြည်နယ်အတွင်းထွက်ရှိသော ရော်ဘာပြားများကို ရန်ကုန်နှင့် သထုံမြို့သို့ တင်ပို့ရောင်းချနေသလို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **မင်းထွန်းဇော်**



# ခိုင်ကမ်းမြို့(၉)မိုင်စခန်းရှိ သစ်တောပျိုးဥယျာဉ် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း စစ်ဆေး

**ခိုင်ကမ်း ဧပြီ ၂၃**

ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့ (၉)မိုင်စခန်းရှိ သစ်တောပျိုးဥယျာဉ်အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဧပြီ ၂၃ ရက် နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးရာ ချင်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်၊ ပြည်နယ်သစ်တောဦးစီးဌာနနှင့် တီးတိန်မြို့နယ် သစ်တောဦးစီးဌာနတို့မှ တာဝန်ခံများက ပျိုးဥယျာဉ်အတွင်းရှိ ပျိုးပင်များကို လိုက်လံပြသကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့ ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့သို့ ရောက်ရှိလာစဉ် ခိုင်ကမ်းမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးလှမျိုးနှင့် မြို့အဆင့်ဌာနဆိုင်ရာ တာဝန်ရှိများက ခိုင်ကမ်းမြို့သစ်တောဦးစီးဌာနရုံးဝင်းအတွင်း၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ခိုင်ကမ်းမြို့(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ငပုတောမြို့နယ်၌ ဇက်ဆိပ်ဆောက်လုပ်မည့် နေရာကြည့်ရှုစစ်ဆေး

**ပုသိမ် ဧပြီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ငပုတောမြို့နယ် လိပ်ချောင်းကျေးရွာအုပ်စု ခြံကွင်းကျေးရွာသို့ သွားရောက်၍ မြောင်းမြမြို့ရှိ မြောင်းမြကြိုး တံတား ပျက်ကျခဲ့ခြင်းကြောင့် မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင် အတွင်းရှိ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် ကုန်စည် စီးဆင်းမှုတို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ စေရန် ငပုတောမြို့နယ် လိပ်ချောင်းကျေးရွာအုပ်စုနှင့် မြောင်းမြ မြို့နယ် ညောင်ချောင်းလေးကျေးရွာအုပ်စုတို့ ထိစပ်လျက်ရှိသော ပမ္မဝတီမြစ်အတွင်း လက်ရှိကူးတို့ဆိပ်နေရာ၌ ဇက်ဆိပ် **(ယာယီ)**ဆောက်လုပ်သွားမည်ဖြစ်သဖြင့် အဆိုပါကျေးရွာနှစ်ရွာရှိ ဇက်ဆိပ်ချဉ်းကပ်လမ်း တည်ဆောက်နေမှု၊ ဇက်ဆိပ်ရေဆင်း လမ်း ကွန်ကရစ်ခင်းနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

လပွတ္တာခရိုင်အတွင်းရှိ မြို့နယ်များ၏ လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေရေးတို့အတွက် လမ်းဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အမြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြောင်းမြမြို့ဘက်ခြမ်းရှိ ညောင်ချောင်းလေးကျေးရွာတွင် ကားရပ်နားစောင့်ဆိုင်းနိုင်ရေး၊ ပြည်သူလူထုအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ မြောင်းမြ မြို့တွင် ဇက်ကူးသန်းမှု နှောင့်နှေးကြန့်ကြာမှုကို လျော့ပါး သက်သာစေနိုင်ခြင်းနှင့် ဇက်ရေယာဉ်များ ချောမွေ့စွာ ဆိုက်ကပ် နိုင်ရေး ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ ပြီး အဆိုပါလမ်းပိုင်းအား ဧပြီ ၂၄ ရက်မှစတင်၍ ကူးသန်း ဆက်သွယ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**



# ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာ၌ အစိုးရနှင့်ပြည်သူ ပူးပေါင်းထည့်ဝင်ငွေဖြင့် သံကူကွန်ကရစ်တံတား တည်ဆောက်ဖွင့်လှစ်



**ဖျာပုံ ဧပြီ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်း VDP နှင့် ပြည်သူထည့်ဝင် ငွေတို့ စုပေါင်းတည်ဆောက်ထားသော ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံ မြို့နယ် ကျုံကဒွန်းကျေးရွာရှိ သံကူ ကွန်ကရစ်တံတားကို ဧပြီ ၂၃ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာက တစ်ရွာထဲကို ချောင်းကခြားနေတဲ့အတွက် သွားလာ ရေး အခက်အခဲရှိပါတယ်၊ အထူးသဖြင့် နွေရာသီရေရှားပါးတဲ့အချိန်မှာ ချောင်း တစ်ဖက်ကမ်းမှာရှိတဲ့ ရွာသားတွေ သောက်ရေအခက်အခဲရှိပါတယ်၊ အခုလို တံတားတည်ဆောက်လိုက်တဲ့အတွက် တစ်ဖက်ခြမ်းက ပြည်သူတွေ ရွာမဘက် ခြမ်းက သောက်ရေကန်မှာ အလွယ်တကူ ရေသယ်နိုင်မှာမို့ သောက်လိုအပ်ချက်ပါ ဖြည့်ဆည်းပြီးသား ဖြစ်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါတံတားဖွင့်ပွဲတွင် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ် က အမှာစကားပြောကြားပြီး ခရိုင် ကျေးလက်ဦးစီးမှူး ဒေါ်ခင်အေးကြူက VDP စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်း တင်ပြခြင်း၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ဇော်လင်းက တံတားတည် ဆောက်မှု အခြေအနေတို့ကို ရှင်းလင်း တင်ပြကာ တာဝန်ရှိသူများက တံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာရှိ နေသူရိန်တံတားကို ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း VDP ခွင့်ပြုရန်ပုံငွေ ငွေကျပ် သိန်းတစ်ရာနှင့် ကျေးရွာသားများမှ ထည့်ဝင်ငွေကျပ်သိန်းတစ်ရာတို့ စုပေါင်း၍ အရှည် ပေ ၁၂၀၊ အကျယ် ခုနစ်ပေရှိ အများပြည်သူ သွားလာနိုင်သည့် ချောင်းကူး သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

**သူဇာနွယ် (ဖျာပုံ)**

# သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

**မင်းလှ ဧပြီ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် ဧပြီ ၁၈ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန် ပျက်စီးဆုံးရှုံးသွားသော ကျေးရွာအုပ်စုများမှ လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ဧပြီ ၂၃ ရက် မွန်းလွဲ ၃ နာရီခွဲက အင်းဘုတ်ကုန်းကျေးရွာအုပ်စု အ.မ.က လွန် အင်းဘုတ်ကုန်း ကျောင်း၌ ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

လေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းအောင်က သဘာဝဘေးဆိုင်ရာ ထောက်ပံ့မှုအခြေအနေများကို ရှင်းလင်း ပြောကြားခြင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-ဦးစီးမှူး ဦးအေးချမ်းစိုး က အားပေးစကားပြောကြား ပြီးနောက် အင်းဘုတ်ကုန်းကျေးရွာအုပ်စု၊ ထန်းပင်ကုန်း ကျေးရွာအုပ်စု၊ ရွှေလောင်းကျေးရွာအုပ်စုအတွင်းမှ လေဘေးသင့်နေအိမ် ကိုးလုံး အတွက် တစ်အိမ်ထောင်လျှင် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်နှစ်သိန်းခုနစ် သောင်းအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေါက်စ-မင်းလှ**

# ဒလတံတားတည်ဆောက်ချိန် ပြည်သူများသွားလာမှု အဆင်ပြေစေရေး ဆောင်ရွက်လျက်ရှိ

**ဒလ ဧပြီ ၂၃**

ကိုရီးယား-မြန်မာ ချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရာတွင် ခရီးသွား ပြည်သူများ သွားလာမှုအဆင်ပြေစေရေး အတွက် တံတားတည်ဆောက်ရေးနှင့် နီးစပ်သည့် လမ်းနှစ်လမ်းကို တိုးချဲ့ ခင်းကျင်းရန် စီမံဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

ဒလတံတား တည်ဆောက်ရာတွင် ကမာကဆစ်ရပ်ကွက်၊ ဗိုလ်မင်းရောင် လမ်းမကြီးတစ်လျှောက်တွင် တည်ဆောက် ရေး လုပ်ငန်းများ၊ တည်ဆောက်ရေးသုံး ယာဉ်ကြီးများဖြင့် လုပ်ငန်းများဆောင်ရွက် နေချိန်တွင် ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် တိုးချဲ့ခင်းကျင်းမည့် လမ်းများမှာ အရှည် ပေ ၂၆၀၀ ကမာကသွယ်ရပ်ကွက်ရှိ ကျန်စစ်သားလမ်းမကြီးအား တစ်ဖက် ခြောက်ပေစီ၊ အရှည်ပေ ၂၀၀၀၊ စက်မြေ ရပ်ကွက်ရှိ ဆရာစံလမ်းမကြီးအား တစ်ဖက် ခြောက်ပေစီ တိုးချဲ့ခင်းကျင်း သွားမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်း များအား ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီ၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရ သည်။

**မောင်ယဉ်ဦး(ဒလ)**



# ရွှေတိဂုံစေတီတော်မြတ်တွင် ငါးရက်တာ ကိန်းဝပ်စံပယ်တော်မူနေသော ကျိုက်ဒေးအပ်ဆံတော်မြတ် ဗိုလ်တထောင်စေတီတော်သို့ ပြန်လည်ကြွမြန်းမည်

**ရန်ကုန် မေ ၂၃**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်းတွင် ငါးရက်တာ ကိန်းဝပ်စံပယ်တော်မူနေသော ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်မြတ်နှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အား မေ ၂၄ ရက် ညနေ ၅ နာရီတွင် ပြည်တော်ပြန် ပြန်လည်ပင့်ဆောင်မည်ဖြစ်ပြီး တစ်နေ့လျှင် လာရောက်ဖူးမြော်ကြည်ညိုသူ ငါးသောင်းမှ တစ်သိန်းအထိ ရှိကြောင်း ရွှေတိဂုံစေတီတော်ဂေါပကရုံးမှ သိရသည်။

"မနက်ဖြန် ညနေ ၅ နာရီမှာ ရွှေတိဂုံ အရှေ့ဘက်မုခ်ကနေ လာရောက်ပင့်ဆောင်သူတွေနဲ့ ဆံတော်ပြန်လည်ကြွမြန်းမှာပါ၊ သံဃာတော်အပါး ၄၅၀၀၊ သီလရှင်အပါး ၅၀၀ နဲ့ မူရင်းပင့်ဆောင်စဉ် အတိုင်းပါပဲ၊ ရုံးပိတ်ရက်မှာ ယာဉ်တွေပိတ်တဲ့အထိ လာဖူးတဲ့ ပြည်သူတွေ များပါတယ်၊ လူဦးရေငါးသောင်းကနေ တစ်သိန်းအထိ ကြည်ညိုကြပါတယ်၊ ဂေါတမမြတ်ဗုဒ္ဓရဲ့ဆံတော်ကို နှစ်ပေါင်း ၂၆၀၀ ကျော်မှာ ရွှေတိဂုံစေတီတော်မှာ ပြန်လည်ဓာတ်ပေါင်းစုမိတာပါ၊ တစ်သက်မှာ တစ်ကြိမ်ဖူးရတဲ့ ကုသိုလ်ဖြစ်တာကြောင့် မြန်မာပြည်ကြီး အေးချမ်းသာယာမယ်ဆိုတဲ့ အတိတ်နိမိတ်လည်း ဖြစ်ပါတယ်" ဟု ရွှေတိဂုံစေတီတော်မြတ်ဂေါပကအဖွဲ့မှ ရုံးအဖွဲ့မှူးက ပြောသည်။



မေ ၁၉ ရက် နံနက် ၆ နာရီ ၁၀ မိနစ်က ဗိုလ်တထောင်စေတီတော်မှ မြတ်ဗုဒ္ဓ၏ဆံတော်ကို ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံစွမ်းဆောင်ရည်ဆု၊ ဇေယျလူမှုထူးချွန်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေး စေတမန်ဆုရဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုဏ္ဍဗလမှ ဘုရားဂုဏ်တော်ကိုးပါးကို ရွတ်ပွားပူဇော်ကာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများ၊ ရဟန်းရှင်၊ သီလရှင်၊ လူပရိသတ်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်ခဲ့ပြီး ရွှေတိဂုံစေတီတော်မြတ် ချမ်းသာကြီးတန်ဆောင်းတွင် အများပြည်သူသံသရာမှ လွတ်ကြောင်း ငါးရက်တာ ကုသိုလ်ပွားများနိုင်စေရန် အပူဇော်ခံခြင်းဖြစ်ကြောင်း သိရသည်။

မေ ၂၄ ရက် ညနေ ၅ နာရီတွင် ရွှေတိဂုံစေတီတော်မြတ်၏ အရှေ့ဘက်မုခ်မှ ပြန်လည်ပင့်ဆောင်မည်ဖြစ်ရာ အများပြည်သူ ရခဲသော ကုသိုလ်တော်တစ်ခုအဖြစ် နိဗ္ဗာန်ရည်မျှော်နိုးဆော်ထားကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ-သန်းစိုး**



ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်မြတ်

# ထိုင်း-မြန်မာ ချစ်ကြည်ရေး သံဃာ အပါး ၅၄၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားစွာ ကျင်းပ

**မြိတ် မေ ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မဟာသိဒ္ဓိဇေယစေတီတွင် ထိုင်း-မြန်မာနှစ်နိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာ ကူးလူးဆက်ဆံမှု၊ အပြန်အလှန်အသိအမှတ်ပြုမှု၊ လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် မြိတ်မြို့ရှိ ပြည်သူများ တစ်ခဲနက် ကုသိုလ်ကောင်းမှုများ ရရှိစေခြင်းငှာ ရည်ရွယ်၍ ထိုင်း-မြန်မာ ချစ်ကြည်ရေး သံဃာအပါး ၅၄၀ ဒုတိယအကြိမ်ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မေ ၂၂ ရက် မွန်းလွဲ ၃ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ထိုင်း-မြန်မာ ချစ်ကြည်ရေး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်နှင့် ဩဝါဒါစရိယ ဆရာတော်များ၊ ထိုင်း-မြန်မာ သံဃာတော်များအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိများနှင့် မိသားစုဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ဆွမ်းဆန်စိမ်းများကို စေတနာထက်သန်စွာဖြင့် လောင်းလှူခဲ့ကြရာ အထူးစည်ကားခဲ့ကြောင်း သိရသည်။

ချစ်ကြည်ရေးဆွမ်းဆန်စိမ်းလောင်းလှူပွဲအား တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ကြပြီး ဒွေ့ပရိတ်သတ်များက ဆရာတော်များထံမှ ငါးပါးသီလခံယူ ဆောက်တည်ခဲ့ကြသည်။ ယင်းနောက် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ တေဇောဘာသ တောကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရား နာယူကြကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြ၍ အခမ်းအနားကို ဗုဒ္ဓသာသနာစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယအကြိမ် ထိုင်း-မြန်မာ ချစ်ကြည်ရေးအဖြစ် ထိုင်း-မြန်မာ သံဃာအပါး ၅၄၀ အား ဆွမ်းဆန်စိမ်း လောင်းလှူခြင်းများကို ပြည်သူများက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လောင်းလှူခဲ့ကြသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားများက လုပ်အားဒါန ကုသိုလ်ပြုခဲ့ကြရာ ထိုင်း-မြန်မာ ချစ်ကြည်ရေး ဆွမ်းဆန်စိမ်း လောင်းလှူပွဲသည် အထူးစည်ကားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး( မြိတ် ပြန်/ဆက် )**



# ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ (၂၀၁၈) အထိမ်းအမှတ် အခမ်းအနား ကျင်းပမည်

**နေပြည်တော် မေ ၂၃**

မေ ၂၆ ရက်တွင် ကျရောက်မည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အထိမ်းအမှတ် အခမ်းအနားကို ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန မူပိုင်ခွင့်ဌာနမှ ကြီးမှူးပြီး နေပြည်တော် M-Gallery တွင် ကျင်းပမည်ဖြစ်သည်။

ယခုနှစ် အသိဉာဏ်ပစ္စည်းနေ့ အခမ်းအနားတွင် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်များမှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ မြန်မာ့ဒေသထွက်ကုန်ထုတ်လုပ်သူများ၊ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ USAID နှင့် JICA အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် အခမ်းအနားကို မြန်မာနိုင်ငံ၏ တီထွင်ဖန်တီးနိုင်မှုစွမ်းအားမြှင့်တင်နိုင်စေရန်ရည်ရွယ်၍ တက္ကသိုလ်များမှ အဆင့်မြင့်သုတေသန ဆောင်ရွက်နေမှုများ၊ ထင်ရှားကျော်ကြားသော မြန်မာ့ဒေသထွက်ကုန်များ၊ အသေးစားနှင့် အလတ်စား ကုန်ထုတ်လုပ်မှုပြခန်းများကို ခင်းကျင်းပြသမည်ဖြစ်သည်။

ထို့အပြင် မူပိုင်ခွင့်စနစ် တည်ဆောက်ရေးအတွက် ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုများ၊ USAID နှင့် JICA မှ ပညာရှင်များ၏ မူပိုင်ခွင့်စနစ်နှင့် ပတ်သက်သည့် ဟောကြားချက်များ၊ မြန်မာနိုင်ငံတွင် စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း တည်ထောင်နိုင်ရေးနှင့် ဒေသထွက်ကုန်များ ကာကွယ်စောင့်ရှောက်ရေးစနစ်များ တည်ဆောက်နိုင်ရန် ဆောင်ရွက်နေမှုများ စသည်တို့ကို ဟောပြောကြမည်ဖြစ်ပြီး မွန်းလွဲပိုင်းတွင် စကားဝိုင်းအစီအစဉ်ဖြင့် ဆွေးနွေးပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာ

**နေပြည်တော် မေ ၂၃**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကယားပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

**မြန်မာ့အလင်း**

# လူငယ်နှင့် မူးယစ်ဆေးညီလာခံ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် မေ ၂၃**

Drive by Passion မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်ရေးအင်းအားစုက ပထမအကြိမ် လူငယ်နှင့် မူးယစ်ဆေးညီလာခံကို ရန်ကုန်မြို့ American Center တွင် မေလ ၂၉ ရက်နှင့် ၃၀ ရက်နေ့များတွင် ကျင်းပမည်ဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်ရေးလုပ်ငန်းများကို စိတ်ဝင်စားသော အသက် ၁၅ နှစ်မှ ၂၃ နှစ်ကြား လူငယ်များ တက်ရောက်နိုင်သည်။ ညီလာခံကိုတက်ရောက်မည့် ဆယ်ကျော်သက်လူငယ်များအနေဖြင့် မူးယစ်ဆေးသုံးစွဲမှုကာကွယ်ရေးတွင် ထိရောက်သောလုပ်ငန်းများ၊ အမျိုးသားမူးယစ်ဆေး ထိန်းချုပ်ရေးမူဝါဒအကြောင်းကို လေ့လာသိရှိရမည့်အပြင် မူးယစ်ဆေးဝါးသုံးစွဲမှုလုပ်ငန်းများတွင် အတွေ့အကြုံရှိသော ပညာရှင်များနှင့်လည်း တွေ့ဆုံခွင့်ရမည်ဖြစ်သည်။

ထို့အပြင် မူးယစ်ဆေးသုံးစွဲမှုကာကွယ်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ခဲ့သော တခြားဆယ်ကျော်သက်များနှင့် တွေ့ဆုံဆွေးနွေးခွင့်၊ အတွေ့အကြုံများ ဖလှယ်ခွင့်များရရှိပြီး မိမိဒေသတွင် ကိုယ်တိုင်ဦးဆောင်ပါဝင်နိုင်မည့် နည်းလမ်းများကိုလည်း သိရှိရမည်ဖြစ်သည်။

ပထမဆုံးအကြိမ်ကျင်းပသည့် လူငယ်နှင့် မူးယစ်ဆေးညီလာခံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများတွင် ဆယ်ကျော်သက်လူငယ်များ ပိုမိုပါဝင်လုပ်ဆောင်လာစေရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံဒေသအသီးသီးမှ အသက် ၁၅ နှစ်မှ ၂၃ နှစ်ကြားရှိ ဆယ်ကျော်သက်နှင့် လူငယ် ၁၀၀ တက်ရောက်နိုင်ရန်စီစဉ်ထားကြောင်းနှင့် တခြားဒေသမှ ရန်ကုန်သို့ လာရောက်ရန် ခရီးစရိတ်အခက်အခဲရှိသူများကို အကန့်အသတ်ဖြင့် ပံ့ပိုးပေးမည်ဖြစ်ကြောင်း AHEAD အဖွဲ့မှ ဒေါ်သူဇာဝင်းက ပြောသည်။

လူငယ်နှင့် မူးယစ်ဆေးညီလာခံအကြောင်း ထပ်မံသိရှိလိုပါက ဆယ်ကျော်သက်လူငယ်များ ဖွံ့ဖြိုးရေးအဖွဲ့ ဖေ့ဘွတ်ပေ့ချ် facebook.com/ahead.mm တွင် ဖတ်ရှုနိုင်ကြောင်း၊ ၀၉-၂၅၂၁၃၃၇၀ နှင့် program@ahead4teens.org ကိုလည်း စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်တွေမြို့ပြည်သူ့ဆေးရုံကြီးနှင့် မောင်တောမြို့ ပြည်သူ့ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများနှင့် ဆိုလာမီးလုံးများ ပေးအပ်လှူဒါန်း

**စစ်တွေ မေ ၂၃**

သီတဂူဆရာတော်ကြီး ဦးဆောင်သော သီတဂူသာသနာပြုအဖွဲ့မှ စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးသို့ အမေရိကန်ဒေါ်လာ ၆၅၉၆၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများနှင့် မောင်တောမြို့ ပြည်သူ့ဆေးရုံသို့ ငွေကျပ် ၁၈၆ ဒသမ ၉၁ သိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများနှင့် တရုတ်နိုင်ငံ CHINA HANZHOU ANADA CULTURE ORGANIZATION မှ Solar System မီးလုံး ၁၀၀၀ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယနေ့လှူဒါန်းသည့် ပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများကို အမှန်တကယ် လိုအပ်နေသူများနှင့် လိုအပ်သည့် ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးရောက်ရှိရန် ဆောင်ရွက်ပြီး အမြန်ဆုံး အသုံးပြုသွားမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်၏ ဒေသလုံခြုံမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် ဆိုလာမီးရရှိမှု၊ လျှပ်စစ်မီးရရှိမှုသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ယခုကဲ့သို့ လျှပ်စစ်မီးနှင့် ဆိုလာမီးများရရှိခြင်းသည် ဒေသမှာရှိသည့် အခြေခံလူတန်းစားများအတွက် လက်တွေ့ကျပြီးများစွာ အကျိုးပြုသည့် လုပ်ငန်းဖြစ်သည့်အတွက် လှူဒါန်းမှု အပေါ် အထူးကျေးဇူးတင်ကြောင်း၊ အလှူရှင်များအနေနှင့်လည်း မိမိတို့နှင့် ဆက်လက်ပူးပေါင်းပြီး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် သီတဂူအပြည်ပြည်ဆိုင်ရာသာသနာပြုအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်က ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် သီတဂူ အပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့ အတွင်းရေးမှူး ဦးကျော်မိုးနိုင်၊ ဆရာတော် ဓမ္မရတနာက ဆိုလာမီးလုံးများ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးအတွက် ဆေးရုံသုံးပစ္စည်းများအားသီတဂူသာသနပြုအဖွဲ့က ပေးအပ်ရာ စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ မောင်မောင်သန်းကလည်းကောင်း၊ မောင်တောမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးရုံသုံး ပစ္စည်းများအား မောင်တောမြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာ ကျော်မောင်မောင်သိန်းကလည်းကောင်း လက်ခံရယူကြသည်။

ယင်းနောက် တရုတ်နိုင်ငံ CHINA HANZHOU ANADA CULTURE ORGANIZATION မှ ဆိုလာမီးလုံး ၁၀၀၀ အား ပေးအပ်လှူဒါန်းရာရခိုင်ပြည်နယ် အလှူငွေနှင့် ပစ္စည်းလက်ခံဖြန့်ဖြူးရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဥပဒေချုပ်က လက်ခံရယူပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မှို့ဝင်ချောင်းဝကင်းစခန်းအနီး၌ နေရပ်စွန့်ခွာရောက်ရှိသူများအား ၎င်းတို့၏ နေရပ်သို့ ချောမောစွာ ပြန်လည်ပို့ဆောင်

**မောင်တော မေ ၂၃**

ရသေ့တောင်မြို့နယ် ဆင်ခံ့တိုင်ကျေးရွာနေ အစ္စလာမ်ဘာသာဝင် အိမ်ထောင်စုခုနစ်စုမှအမျိုးသား၂၁ ဦး၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၄၆ ဦးသည် တစ်ဖက်နိုင်ငံသို့ ထွက်ခွာရန် မောင်တောမြို့နယ် မှို့ဝင်ချောင်းဝ ကင်းစခန်းအနီး၌ နေရပ်စွန့်ခွာရောက်ရှိလာကြပြီး ၎င်းတို့၏ သဘောဆန္ဒအရ နေရပ်သို့ ပြန်သွားလိုကြောင်း သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့အကြောင်းကြား သတင်းပို့လာခဲ့ကြောင်း သိရသည်။

ထိုသို့ သတင်းပေးပို့မှုကြောင့် ယနေ့မွန်းလွဲပိုင်းတွင် မောင်တော ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ မောင်တောခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးမောင်မောင်ကြီး၊ မောင်တောမြို့နယ်၊ မြင်းလွတ်မြို့ အုပ်ချုပ်ရေးမှူး ဦးဇာနည်ထွန်းတို့က ၎င်းတို့အား သွားရောက်တွေ့ဆုံကာ အိမ်ထောင်စုအလိုက် ရိက္ခာဆန်များအား လတ်တလောထောက်ပံ့ပေးအပ်ခဲ့ပြီး နေရပ်စွန့်ခွာသူများအား မောင်တော - ဘူးသီးတောင် ကားလမ်းအတိုင်း ပြန်လည်ခေါ်ဆောင်ကာ ညနေပိုင်းတွင် ဘူးသီးတောင်မြို့နယ် ညောင်ချောင်း အမှတ် (၁၀)နယ်မြေစခန်း၌ ရသေ့တောင်မြို့နယ်မှ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက စောင့်ကြို၍ လွှဲပြောင်းလက်ခံဆောင်ရွက်ပြီး စက်လှေဖြင့် ၎င်းတို့၏ နေရပ်သို့ ချောမောစွာ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် ( ပြန်/ဆက် )**



ရသေ့တောင်မြို့နယ်မှ နေရပ်စွန့်ခွာလာသူများအား တာဝန်ရှိသူများက ဆန်နှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



ရသေ့တောင်မြို့နယ်မှ နေရပ်စွန့်ခွာလာသူများအား ၎င်းတို့နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးစဉ်။



# ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**စစ်တွေ မေ ၂၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် Taipei Economic and Cultural Office in Myanmar မှ ကိုယ်စားလှယ် Chun-Fu CHANG နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန့်သော်ကောင်းတို့အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်း၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

**ပူးပေါင်းပါဝင်ကူညီ**

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရေး၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ခရိုင်ရုံးများနှင့် မြို့နယ်ရုံးများရှိစာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာန (Community Centre) များအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ရေး၊ ကွန်ပျူတာသင်တန်းများဖွင့်လှစ်ရေး၊ ရွေ့လျားစာကြည့်တိုက် (Mobile Library)ဖြင့် ပြည်သူကို အသိပညာဗဟုသုတများ ဖြန့်ဝေပေးနိုင်ရေးနှင့် အဆိုပါလုပ်ငန်းများတွင် ပြည်နယ်အစိုးရအဖွဲ့မှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်က မောင်တောမြို့နယ်ခံ့တိုင်ကျေးရွာ၌ မြို့တိုင်းရင်းသားများအတွက် နေအိမ်အလုံး ၃၀ အားဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် Taipei Economic and Cultural Office in Myanmar တို့မှ ဆောက်လုပ်လှူဒါန်းပေးခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

❊ *ကျောဖုံးမှ*

သတင်းမီဒီယာအဖွဲ့သည် မေ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ရခိုင်ပြည်နယ် မောင်တောဒေသသို့ ကွင်းဆင်းသတင်းရယူကြမည်ဖြစ်ကြောင်း သိရှိရသည်။

**မျိုးမြင့်၊ ဓာတ်ပုံ-ဟန်လင်းနိုင်**



# ယခုရက်ပိုင်းလှုပ်ခဲ့သော ငလျင်များကြောင့် ဖြူးချောင်းရေလှောင်တမံတွင် ထိခိုက်ပျက်စီးမှုမရှိ

**ဖြူး မေ ၂၃**

မေ ၂၀ ရက်က ဖြူးမြို့၏ အနောက်တောင်ဘက် ၂၉ မိုင်ခန့်အကွာဗဟိုပြု၍ ရစ်(ချ်)တာစကေး ၄ ဒသမ ၈အဆင့်ရှိ အင့်အားအသင့်အတင့်ရှိ ငလျင်တစ်ခု လှုပ်ခဲ့ပြီးနောက် ဆက်လက်၍မေ ၂၁ ရက်တွင် အင်အား ၅ ဒသမ ၂ အဆင့်ရှိ ငလျင်၊ မေ ၂၂ ရက်တွင် ၄ ဒသမ ၁ နှင့် ၅ ဒသမ ၁ အဆင့်ရှိငလျင်နှင့် မေ ၂၃ ရက်တွင် ၅ ဒသမ ၁ အဆင့်ရှိ ငလျင်များ ထပ်မံလှုပ်ခဲ့သော်လည်းဖြူးချောင်းရေလှောင်တမံနှင့် ရေလွှဲဆည်များမှာ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမရှိဘဲ တောင့်တင်းကြံ့ခိုင်မှု အပြည့်အဝရှိနေကြောင်းဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။




အဆိုပါ အင်အားအသင့်အတင့် ငလျင်များလှုပ်ခဲ့ကြောင်း ဖြူးတမံတွင် တပ်ဆင်ထားသောငလျင် တိုင်းတာရေးစက်မှတစ်ဆင့် တိုင်းတာရရှိမှုအရ သိရသည်။ ထိုသို့ ငလျင်လှုပ်မှုများနှင့် ပတ်သက်ပြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဖြူးချောင်း ရေလှောင်တမံနှင့် ရေလွှဲဆည်တို့ကို စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးလျက်ရှိပြီးတမံနှင့်ရေလွှဲဆည်တို့မှာ ကြံ့ခိုင်မှုအပြည့်အဝရှိကြောင်း သိရသည်။

"ငလျင်လှုပ်တာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဌာနက တာဝန်ရှိသူတွေနဲ့ ဝန်ထမ်းတွေသွားရောက်ကြည့်ရှုစစ်ဆေးတယ်၊ မျက်မြင်စစ်ဆေးမှုတွေအရတစ်စုံတစ်ရာထိခိုက်ပျက်စီးမှုမျိုး မရှိပါဘူး၊ ဝန်ထမ်းတွေကလည်းစဉ်ဆက်မပြတ် စောင့်ကြည့် စစ်ဆေးမှုတွေပြုလုပ်နေပါတယ်" ဟု ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငလျင်လှုပ်မှုများကြောင့် ဖြူးတမံနှင့်ရေလွှဲဆည် ဆက်စပ်နေသော အစိတ်အပိုင်းများ အခြေအနေမှာပြောင်းလဲခြင်းတစ်စုံတစ်ရာမတွေ့ရဘဲ တောင့်တင်းခိုင်မာမှု အပြည့်အဝရှိကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# ဆောက်လုပ်ရေးဝန်ထမ်းအင်အား ၂၀၀၀ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဘေး၌ စုပေါင်းအမှိုက်ကောက်

**ရန်ကုန် မေ ၂၃**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဘေး စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးလှုပ်ရှားဆောင်ရွက်မှုကို မေ ၂၂ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာနလမ်းဦးစီးဌာနမှ ဦးဆောင်ပြုလုပ်ရာ မိုင်ပေါင်း ၃၆၀ ကျော်ရှည်သည့် ရန်ကုန်မှ မန္တလေးအထိ အမြန်လမ်းပေါ်၌ ခရိုင်ဆောက်လုပ်ရေးခရိုင် ၁၆ ခရိုင်မှ ဝန်ထမ်းအင်အား ၂၀၀၀ ပါဝင် ဆောင်ရွက်သည်။



အဆိုပါခရိုင် ၁၆ ခရိုင်မှ ဝန်ထမ်းများသည် အမြန်လမ်းမကြီးတစ်လျှောက် အမှိုက်ကောက်ခြင်း၊ ကောက်ပြီးအမှိုက်များအား မီးရှို့ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အမြန်လမ်းမကြီး တစ်လျှောက် အမှိုက်ကောက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့် သန့်ရှင်းရေးဆောင်ရွက်နေမှုအား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်နှင့် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့က ကြည့်ရှုအားပေးကြသည်။

**ခရမ်းစိုးမြင့်**

◆ *ကျောဖုံးမှ*

ကိုမရရှိသောကြောင့် သက်ကြီးရွယ်အိုနှင့် ကလေးငယ်များ ဆေးရုံ၊ ဆေးခန်းပြသနေရကြောင်း သိရသည်။

ထိန်ပင်သုသာန်ဝင်း စည်ပင်သာယာ အမှိုက်ပုံ၊ ရဲတပ်ရင်း (၉)နောက်ပိုင်းနှင့် ခရစ်ယာန်သင်္ချိုင်းထိ မီးကူးဆက်လောင်ကျွမ်းမှုကို ဆက်လက် ငြိမ်းသတ်လျက်ရှိကာ ရွှေပြည်သာ၊ အင်းစိန်မြို့နယ်တို့ထိ စူးရှသောအနံ့ကိုရှူရှိုက်ရကြောင်း၊ မီးစလောင်သော နေ့တွင် ကောင်းကင်တွင်မီးခိုးငွေ့များ တလိမ့်လိမ့်တက်နေသောကြောင့် မင်္ဂလာဒုံလေယာဉ်ကွင်းမှ တာဝန်ရှိသူအချို့ လာရောက်ကြည့်ရှုကြောင်း သိရသည်။

"ကျွန်တော်တို့မနေ့ညက တစ်ညလုံးစောင့်ကြည့်ခဲ့ပါတယ်၊ သောင်ကြီးအောက်စခန်းက လုံခြုံရေးဆောင်ရွက်နေပါတယ်၊အဲ့ဒီနားမှာလည်းကြာကြာမနေနိုင်ဘူး၊ လွှတ်တော်ကိုယ်စားလှယ်တွေလည်း အနီးကပ်ဆောင်ရွက်နေပါတယ်" ဟု မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး အောင်မြတ်စိုးက ပြောသည်။

မတ် ၅ ရက်နေ့ မွန်းလွဲပိုင်းကလည်း ထိန်ပင်ခရစ်ယာန် သင်္ချိုင်းဝင်းအတွင်းရှိ အမှိုက်ပုံမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ခဲ့ရာ မီးသတ်ယာဉ်များ အချိန်မီငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်ဦးမောင်မောင်စိုးက မီးငြိမ်းသတ်နိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးခဲ့ပြီး မြန်မာနိုင်ငံ မီးသတ်ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်သူရနှင့်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၂ စီး၊ ရေသယ်ယာဉ် ၁၂ စီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီမှ ရေသယ်ယာဉ်လေးစီး၊ မြေတူးစက်လေးစီးတို့ဖြင့် ဆက်လက်ငြိမ်းသတ်လျက်ရှိကာ မီးခိုးငွေ့များမှာ ကုလားကြီး စုကျေးရွာ၊ ကံလှကျေးရွာ၊ ကျုံစုကျေးရွာ၊ အမှတ် (၂၀) ရပ်ကွက်များသို့ တိုက်ရိုက်ပျံ့နှံ့လျက် ကျန်ရပ်ကွက်များသို့ လေကြောင်းပြောင်းလဲမှုအလိုက် ပလတ်စတစ်အနံ့များ လွင့်ပျံ့နေဆဲဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ-သန်းစိုး**

# လှိုင်သာယာထိန်ပင်အမှိုက်ပုံမီးလောင်ရာမှ မီးခိုးအနံ့တို့ကြောင့် ဒေသခံများ ဆေးကုသမှုခံယူနေရ

**ရန်ကုန် မေ ၂၃**

မေ ၂၁ ရက်မှစတင်၍ လှိုင်သာယာထိန်ပင်သုသာန်အမှိုက်ပုံ မီးလောင်ရာမှ ထွက်ပေါ်လာသော မီးခိုးနှင့်အတူ ဆိုးရွားသောအနံ့အသက်တို့ကြောင့် မေ ၂၃ ရက် ညပိုင်းတွင်အမှိုက်ပုံအနီးရှိကျေးရွာနှင့်ရပ်ကွက်နေပြည်သူများ အသက်ရှူလမ်းကြောင်း မွန်းကျပ်ခြင်းနှင့် ခြေလက်ရောင်ကိုင်းခြင်းတို့ကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှဆေးရုံသို့ ပို့ဆောင်ပေးခြင်းနှင့် နာရေးကူညီမှုအသင်းနှင့် ပရဟိတအဖွဲ့တို့မှ လူနာတင်ယာဉ်များဖြင့် အောက်ဆီဂျင်ပေးကုသပေးလျက်ရှိကြောင်း သိရသည်။

"လက်ရှိအနေအထားကတောက်လျှောက်ဆေးရုံပို့နေရတယ်၊ သက်ကြီးတွေများတယ်၊ ဆေးရုံကို ၁၅ ဦးပို့ပြီးပြီ၊ ၆၀ ကျော်ကို လူနာတင်ယာဉ်ရှစ်စီးက အောက်ဆီဂျင်ပေးပြီး ကုသပေးနေပါတယ်၊ မွန်းလွဲပိုင်းကလည်း ရောက်လာတဲ့သူတွေကို ဆောင်ရွက်ပေးပါတယ်၊ မွန်းလွဲပိုင်းမှာ မြို့နယ်ကျန်းမာရေးအဖွဲ့ကရုံးစာကြည့်တိုက်မှာ ထိုင်ပေးတယ်၊ ညပိုင်းတော့မရှိဘူး၊ မူးလဲတာရှိတယ်၊ ရပ်ကွက်ထဲကအိမ်တွေကိုသွားခေါ်တယ်၊ ကား နဲ့ လာပို့ရင်ဒီမှာ အောက်ဆီဂျင်ပေးပြီးကုသပေးတယ်၊ ခန္ဓာကိုယ်ရောင်လာရင် ဆေးရုံပို့ပေးတယ်၊ အမှိုက်မီးလောင်တဲ့နေ့ကစပြီးဒီနေ့ထိခံနေရတာ" ဟု အမှတ် (၂၀) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဦးက ပြောကြားသည်။

ညပိုင်းတွင်လေတိုက်နှုန်းပြင်းလာသောကြောင့် တစ်မြို့နယ်လုံးနီးပါး အမှိုက်ညှော်နံ့ကို မြို့ခံပြည်သူများခံစားနေရပြီး အမှိုက်ပုံမှလေကြောင်းကျသော အမှတ်(၂၀) ရပ်ကွက်နှင့် ကျုံစုရွာ၊ ကုလားကြီးစုရွာတို့မှာ အများဆုံးခံစားရ၍ အသက်ရှူလမ်းကြောင်း ထိခိုက်မှုအများဆုံးကြုံတွေ့နေရကြောင်းနှင့် မူးဝေမှုကိုလည်းခံစားနေရကြောင်း နောက်ဆက်တွဲသတင်းအရ သိရသည်။

(၁၆၄)

# သီးနှံစိုက်ခင်းများပျက်စီးရခြင်းမှာ သစ်ထုတ်လုပ်ရေးဆင်ကြောင့် မဟုတ်ဘဲ တောဆင်ရိုင်းတစ်ကောင်ကြောင့် ဟုဆို

**စဉ့်ကူး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် မာလဲ-နတ်တောင် ဒေသရှိတောင်သူ သီးနှံစိုက်ခင်းများ ပျက်စီးရခြင်းမှာ ဝါးဆိုသစ်ထုတ်လုပ်ရေးဆင်ကြောင့် မဟုတ်ဘဲ တော ဆင်ရိုင်းတစ်ကောင်ကြောင့်သာဖြစ်ကြောင်း၊ ဝါးဆိုဆင်စခန်းမှ ဘေးမဲ့လွှတ်ထားသော ဆင်လည်းမရှိကြောင်း စဉ့်ကူးမြို့သစ်တောဦးစီးဌာနနှင့် သစ်ထုတ်လုပ်ရေးဌာန တာဝန်ရှိသူတို့ထံမှ သိရသည်။

စဉ့်ကူးမြို့နယ် ဒိုးနွယ်သစ်ထုတ်လုပ်ရေးစခန်းမှ အသက်အရွယ်ကြီးရင့်၍ လွှတ်ထားသော ဆင်တစ်ကောင်ကြောင့် အဆိုပါဒေသရှိ တောင်သူသီးနှံစိုက်ခင်းများ ပျက်စီးရခြင်းဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း၊ ကြံစိုက်တောင်သူ ဦးသိန်း၏ ထင်မြင်ယူဆချက်သာဖြစ်ကြောင်း၊ မိမိတို့ဌာနမှ ဘေးမဲ့လွှတ်ဆင်လည်းမရှိပါကြောင်း၊ ၎င်းဒေသမှ တောင်သူများ၏လာရောက်တင်ပြချက်အရ အဆိုပါတောရိုင်းဆင်အား သစ်ထုတ်လုပ်ရေးဆင်များနှင့် လူအင်အားတို့ဖြင့် ခြောက်လှန့်ကာ အခြားဝေးရာတောထဲသို့ အကြိမ်ကြိမ်မောင်းထုတ်ပေးခဲ့ရကြောင်း၊ အဆိုပါ ဆင်ရိုင်းသည် နွေရာသီစားကျက်ရှားပါးလာ၍ စားကျက်ရှိရာသို့သာ ပြန်လည်ရောက်ရှိလာနေကြောင်း၊ ၎င်းဆင်ကြောင့် တောင်သူစိုက်ခင်းများပျက်စီးရခြင်းမှာလည်း မှန်ကန်ပါကြောင်းနှင့် အဆိုပါတောဆင်ရိုင်းကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ ခရိုင်နှင့် တိုင်းဒေသကြီး တာဝန်ရှိသူတို့ထံ တင်ပြထားပါကြောင်း အဆိုပါသစ်တောနှင့် သစ်ထုတ်လုပ်ရေးတာဝန်ရှိသူတို့ကပြောကြားကြောင်း သိရသည်။

**ဝင်းမောင်**

# မင်္ဂလာညှော်ခံပွဲတွင် သွားရောက်စားသောက်ခဲ့သူ ၄၀ ခန့် အစာအဆိပ်သင့်၍ ဆေးကုသမှုခံယူ

**ပဲခူး မေ ၂၃**

ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့နယ် ပျဉ်းမငူကျေးရွာ၌ မေ ၂၂ ရက် နံနက်ပိုင်းက မင်္ဂလာညှော်ခံပွဲတစ်ခုတွင်ညှော်ခံကျွေးမွေးသော အစားအသောက်များစားမိရာမှ အစာ အဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မင်္ဂလာညှော်ခံပွဲမှအစားအသောက်စားမိသူ အချို့နေ့လယ်ပိုင်းတွင် မူးဝေအော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်းများဖြစ်ပေါ်ခဲ့ပြီး ညနေပိုင်း၌ ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပရဟိတအသင်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏အကူအညီဖြင့် ဝေဒနာခံစားနေရသူ ၄၀ ခန့်ကို ပို့ဆောင်ပေးခဲ့ကြရသည်။

ဆေးရုံကြီးတွင် လိုအပ်သော ဆေးဝါးကုသမှုများပေးခဲ့ပြီးနောက် ဝေဒနာသက်သာသူများကို ပျဉ်းမငူကရင်ရွာသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး ကလေးနှစ်ဦးနှင့် လူကြီးလေးဦးတို့မှာ ကုသဆောင်တွင် အတွင်းလူနာအဖြစ် ကုသပေး လျက်ရှိကြောင်းနှင့် ပြင်ပလူနာဌာနတွင် ၁၁ ဦးဆေးဝါးကုသမှုပေးလျက်ရှိရာ စိုးရိမ်စရာမရှိကြောင်း ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အစာအဆိပ်သင့်ရသည့်အကြောင်းရင်းကို စုံစမ်းကြည့်ရာ အချဉ်သုပ်ရာတွင် ဂေါ်ဖီထုပ်များကို ရေဆေးစဉ် သေချာစင်ကြယ်အောင်မဆေးကြော၍ ဖြစ်ရသည်ဟု ထင်မြင်ယူဆကြောင်း၊ ဇာစ်မြစ်ကိုသိအောင်ကြိုးစားရှာဖွေ ဖော်ထုတ်သွားမည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီးက ပြောကြားသည်။

ပျဉ်းမငူကရင်ရွာတွင် ကျန်ရှိနေသော ဝေဒနာရှင်များအတွက် ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆရာဝန်တစ်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ဆေးခန်းဖွင့်လှစ်၍ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ၊ အချိန်မီကုသမှုများ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသရှိ စစ်ဘေးရှောင်ပြည်သူများအား ၎င်းတို့နေရပ်ဒေသသို့ ပြန်လည်ပို့ဆောင်ပေး

**တနိုင်း မေ ၂၃**

တနိုင်းမြို့အောင်လော့ဒ်ဒေသရှိ စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ရန်အတွက် တနိုင်းမြို့မှ ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများနှင့် မြစ်ကြီးနားမြို့မှ ပြည်နယ်ကြက်ခြေနီကော်မတီဝင်များပူးပေါင်းအဖွဲ့ သွားရောက်၍ အောင်လော့ဒ်ဒေသတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဒေသရှိ KBC ဘုရားကျောင်းတွင်ရောက်ရှိနေကြသော စစ်ဘေးရှောင်ပြည်သူများအား ၎င်းတို့နေရပ်သို့ ပြန်နိုင်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက်က မြို့နယ်မှစီစဉ်ပေးသော ယာဉ်ငါးစီးဖြင့် အောင်လော့ဒ်ဒေသသို့ သွားရောက်၍ ပြည်သူများအားခေါ်ဆောင်ကာ တနိုင်းမြို့သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ပြန်လည်ခေါ်ဆောင်လာသည့် ပြည်သူများအနက် တနိုင်းမြို့ပေါ်ခြောက်ရပ်ကွက်၊ ရှင်ဗွေယန်မြို့နှင့် နန်းယွန်းမြို့နယ်သို့ ပြန်လည်ထွက်ခွာသူ ၂၉ ဦး၊ နမ္မတီးသို့ထွက်ခွာသူ ၆၉ ဦးနှင့် အောင်စိုးမိုးကျေးရွာတွင် ပြန်လည်နေထိုင်သူ ခုနစ်ဦး စုစုပေါင်း စစ်ဘေးရှောင်ပြည်သူ ၁၀၅ ဦးတို့မှာ ၎င်းတို့နေရပ်ဒေသများသို့ ပြန်လည်ထွက်ခွာသွားကြသည်။ ကျန်ရှိနေသည့် ရပ်ဝေးပြည်သူ ၁၄၀ အား နယ်မြေခံတပ်မတော်၏ အစီအစဉ်ဖြင့် နမ္မတီးမြို့သို့ ဆက်လက်ပို့ဆောင်ပေးသွား မည်ဖြစ်ကြောင်းသိရသည်။

နေရပ်ဒေသသို့ပြန်လည်ရောက်ရှိလာသော အဆိုပါစစ်ဘေးရှောင်ပြည်သူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနောင်နဂျာတန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဧရာဝတီမြစ်အတွင်း ကညင်သစ်များအပါအဝင် တရားမဝင် သစ်တန် ၂၀၀ ကျော် သိမ်းဆည်းရမိ

**ကသာ ဧပြီ ၂၃**

ကသာမြို့အနီးရှိ ဧရာဝတီမြစ်အတွင်း လုံးပတ် အလွန်ကြီးသော တရားမဝင် ကညင်သစ်လုံးကြီးများ ကသာခရိုင် ကသာမြို့နယ် သစ်တောဦးစီးဌာနမှ ဧပြီ ၂၂ ရက် ညနေ ၃နာရီခွဲခန့်က ကသာမြို့နယ် အောက်ဝဲကြီးကျေးရွာ အနီးတွင်ရှာဖွေသိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

အဆိုပါသစ်များကို ကျောက်ထုံးကြီးကျေးရွာအုပ်စု မာဂရီကျေးရွာအနီးရှိ ဝေအင်းချောင်းတွင် ဧပြီ ၂၂ ရက်က ကသာခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဆင့်ဦးစီး အဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ဧရာဝတီမြစ်အတွင်း ရှာဖွေရာ သယ်ယူခွင့် ရသစ်များအတွင်း၌ လုံးပတ် ၈ ပေမှ ၁၃ ပေခန့်အထိ ရှိသော တရားမဝင် ကညင်သစ်များအား လှေဖောင်တွဲများ အတွင်းသယ်ယူလာသည်ကို တွေ့ရှိသိမ်းဆည်းရမိသည်။

အလားတူ ဧပြီ ၂၃ ရက် နံနက်ပိုင်းက အောက်ဝဲကြီးကျေးရွာ အနီး ဧရာဝတီမြစ်ကမ်း တွင် ဆိုက်ကပ် ထားသောလှေတွဲနှစ်တွဲနှင့် ရေပုတ်ကျေးရွာအနီး ဆိုက်ကပ်ထားသော လှေတွဲတစ်တွဲ စုစုပေါင်း လှေတွဲသုံးတွဲမှ တရားမဝင် ကညင်သစ် ၇၂လုံး ၂၀၉ ဒသမ ၇၂၈ တန်တွေ့ရှိသဖြင့် လှေတွဲသုံးတွဲနှင့် သစ်ပိုင်ရှင် ငါးဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

တရားမဝင်သစ်များ သယ်ဆောင်လာသူ သစ်ပိုင်ရှင် အောင်မြင့် (၃၂ နှစ်) စိန်ပန်းမဟာအောင်မြေ မန္တလေးမြို့နေသူ၊ ဝေယံကျော် (၁၉ နှစ်) အောင်ကုန်းအင်းတော်မြို့နယ်နေသူ၊ မျိုးဇော် (၂၂ နှစ် ) ဝေဆွယ်ကျေးရွာ ကသာမြို့နယ်နေသူ၊ မျိုးတင့် (၅၀ နှစ် ) မဟာအောင်မြေမြို့နယ် မန္တလေးမြို့နေသူနှင့် ထွန်းသိန်း (၄၂နှစ်)ဝေဆွယ်ကျေးရွာ ကျောက်ထုံးကြီးကျေးရွာ နေသူတို့ငါးဦးအား ဥပဒေ နှင့်အညီ အရေးဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



# တိုက်ကြီးမြို့နယ် ကွမ်းသီးမြောင်တွင် ဆင်ပေါက်တစ်ကောင် သေဆုံးလျက်တွေ့ရှိ

**တိုက်ကြီး ဧပြီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မြောက်လှိုင်ရိုးမ ကြိုးဝိုင်းအကွက်အမှတ် (၂) အတွင်း ကွမ်သီးမြောင်ကျေးရွာ အနီးတွင် ဧပြီ ၂၂ရက် ညနေ၄ နာရီ မိနစ် ၅၀ ခန့်က ဆင်ပေါက်ငယ်တစ် ကောင်သေဆုံးနေကြောင်း ကလောစိုက်ခင်းမှ ကရင် လေးဆိုသူ တွေ့ရှိခဲ့သဖြင့် သစ်တောဦးစီးဌာနသို့ သတင်းပို့ခဲ့သည်။

အဆိုပါ နေရာသို့ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်သူ၊ တောအုပ်ကြီးဦးစီး အောင်သိန်းနှင့်အဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များ မြိုင်ဟေဝန်ဆင်စခန်းမှ ဆင်ဦးစီးစောအယ်ဆေး၊ မွေးကုဦးစီးပါဝင်သောအဖွဲ့ သွားရောက်စစ်ဆေးရာ သေသောဆင်ပေါက်ငယ်လေးမှာ အထီးဖြစ်ကြောင်း၊ အသက်တစ်နှစ်ခွဲ လုံးပတ် ၄ ပေ ၇လက်မ၊ အမြင့် ၃ ပေ ၈ လက်မ၊ အလျား ၃ပေ ၃လက်မ၊ အမြီး ၂ ပေ ၂ လက်မ၊ နှာမောင်း ၁ ပေ ၅ လက်မရှိကြောင်း၊ အဖော်ကွဲကာဝမ်းချုပ်၊ အစာရေစာပြတ်၍ သေဆုံးကြောင်းနှင့် ပြင်ပဒဏ်ရာမတွေ့ ရှိရသဖြင့် အဆိုပါ ဆင်သေကို မြေကျင်းတူးမီးရှို့ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**



# ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးစဉ် ရဲတပ်ဖွဲ့ဝင်များအား ဓားဖြင့် ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရ

**နေပြည်တော် ဧပြီ ၂၃**

အုတ်ဖိုမြို့နယ် ဥတိုကျောင်းရွာ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ရွာသစ်ကကျေးရွာနေ တင်စိုး (၄၀ နှစ်) သည် အရက်မူးကာ ဓားကိုင်ရမ်းကားနေကြောင်း သတင်းအရ အုတ်ဖိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက် ဖမ်းဆီးခဲ့သည်။

ထိုသို့ လိုက်လံဖမ်းဆီးရာ ရှမ်းစုရွာထိပ်တွင် တင်စိုးအား ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိသဖြင့် ဖမ်းဆီးရာ တင်စိုးက ဆိုင်ကယ်ဖြင့် တပ်ဖွဲ့ဝင်များအား တိုက်မည်ပြု၍ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ ရှမ်းစုကျေးရွာဘုန်းကြီးကျောင်း အနီးအရောက် ဆိုင်ကယ်လဲကျပြီး ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးစဉ် တင်စိုးမှ အသင့်ပါလာသော အရိုးအသွား ၁ ပေ၊ ၁ လက်မခန့်ရှိ ဓားမြှောင်ဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ထိုးခဲ့သည်။ ထို့ကြောင့် အဆိုပါတပ်ဖွဲ့ဝင်က ၎င်းကိုင်ဆောင်သည့် ၁၂ ဗို့ ပြောင်းချော သေနတ် ဖြင့် သတိပေးပစ်ခတ် ဖမ်းဆီးခဲ့ရာ တင်စိုးတွင် ဒဏ်ရာရရှိကာ ဖမ်းဆီးရမိပြီး ၎င်းထံမှ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လောင်းကြေးငွေများ သိမ်းဆည်းရမိခဲ့သဖြင့် တင်စိုးအား အုတ်ဖိုမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူ ထားကြောင်း သိရသည်။

**ကိုရဲ**

# မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်း၌ ဘုရားဖူးယာဉ် တံတားအောက်ထိုးကျသဖြင့် လူ ၃၀ ဒဏ်ရာရ



**မိတ္ထီလာ ဧပြီ ၂၃**

မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်း၌ ဧပြီ ၂၃ ရက် နံနက် ၇ နာရီခွဲခန့်တွင် ပတ္တမြားရွှေစင်ဘုရားဖူးယာဉ် ချောက်ထဲပြုတ်ကျသဖြင့် လူ ၃၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမိုင်တိုင်အမှတ် ၁၇/၁ ညောင်ပင်သာကျေးရွာအနီး ညောင်ပင်သာတံတား၌ ရန်ကုန်မြို့ မြောက်ဥက္ကလာပ မြို့နယ်နေ ယာဉ်မောင်း နေဝင်းဟန် (၃၅ နှစ်) မောင်းနှင်သည့် ယာဉ်အမှတ် 3K/... HYUNDAI ခြောက်ဘီးမှန်လုံပတ္တမြားရွှေစင်ဘုရားဖူးယာဉ်မှာ ရန်ကုန်မှ ပုပ္ပားသို့ ဘုရားဖူးသွားရာမှ ကား၏ ရှေ့ညာဘက်တိုက်ရှော့ပြုတ်၍ တံတားအောက်သို့ ထိုးကျ သွားသည်။ **(ဝဲပုံ)** ယင်းဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါရှိသူ ခရီးသည် ၄၉ ဦးအနက် ၃၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း နေဝင်းဟန်အား အလည်ရွာရဲကင်းစခန်းမှ အမှုဖွင့်ဆောင်ရွက်ထားကြောင်း စုံစမ်းသိရှိရသည်။

**ဘိုဘို(မလှိုင်)**

# မူဆယ်မြို့၌အဝေးထိန်းမိုင်းတစ်လုံးတွေ့ရှိ

**မူဆယ် ဧပြီ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ဧပြီ ၂၃ရက် ညနေ ၆ နာရီ ၁၅မိနစ် ခန့်က မူဆယ်မြို့ဟိုမွန်ရပ်ကွက် လေ့ကျင့်ရေးဂေါက်ကွင်း ခြံစည်းရုံအနီး၌ မိုင်းဟုယူဆရသော ပလတ်စတစ်ဖြင့်ထုပ်ထားသော မသင်္ကာစရာ အထုပ်တစ်ထုပ်တွေ့ရှိခဲ့ကြောင်း သိရ သည်။

ဖြစ်စဉ်မှာ ဧပြီ၂၃ ရက် ညနေ ၆ နာရီခွဲခန့်တွင် မူဆယ်မြို့ နေထိုင်သူတစ်ဦးမှ လေ့ကျင့်ရေးဂေါက်ကွင်းတွင်ဘောလုံးကစားနေစဉ် ခြံစည်းရိုးအနီး၌ ပလတ်စတစ်ဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်အားတွေ့ရှိခဲ့သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ သတင်းပေးပို့ခဲ့သည်။ အဆိုပါသတင်းပေးပို့ချက်အရ အခင်းဖြစ်ပွားရာ နေရာသို့ နယ်မြေခံတပ်မတော်မှ စစ်ကြောင်းအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ နမ့်ခမ်းမြို့မပြည်သူ့စစ် (ဌာနေ) မှ တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ရောက်ရှိလာပြီး ကြည့်ရှု စစ်ဆေးခဲ့ရာ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ (စုံစမ်းဆဲ) မှ ထောင်ထားသော ဓာတ်ခဲငါးလုံး ဆားကစ်ပြားဝိုင်ယာကြိုးတပ်လျက် ပလတ်စတစ်ဖြင့် ထုပ်ထားသော အဝေးထိန်းမိုင်း ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ထို့နောက်အဆိုပါမိုင်းအား နယ်မြေခံတပ်မတော်မှ သက်မဲ့ပြုလုပ်ပြီး ညနေ ၆ နာရီ မိနစ် ၄၀ ခန့်တွင် အောင်မြင်စွာ ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင် - မူဆယ်**



# အမိုနီယမ်နိုက်ထရိတ်၊ ကျောက်စိမ်းတုံးနှင့်ပိတောက်ခြားရွှေတုံးများ ဖမ်းမိ

**နေပြည်တော် ဧပြီ ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၉၆ စီး၊ သွင်းကုန်အစီး ၉၁၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆ စီး၊ သွင်းကုန် ၁၆၇ စီး ကုန်စည်များသယ်ယူပို့ ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၂ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄ ဒသမ ၇၄၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၇၅သန်းခန့် စုစုပေါင်းတားဆီးမှု ၁၈ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀ ဒသမ ၄၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၂၂ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် HINNO ၁၂ ဘီးယာဉ်တစ်စီး၊ ခရီးသည်တင်ယာဉ်တစ်စီး၊ HONDA ODYSSEY ယာဉ်နှစ်စီးနှင့် TOYOTA SUCCED ယာဉ်တစ်စီးတို့အား စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ်ဟုယူဆရသော Ammoniun Ninate စာတမ်းပါ ၄၀ ကီလိုဂရမ်ပါအိတ် ၂၈၀၊ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး ၁၄၇၈ ကီလိုဂရမ်၊ ပိတောက်ခြားရွှေ ၆၉ တုံး၊ ၂ ဒသမ ၂၇၈၄ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် ငါးစီးစုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉ ဒသမ ၆၃၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သန်လျင်မြို့နယ်၌ ပုပ်ပွနေသော အလောင်းတွေ့ရှိ

**သန်လျင် ဧပြီ ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ ရေကန်အတွင်း ပုပ်ပွနေသော အမျိုးသားအလောင်းအား ဧပြီ ၂၃ ရက် ညနေ ၄ နာရီခန့်က ရေပေါ်၌ပက်လက်အနေအထားဖြင့် တွေ့ရှိရကြောင်းသိရသည်။ ဖြစ်စဉ်မှာ သန်လျင်မြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်မြတ်စိုးသည် သန်လျင်မြို့ ဘုရားကုန်းကျေးရွာ ဘုရားကန်အတွင်း လူတစ်ဦးရေနစ်သေဆုံးနေကြောင်းသတင်းအရ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ အသက် (၄၀ နှစ်) ခန့် အမျိုးသားတစ်ဦး ဖြစ်ပြီး အကျယ်ပေ ၁၅၀၊ အနက် ၇ ပေခန့်ရှိ ကန်အတွင်း ပက်လက်အနေအထားဖြင့် ပုပ်ပွသေဆုံးနေသောအလောင်းအား တွေ့ရှိရသည်။

သေဆုံးမှုအား ဆက်လက်စစ်ဆေးရာ သေဆုံးသူအမည် နေရပ် (စုံစမ်းဆဲ) အမျိုးသားအလောင်းတွင် ပြင်ပဒဏ်ရာမတွေ့ရဘဲ သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် အလောင်းအား သန်လျင်အထွေထွေရောဂါကုဆေးရုံသို့ ပို့ဆောင် စစ်ဆေးလျက်ရှိကြောင်းသိရသည်။ အဆိုပါသေဆုံးမှုအား သန်လျင်မြို့မရဲစခန်းမှ သေမှုသေခင်းဖွင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။

**သက်ခိုင် (သန်လျင်)**

## မြန်မာ့ရုပ်မြင်သံကြား

၂၄-၄-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ - Breakfast News

၈း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ပြည်ထဲရေးဝန်ကြီးဌာန)

၉း၀၀ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး)

၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်

၁၀း၃၀ - ဥပဒေရေးရာအဖြာဖြာ **အရင်းမစိုက်၊ လျှော်ထိုးလိုက်**

၁၁း၃၅ - မျက်မှောက်ရေးရာ သုံးသပ်စရာ

၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာကာလီ** (အပိုင်း-၁)

**ညပိုင်း**

၁၆း၂၅ - YTN (Science) ရေအရင်းအမြစ်နှင့် စက်မှုလုပ်ငန်း

၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း

၁၈း၃၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီ ပိုင်ဖြိုးသု)


၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာကာလီ** (အပိုင်း-၂)

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၀း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ရန်ကုန်တိုင်းဒေသကြီး)

- **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ကယားပြည်နယ် လွှိုင်ကော်)
- နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့် ဓားဘုရင်** (နောက်ဆုံးရင်သွေး) (အပိုင်း-၆)
- အနုပညာခန်းရိပ်သာ **ဒေါက်တာခင်မောင်ညိုနှင့် တွေ့ဆုံမေးမြန်းခြင်း**
- နိုင်ငံခြားဇာတ်လမ်းတွဲ **မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း** (အပိုင်း-၂)

## မြန်မာနိုင်ငံ၏ ပညာသင်နှစ်အလိုက် အထက်တန်းသင်ဆရာအရေအတွက်




အထက်တန်းသင်ဆရာ အရေအတွက် (အခြေခံပညာကျောင်း)

ဓာတ်မြစ်။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

# သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာ သိနားလည်မှု အသိပညာပေးသင်တန်းပို့ချ



**ကလေး ဧပြီ ၂၃**

နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြဿနာများကို နည်းလမ်းတကျ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း၊ တွေးခေါ်စဉ်းစားနိုင်စွမ်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်စွမ်းများ ရရှိစေရန်ရည်ရွယ်၍ သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာ သိနားလည်မှု အသိပညာပေးသင်တန်းကို ဧပြီ ၂၃ ရက် မွန်းလွဲ ၂ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက်ရှိ ငြိမ်းချမ်းရေးကွန်ရက်ရုံး၌ ပြုလုပ်သည်။

သင်တန်းတွင် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ သတင်းအတတ်ပညာဌာန၊ တွဲဖက်ပါမောက္ခ ဒေါက်တာဇင်မာကျော်က သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာသိနားလည်မှုတွင် ပါဝင်သောအဓိကအချက်များ၊ သတင်းအချက်အလက်အရေးကြီးပုံ၊ သတင်းအချက်အလက်ကို အကဲဖြတ်ခြင်းနှင့် သတင်းအချက်အလက်၏ အရည်အသွေးတိုင်းတာခြင်း နည်းလမ်းများကို ရှင်းလင်းပို့ချပြီး တက်ရောက်လာကြသူများအား သတင်းအချက်အလက်ဆိုင်ရာ မီဒီယာနှင့် ပတ်သက်သော ဉာဏ်စမ်းပဟေဠိများမေးမြန်း၍ အမှတ်တရလက်ဆောင်ပစ္စည်းများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ သတင်းအချက်အလက် ပံ့ပိုးသည့်ဌာနမှ တာဝန်ရှိသူများ၊ အသိပညာပေးအဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများနှင့် ကလေးမြို့အခြေစိုက် မီဒီယာသမားများ တက်ရောက်ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၂၃** ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့်ဆင်ဖြူကျွန်းမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဘော်လခဲမြို့တွင် ၀ ဒသမ ၄၃ လက်မ၊ မင်းတပ်မြို့တွင် ၀ ဒသမ ၁၅ လက်မ၊ ဂန့်ဂေါမြို့တွင် ၀ ဒသမ ၁၂ လက်မ၊ တမူးမြို့နှင့်ကျောက်တော်မြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

❐ *ကျော့ဖုံးမှ*

အတွေ့အကြုံရဖို့အပြင် ရလဒ်ကောင်းရဖို့လည်း ကြိုးစားမှာပါ။ ထိုင်းအသင်းနဲ့ ယှဉ်ပြိုင်ရမယ့် အဖွင့်ပွဲက အရေးကြီးပါတယ်၊ အဖွင့်ပွဲမှာ ရလဒ်ကောင်းရဖို့ ကြိုးစားမှာပါ၊ ခက်ခဲတဲ့ပွဲတစ်ပွဲဖြစ်လာနိုင်ပေမယ့် ရလဒ်ကောင်းရဖို့ ကြိုးစားမှာပါ”ဟု ပြောသည်။

မြန်မာ ယူ-၂၃ အသင်းသည် ဒီဇင်ဘာက ယှဉ်ပြိုင်ခဲ့သည့် ဗီယက်နမ် ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲတွင် ထိုင်းအသင်းနှင့် နှစ်ကြိမ်တွေ့ဆုံခဲ့ပြီး အုပ်စုပွဲတွင် တစ်ဂိုး-ဂိုးမရှိ၊ တတိယ နေရာလုပွဲတွင် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းသည် အုပ်စုပွဲများအဖြစ် ဧပြီ ၂၄ ရက်တွင် ထိုင်းအသင်း၊ ဧပြီ ၂၇ ရက်တွင် တီမောအသင်း၊ ဧပြီ ၃၀ ရက်တွင် ဘရူနိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

● *ကျော့ဖုံးမှ*

ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲများ စတင်ထိုးသတ်ခွင့် ရရှိခဲ့သည်။ ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်တွင် ကျင်းပသည့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုစိန်ခေါ်ပွဲတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို ရှုံးကြွေးပြန်ဆပ်ကာ ပထမဆုံး ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သည်။ ထို့ပြင် ယခုနှစ် ဖေဖော်ဝါရီတွင် ဝိတ်တန်းတက်ကာ လိုက်ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံဆု စိန်ခေါ်ပွဲအဖြစ် ဘရာဇီးနိုင်ငံသား မာချာဒိုနှင့် ထိုးသတ်ရာ ပထမအချီမှာပင် ခြေကန်ချက်ဖြင့် အနိုင်ယူပြီး ဝိတ်တန်းနှစ်ခု၌ ကမ္ဘာ့ချန်ပီယံဆုရသည့် ဒုတိယမြောက်ကစားသမားဖြစ်လာခဲ့သည်။

အောင်လအန်ဆန်သည် ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲများ ထိုးသတ်ရန် အမေရိကန်နိုင်ငံ၌ လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံဆု နှစ်ခုစလုံးကို မြန်မာပရိသတ်များ ရှေ့မှောက်တွင် ကာကွယ်တော့မည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**


## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၄-၂၀၁၈ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၄)တွင် ဓမ္မညာဏစေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်အထွတ်တင်၊ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပမည့် ကြော်ငြာတွင် ၂၇-၄-၂၀၁၈ရက် နံနက် ၇း၃၀နာရီအစား ည ၇း၃၀နာရီဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ပျားစည်ကျေးရွာ၊ အထက၊ နဝမတန်းမှ မခိုင်နှင်းဖြိုးနှင့် ပဉ္စမတန်းမှ မနဒီဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်အောင်ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်အောင်**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကွက်သစ်ရပ်ကွက်၊(၁)လမ်းနေဦးကြူသန်း-ဒေါ်နော်လေးဖောတို့၏ သမီး၊ မမိုးစက်ပြုံးသန်း ၇/သဝတ(နိုင်)၁၂၂၀၁၂ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၉-၆-၁၉၉၉ ဖြစ်ပါကြောင်း။ **မိုးစက်ပြုံးသန်း**



## လူပျောက်ကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဒေါ်ညွှန့်ညွှန့်သန်း ၁၂/တမန(နိုင်)၀၅၀၀၅၄ (ဘ) ဦးအောင်ကြည်သည် ၇-၄-၂၀၁၈ရက်တွင် အင်းတကော်မြို့နယ်၊ (၄) ရပ်ကွက်ရှိ ရိပ်သာကျောင်းမှ ရုတ်တရက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**(ကျေးဇူးဆပ်ပါမည်။)**

**ဒေါ်လှလှမြိုင် ၁၂/တမန(နိုင်)၀၅၈၄၇၉**

**ဖုန်း-၀၉-၅၀၁၅၄၇၁**

**၀၉-၇၉၈၄၂၃၂၄၇**

**ဦးတင်အေး**

**ဖုန်း-၀၉-၄၂၁၁၂၀၃၃၁**

## ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့ တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း (၁၀)ရက် ၂၀၁၈ ခုနှစ်၊ ဧပြီလ(၂၄)ရက်

တောင်ငူခရိုင်၊ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ ခု ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် ကျပ်(၁၀)သိန်းအထက် လုပ်ငန်း(၁၆)ခုအား ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူကြောင်း ဖိတ် ခေါ်ကြေညာအပ်ပါသည်။

**တင်ဒါအဆိုပြုလျှောက်လွှာရောင်းချမည့်ရက်** - ၂၄-၄-၂၀၁၈ ရက်(အင်္ဂါနေ့) (၁၀း၀၀)နာရီ

**တင်ဒါအဆိုပြုလျှောက်လွှာပိတ်မည့်ရက်** - ၇-၅-၂၀၁၈ ရက်(တနင်္လာနေ့) (၁၆း၀၀)နာရီ

**အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၇-၅-၂၀၁၈ ရက် ညနေ (၁၆း၀၀)နာရီ

**အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်၊ နေရာ** - (၁၀-၅-၂၀၁၈)ရက် နံနက် ၉ နာရီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ တောင်ငူမြို့

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် ၂၄-၄-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ တောင်ငူမြို့**
**ဖုန်း-၀၅၄-၂၃၀၅၂**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူရသောအရေးပေါ်လူနာများအတွက် လိုအပ်သော အရေးပေါ်ဆေးဝါးများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ဆေးဝါးနှင့်ပတ်သက်သော စာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၃၀-၄-၂၀၁၈ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၅-၂၀၁၈ ရက် ညနေ ၄ နာရီ

**ဆေးရုံအုပ်ကြီး**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**

## အမည်ပြောင်း

လေးမျက်နှာမြို့နယ်၊ လက်သမား ကရင်ကျေးရွာနေ မကာမီလာ ၁၄/လမန(နိုင်)၀၆၀၉၀၄အား နော်မီမီလန်းဟု ပြောင်းလဲခေါ်ပါရန်။ **နော်မီမီလန်း**

## “နာဂစ်လွန်ပြန်လည်ထူထောင်ရေးမှသည် ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် ပြည်သူလူထုဖြစ်ပေါ်လာစေရေးဆီသို့”

နာဂစ်မုန်တိုင်းကျရောက်ခဲ့သည့် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြည်သူ လူထုအသိပညာပေးအစီအစဉ်များကို အောက်ပါအတိုင်းကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိရှိနိုင်ပါရန် အသိပေးအပ်ပါသည်-

**နေ့ရက်** - ၂-၅-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)

**အချိန်** - ၉း၃၀နာရီမှ ၁၅း၀၀နာရီထိ

**နေရာ** - မြို့တော်ခန်းမ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

## စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ ဘတ်ဂျက်တွင် အင်းတော်မြို့၌ ပေ(၁၂၀×၉၀×၃၆)ရှိ မိုးလုံလေလုံ အားကစားရုံ(၁)ရုံအား ကျပ်သိန်း(၂၀၀)ဖြင့် အောက်ပါအစီအစဉ်အတိုင်း တင်ဒါခေါ်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

**တင်ဒါလျှောက်လွှာဝယ်ယူရန်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး အား/ကာ ဦးစီးဌာန

**တင်ဒါလျှောက်လွှာဝယ်ယူရမည့် နောက်ဆုံးရက်** - ၇-၅-၂၀၁၈ရက်အထိ

**တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်/နေရာ/အချိန်** - ၁၀-၅-၂၀၁၈ ရက်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ရုံးချိန်အတွင်း

**ဆက်သွယ်စုံစမ်းရန်** - ဖုန်း-၀၇၁-၂၂၉၁၃၊ ၀၇၁-၂၆၂၈၅

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသီဟမြင့်ဝေ ၁၂/လမတ(နိုင်)၀၂၆၁၂၀ ၏သား မောင်မင်းခန့်ကြည်၏ မွေးသက္ကရာဇ်မှာ ၆-၇-၂၀၀၆ နှင့် မောင်မင်းခန့်သည် တစ်ဦးတည်းဖြစ်ပါသည်။ **မောင်မင်းခန့်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6C/8180 Toyota Caldina A2T 241,S/W(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇော်ဦး ၁၄/အဂပ(နိုင်)၁၄၂၃၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/8081 Nissan TERRANO TR 50,S/W(4×4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဘဲလာ ၁/မကတ(နိုင်)၀၄၇၃၃၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(အဂ္ဂါဘိဓဇ)လွန်တော်မူခြင်း (၁၅)နှစ်ပြည့်အထိမ်းအမှတ်ပွဲ ဖိတ်ကြားလွှာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(အဂ္ဂါဘိဓဇ)၏ လွန်တော်မူခြင်း(၁၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲကို (၁၃၈၀ ပြည့်နှစ် ကဆုန်လဆန်း ၁၂ရက်) ၂၆-၄-၂၀၁၈ရက်တွင် ကျင်းပမည်ဖြစ်ပြီး ၂၅-၄-၂၀၁၈ရက် ည ၇နာရီအချိန်တွင် တပည့်ဟောင်းများ တွေ့ဆုံပွဲကိုလည်းကောင်း၊ ၂၆-၄-၂၀၁၈ ရက်၊ နံနက် ၉နာရီတွင် ဗန်းမော်ဆရာတော် အမှူးရှိသော ဆရာတော်ကြီး(၉၅)ပါးအား ပင့်ဖိတ်၍ သြဝါဒခံယူပြီး လှူဒါန်းမှုအစုစုကို ရေစက်သွန်းချ အမျှပေးဝေခြင်းကိုလည်းကောင်း၊ တပည့်အပေါင်းတို့အား နေ့ဆွမ်းဆက်ကပ်ခြင်း၊ စာအုပ်များလှူဒါန်းခြင်းကိုလည်းကောင်း ပြုလုပ်၍ ခမ်းနားစွာ ကျင်းပမည်ဖြစ်ပါသည်။

ရပ်နီးရပ်ဝေးရှိ တပည့်များအား ဖိတ်စာဖြင့် ဝေငှဖိတ်ကြားခြင်းမပြုဘဲ အင်တာနက်၊ သတင်းစာတို့မှ အကြောင်းကြားအသိပေးလျက်ရှိရာ ကြားသိသူ တပည့်အပေါင်းက လာရောက်ပူဇော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အထိမ်းအမှတ်ပွဲကျင်းပရေးကော်မတီ**

## ရတနာပုံတက္ကသိုလ် စာကြည့်တိုက်နှင့်သုတပညာဘွဲ့လွန်ဒီပလိုမာ (Post-Graduate Diploma in Library and Information Studies) သင်တန်း အမှတ်စဉ်(၄) လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ပညာသင်နှစ်အတွက် ရတနာပုံတက္ကသိုလ်တွင် စာကြည့်တိုက်နှင့် သုတပညာဘွဲ့လွန်ဒီပလိုမာ(Post-Graduate Diploma in Library and Information Studies) သင်တန်းအမှတ်စဉ်(၄)ကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

၂။ အထက်ပါသင်တန်းကို အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်စေရ။
(ဃ) နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် အထက်တာဝန်ရှိသူ၏ အချိန်ပြည့်တက်ရောက်ရန် ခွင့်ပြုချက် တင်ပြနိုင်သူဖြစ်ရမည်။

၃။ ရတနာပုံတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၅-၅-၂၀၁၈ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို ရတနာပုံတက္ကသိုလ်၊ စာကြည့်တိုက်နှင့်သုတပညာဌာန၊ ဖုန်း-၀၉-၄၀၂၇၅၇၅၀၀၊ ၀၉-၇၉၈၅၅၉၇၆၅ တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**(ဇော်မင်းဦး)**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ရတနာပုံတက္ကသိုလ်**

# ယီမင်နိုင်ငံမှ မင်္ဂလာအခမ်းအနားတစ်ခုကို ဆော်ဒီကဦးဆောင်ကာ လေကြောင်းတိုက်ခိုက်မှုကြောင့် လူ ၂၀ ထက်မနည်း သေဆုံး

**ဆာနား မေ ၂၃**

ဆော်ဒီကဦးဆောင်ကာ လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့မှုကြောင့် ယီမင်နိုင်ငံမှ မင်္ဂလာအခမ်းအနားတက်ရောက်နေသူများအနက်မှ လူ ၂၀ ထက်မနည်း သေဆုံးကာ ၄၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့များက တနင်္လာနေ့တွင် အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

ယီမင်မြောက်ပိုင်းဒေသအများစုကို ထိန်းချုပ်ထားသည့် ဟူသီသူပုန်များသည် တနင်္ဂနွေနေ့တွင်ဖြစ်ပွားခဲ့သည့် ယင်းတိုက်ခိုက်မှုအတွက် ဆော်ဒီဦးဆောင်သည့် မဟာမိတ်အဖွဲ့ကို အပြစ်တင်ခဲ့သည်။ ဆော်ဒီဦးဆောင်သည့် မဟာမိတ်အဖွဲ့သည် ယီမင်အစိုးရကို ကျောထောက်နောက်ခံပေးထားသည့်အဖွဲ့ဖြစ်သည်။

ဂျက်လေယာဉ်များ လေကြောင်းမှစီးနင်းတိုက်ခိုက်ခဲ့ချိန်တွင် ဆာနားမြောက်ပိုင်း ဟာဂျက်ပြည်နယ်ရှိ ဟူသီတို့ ထိန်းချုပ်ထားသည့် ဘန်နီကွိနက်စ်တွင် မင်္ဂလာအခမ်းအနားကျင်းပခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

နယ်စည်းမထားဆရာဝန်များအဖွဲ့က ဟာဂျက်ရှိ ၎င်းတို့ အကူအညီပေးအပ်လျက်ရှိသည့် ဆေးရုံ၌ လေကြောင်းတိုက်ခိုက်မှုအတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လူနာအယောက် ၄၀ ထက်မနည်းကို လက်ခံခဲ့ကြောင်း တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။

ဆေးအဖွဲ့များသည် လေကြောင်းတိုက်ခိုက်မှု ဒဏ်ခံစားခဲ့ရသူများကို အကူအညီပေးအပ်ရန်အတွက် အချိန်နှင့် တစ်ပြေးညီအလုပ်လုပ်နေကြောင်း နယ်စည်းမထားဆရာဝန်များအဖွဲ့က ပြောကြားခဲ့သည်။

ဟူသီတို့ ဆောင်ရွက်နေသည့် အယ်လ်မာစီရတ်ရုပ်မြင်သံကြားက လူ ၃၃ ဦး ထက်မနည်းသေဆုံးကြောင်းနှင့် ၅၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တွစ်တာပေါ်တွင်ရေးသားဖော်ပြခဲ့သည်။




အရေအတွက် အတိအကျဖော်ပြနိုင်ခြင်းမရှိသည့် ကလေးငယ်များနှင့် အမျိုးသမီးများလည်း လေကြောင်းစီးနင်းတိုက်ခိုက်မှုအတွင်း သေဆုံးသွားခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများတွင် ကလေးငယ် ၃၀ ခန့်ရှိကြောင်း ပြောကြားခဲ့သည်။

လေကြောင်းစီးနင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ ဆော်ဒီဦးဆောင်သည့်မဟာမိတ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တာကီအယ်အယ်လ်ကီက မေးမြန်းလာသော မေးခွန်းများကို ချက်ချင်းတုံ့ပြန်ဖြေကြားခြင်း မပြုသေးပေ။

**အေအက်ဖ်ပီ**

# အနောက်လစ်ဗျားကမ်းခြေ၌ ရွှေ့ပြောင်းသွားလာသူ ၁၁ ဦး၏ အလောင်းများကို တွေ့ရှိ

**ထရီပိုလီ မေ ၂၃**

လစ်ဗျားရေတပ်မတော်သည် တနင်္ဂနွေနေ့က ဆာဘရာသာအနောက်ပိုင်းမြို့ကမ်းခြေ၌ ရွှေ့ပြောင်းသွားလာသူ ၁၁ ဦးတို့၏ အလောင်းများကို တွေ့ရှိခဲ့ပြီး ရွှေ့ပြောင်းသွားလာသူ ၈၃ ဦးကို ကယ်ဆယ်ခဲ့ရကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူ၏ပြောပြချက်အရ သိရသည်။

ကမ်းခြေစောင့်တပ်ဖွဲ့ကင်းလှည့်စဉ် လှေနှစ်စင်းကို တွေ့ခဲ့ပြီး ရွှေ့ပြောင်းသွားလာသူ ၁၁ ဦးတို့၏ အလောင်းများကို တွေ့ရှိခဲ့ကာ အခြား ၈၃ ဦးကို ကယ်ဆယ်ခဲ့သည်ဟု ရေတပ်ပြောရေးဆိုခွင့်ရှိသူ အာယွတ်ဘ်ကွာဆမ်က ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ကင်းလှည့်တပ်ဖွဲ့ ရောက်ရှိလာချိန်တွင် လှေမှာ ပျက်စီးနေခဲ့ပြီဖြစ်သည်ဟု ကွာဆမ်က ပြောသည်။




ကယ်ဆယ်ခဲ့သည့် ရွှေ့ပြောင်းသွားလာသူများမှာ မတူညီသည့် အာဖရိကနိုင်ငံအသီးသီးမှနိုင်ငံသားများဖြစ်ကြပြီး ၎င်းတို့ကို နိုင်ငံအတွင်းမလုံခြုံမှုများနှင့် ဗရမ်းဗတာ အခြေအနေများကြောင့် ထရီပိုလီမြို့တော် အနောက်ဘက်မှ ၄၅ ကီလိုမီတာခန့်ဝေးကွာသည့် အယ်လ်ဇာဝီယာရေနံဆိပ်ကမ်းမြို့ဆီသို့ ဒေသစံတော်ချိန် ညသန်းခေါင်ယံတွင်ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

လစ်ဗျား ခေါင်းဆောင်ဟောင်း ကဒါဖီကို ဖြုတ်ချခဲ့သည့် ၂၀၁၁ ပုန်ကန်ထကြွမှုဖြစ်ပွားပြီးနောက်တွင် လစ်ဗျားသည် ပြည်တွင်းမလုံခြုံမှုနှင့် ဗရမ်းဗတာအခြေအနေများကြောင့် မြေထဲပင်လယ်ကို ဖြတ်ကျော်ကာ ဥရောပဆီသို့ ဖြတ်ကျော်လိုသော တရားမဝင်ရွှေ့ပြောင်းသွားလာသူများအတွက် အချက်အချာကျသည့် ထွက်ခွာရာနေရာ ဖြစ်လာခဲ့သည်။

ရာသီဥတုအခြေအနေ ကောင်းမွန်မှုက ရွှေ့ပြောင်းသွားလာသူများလိုက်ပါလာသည့် လှေများ ဥရောပဆီသို့ သွားလာမှုကို ပိုမိုတိုးပွားလာစေခဲ့သည်။

အာဏာပိုင်များက ဖော်ပြခဲ့သည့် ကိန်းဂဏန်း အချက်အလက်များအရ ၂၀၁၈ ခုနှစ်၏ ပထမသုံးလအတွင်း လစ်ဗျားကမ်းခြေမှ ကယ်ဆယ်ခဲ့သည့် ရွှေ့ပြောင်းသွားလာသူ အရေအတွက်မှာ ၄၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## အတိုက်အခံခေါင်းဆောင်အား ဖမ်းဆီးထိန်းသိမ်းလိုက်ပြီးနောက် ဆန္ဒပြသူများ စုဝေးချီတက်

**ယီရီဗန် မေ ၂၃**

အတိုက်အခံအဖွဲ့ကို ထောက်ခံသည့် ရာနှင့်ချီသော ဆန္ဒပြပြည်သူများသည် တနင်္လာနေ့တွင် အာမေးနီးယား၏ မြို့တော်ရှိလမ်းမများပေါ်သို့ ချီတက်စုဝေးခဲ့ကြကြောင်း သိရသည်။ ဆန္ဒပြခေါင်းဆောင်အား ဖမ်းဆီးထိန်းသိမ်းခံလိုက်ရပြီးနောက်တစ်ရက်တွင် ၎င်းကို ဖမ်းဆီးခဲ့မှုနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်းမသိရသော သတင်းများပေါ်ထွက်လာပြီးနောက် ထိုသို့ ထပ်မံချီတက်စုဝေးလာခဲ့ခြင်းဖြစ်သည်။

ရာနှင့်ချီသော ကျောင်းသားများလည်း လမ်းမများပေါ် ချီတက်စုဝေးရာတွင် ပါဝင်ခဲ့ကြပြီး အချို့မှာ အဖြူရောင်ကုတ်ကို ဝတ်ဆင်ထားကြသည့် ဆေးကျောင်းသားများ ဖြစ်ကြသည်။ ၎င်းတို့သည် အာမေးနီးယားအလံများကို ကိုင်ဆောင်ကာ ချီတက်စုဝေးခဲ့ကြသည်။

**အေအက်ဖ်ပီ**

# ဂျီဆဲဗင်း နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး တိုရွန်တို၌ စတင်ကျင်းပ

**တိုရွန်တို မေ ၂၃**

စက်မှုထိပ်သီးခုနစ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို တနင်္ဂနွေနေ့က တိုရွန်တို၌ စတင်ကျင်းပခဲ့ပြီး နှစ်ရက်ကြာပြုလုပ်သည့် အစည်းအဝေးတွင် ရုရှားအရေး၊ မြောက်ကိုရီးယားအရေး၊ ဆီးရီးယားအရေး၊ ယူကရိန်းအရေးနှင့် ပတ်သက်သည့်အကြောင်းအရာများကို ဆွေးနွေးသွားရန် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကနေဒါနိုင်ငံခြားရေးဝန်ကြီး ချရီစတီယာဖရီလန်းက အစည်းအဝေးကို သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး အမေရိကန်ပြည်ထောင်စု၊ အီတလီ၊ ကနေဒါ၊ ဂျာမနီ၊ ဗြိတိန်နှင့် ဂျပန်နိုင်ငံအပြင် ဥရောပကိုယ်စားပြုတာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။

ဖရီလန်းသည် အကြမ်းဖက်မှုနှင့် ဆိုက်ဘာလုံခြုံရေးနှင့်ပတ်သက်သည့် ဂျီဆဲဗင်းဝန်ကြီးများ အဖွဲ့လုံခြုံရေးအစည်းအဝေးကို လက်ခံဆောင်ရွက်မည့် ကနေဒါပြည်သူ့လုံခြုံရေးဝန်ကြီး ရက်ပ်ဂိုဒါလီနှင့်အတူ တနင်္လာနေ့တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။ ယင်းအစည်းအဝေးသည် ပိုမိုငြိမ်းချမ်းပြီး လုံခြုံသော ကမ္ဘာကိုထူထောင်ရေးနှင့် ပတ်သက်၍ ဂျီဆဲဗင်းနိုင်ငံခြားရေးနှင့် လုံခြုံရေးဝန်ကြီးများအစည်းအဝေး၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မေ ၂၃ ရက်နှင့် ၂၄ ရက် ဂျီဆဲဗင်းလုံခြုံရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်ဟု သိရသည်။

ဖရီလန်းနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုတို့သည် ကနေဒါ၊ ဂျပန်နှင့် အခြားနေရာများတွင် ပြုလုပ်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများအတွင်း စစ်သုံးကိရိယာများကို မျှဝေသုံးစွဲကြရန် သဘောတူညီမှုတစ်ရပ်ကို ပြီးခဲ့သည့်စနေနေ့က လက်မှတ်ရေးထိုးခဲ့သည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### ဂျပန်နှင့် အမေရိကန်တို့ ကုန်သွယ်ရေးဆွေးနွေးပွဲများကို ဇွန်လအစောပိုင်းတွင် စတင်မည်

တိုကျို မေ ၂၉

ဂျပန်နှင့် အမေရိကန်အစိုးရတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ဆွေးနွေးသွားရန်အတွက် မူဘောင်သစ်တစ်ရပ်နှင့် စပ်လျဉ်းသည့် ပထမအကျော့ ဆွေးနွေးပွဲများကို ဇွန်လအစောပိုင်းတွင် ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

နောက်ဆုံးပြုလုပ်ခဲ့သည့် ဂျပန်-အမေရိကန် ထိပ်သီးအစည်းအဝေး၌ လွတ်လပ်ပြီးမျှတသည့် ကုန်သွယ်ရေးကိစ္စဆွေးနွေးရန်အတွက် မူဘောင်သစ်တစ်ရပ်ချမှတ်သွားရန် သဘောတူညီမှုတစ်ရပ်ကို ရရှိခဲ့သည်။ ဂျပန်စီးပွားရေးအင်အားပြန်လည်ဖြည့်တင်းရေးဝန်ကြီးတိုရှီမစ်ဆုနှင့် အမေရိကန်ကုန်သွယ်ရေးတာဝန်ရှိသူ ရောဘတ်လိုက်တီဇာတို့က ဆွေးနွေးပွဲများကို သဘာပတိအဖြစ် ဆောင်ရွက်သွားကြမည်ဖြစ်သည်။

လက်ရှိကျင်းပနေသည့် ဒိုင်းရက်အစည်းအဝေးအတွင်း အမေရိကန်က နုတ်ထွက်သွားခဲ့သည့် တီပီပီစာချုပ်အတွက် ထောက်ခံမှုရရှိရန် ဂျပန်ဘက်မှလိုလားလျက်ရှိပြီး အမေရိကန်ဘက်တွင်မူ မြောက်အမေရိက ကုန်သွယ်ရေးသဘောတူစာချုပ် NAFTAကို ကနေဒါနှင့် မက္ကဆီကိုနိုင်ငံများနှင့် ပြန်လည်ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

### ဂရိအလယ်ပိုင်း၌ လေယာဉ်ငယ်တစ်စင်းပျက်ကျပြီး နှစ်ဦးသေဆုံး

အေသင် မေ ၂၉

လူနှစ်ဦးလိုက်ပါလာသည့် အင်ဂျင်တစ်လုံးတပ် လေယာဉ်ငယ်တစ်စင်းသည် စနေနေ့က အေသင်မြို့ အနောက်မြောက်ဘက် ၂၀၀ ကီလိုမီတာအကွာခန့်ရှိ စကာလိုမာ ဖိုကီဒက်စ်ကျေးရွာအနီးတွင် ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ နှစ်ဦးလုံး သေဆုံးခဲ့ကြောင်း ဂရိအမျိုးသားသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ဂရိ မီးသတ်အဖွဲ့က အစောပိုင်းတွင် ကြေညာခဲ့သည်မှာ သေဆုံးသူအလောင်းတစ်လောင်းကို ပြန်လည်ယူဆောင်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိထားသူနောက်တစ်ဦးကို နီးစပ်ရာဆေးဝါးကုသမှုဌာနသို့ သယ်ဆောင်ခဲ့ကြောင်း သိရသည်။

မျက်မြင်သက်သေတစ်ဦးက လေယာဉ်ပိုင်းလော့သည် ပိုက်ပါအမျိုးအစား လေယာဉ်နှင့် မတိုက်မိအောင် ရှောင်ရှားရန်ကြိုးစားခဲ့ကြောင်း၊ သို့သော် မအောင်မြင်ခဲ့ကြောင်း စုံစမ်းစစ်ဆေးသူများအား ပြောကြားခဲ့မှုကို ဒေသသတင်းမီဒီယာက ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# ကက်စထရိုမိသားစုကမဟုတ်တဲ့ ကျူးဘားသမ္မတအသစ်

**ဖြိုးစန္ဒီခွေး**

ကျူးဘားနိုင်ငံမှာ ၁၉၅၁ ခုနှစ်က အစပြု ဆင်နွှဲလာတဲ့ ဆိုရှယ်လစ်တော်လှန်ရေးက အစပြုပြီး ကတ်စထရို ညီနောင်သာ ကျူးဘားနိုင်ငံကို အစဉ်အဆက် အုပ်ချုပ်လာခဲ့ပါတယ်။ ဒီလိုနဲ့ အချိန်ကာလ တဖြည်းဖြည်းရွေ့လျားလာတဲ့အခါမှာတော့ ကက်စထရို မိသားစုထဲက မဟုတ်တဲ့ အခြားလူတစ်ဦးကို သမ္မတအဖြစ် မြင်တွေ့ရတော့မယ့် အချိန် ရောက်ရှိလို့ လာခဲ့ပါပြီ။ ကျူးဘား သမ္မတသစ်ကတော့ အသက် ၅၇ နှစ်အရွယ် မီဂွဲဒိုင်ယက်ဇ် ကန်နယ်ပဲဖြစ်တယ်။ သူဟာ အသက် ၈၆ နှစ်အရွယ်ရှိလာပြီဖြစ်တဲ့ သမ္မတ ရာအူးလ်ကတ်စထရိရဲ့ သမ္မတနေရာကို ဆက်ခံခဲ့တာလည်းဖြစ်တယ်။ ကျူးဘားနဲ့အမေရိကန်ဆိုတာကလည်း သမိုင်းအစဉ်အဆက်တစ်လျှောက်မှာ ခါးသီးတဲ့ဆက်ဆံရေးတွေ ရှိခဲ့ကြတာလည်း ဖြစ်တယ်။



လွန်ခဲ့သောလက ပြည်နယ်ရွေးကောက်ပွဲတစ်ခုအတွင်း ပြည်သူများနှင့်အတူ မဲပေးနေသော မစ္စတာ ဒိုင်ယက်ဇ် ကန်နယ်နှင့် ဇနီးဖြစ်သူတို့အား တွေ့ရစဉ်။

**မေးမြန်းခဲ့ကြ**

အမေရိကန်သမ္မတ အိုဘားမားလက်ထက်ကျမှ ဆက်ဆံရေးတွေ ပြန်လည်ကောင်းမွန်လာပြီး သံရုံးတွေ အပြန်အလှန် ဖွင့်လှစ်ဖို့ ဆုံးဖြတ်ခဲ့ကြတာလည်း ဖြစ်တယ်။ ဒီလိုနဲ့ ဆက်ဆံရေးပြန်လည်ကောင်းမွန်လာခဲ့ပြီး ၂၀၁၅ ခုနှစ်မှာတော့ အမေရိကန် လွှတ်တော်ကိုယ်စားလှယ်တွေဟာ ကျူးဘားကို သွားရောက်ခဲ့ကြပါတယ်။ အဲဒီအချိန်တုန်းက သူတို့ဟာ အခုအချိန်မှာ သမ္မတဖြစ်လာမယ့် မစ္စတာ

> “မကြာသေးခင်ကာလကမှ သူဟာ ကျူးဘားမှာ အင်တာနက်ရအောင် ဦးဆောင်ခဲ့ပါတယ်၊ သူ့ရဲ့အကြောင်းပြချက်ကတော့ ကျူးဘားဟာ ပြင်ပကမ္ဘာကြီးအကြောင်း မသိဘဲနဲ့ တစ်ကိုယ်တည်းရှက်လွှင့်လို့ မရဘူးဆိုတဲ့ အချက်နဲ့ပါ”

ဒိုင်ယက်ဇ်ကန်နယ်ကို မေးခွန်းတွေ မေးမြန်းခွင့်ရခဲ့ပါတယ်။ ကျူးဘားမှာဖြစ်ပွားခဲ့တဲ့ တော်လှန်ရေးနဲ့ ပတ်သက်ပြီး သူ့ရဲ့နိုင်ငံရေး အယူအဆကိုမေးမြန်းခဲ့ကြပါတယ်။

**ဖြည်းဖြည်းနဲ့မှန်မှန် ကြိုးစားလာသူ**

အဲဒီအခါမှာတော့ မစ္စတာ ဒိုင်ယက်ဇ်ကန်နယ်က သူဟာ ကျူးဘားတော်လှန်ရေးအပြီး ၁၉၆၀ မှ မွေးဖွားခဲ့တာဖြစ်တယ်။ ဒီမေးခွန်းကိုဖြေဖို့ သူဟာ အသင့်တော်ဆုံးလူတစ်ယောက် မဟုတ်သေးပါဘူးလို့ ဖြေကြားခဲ့ပါတယ်။ သမ္မတသစ်ဟာ သူ့ဘဝတစ်လျှောက်လုံး သူပါဝင်မဆင်နွှဲခဲ့ရတဲ့ တော်လှန်ရေးအတွက်ပဲ ဘဝကို နှစ်မြှုပ်အလုပ်လုပ်ကိုင်ခဲ့သူပါ။ ဧပြီလ ၁၉ ရက်နေ့မှာတော့ တစ်ခဲနက်ဆန္ဒမဲတွေနဲ့ သူ့ကို သမ္မတသစ်အဖြစ် ရွေးချယ်လိုက်ပါတော့တယ်။ မစ္စတာဒိုင်ယက်ဇ်ကန်နယ်နဲ့ ပတ်သက်ပြီး မစ္စတာ ကက်စထရိုရဲ့ အမြင်ကတော့ သူဟာ ဖြည်းဖြည်းနဲ့ မှန်မှန် ကြိုးစားလာသူဖြစ်တယ်။ ဆိုရှယ်လစ်စနစ်မှာ သူဟာသစ္စာရှိရှိ ရပ်တည်လာခဲ့သူဖြစ်တယ်။ သူဟာ အခုမှထင်ပေါ်လာ သူလည်းမဟုတ်ပါဘူး။ မကြာသေးခင် နှစ်တွေအတွင်းကတော့ သူဟာ ကန့်လန့်ကာနောက်ကွယ်မှာပဲ နေခဲ့သူပါလို့ ပြောခဲ့ပါတယ်။

**အမေရိကန်-ကျူးဘားဆက်ဆံရေး**

အများစုကတော့ သမ္မတသစ်မစ္စတာ ဒိုင်ယက်ဇ်ဟာ ဟန်ချက်ညီညီနဲ့ပြုမူဆောင်ရွက်ဖို့ရာမှာ အခက်အခဲတွေ ရှိနေလိမ့်မယ်လို့ယူဆကြပါတယ်။ ဘာလို့လဲဆိုရင် သူဟာ သမ္မတဟောင်း ရာအူးလ်ကက်စထရိုရဲ့အရိပ်အောက်က မလွတ်သေးပါဘူး။ ရာအူးလ်ကက်စထရိုဟာ ကျူးဘားတပ်ဖွဲ့ရဲ့ အကြီးအကဲရာထူးနဲ့ ကွန်မြူနစ်ပါတီရဲ့ ဥက္ကဋ္ဌနေရာမှာ တာဝန်ယူထားဆဲပဲ ဖြစ်ပါတယ်။ သမ္မတသစ်ဟာ ကျူးဘားနိုင်ငံရဲ့ စီးပွားရေးကို ရှင်သန်အောင် ဆက်လက်ကြံဆောင်ပေးရမှာ ဖြစ်သလို ပြန်လည်အေးခဲစပြုနေပြီဖြစ်တဲ့ အမေရိကန်နဲ့ ဆက်ဆံရေးအတွက်လည်း ကြံဆောင်ရမှာဖြစ်တယ်။ အမေရိကန်သမ္မတ အိုဘားမားလက်ထက်က ကျူးဘားနဲ့ ဆက်ဆံရေး ပြန်လည်ကောင်းမွန်ခဲ့ပေမယ့် သမ္မတ ထရန့်လက်ထက်မှာတော့တစ်မျိုးပြောင်းလဲလို့ လာပါတယ်။ ကျူးဘားမှာရှိတဲ့ အမေရိကန်သံ ဝန်ထမ်းတွေ အသံနဲ့တိုက်ခိုက်ခံရပြီးတဲ့နောက်မှာတော့ သံဝန်ထမ်းတွေကို အမေရိကန်ဘက်က ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ကျူးဘားအပေါ် ဆက်ဆံရေးဟာလည်း အရင်လိုမဟုတ်တော့ဘဲ ပြန်လည်တင်းမာလာခဲ့ပါတယ်။

**မျိုးဆက်သစ်တစ်ဦးကိုအာဏာလွှဲပေး**

ဒါတွေအပြင် သမ္မတအသစ်မှာ အခြားသော ဝန်ထုပ်ဝန်ပိုးတွေလည်း ရှိနေပါသေးတယ်။ အဲဒါကတော့ ပြောင်းလဲမှုအတွက် စိတ်မရှည်ဖြစ်နေတဲ့ ပြည်သူလူထုကို ဘယ်လိုထိန်းကျောင်းမလဲ ဆိုတာရယ်၊ သူ့အရင်နိုင်ငံကို အုပ်ချုပ်ခဲ့သူတွေရဲ့ လမ်းစဉ်တွေကို သွေဖည်သွားခြင်းမရှိဘဲ ဘယ်လိုဆက်လက်ဖော်ဆောင်သွားမလဲ ဆိုတာတွေပဲဖြစ်တယ်။ တော်လှန်ရေးပြီးနောက် ကျူးဘားနိုင်ငံကို ကက်စထရိုမျိုးဆက်တွေကပဲ အစဉ်အဆက် အုပ်ချုပ်လာခဲ့ရာမှာ ဖီဒယ်ကက်စထရိုဟာ ၂၀၀၆ ခုနှစ်မှာ ရာအူးလ်ကက်စထရိုကို အာဏာလွှဲပေးခဲ့ပါတယ်။ အဲဒီနောက် အသက်၉၀ အရွယ်မှာသေဆုံးခဲ့ပါတယ်။ ရာအူးလ်ကက်စထရိုဟာ ဆယ်စုနှစ်အတွင်းမှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ လုပ်ကိုင်ခဲ့ပြီး ယခုအချိန်မှာ နောက်ထပ်မျိုးဆက်သစ်တစ်ဦးကို အာဏာလွှဲပေးလိုက်တာပဲ ဖြစ်တယ်။

**ထက်မြက်တဲ့ခေါင်းဆောင်တစ်ယောက်**

ကျူးဘား သမ္မတအသစ်ဟာ အမေရိကန်နဲ့ ထိတွေ့မှုနည်းတဲ့ လူတစ်ယောက်ပါ။ ပွင့်ပွင့်လင်းလင်း ဝေဖန်ရရင် သူဟာ ကျန်ရှိနေတဲ့ လက်တင်အမေရိက ခေါင်းဆောင်တွေထဲမှာ ကျော်ကြားမှုနည်းတဲ့ လူတစ်ယောက်လည်းဖြစ်တယ်လို့ အမေရိကန်နိုင်ငံက အစိုးရအရာရှိဟောင်းတစ်ဦးဖြစ်သူ ဒင်နီရယ်ကပြောပါတယ်။ မစ္စတာရာအူးလ်ကက်စထရိုကတော့ သူဟာ ၂၀၂၁ ခုနှစ်ကျရင် ပါတီခေါင်းဆောင်နေရာကို မစ္စတာ ဒိုင်ယက်ဇ်ကန်နယ်ကို လွှဲပေးဖို့ စိတ်ကူးထားတယ်လို့လည်း သိရပါတယ်။ ၂၀၁၃ ခုနှစ်မစ္စတာ ဒိုင်ယက်ဇ် ကန်နယ် ဒုတိယသမ္မတအဖြစ် အမည်တင်သွင်းခံရကတည်းက ကျူးဘားနိုင်ငံရေးအခြေအနေ စောင့်ကြည့်သူတွေဟာ သူ့ရဲ့နားလည်ရခက်တဲ့အကြောင်းတွေကို သိလာအောင် ရှာဖွေလာကြပါတယ်။ သမ္မတသစ်ဖြစ်တဲ့ မစ္စတာ ဒိုင်ယက်ဇ်ကန်နယ်ကို သိကြတဲ့လူတွေကတော့ သူဟာ အေးဆေးတည်ငြိမ်ပေမယ့် ထက်မြက်တဲ့ ခေါင်းဆောင်တစ်ယောက်ပါလို့သုံးသပ်ကြပါတယ်။

အများစုကတော့ သူ့ကို အာရုံစိုက်နားထောင်ပေးတတ်သူလို့ သတ်မှတ်ကြပါတယ်။ ဒါပေမယ့်လည်း တချို့သောသူတွေကကျတော့လည်း သူ့ကို သဘောကောင်းလွန်းသော၊ ဖော်ရွေလွန်းသော၊ ပါတီခေါင်းဆောင် တစ်ဦးအနေနဲ့ ထက်မြက်တဲ့လူလို့ သတ်မှတ်ကြပြန်ပါတယ်။ မကြာသေးခင်ကာလကမှ သူဟာ ကျူးဘားမှာ အင်တာနက်ရအောင် ဦးဆောင်ခဲ့ပါတယ်။ သူ့ရဲ့အကြောင်းပြချက်ကတော့ ကျူးဘားဟာ ပြင်ပကမ္ဘာကြီးအကြောင်း မသိဘဲနဲ့ တစ်ကိုယ်တည်း ရှက်လွှင့်လို့မရဘူးဆိုတဲ့ အချက်နဲ့ပါ။

**ဘဝကောက်ကြောင်း**

သမ္မတသစ်ဖြစ်သူရဲ့ ဘဝကောက်ကြောင်းကို လေ့လာကြည့်မယ်ဆိုရင် သူဟာ မြို့တော် ဟာဗားနားကနေ သုံးနာရီလောက် မောင်းရတဲ့ မြို့ဖြစ်တဲ့ ဗီလာကလဲယာဆိုတဲ့မြို့မှာ ကြီးပြင်းခဲ့သူပါ။ အဖေက ကျောင်းဆရာတစ်ဦးဖြစ်ပြီး အမေကတော့ စက်ရုံအလုပ်သမားတစ်ဦးပါ။ လက်စ်ဗေး ဂတ်စ်တက္ကသိုလ်မှ လျှပ်စစ်အင်ဂျင်နီယာကို သင်ယူခဲ့ပြီး အဲဒီမှာပဲ သူ့ရဲ့ နိုင်ငံရေး စိတ်ဓာတ်ဟာ နိုးကြားလာခဲ့ပါတယ်။ သူဟာ ကွန်မြူနစ်ပါတီအတွင်းမှာ ထွန်းတောက်လာမယ့် ကြယ်ပွင့်လေးတစ်ပွင့်အဖြစ် အသိမှတ်ပြုခံရပါတယ်။ နောက်ပိုင်းမှာတော့ သူဟာ ရာအူးလ်ကက်စထရိုရဲ့ သက်တော်စောင့်အဖြစ် တာဝန်ထမ်း ဆောင်ခဲ့ပါတယ်။ သူဟာ ကျူးဘားတပ်ဖွဲ့အတွင်းမှာလည်း သုံးနှစ်လောက် တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ ဒါတွေကတော့ ဒိုင်ယက်ဇ်ကန်နယ်ရဲ့ အချက်အလက်အချို့ပဲဖြစ်တယ်။ ဖြည်းဖြည်းနဲ့ မှန်မှန်ကြိုးစားခဲ့တဲ့သူဟာ အခုအချိန်မှာတော့ ကျူးဘားနိုင်ငံရဲ့သမ္မတဖြစ်လာခဲ့ပါပြီ။ သူသမ္မတဖြစ်လာတဲ့အခါမှာတော့ ဆိုရှယ်လစ်တော်လှန်ရေးကို ဆက်လက် လုပ်ဆောင်သွားဦးမှာဖြစ်တဲ့အကြောင်း၊ တစ်ချိန်တည်းမှာပဲ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဆောင်သွားမှာ ဖြစ်တဲ့အကြောင်း သမ္မတသစ်အဖြစ် လွှတ်တော်မှာ မိန့်ခွန်းပြောကြားတဲ့အခါ ထည့်သွင်းပြောကြားသွားပါတယ်။

**ပြန်လည် နွေးထွေးအောင် ပြုလုပ်နိုင်ပါ့မလား**

အခြေအနေ ပြန်လည်တင်းမာစပြုနေပြီဖြစ်တဲ့ ကျူးဘားနဲ့ အမေရိကန် ဆက်ဆံရေးဟာသမ္မတသစ်လက်ထက်မှာ ဘယ်လို ရှေ့ဆက်ဖြစ်ဦးမလဲဆိုတာကလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ အမေရိကန်သံဝန်ထမ်းတွေ ကျူးဘားမြေပေါ်မှာ အသံနဲ့တိုက်ခိုက်ခံရတဲ့ကိစ္စကိုရော ဘယ်လိုဖြေရှင်းကြမလဲ။ ကျူးဘားအပေါ်မှာ ထားရှိထားတဲ့ ကုန်သွယ်ရေးနဲ့ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စတွေကော ဘာတွေဆက်ဖြစ်မလဲ။ အေးစက်နေတဲ့ဆက်ဆံရေးကိုပြန်လည်နွေးထွေးအောင်ပြုလုပ်နိုင်ပါ့မလား ဆိုတာကတော့ သမ္မတသစ်ကိုပဲစောင့်ကြည့်ရမှာပါ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

# ရွှေဖြူဟု တင်စားရမည့် ဆေးကုလားမ (ခေါ်) လျှော်ဖြူ

**ဇွဲထက်ရှင်**



## “လျှော်ဖြူပင်ကို တောင်သူတိုင်းစိုက်ပျိုးသင့်ပြီး ယခုလို ရာသီဥတုဆိုးဝါးချိန် သီးနှံပျက်စီးမှု ကြုံတွေ့ရသလို သီးနှံဈေးများ ကျဆင်းချိန်၌ တစ်လဝင်ငွေ ပုံမှန်ရရှိနိုင်သည့် လျှော်ဖြူပင်ကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားခြင်းဖြင့် အကျိုးစီးပွားဖြစ်ထွန်းစေနိုင်”

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်ခန့်က ဆေးကုလားမ (ခေါ်) လျှော်ဖြူကို အလေ့ကျပေါက်သည့်အပင်ဟု မည်သူမျှ တန်ဖိုးထားရမှန်း မသိခဲ့ကြပေ။ လျှော်ဖြူစေးကို ခွာရောင်းချသူ အနည်းငယ်သာရှိခဲ့ပြီး မန္တလေးတိုင်းအထိ သွားရောက်ရောင်းချရသည်။ ပရဆေးဖော်ရန်အတွက်သာ ဝယ်ယူကြသည်ဟု သိရသည်။ ထို့ကြောင့်လည်း လျှော်ဖြူပင်ကို စီးပွားဖြစ်စိုက်ပျိုးသူ နည်းပါးကြသည်။

မကွေးမြို့နယ် ရွာပင်လုကျေးရွာမှ ဦးရဲထွန်းက “ကျွန်တော်က ၂၀၀၆ ခုနှစ်က လျှော်ဖြူ စတင်စိုက်ပျိုးတယ်၊ လေးနှစ်သားလောက်ကနေ ကျင့်ထုတ် ထုတ်တယ်၊ ငါးနှစ်ခြောက်နှစ်သားမှာ အစေးထုတ်တော့တယ်၊ ပထမ စစိုက်တုန်းက ဘယ်သူမှ အထင်မကြီးဘူး၊ ဘယ်သူမှ အားမပေးဘူး၊ လင်မယားချင်း ကွဲမလိုအထိ ဖြစ်ခဲ့တယ်၊ အဆင်ပြေလာမှ နောက်ကနေလိုက် စိုက်ကြတယ်၊ တစ်နှစ်စာကို လုပ်အားခပေးပြီး ကိုယ့်အတွက် အသားတင် သိန်းရှစ်ဆယ်လောက်ကျန်တယ်”ဟု ပြောသည်။

လက်ရှိအချိန်တွင် ရွာပင်လုရွာ၌ လျှော်ဖြူစိုက်ပျိုးသူ ၁၂ ဦးခန့်ရှိနေပြီး ဆူးကောက်စမ်း၊ လျှောင်းတော်ဦး၊ ဖုတ်ကုန်းကျေးရွာများအပြင် မကွေးတိုင်းဒေသကြီးနှင့် အခြားဒေသများတွင်လည်း စိုက်ပျိုးလာကြသည်ဟု သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဂန့်ဂေါခရိုင်တွင် လျှော်ဖြူစိုက်ပျိုးကေပေါင်း ၁၈ ဒသမ ၂၅ ကေ၊ ပခုက္ကူခရိုင်တွင် လျှော်ဖြူစိုက်ပျိုးကေပေါင်း ၂၈၀ ဒသမ ၅၉ ကေ၊ မကွေးခရိုင်တွင် လျှော်ဖြူစိုက်ပျိုးကေ ၁၂၅ ဒသမ ၇၂ ကေ၊ မင်းဘူးခရိုင်တွင် ၈၈ ဒသမ ၈၇ ကေနှင့် သရက်ခရိုင်တွင် ၁၅၅ ဒသမ ၃၆ ကေ စိုက်ပျိုးထားရာ တိုင်းဒေသကြီးတစ်ခုလုံးတွင် လျှော်ဖြူစိုက်ပျိုးကေပေါင်း ၆၆၈ ဒသမ ၇၉ ကေနှင့် လျှော်ဖြူပျိုးပင်ပေါင်း ၃၀၀၀ ကျော် စိုက်ပျိုးထားသည်ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ပြန်ပေးသည့် စာရင်းဇယားအရ သိရသည်။

မကွေးမြို့နယ် ရွာပင်လုကျေးရွာ၌ လျှော်ဖြူပင်ကို အပင်တစ်ရာမှ ငါးရာအထိ တိုးချဲ့စိုက်ပျိုးလာခြင်းကြောင့် တစ်နှစ်ဝင်ငွေ သိန်း ၈၀ အထိ ရရှိသည်ဟု လျှော်ဖြူစိုက်ပျိုးသူ ဦးရဲထွန်းက ပြောသည်။ “ကျွန်တော် ဒီဝင်ငွေနဲ့ပဲ သားသမီး သုံးယောက် ဘွဲ့ရပညာတတ်ဖြစ်တဲ့အထိ ထားနိုင်ခဲ့တယ်၊ အခြားစိုက်ပျိုးရေးလည်း လုပ်တယ်၊ ဒီလို နှစ်ရှည်ပင်စိုက်တာလောက် ဝင်ငွေမရဘူး”ဟု ၄င်းက ဆိုသည်။

လျှော်ဖြူစေး(ခ)ဆေးကုလားမကို မကွေး၊ မင်းဘူး၊ မန္တလေးမြို့တို့မှ ဝယ်ယူကြပြီး တရုတ်နှင့် ထိုင်းနိုင်ငံအထိ တင်ပို့ရောင်းချရသည်ဟု လျှော်ဖြူစေးဝယ်သူများထံမှ သိရသည်။ လျှော်ဖြူစိုက်သူ ဦးရဲထွန်းက “လျှော်ဖြူစေး ဝယ်သူတွေက ကျွန်တော့်ခြံထဲအထိ လာဝယ်တယ်၊ အမျိုးအစား လေးမျိုး ခွဲဝယ်ကြတယ်၊ လက်ရှိ ရေခဲသား တစ်ပိဿာ ခြံဈေး ငါးသောင်းကျပ်၊ ဒုတိယတန်းစားကို ကျပ်နှစ်သောင်းခွဲခန့်၊ တတိယအစား(အညို)ကို ကျပ်ငါးထောင်ခန့်နဲ့ ကြာဆံကြိုးကို ကျပ်တစ်သိန်းအထိ ပေးဝယ်တယ်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေရဲ့ ပေါက်ဈေးအတက်အကျအတိုင်း ပေးဝယ်တယ်”ဟု ပြောသည်။

လျှော်ဖြူပင်စိုက်ရာတွင် သဘာဝအော်ဂဲနစ်မြေသြဇာများဖြစ်သည့် ပဲဖတ်၊ နှမ်းဖတ်၊ မုန်ညင်းဖတ်များကို ထည့်သွင်းပေးရသည့်အပြင် ဘိုကာရှီဟုခေါ်သည့် သဘာဝမြေသြဇာကို ကိုယ်တိုင်ပြုလုပ် ကျွေးမွေးခြင်းသည် လေးနှစ်အတွင်း အစေးထုတ်နိုင်ခဲ့သည့် စိုက်ပျိုးမှုနည်းစနစ်တစ်ခုဖြစ်သည်ဟု လျှော်ဖြူစိုက်ပျိုးသူများက ဆိုသည်။

လျှော်ဖြူပင်သည် သဘာဝအားဖြင့် နှစ်ရှည်ပင် အပင်ကြီးမျိုးဖြစ်ကာ အရွက်မှာ ရွက်ရိုးတံတစ်ခုတွင် ရွက်မွှာ ငါးရွက်မှ ခုနစ်ရွက်အထိရှိသော လက်ဝါးပုံ ရွက်ပေါင်းအမျိုးအစားဖြစ်သည်။ ပင်စည်အသားမှာ သစ်ပွအမျိုးအစားဖြစ်သည်။ ပင်စည်အခေါက်အတွင်း၌ လျှော်မျှင်များနှင့် အစေးများ ဖွဲ့စည်းတည်ရှိနေ၍ ၄င်းအပိုင်းမှ အစေးများ ထုတ်ယူရရှိခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနှံ့အပြား တောင်တန်းများပေါ်တွင် အခြားသစ်ပင်များနှင့် ရောနှော၍ပေါက်ရောက်လေ့ရှိပြီး မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံး တွေ့ရှိရသည်ဟု ဆိုကြသည်။

လျှော်ဖြူစေးသည် ဂျယ်လတင်(Galactangelose) ပါဝင်မှုကြောင့် ရေကို အဆများစွာစုပ်ယူ၍ ပွစေနိုင်ခြင်း၊ ရေနှင့်ပေါင်းစပ်၍ နူးညံ့ပျော့ပြောင်းသော ဂျယ်အဖြစ် ပုံသဏ္ဍာန်အမျိုးမျိုး ပြောင်းလဲနိုင်ခြင်းအပြင် စေးပျစ်စေခြင်း၊ ကော်ကပ်နိုင်စွမ်းရှိခြင်းနှင့် အက်စစ်ပျော့များနှင့် အနုဇီဝပိုးများ၏ ခြေဖျက်တိုက်စားမှုဒဏ် ခံနိုင်ရည်ရှိခြင်း စသည့် ထူးခြားသည့် ရုပ်နှင့်ဓာတ်ဂုဏ်သတ္တိများရှိခြင်းကြောင့် ကမ္ဘာပေါ်ရှိ လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများတွင် ကျယ်ပြန့်စွာ အသုံးပြုကြသည်။ ထို့အပြင် စားသောက်ကုန်၊ သွားရေစာနှင့် မုန့်လုပ်ငန်းများ၊ အလှကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ၊ ဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများ၊ ရက်ကန်းနှင့် အထည်အလိပ်လုပ်ငန်းများ၊ ပုံနှိပ်လုပ်ငန်းများတွင် လျှော်ဖြူစေးကို အမျိုးမျိုးသုံးစွဲကြသည်ဟု မကွေးတိုင်းဒေသကြီး လျှော်ဖြူပင်စိုက်ပျိုးရေးအသင်းအဖွဲ့မှ သိရသည်။

၄င်းလျှော်ဖြူပင်ကို တောင်သူတိုင်းစိုက်ပျိုးသင့်ပြီး ယခုလို ရာသီဥတုဆိုးရွားချိန် သီးနှံပျက်စီးမှု ကြုံတွေ့ရသလို သီးနှံဈေးများကျဆင်းချိန်၌ တစ်လဝင်ငွေ ပုံမှန်ရရှိနိုင်သည့် လျှော်ဖြူပင်ကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားခြင်းဖြင့် အကျိုးစီးပွားဖြစ်ထွန်းစေနိုင်သည်ဟု ဦးရဲထွန်းက ဆိုသည်။

မကွေးမြို့ရှိ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံနှင့် လွတ်လပ်ရေးပန်းခြံကြားလမ်းတို့တွင် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းရှင်များဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီက ဦးဆောင်၍ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကုန်စည်ပြပွဲနှင့် ထုတ်ကုန်ပြိုင်ပွဲကြီးကို ပြခန်းပေါင်း ၁၀၀ ခန့်ဖြင့် မတ် ၂၄ ရက်မှ ၂၆ ရက်အထိ ခင်းကျင်းပြသခဲ့သည်။ ရခိုင်၊ ချင်းနှင့် မကွေးတိုင်းဒေသကြီးတို့ ပူးပေါင်း၍ ကျင်းပခဲ့သည့် အဆိုပါပြပွဲ၌ မန္တလေး၊ ရန်ကုန်တိုင်းဒေသကြီးများနှင့် နေပြည်တော်တို့မှ လုပ်ငန်းရှင်ကြီးများကလည်း ထုတ်ကုန်ပစ္စည်းများကို လာရောက်ပြသ ရောင်းချ ပြိုင်ပွဲဝင်ခဲ့ကြသည်။

ပြပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက “ဒီလိုပွဲမျိုးကို ဆက်လက်လုပ်ဆောင်မယ့် ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်းနဲ့ ရှမ်းပြည်နယ်တို့ကပါ လာရောက်လေ့လာကြပါတယ်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးတဲ့ ပြပွဲတစ်ခုဖြစ်တဲ့အပြင် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်စည်းလုံးမှုကိုပြသတဲ့ အောင်ပွဲလို့လည်း ပြောလို့ရပါတယ်”ဟု ပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းအားလုံး၏ ၉၉ ဒသမ ၉ ရာခိုင်နှုန်းသည် SMEs များဟု ဆိုရမည်ဖြစ်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာတွင် SMEs များကို စနစ်တကျ ကူညီပံ့ပိုးပေးနိုင်သည်နှင့်အမျှ တိုင်းဒေသကြီး၏ စီးပွားရေးသည် ဖွံ့ဖြိုးတိုးတက်လာမည်ဟုလည်း ဝန်ကြီးချုပ်က ပြောကြားသည်။

ထိုပြပွဲတွင် မကွေးတိုင်းဒေသကြီး လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့(SME Cluster)က လျှော်ဖြူကြာဆံကြိုး၊ လျှော်ဖြူရွ(၁)၊ လျှော်ဖြူရွ(၂) အမျိုးအစားနှင့် လျှော်ဖြူပင်၊ ဝါးပေါင်းခံရည်၊ အော်ဂဲနစ်ဆေးများကို ပြသရောင်းချခဲ့သည်။

၄င်းအစုအဖွဲ့အသင်း ဥက္ကဋ္ဌ ဦးဆန်းလင်းထွန်းက “ဈေးကွက်အနေနဲ့ကတော့ လက်ရှိမှာ ပြည်တွင်းဈေးအခြေအနေက နိမ့်တယ်၊ ဈေးကွက်အနေအထား ပျောက်နေတယ်၊ ဒီပြခန်းမှာ တရုတ်ကလာတဲ့ ကုန်သည်က ဒီက လျှော်ဖြူတွေကို ဓာတ်ပုံရိုက်ပြီး တရုတ်ပြည်ဈေးကွက်ကို တင်ပေးတဲ့အခါမှာ ဈေးနှုန်းက ဒီကဈေးကွက်နဲ့ နှစ်ဆ သုံးဆ ကွာနေတယ်”ဟု ပြောသည်။

တစ်ဖက်နိုင်ငံတွင်ဖြစ်နေသော ပေါက်ဈေးများထက် မြန်မာနိုင်ငံတွင် ကုန်သည်များက ဈေးနှိမ်ဝယ်ခြင်းမျိုး မဖြစ်စေဘဲ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများကိုယ်တိုင် တရားဝင်တင်ပို့ ရောင်းချခွင့်ကို နိုင်ငံတော်မှရရှိပါက လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများ (SME Cluster) အစုအဖွဲ့ အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းလည်း ၄င်းက ဆက်လက်အကြံပြုသည်။

မကြာမီအချိန်အတွင်းအထိ ပြည်တွင်းဈေးကွက်၌ တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၀ မှ ၁၆၀၀၀၀ အထိသာ ဈေးပေါက်ခဲ့သော လျှော်ဖြူကြာဆံကြိုးသည် တရုတ်နိုင်ငံဈေးကွက်တွင် ကျပ် ၃၄၆၅၀၀ ခန့် ရှိသလို လျှော်ဖြူရွမှာ တစ်ပိဿာလျှင် မန္တလေးဈေး ကျပ် ၄၅၀၀၀ ခန့်သာ ရှိပြီး တရုတ်နိုင်ငံဈေးအရ ကျပ် ၁၈၀၀၀၀ နီးပါး ရှိသည်ဟု သိရသည်။ ။

## လေဘေးသင့်အိမ်ထောင်စုများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ဂန့်ဂေါ ဧပြီ ၂၃**

ဂန့်ဂေါမြို့နယ် မောက်ရွာ၌ ဧပြီ ၁၆ ရက်က လေပြင်းတိုက်ခတ်ခဲ့သဖြင့် လူနေအိမ် ၁၁ လုံး အိမ်မိုးများနှင့် အကာအရံများ ပျက်စီးသွားသဖြင့် အဆိုပါ ပျက်စီးသည့် အိမ်ထောင်စုများအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ဧပြီ ၂၁ ရက်က အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

အဆိုပါ ပေးအပ်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်စန္ဒာစိုးက ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အိမ်အမိုးများနှင့် အကာအရံများ ပျက်စီးသွားသည့် လူနေအိမ်များအတွက် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးနှင့် အဆိုပါ အိမ်ထောင်စုများရှိ အိမ်ထောင်စုဝင် ၄၄ ဦးတို့အတွက် ဆန်ဖိုးထောက်ပံ့ငွေကျပ် ၉၂၄၀၀၊ အိမ်ဆောက်ပစ္စည်းဖိုးငွေများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**၁၀၁**





**မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပိတောက်ပင်ကျေးရွာအုပ်စု မြောက်ဘောကျေးရွာ၌ ဧပြီ ၂၁ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ အိမ်ခြေ ၃၆ အိမ်ရှိ လူဦးရေ ၁၄၂ ဦးအတွက် သောက်သုံးရေ အခက်အခဲမရှိစေရေး ရည်ရွယ်၍ သောက်ရေဂါလန် ၃၂၀၀ တို့ကို သွားရောက်လှူဒါန်းခဲ့စဉ်။**

ဇော်ထက်(သရက်)

## ပြင်ဦးလွင်၌ မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ဟောပြော

**ပြင်ဦးလွင် ဧပြီ ၂၃**

ပြင်ဦးလွင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲတပ်ဖွဲ့မှူး၊ မြို့မစခန်းမှူးတို့ ဦးဆောင်မှုဖြင့် မူးယစ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးရေးရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်တို့ ပူးပေါင်းပါဝင်လျက် ပြင်ဦးလွင်မြို့၌ မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ပြည်သူလူထုတို့အား အသိပညာပေး ဆောင်ရွက်ခြင်းလုပ်ငန်းကို ဧပြီ ၂၂ ရက်မှ စတင်၍ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်သည် ပြင်ဦးလွင်မြို့မဈေးကြီး၊ ပြင်ဦးလွင်ဘူတာ၊ ကန်တော်လေးအဝိုင်း၊ ကန်တော်ကြီးရှိ တိုင်းရင်းသားကျေးရွာရှေ့ နန်းမြိုင်ဟိုတယ်အနီးနှင့် Ruby Mark အဆင့်မြင့်ဈေးတို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ကင်းစင်ရေး၊ မူခင်းနှိမ်နင်းရေး၊ သက်ငယ်မုဒိမ်းပပျောက်ရေး၊ လူကုန်ကူးမှုလျော့နည်းပပျောက်ရေးစသည်တို့ကို ပြည်သူလူထုအား အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

# မိုးယွန်းကြီး ဇီဝဝန်းကျင်နယ်မြေ

**မောင်သာ(ရှေးဟောင်းသုတေသန)**

သဘာဝအလျောက်ပေါ်ပေါက်ခဲ့သည့် ရေအိုင်ကြီးများနှင့် လူများတူးဖော်ခဲ့သည့် ရေကန်ကြီးများသည် မြန်မာနိုင်ငံအတွင်း နေရာဒေသအသီးသီးတွင် တည်ရှိနေရာ အင်းလေး၊ အင်းတော်ကြီး၊ ရိဒ်အစရှိသည့် သဘာဝရေအိုင်ကြီးများကဲ့သို့ပင် လူများတူးဖော်ခဲ့သည့် မိတ္ထီလာကန်နှင့် မိုးယွန်းကြီးအင်းတို့သည်လည်း ပြည်တွင်းပြည်ပ ခရီးသွားများအကြားတွင် အလွန်ထင်ရှားပေသည်။ အထူးသဖြင့် မိုးယွန်းကြီးအင်းသည် အပန်းဖြေ လည်ပတ်သူများသာမက ဘာသာရပ်ဆိုင်ရာ သုတေသီများလည်း လာရောက် သုတေသနပြုလေ့ရှိသည့် နေရာတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ မြို့ပြ ကျေးလက်များတွင် သောက်သုံးရေအတွက် လူများ တစ်နိုင်တစ်ပိုင် တူးဖော်ထားသည့် ရေကန်များ၊ ရေအိုင်များကို တွေ့ရှိနိုင်ကြသည်။ ကြီးမားကျယ်ဝန်းသော လူလုပ်ကန်များကိုမူ ရေအရင်းအမြစ်အတွက် အဓိကတူးဖော်ခဲ့ကြသကဲ့သို့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက်လည်း တူးဖော်ခဲ့ကြသည်။ မြန်မာနိုင်ငံရှိ လူလုပ်ကန်ကြီးများအနက် မိတ္ထီလာကန်သည် စိုက်ပျိုးရေးနှင့် လူများသုံးစွဲနိုင်ရေးအတွက်ဖြစ်ပြီး မိုးယွန်းကြီးအင်းက သစ်ဖောင်များမျှောရန်အတွက်ဖြစ်သည်။ သို့သော် ယခုအချိန်တွင် မိုးယွန်းကြီးအင်းရေကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက်ပါ အသုံးပြုလျက်ရှိနေပေသည်။

ထို့အတူ ခရစ်နှစ် ၁၈၇၃ ခုနှစ်(မြန်မာသက္ကရာဇ် ၁၂၃၅ ခုနှစ်)တွင် တူးဖော်ခဲ့သည့် ၂၀ မိုင်ရှည်လျားသော တွံတေးတူးမြောင်းသည် လှေသင်္ဘောများ ဖြတ်သန်းခုတ်မောင်းနိုင်ရန် တူးဖော်ခဲ့သည့် ပို့ဆောင်သယ်ယူရေး ရေလမ်းကြောင်းဖြစ်သည်။ တွံတေးတူးမြောင်းသည် မြစ်ဝကျွန်းပေါ်ဒေသများနှင့် ရန်ကုန်မြို့ကို လွယ်ကူစွာ ဆက်သွယ်ပေးပြီး ယခုတိုင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကို များစွာအကျိုးပြုနေသည့် လူလုပ်ရေလမ်းတစ်ခု ဖြစ်ပေသည်။ (တွံတေးတူးမြောင်းတူးဖော်ခဲ့သည့် မြန်မာသက္ကရာဇ်ကို 'အောက်ကစပါး'ဟု မှတ်သားခဲ့ကြသည်။)

သဘာဝ အင်းအိုင်ကြီးများကဲ့သို့ပင် လူလုပ် အင်းအိုင် ရေကန်ကြီးများသည်လည်း ရေအရင်းအမြစ်များကို စုဆောင်းထားရုံသာမက ဇီဝမျိုးစိတ် မျိုးကွဲ သတ္တဝါနှင့် အပင်များ ရှင်သန်ကျက်စားလျက် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို ကောင်းစွာထိန်းသိမ်းနိုင်သည့်နေရာများ ဖြစ်လာခဲ့ကြသည်။

**မိုးယွန်းကြီးအင်း**

ဗြိတိသျှတို့သည် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် သစ်ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ပဲခူးရိုးမမှသစ်များကို ပဲခူး-စစ်တောင်း တူးမြောင်းမှတစ်ဆင့် သယ်ယူခဲ့ကြသည်။ သို့သော် နွေရာသီတွင် ပဲခူး-စစ်တောင်း တူးမြောင်းသည် ရေများလျော့နည်းသွားသဖြင့် သစ်ဖောင်များ မျှောရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြရသည်။ ထို့ကြောင့် ဗြိတိသျှတို့သည် သစ်ဖောင်များ ဖြတ်သန်းမျှောချနိုင်ရန် မိုးယွန်းကြီးရေလှောင်တမံကို ခရစ်နှစ် ၁၈၇၈ ခုနှစ်တွင် တူးဖော်ခဲ့သည်။ နှစ်ကာလရှည်ကြာလာချိန်တွင် မိုးယွန်းကြီးရေလှောင်တမံသည် စတုရန်းမိုင် ၄၀ ကျယ်ဝန်းသည့် အင်းကြီးတစ်ခု ဖြစ်လာခဲ့သည်။

မိုးယွန်းကြီးအင်းသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်း ရန်ကုန်မြို့မှ မိုင် ၇၀၊ နေပြည်တော်မှ မိုင် ၁၈၀ နှင့် မန္တလေးမှ မိုင် ၃၃၀ အကွာ၊ ဝေါမြို့၏အနောက်မြောက်ဘက်တွင် တည်ရှိကာ ဧရိယာ စတုရန်းမိုင် ၄၀ ကျယ်ဝန်းသည်။ မြေပုံအညွှန်းအရ မိုးယွန်းကြီး၏တည်နေရာသည် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၄ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၅ မိနစ် ဖြစ်သည်။

ပြည်တွင်းပြည်ပခရီးသွားများသည် မိုးယွန်းကြီးအင်းသို့ သဘာဝရှုခင်းများကို ကြည့်ရှုခံစားရန်နှင့် ငှက်များကို ကြည့်ရှုရန် လာရောက်လေ့ရှိကြသည်။ သုတေသီများသည် မိုးယွန်းကြီး၏ ရေတိမ်ဒေသ ဂေဟစနစ်၊ ဒေသခံငှက်နှင့် ရွှေ့ပြောင်းငှက်များ၏ သဘာဝများ၊ ရေတိမ်ဒေသတွင်ရှင်သန်သည့် သတ္တဝါများနှင့် အပင်မျိုးစိတ်များကို သုတေသနပြုနိုင်ကြသည်။

မိုးယွန်းကြီး ရေတိမ်ဒေသဝန်းကျင်ကို အင်းအတွင်း စက်လှေဖြင့် လှည့်ပတ်လေ့လာနိုင်ပြီး လာရောက်လည်ပတ်ကြသူများ နားနေနိုင်ရန် လူငါးဦးမှ ၁၀ ဦးအထိ နားခိုနိုင်သည့် ဇည့်ဆောင်များနှင့် အခန်းနှစ်ခန်းပါဝင်သည့် သဘော်ပုံ သစ်သားအိမ်ကိုလုံးကို တည်ဆောက်ထားသည်။ မိုးယွန်းကြီးအင်းသို့မဝင်မီ ရေတိမ်ဒေသဆိုင်ရာပြခန်းကို ဖွင့်လှစ်ပြသထားပြီး ယင်းပြခန်းတွင် ရေတိမ်ဒေသများဆိုင်ရာ ဗဟုသုတများကို လေ့လာနိုင်ကြသည်။

မိုးယွန်းကြီးအင်းသည် ရေတိမ်ဒေသဖြစ်သည့်အတွက် အချို့နေရာတွင် ရေအနက်သည် တစ်ပေခန့်သာရှိသည်။



မိုးယွန်းကြီးအင်းအတွင်းရှိ ငှက်ကြည့်စင်ပေါ်မှ မိုးယွန်းကြီးအင်းအတွင်း ကျင်လည်ကျက်စားနေသည့် ငှက်များကို ကြည့်ရှုနိုင်သည်။ အင်းအတွင်းတည်ထားသည့် စေတီတော်တစ်ဆူကိုလည်း စက်လှေဖြင့်လည်ပတ်စဉ် ဖူးမြင်နိုင်သည်။

**မိုးယွန်းကြီးရေလှောင်ကန်**

ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်းရှိ လယ်ယာမြေများကို စိုက်ပျိုးရေများ ဖြည့်ဆည်းပေးနေသည့် မိုးယွန်းကြီးအင်းသည် အင်းအနီးဝန်းကျင်ရှိဒေသများ အသုံးပြုနေသည့် ရေလှောင်ကန်ကြီးတစ်ခုလည်းဖြစ်ကာ ပဲခူးမြို့နယ်ဘက်ခြမ်းတွင် တည်ဆောက်ထားသည့် မိုးယွန်းကြီး ဇွဲဘတ်တာသည် ပေ ၂၁၁၂၀ ရှည်လျားသော မြေသားတာပေါင်ဖြစ်၍ အကျိုးပြုဧကမှာ ၁၀၄၈ ဧက ဖြစ်သည်။

ထို့အတူ ဝေါမြို့နယ်ဘက်ခြမ်းရှိ ပဲခူး-စစ်တောင်းတူးမြောင်းတာသည် မိုင်တိုင် (၁၇/၄) မှ (၃၇/၇) အကြား မြေသားတာဖြစ်ကာ အကျိုးပြုဧက ၂၂၃၆၄ ဖြစ်သည်။ မိုးယွန်းကြီးအင်း ရှမ်းကိုင်းရေထိန်းတံခါးသည် ပေ ၂၇၀ ရှည်သည့် သံကူကွန်ကရစ်တံခါးဖြစ်ပြီး အကျိုးပြုဧက ၂၅၀၀၀ ဖြစ်သည်။ မိုးယွန်းကြီးအင်းအတွင်းသို့စီးဝင်သည့် မြစ်ချောင်းများကို ကာကွယ်သည့် မိုးယွန်းကြီးရေတံခါးသည်လည်း ပေ ၁၃၀ ရှည်သည့် သံကူကွန်ကရစ်တံခါးဖြစ်ကာ အကျိုးပြုဧက ၄၀၀၀၀ ဖြစ်ကြောင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက မှတ်တမ်းပြုစုခဲ့သည်။

**မိုးယွန်းကြီး ဇီဝမျိုးစုံ မျိုးကွဲများ**

နှစ်စဉ် အအေးလွန်ကဲချိန်တွင် ကမ္ဘာ့မြောက်ဘက်ခြမ်းမှ သန်းပေါင်းများစွာသောငှက်များသည် ကမ္ဘာ့တောင်ဘက်ခြမ်းဒေသများသို့ ဆောင်းခိုရန် ပျံသန်းလာလေ့ရှိသည်။ ယင်းဆောင်းခိုငှက်များသည် မြန်မာနိုင်ငံအတွင်း မိုးယွန်းကြီးအပါအဝင် အင်းအိုင်များတွင် ခရီးတစ်ထောက် ခိုနားလေ့ရှိကြသည်။ ဆောင်းခိုငှက်များသည် မိုးယွန်းကြီးအင်းသို့ နှစ်စဉ် နိုဝင်ဘာလမှ မတ်လအတွင်း ရောက်ရှိလေ့ရှိသဖြင့် ယင်းအချိန်သည် မိုးယွန်းကြီးအင်း၌ ငှက်များကြည့်ရှုရန် အကောင်းဆုံးအချိန်ဖြစ်သည်။ ကျန်အချိန်များတွင် မိုးယွန်းကြီး၌ ဌာနေငှက်များနှင့် ရာသီအလိုက် ရွှေ့ပြောင်းနေထိုင်ကြသည့် ငှက်များကို မြင်တွေ့ကြရသည်။

မိုးယွန်းကြီးအင်း၌ ရွှေ့ပြောင်းငှက်မျိုးစိတ် ၇၀ အပါအဝင် ငှက်မျိုးစိတ် ၁၂၅ မျိုး၊ စစ်စလီ၊ တင်ကျီး၊ မယ်ညို စသည့် ဌာနေရေပျော်ငှက် မျိုးစိတ် ၅၃ မျိုး၊ ကုန်းတွင်းပိုင်းတွင် ကျက်စားလေ့ရှိသည့် ချိုးလည်ပျောက်၊ လင်ကောင်ပိုး၊ ဇီးကွက် အစရှိသော ငှက်မျိုးစိတ်များ၊ ရွှေ့ပြောင်းငှက်များဖြစ်ကြသည့် ဗျိုင်း၊ စင်ရော်၊ ခရုစုပ်နှင့် တောဝမ်းဘဲ အစရှိသည့် ငှက်မျိုးစိတ် ၃၅ မျိုး အပါအဝင် ငှက်ကောင်ရေ ၂၀၀၀၀ ကျော် ကျက်စားနေထိုင်လျက် ရှိသည်။

ယင်းတို့အပြင် လိပ်ပြာမျိုးစိတ် ၃၃ မျိုး၊ ကုန်းနေရေနေ တွားသွားသတ္တဝါမျိုးစိတ် ၂၇ မျိုး၊ လိပ်မျိုးစိတ် နှစ်မျိုး၊ ငါးရံ့၊ ငါးစင်ရိုင်း၊ ငါးဖယ်၊ ငါးပတ်၊ ငါးခူ၊ ငါးရှဉ့်အစရှိသည့် ငါးမျိုးစိတ် ၄၁ မျိုးလည်း မိုးယွန်းကြီးတွင် ကျက်စားကြသည်။ မိုးယွန်းကြီးရှိ ငါးမျိုးစိတ်များ မျိုးမတုံးစေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရန် မိုးယွန်းကြီးအင်းအတွင်း ငါးဖမ်းခြင်းကို တားမြစ်ထားသည်။ မိုးယွန်းကြီးအင်းအတွင်း၌ ကြာဖြူ၊ ကြာနီ၊ ပဒုမ္မာကြာ၊ ကညွတ်၊ ဒရင်ကောက်၊ ရေကန်စွန်း၊ ကြိတ်မှန်စသည့် အပင်မျိုးစိတ်ပေါင်း ၇၅ မျိုး ပေါက်ရောက်နေသည်။

**ရမ်ဆာဒေသ မိုးယွန်းကြီး**

ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုဖောက်ပြန်မှု ၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၊ သဘာဝဘေးအန္တရာယ် ကျရောက်မှု များပြားလာမှုစသဖြင့် မျက်မှောက်ခေတ် လူသားများ ရင်ဆိုင်နေရသည့် ဘေးဒုက္ခအန္တရာယ် စိန်ခေါ်မှုများသည် လူသားများအပါအဝင် သက်ရှိများနှင့် သဘာဝပတ်ဝန်းကျင်တို့၏ ဂေဟစနစ်ကို ခြိမ်းခြောက်လျက်ရှိသည်။ ထို့ကြောင့် ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဂေဟစနစ်ပျက်စီးမှု လျော့ပါးစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရေတိမ်ဒေသများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် များစွာအထောက်အကူဖြစ်သည့် နေရာဒေသများ ဖြစ်ကြသဖြင့် ယင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် အီရန်နိုင်ငံ ရမ်ဆာမြို့၌ ကမ္ဘာ့ရေတိမ်ဒေသများဆိုင်ရာ ကွန်ဗင်းရှင်းကို ပထမဆုံးအကြိမ်ကျင်းပခဲ့ပြီးနောက် ယင်းနေ့ကို ကမ္ဘာ့ရေတိမ်ဒေသများနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ယခုအခါ နိုင်ငံတကာ ရေတိမ်ဒေသထိန်းသိမ်းရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် ရမ်ဆာကွန်ဗင်းရှင်း (Ramsar Convention)တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၉ နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ် မတ်လ ၁၇ ရက်တွင် ရမ်ဆာရေတိမ်ဒေသထိန်းသိမ်းရေး ကွန်ဗင်းရှင်းအဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့သည်။

ရမ်ဆာကွန်ဗင်းရှင်းသည် ရေတိမ်ဒေသများကို ထိန်းသိမ်းရေး၊ ယင်းဒေသများအား စဉ်ဆက်မပြတ် အသုံးချနိုင်ရေး၊ ရေတိမ်ဒေသများ၏ အခြေခံဂေဟစနစ်နှင့် ယင်းတို့၏ စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် အပန်းဖြေမှုဆိုင်ရာ တန်ဖိုးများကို အသိအမှတ်ပြုရေးအတွက် နိုင်ငံတကာ သဘောတူစာချုပ်ဖြစ်သည်။

ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်ခံရသော ဒေသများသည် နိုင်ငံတကာအာရုံစိုက်မှုများ ရရှိလေ့ရှိပြီး ရေတိမ်ဒေသ ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ထိရောက်စွာ လုပ်ဆောင်လာနိုင်ကြသည်။ ယနေ့ ကမ္ဘာ့နေရာအနှံ့တွင် ကြုံတွေ့နေကြရသည့် ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းများကို ထိရောက်စွာလျှော့ချနိုင်ရန် ရေတိမ်ဒေသများအား စနစ်တကျ ထိန်းသိမ်းကာကွယ်ကြရန် လိုအပ်သည်။ ရေတိမ်ဒေသများသည် ဇီဝမျိုးစုံ၊ မျိုးကွဲများ၊ ရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ လာရောက်ကျက်စားလေ့ရှိသည့်နေရာများ ဖြစ်သဖြင့် ယင်းတို့သည် အထူးဂရုပြုထိန်းသိမ်းစောင့်ရှောက်ရမည့် သဘာဝဝန်းကျင်နယ်မြေများဖြစ်ကြပေသည်။

**မြန်မာနိုင်ငံမှ ရေတိမ်ဒေသများ**

၂၀၀၄ ခုနှစ်က ပြုလုပ်ခဲ့သည့် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းလေ့လာချက်အရ မြန်မာနိုင်ငံတွင် အရေးပါသည့် ရေတိမ်ဒေသ ၉၉ ခု တည်ရှိနေသည်။ ယင်းတို့သည် ဧရာဝတီနှင့် ချင်းတွင်းမြစ်ဝှမ်းရှိ ရေတိမ်ဒေသ ၈၅ ခု၊ သံလွင်မြစ်ဝှမ်းရှိ ရေတိမ်ဒေသ ခြောက်ခု၊ စစ်တောင်းမြစ်ဝှမ်းရှိ ရေတိမ်ဒေသ ငါးခုနှင့် ရခိုင်ကမ်းရိုးတန်းရှိ ရေတိမ်ဒေသ သုံးခုတို့ဖြစ်ကြသည်။ ရေတိမ်ဒေသများကို ပင်လယ်ကမ်းခြေဒေသများဆိုင်ရာ ရေတိမ်ဒေသများ၊ အင်းအိုင်နှင့် ရေကန်များဆိုင်ရာ ရေတိမ်ဒေသများ၊ နွံနစ်သစ်ဆွေးဒေသများဆိုင်ရာ ရေတိမ်ဒေသများ၊ စိမ့်တောစိမ့်မြေများဆိုင်ရာ ရေတိမ်ဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသဆိုင်ရာ ရေတိမ်ဒေသများဟူ၍ ခွဲခြားသတ်မှတ်ထားရာ မိုးယွန်းကြီးသည် အင်းအိုင်နှင့်ရေကန်များဆိုင်ရာ ရေတိမ်ဒေသတွင် ပါဝင်သည်။

မြန်မာနိုင်ငံရှိ ရေတိမ်ဒေသ ၉၉ ခုအနက် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ အင်းလေး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဝက်သည်းကန် ငှက်ဘေးမဲ့တော၊ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လှော်ကားသဘာဝ ဥယျာဉ်၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ သမီးလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မော့စကော့ကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် လန်ပိ အဏ္ဏဝါအမျိုးသားဥယျာဉ်တို့သည် ထင်ရှားသောဒေသများ ဖြစ်ကြသည်။

ယင်းတို့အနက် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မြန်မာနိုင်ငံရှိ ရေတိမ်ဒေသများအနက် ရမ်ဆာကွန်ဗင်းရှင်းက အသိအမှတ်ပြုခဲ့သည့် ပထမဆုံးသော ရမ်ဆာရေတိမ်ဒေသ ဖြစ်သည်။ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို ၁၉၈၆ ခုနှစ်တွင် ထူထောင်ခဲ့ပြီး ၁၉၈၈ ခုနှစ် ဧပြီလ ၂၂ ရက်တွင် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် တရားဝင် သတ်မှတ်ကြေညာခဲ့သည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ဌာနေရေပျော်ငှက်များ၊ ရွှေ့ပြောင်းရေပျော်ငှက်များနှင့် ယင်းငှက်များ၏ သဘာဝကို လေ့လာရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဌာနေနှင့် ရွှေ့ပြောင်းရေပျော်ငှက်များကို သိပ္ပံနည်းကျ သုတေသနပြုလုပ်ရန်၊ ရေတိမ်ဒေသ ဂေဟစနစ်၏ အရေးပါမှုကို ပြည်သူလူထုအား ကျယ်ပြန့်စွာအသိပညာပေးသည့် အစီအစဉ်များ ဆောင်ရွက်ရန်နှင့် ရေတိမ်ဒေသထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများပါဝင်ဆောင်ရွက်နိုင်ရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် တည်ထောင်ခဲ့သည်။

**ရေတိမ်ဒေသတစ်ခု အသိအမှတ်ပြုခြင်း**

ရေတိမ်ဒေသတစ်ခုအား ရမ်ဆာကွန်ဗင်းရှင်းက အသိအမှတ်ပြုရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက အဆိုပြု ရေတိမ်ဒေသအမည်ကို ရမ်ဆာကွန်ဗင်းရှင်းသို့ တင်ပြရသည်။ ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်ရန် လျှောက်ထားသည့်ဒေသကို ရမ်ဆာကွန်ဗင်းရှင်းက စံနှုန်းကိုးခုဖြင့် စိစစ်ပြီး အနည်းဆုံး စံနှုန်းတစ်ခုနှင့် ကိုက်ညီသောဒေသကို ရမ်ဆာရေတိမ်ဒေသအဖြစ် အသိအမှတ်ပြုသည်။

ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်သည့် စံနှုန်းကိုးခုအနက် မိုးယွန်းကြီးသည် ထိခိုက်ပျက်စီးလွယ်သော၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသော သို့မဟုတ် မျိုးသုဉ်းလုနီးပါးဖြစ်နေသော မျိုးစိတ်များနှင့် ခြိမ်းခြောက်ခြင်းခံနေရသော ဂေဟအဖွဲ့အစည်းများ ရှိနေခြင်း၊ ရေပျော်ငှက်ပေါင်း ၂၀၀၀၀ နှင့်အထက် ပုံမှန် ကျက်စားနေနိုင်ခြင်း၊ ရေပျော်ငှက်မျိုးစိတ်တစ်ခု သို့မဟုတ် မျိုးစိတ်ခွဲတစ်ခုချင်းစီ၏ အကောင်ရေပေါင်း တစ်ရာခိုင်နှုန်းကို ပုံမှန်ထောက်ပံ့နိုင်ခြင်း စသည့် စံနှုန်းများနှင့် ကိုက်ညီနေသည်။

ထို့ကြောင့် ရမ်ဆာကွန်ဗင်းရှင်းက မိုးယွန်းကြီးအင်းကို ရမ်ဆာရေတိမ်ဒေသ (Ramsar Site)အဖြစ် ၂၀၀၄ နိုဝင်ဘာ ၁၇ ရက်တွင် အသိအမှတ်ပြုခဲ့သည်။ ယခုအချိန်တွင် မြန်မာနိုင်ငံ၌ မိုးယွန်းကြီးအင်း အပါအဝင် ရမ်ဆာဒေသလေးခုရှိရာ ကချင်ပြည်နယ်ရှိ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဧရာဝတီတိုင်းဒေသကြီးရှိ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မုတ္တမပင်လယ်ကွေ့တစ်စိတ်တစ်ဒေသတို့သည်လည်း ရမ်ဆာရေတိမ်ဒေသများအဖြစ် အသိအမှတ်ပြုခြင်းခံထားရသည့် ဒေသများဖြစ်ကြပေသည်။ မိုးယွန်းကြီးအင်းအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ အင်းအိုင်ကြီးများတွင် ဌာနေ ရေတိမ်ဒေသ ရေပျော်ငှက်များ ကျက်စားနေကြသည်။

**မိုးယွန်းကြီးသို့**

ရန်ကုန်-မန္တလေး မော်တော်ကားလမ်းဟောင်းပေါ် ပျဉ်ပုံကြီးကျေးရွာအနီးရှိ မိုးယွန်းကြီးသို့ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့တို့မှ မီးရထား၊ မော်တော်ကားတို့ဖြင့် သွားရောက်နိုင်ကြသည်။ ကားဖြင့်သွားရောက်ကြသူများသည် ပျဉ်ပုံကြီးရွာမှ ဝင်ရောက်ကြရကာ မီးရထားဖြင့် သွားရောက်ကြသူများသည် ဝေါဘူတာမှတစ်ဆင့် သွားနိုင်ကြသည်။

ရန်ကုန်မြို့မှ အချိန်တိုအတွင်း အလွယ်တကူသွားရောက်နိုင်သည့် မိုးယွန်းကြီးသည် ငှက်ကြည့်စခန်းတစ်ခုအဖြစ်သာမက အားလပ်ရက် အပန်းဖြေနေရာတစ်ခုအဖြစ် ခရီးသွားများ အပတ်စဉ် သွားရောက်လေ့ရှိသည့် နေရာတစ်ခုအဖြစ်လည်း ထင်ရှားလျက်ရှိသည်။ ထို့အတူ သဘာဝပတ်ဝန်းကျင် သုတေသီများနှင့် ဝါသနာရှင်များသည် ရေတိမ်ဒေသ ဂေဟစနစ်နှင့် ငှက်များ၏သဘာဝများကို မိုးယွန်းကြီးအင်းတွင် လေ့လာသုတေသနပြုနိုင်ကြသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ကြသူများ၊ သုတေသနပြုလိုကြသူများ၊ ပညာရှင်များ၊ လေ့လာသူများ၊ ကျောင်းသား ကျောင်းသူများနှင့် အပန်းဖြေ လာရောက်လည်ပတ်ကြည့်ရှုလိုကြသူများကို ရေတိမ်ဒေသ မိုးယွန်းကြီးအင်းက လှုပအေးချမ်းစွာ ကြိုဆိုနေပေသည်။ ။

**ကိုးကား**

(၁) **မိုးယွန်းကြီး ရေတိမ်ဒေသဆိုင်ရာပြခန်း**

(၂) **ပဲခူးခရိုင် ဒေသဆိုင်ရာ အချက်အလက်များ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**

(၃) **ရမ်ဆာကွန်ဗင်းရှင်း** (Ramsar Convention)

# အော်ဂဲနစ်သရက်စိုက်ပျိုးမှု တိုးတက်လာရေး ဆွေးနွေး



GAP စနစ်များကို လိုက်နာကျင့်သုံး စိုက်ပျိုးသည့် ကန့်ဘလူမြို့နယ်မှ သရက်ခြံတစ်ခြံ

**ကန့်ဘလူ မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်များမှ သရက်သီးစိုက်ပျိုးထုတ်လုပ်သူ ခြံတောင်သူများအနေဖြင့် အော်ဂဲနစ် စိုက်ပျိုးမှုစနစ်ကို ပိုမိုစိတ်ဝင်စားလာစေရေးနှင့် ဒေသထွက်သီးနှံများကို ဈေးကွက်ဝင် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး ရည်ရွယ်ချက်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို ခရိုင်စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၀ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် စိုက်ပျိုးနည်းစနစ်များ၊ စားသုံးသူအား ဘေးအန္တရာယ်ဖြစ်စေသည့်ကူးစက်ညစ်ညမ်းမှုများ အနည်းဆုံးဖြစ်စေရန် လိုက်နာရမည့်နည်းလမ်းများ၊ သရက်သီးများ ရင့်မှည့်ချိန်မတိုင်မီ တို့ဆေးသုံးပြီး ဈေးကွက်သို့တင်ပို့ရောင်းချခြင်း မရှိစေရေး၊ အမျိုးသားအစားအသောက် ဥပဒေ ပြဋ္ဌာန်းချက်ပါ ပြစ်မှုပြစ်ဒဏ်များ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ အကူအညီရယူလိုပါက ဆက်သွယ်နိုင်သည့်ဌာနများ စသည့်အကြောင်းအရာများကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းရွှေ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသန်းပိုနှင့် မြို့နယ်သရက်ခြံတာဝန်ခံ ဦးသန်းထွန်းဦးတို့က ရှင်းလင်းဆွေးနွေးပြီး တက်ရောက်သည့် သရက်ခြံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ သိရှိလိုသည့် မေးမြန်းချက်များကိုလည်း ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပတင်ပို့ရောင်းချသည့် သစ်သီးများတွင် သရက်သီးသည် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိကာ တစ်နိုင်ငံလုံးတွင် သရက်စိုက်ဧက ၂၄၉၄၇၅ ခန့်ရှိပြီး ၂၀၁၆ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံမှ သရက်သီး မက်ထရစ်တန် ၄၉၅၃၂၃ ခန့်ထွက်ရှိကာ ပြည်တွင်းစားသုံးမှုအပြင် ပြည်ပပို့ကုန်အဖြစ် နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံ၊ ပင်လယ် ရပ်ခြား ကုန်သွယ်မှုအဖြစ် စင်ကာပူ၊ မလေးရှား၊ ဘူတန်၊ ဘရူနိုင်း၊ မော်လဒိုက်စသည့် အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများသို့ပါ တင်ပို့ရောင်းချလျက်ရှိသည်။ ထို့သို့ တင်ပို့ရာတွင် နိုင်ငံများအလိုက် ဓာတုဓာတ်ကြွင်းပါဝင်မှု၊ နိုင်ငံဖြတ်ကျော်ထိန်းချုပ်မှုများနှင့် ရောဂါပိုးမွှားမပါရှိအောင် အဆင့်ဆင့် စိစစ်ခံပြီးမှ ပို့ဆောင်ရောင်းချရသည်။

သရက်သီး စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများသည် သရက်သီးရာသီအစတွင် မရင့်မှည့်သေးသော သရက်သီးများကို ဆေးတို့ကာ ပြည်တွင်းပြည်ပသို့ ရောင်းချမှုများရှိလာခြင်းကြောင့် သရက်ဈေးကွက် တည်ငြိမ်ရေးအတွက် သရက်သီးများမရင့်မှည့်မီ ဆေးတို့၍ ရောင်းချမှုမရှိစေရန် သရက်စိုက်တောင်သူများအား သက်ဆိုင်ရာ စိုက်ပျိုးရေးပညာရှင်များ၊ စားသုံးသူရေးရာ ဦးစီးဌာနများ၊ သရက်အစုအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ ပူးပေါင်းပြီး ပညာပေးလျက်ရှိသလို အမျိုးသားအစားအသောက် ဥပဒေ ပြဋ္ဌာန်းချက်ပါ ပြစ်မှုပြစ်ဒဏ်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် ပညာပေးဟောပြောခြင်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

GAP ဆိုသည်မှာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြစ်ပြီး စတင်မြေပြုပြင် စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူ လက်ဝယ်ရောက်သည်အထိ အဆင့်ဆင့်တိုင်းတွင် စားသုံးသူအတွက် ဘေးအန္တရာယ်ဖြစ်စေသည့် ကူးစက်ညစ်ညမ်းမှုများကို အနည်းဆုံးဖြစ်အောင် လိုက်နာရသည့် နည်းလမ်းများကို စုစည်းထားသည့် စံသတ်မှတ်ချက်များဖြစ်သည်။ အာဆီယံ GAP ကို အခြေခံလျက် မြန်မာ GAP လုပ်ငန်းစဉ် ၁၆ ချက် ရေးဆွဲပြီး သီးနှံ ၁၅ မျိုးကို GAP လက်မှတ်ပေးလျက်ရှိရာတွင် သရက်သီးသည် ပထမဆုံး GAP အသိအမှတ်ပြု လက်မှတ်ရရှိသည့် သီးနှံဖြစ်သည်။

GAP အသိအမှတ်ပြု လက်မှတ်ရ သရက်ခြံများဖြစ်ရန်အတွက် သရက်သီးများကို အရည်အသွေးပြည့်မီပြီး စားသုံးသူများ အန္တရာယ်ကင်းစွာ စားသုံးနိုင်အောင် စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် GAP လက်မှတ်ရ သရက်ခြံများလည်း ရှိနေပြီဖြစ်ပြီး GAP အသိအမှတ်ပြု လက်မှတ်ရရှိရေး လျှောက်ထားလာသည့် ခြံများလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း သိရသည်။ ကန့်ဘလူမြို့နယ်တွင်လည်း GAP အသိအမှတ်ပြု လက်မှတ်ရရှိရေး လျှောက်ထားသော ခြံလေးခြံရှိကြောင်း မြို့နယ်သရက်ခြံတာဝန်ခံထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## လယ်ဝေး၌ စာကြည့်တိုက်အဆောက်အအုံ လှူဒါန်း

**နေပြည်တော် မေ ၂၃**
နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၂)ရပ်ကွက် မြို့ဦးဓမ္မာရုံတွင် ၂၀၀၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် မြတ်ဗုဒ္ဓ၏မြတ်ဓမ္မ စာကြည့်တိုက်ကို လယ်ဝေးမြို့ ဖောင်တော်ချက်မ စေတီတော်မြတ်ကြီးသို့ လှူဒါန်းပွဲအား မေ ၂၀ ရက်က ကျင်းပခဲ့သည်။

စာကြည့်တိုက်လှူဒါန်းပွဲတွင် လယ်ဝေးမြို့ဘုရားကြီးကျောင်းတိုက်ဆရာတော်က သြဝါဒချီးမြှင့်ပြီး မြတ်ဗုဒ္ဓ၏မြတ်ဓမ္မ စာကြည့်တိုက်ကော်မတီမှ တာဝန်ရှိသူများက စာကြည့်တိုက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ဖောင်တော်ချက်မ စေတီတော် ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါ မြတ်ဗုဒ္ဓ၏မြတ်ဓမ္မ စာကြည့်တိုက်အဆောက်အအုံကို စေတနာရှင် အလှူရှင်များက စုစုပေါင်းလှူဒါန်းငွေ ကျပ် ၇၅ သိန်းကျော်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး စာကြည့်တိုက်သည် လယ်ဝေးမြို့သာသနာ့ဗိမာန်အနီးတွင် တည်ရှိကာ ဓမ္မစာပေများသာမက ဆရာတော်ကြီးများ၏ တရားတော် VCD, CD အခွေများကိုလည်း မည်သူမဆို ငှားရမ်းနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## ကလေးမြို့တွင် တီးတိန်စာပေနှင့် ယဉ်ကျေးမှုသင်တန်းဖွင့်

**ကလေး မေ ၂၃**
နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များ အောင်မြင်စေရေးနှင့် ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမဆောင်၌ တီးတိန်စာပေနှင့် ယဉ်ကျေးမှုသင်တန်းကို မေ ၂၀ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကလေးမြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးစိုင်းလှအေးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်သိန်းတို့က အမှာစကားပြောကြားပြီးနောက် ကလေးမြို့နယ် တီးတိန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဂင့်ခန့်ပေါင်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

"တိုင်းရင်းသားတွေကလည်း မိမိတို့ဘာသာစကားကို ပညာရေးမူဝါဒနှင့်အညီ သင်ကြားနိုင်ဖို့၊ အခြေခံပညာကျောင်းတွေမှာ တိုင်းရင်းသားကလေးငယ်တွေ သင်ကြားသင်ယူမှု အဆင်ပြေချောမွေ့စေဖို့ သင်ယူတတ်မြောက်မှု အရည်အသွေးတွေ မြင့်မားလာစေဖို့၊ သင်ကြားမှုဘာသာရပ်တွေကို တိုင်းရင်းသားဘာသာစကားနဲ့ လိုအပ်တာတွေ ကူညီရှင်းလင်းသင်ကြားပေးဖို့အတွက် နေ့စားလပေး(Teaching Assistant-TA)တွေ ခန့်ထားနိုင်ဖို့ ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း တိုင်းရင်းသားလူငယ်တွေ အလုပ်အကိုင်အခွင့် အလမ်းတွေ ရရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ Teaching Assistant ၅၁၆၁ ဦးကို ပညာရေးဝန်ကြီးဌာနက ခန့်အပ်ခဲ့ပြီး အဲဒီခန့်အပ်တဲ့အထဲမှာ ကလေးမြို့နယ်က ၂၅ ဦး ပါဝင်ပါတယ်"ဟု ကလေးမြို့နယ် တီးတိန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဂင့်ခန့်ပေါင်က ပြောကြားသည်။

ကလေးမြို့နယ်အတွင်း ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်တွင် မူလတန်းကျောင်းပေါင်း ၂၉ ကျောင်း၌ တီးတိန်ဘာသာစကားဖြင့် ဆရာ ဆရာမပေါင်း ၉၇ ဦးက သင်ကြားပေးခဲ့ရာ တိုင်းရင်းသားကလေးသူငယ်များ ပညာသင်ကြားမှု တိုးတက်လာသဖြင့် ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်တွင် မူလတန်းကျောင်း ၃၇ ကျောင်း၌ ဆရာ ဆရာမပေါင်း ၁၄၉ ဦးက တီးတိန်စာပေဖြင့် သင်ကြားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလူမျိုးများ၏အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းရင်းသားများ တန်းတူအခွင့်အရေးရရှိရေး ကြိုးပမ်းဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့ပြီး တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေကိုလည်း ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

**ချင်းတွင်းသား**

## ရမည်းသင်းမြို့နယ်အတွင်း၌ လယ်ယာလုပ်ငန်းခွင်ဝင်ရန် ထွန်ယက်ကြပြီ

**ရမည်းသင်း မေ ၂၃**
သင်္ကြန်မတိုင်မီကာလနှင့် သင်္ကြန်ပြီးကာလ ရွာသွန်းခဲ့သောမိုးကြောင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများ လယ်ယာလုပ်ငန်းခွင်ဝင်ရန် ထွန်ယက်ကြပြီဖြစ်ကြောင်း သိရသည်။

ထိုသို့လုပ်ငန်းခွင်ဝင်ရန် ဆောင်ရွက်ကြရာတွင် စိုက်ပျိုးလယ်ယာမြေများ၌ ထယ်ထိုးခြင်း၊ ထွန်မွှေခြင်းတို့ကိုပြုလုပ်ထွန်ယက်ပြီး ထွက်ရှိသောအမှိုက်များကောက်၍ မီးရှို့ကြသည်။ ယင်းနောက် လယ်ယာမြေများ၌ သဘာဝမြေသြဇာများချ၍ မြေပြင်ဆောင်ရွက်ကြကြောင်း သိရသည်။



တစ်ဧကလျှင် ထွန်လေးရှဉ်း အသုံးပြုရပြီး ထွန်တစ်ရှဉ်းငှားလျှင် ၅၀၀၀ ကျပ်ပေးရသည်။ တချို့တောင်သူများမှာ လယ်ယာသုံး ထွန်စက်များ ငှား၍ ထွန်ယက်ကြကြောင်းသိရပြီး တစ်ဧကလျှင် ထွန်စက်ငှားခ ငွေကျပ် ၁၆၀၀၀ မှ ၁၈၀၀၀ ပေးရသည်။

"မိုးဦး စိုက်ပျိုးဖို့အတွက်ကြိုတင်ပြင်ဆင်ထားတာပါ၊ မိုးကျတော့ ချက်ချင်းစိုက်လို့ရတာပေါ့၊ အများအားဖြင့် ပဲတီစိမ်းအစိုက်များပါတယ်"ဟု ပွဲဆည်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

တချို့မြေအစိုဓာတ် ပိုမိုရရှိသော လယ်ယာမြေများတွင် ပဲတီစိမ်းစိုက်ပျိုးပြီးဖြစ်ကြောင်း၊ အများအားဖြင့် နောက်ထပ် မိုးရွာမည့်ရက်များတွင် အဆင်သင့် စိုက်ပျိုးနိုင်ရန်အတွက် လယ်ယာလုပ်ငန်းခွင်ဝင်ရောက်ရန် ထွန်ယက်ပြင်ဆင်ထားကြကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

## ပုလဲမြို့နယ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ BTS စခန်း ဖွင့်ပွဲကျင်းပ

**ပုလဲ မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ချင်ပြစ်ကျင်းကျေးရွာအုပ်စု နွယ်အင်းကျေးရွာ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ BTS စခန်းအမှတ်(SGG-00757)ဖွင့်ပွဲကို တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကြီးမှူး၍ မေ ၂၂ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စီးပွားရေးတာဝန်ခံ ဦးကျော်ထွေးက BTS စခန်းတည်ဆောက်ပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူ့ဝန်ဆောင်မှုဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်းနှင့် စီးပွားရေးတာဝန်ခံတို့က BTS စခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စီးပွားရေးတာဝန်ခံနှင့် တာဝန်ရှိသူများက မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ဒေသခံပြည်သူများ(ကိုယ်စား) ဦးမြင့်နိုင်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

## သတင်းတိုများ

### ကျောက်ချောလမ်းနှင့်သစ်သားတံတားပြုပြင်ရေး လုပ်ငန်းများကိုစစ်ဆေး

နေပြည်တော် လယ်ဝေးမြို့နယ် ထိန်တောကျေးရွာ၌ နေပြည်တော်ကောင်စီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းနှင့် ကျေးရွာသစ်သားတံတား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများကို တာဝန်ရှိသူများက မေ ၁၉ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါကျေးရွာ၌ ဆန်းသစ်သွေးကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းနှင့် ပြည့်အောင်စေကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော ကန်လှ-ဉသျှစ်လိုင်းလမ်းပေါ်ရှိ သစ်သားတံတား သုံးစင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးနေဇော်နှင့် မြို့နယ်ဆည်မြောင်းဦးစီးမှူး ဦးဖြိုးဝေလင်းတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ကျော်စွာ(လယ်ဝေး)

### မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝက်ပုတ်(မ)ကျေးရွာနှင့် ကံပြားကျေးရွာတို့တွင် ဆောင်ရွက်နေကြောင်း သိရသည်။ ဝက်ပုတ်(မ)ကျေးရွာတွင် အတိုးရငွေကျပ် ၅ ဒသမ ၂ သန်းဖြင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ကံပြားကျေးရွာတွင် အတိုးရငွေကျပ် ၈ သန်းဖြင့် အမြင့်ရေစင်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဘုတလင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက မေ ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးကာ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(၀၇၇)

### ဗန်းမောက်မြို့နယ်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့တွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းစေရေးနှင့် အမှိုက်များမရှိစေရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ မေ ၂၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်စွာ(ဗန်းမောက်)

## အင်းတော်မြို့နယ်ပြည်သူ့ဆေးရုံတည်ဆောက်ရန် စုပေါင်းလုပ်အားဒါနပြု

**အင်းတော် မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံအတွင်း၌ သံဃာတော်များဦးဆောင်၍ ဒါယကာ၊ ဒါယိကာမများ၏ လှူဒါန်းမှုဖြင့် ဓာတ်လှေကားပါ အာရ်စီသုံးထပ် ဆေးရုံအဆောက်အအုံသစ်ကြီးကို တည်ဆောက်လျက်ရှိရာ အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းတွင် ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် မြို့နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီအဖွဲ့များ ပူးပေါင်းကာ မေ ၂၀ ရက် နံနက်ပိုင်းက လုပ်အားဒါနပြုခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေး ဦးဆောင်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေညွန့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီဝင်များ စုပေါင်း၍ ကြိုတင်စုဆောင်းထားသော သဲကျောက်များကို ကွန်ကရစ်အုတ်လိုင်းများအတွင်း သယ်ယူဖြည့်ဆည်းပေးခြင်းဖြင့် တပျော်တပါး လုပ်အားဒါနပြုခဲ့ကြခြင်းဖြစ်သည်။

"အင်းတော်မြို့နယ်မှ ပြည်သူများရဲ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် ၂၅ ခုတင်မြို့နယ်ပြည်သူ့ဆေးရုံရှိပါတယ်၊ တိုးတက်လာတဲ့ မြို့နယ်လူထုအတွက် ကျန်းမာရေးစောင့်ရှောက်ရေးမှာ လက်ရှိအဆောက်အအုံက ကျဉ်းမြောင်းနေပါတယ်၊ ဒါကြောင့် ဆေးကုသရေးအတွက် လိုအပ်သောအဆောက်အအုံကို မြို့နယ်သံဃာတော်များက ဦးဆောင်ဦးရွက်ပြုပြီး ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်လှူဒါန်းနေခြင်းဖြစ်ပါတယ်"ဟု မြို့နယ်ပြည်သူ့ဆေးရုံ အဆောက်အအုံသစ်ကြီးဆောက်လုပ်ရေး ဦးစီးကော်မတီ အတွင်းရေးမှူး(၁) ဦးသန်းအောင်က ပြောသည်။

ကိုမင်း(အင်းတော်)



## စစ်ကိုင်းတိုင်းဒေသကြီးမှ အပူပိုင်းနေရာကိုးခုတွင် အထူးစိမ်းလန်းစိုပြည်ရေး လုပ်ဆောင်ပေးမည်

**မုံရွာ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ အပူပိုင်းဇုန်တွင်းသို့ ကျရောက်လျက်ရှိသော မုံရွာ၊ စစ်ကိုင်းနှင့် ရွှေဘို ခရိုင်များရှိ မြို့နယ် ကိုးခုတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေလမှ စက်တင်ဘာလအထိ ကာလအတွင်း တောင်တန်းများ စိမ်းလန်းစိုပြည်ရေးနှင့် အထူးစိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ပေါင်း ၂၅၀၀၀ ကို စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ သိရသည်။

"အပူပိုင်းဇုန်အတွင်းမှာကျရောက်တဲ့ မြို့နယ်တွေမှာ သစ်တောသစ်ပင်တွေကို နည်းမျိုးစုံနဲ့ ထိန်းသိမ်းတယ်၊ စိုက်ပျိုးပြီးသစ်ပင်တွေ ရေရှည်ဖြစ်ထွန်းအောင် ပြုပြင်ထိန်းသိမ်းတယ်၊ သေဆုံးသစ်ပင်တွေနေရာမှာ အစားထိုး စိုက်ပျိုးတယ်၊ တောင်တန်းတွေမှာလည်း မိုးရေတိုက်စားမှုမှကာကွယ်နိုင်ဖို့နဲ့ သစ်တောသစ်ပင်တွေ စိမ်းလန်းစိုပြည်လာစေဖို့အတွက် ထင်ရှားတဲ့တောင်တွေဖြစ်တဲ့ ဖောခိုတထောင်၊ ကျောက္ကာရွှေမြင်တင်တောင်၊ ဆင်ခေါင်းတောင်နဲ့ မင်းဝံတောင်တန်းတွေလို တောင်တန်းတွေမှာလည်း တောင်တန်းစိုက်ခင်းတွေ စိုက်တယ်၊ တောင်စဉ်တောင်တန်းရှိတဲ့နေရာမှာ တောင်တန်းစိုက်ခင်းကို စိုက်တယ်၊ တောင်တန်းဆိုတာကလည်းပဲ ထိန်းထိန်းသိမ်းသိမ်းနဲ့လုပ်ထားမှ တောင်တွေမှာ စိုစိုပြည်ပြည်ဖြစ်မှာ၊ အခြားစိုက်ခင်းဆိုတာက လမ်းဘေးဝဲ/ယာမှာ စိုက်တယ်၊ သီးသန့်သတ်မှတ်ထားတဲ့ နေရာတွေမှာလည်း စိုက်တယ်"ဟု တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဘလွင်ဦးက ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေလမှ စက်တင်ဘာလအထိ လုပ်ဆောင်ပေးမည့် တောင်တန်းစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများအဖြစ် မုံရွာခရိုင်အတွင်းရှိ မုံရွာမြို့နယ် ကျောက္ကာရွှေမြင်တင်(ဖောခိုတထောင်)ကာကွယ်တောတွင် အပင်ရေ ၉၀၀၀ နှင့် ချောင်းဦးမြို့နယ် ကျောက္ကာရွှေမြင်တင် ကာကွယ်တောတွင် အပင်ရေ ၂၀၀၀၊ ချောင်းဦးမြို့နယ် ဖလဖ ကြိုးပြင်ကာကွယ်တောတွင် အပင်ရေ တစ်သောင်းတို့ကို စိုက်ပျိုးသွားမည်ဖြစ်သည်။

ရွှေဘိုခရိုင်အတွင်း စိုက်ပျိုးမှုအနေဖြင့် ရွှေဘိုမြို့နယ် ခွန်တောင်းကြီးကျေးရွာ ရွှေဘို-ညောင်ပင်သာလမ်း ဘေးဝဲ/ယာတွင် အပင်ရေ ၁၀၀၀၊ ဝက်လက်မြို့နယ် စိုင်နိုင်ကွေ့ကျေးရွာနှင့် ကျေးသီးကုန်းကျေးရွာကြား စိုင်နိုင်ကွေ့-ဟန်လင်းလမ်း ဘေးဝဲယာတွင် အပင်ရေ ၁၀၀၀၊ ရေဦးမြို့နယ် ဖလံခုံကျေးရွာ ဘုရားဝင်းအနီးတွင် အပင်ရေ ၁၀၀၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်သည်။

စစ်ကိုင်းခရိုင်အတွင်း စိုက်ပျိုးမှုအနေဖြင့် မြို့နယ် စစ်ကိုင်းမင်းဝံတောင်ဘေးမဲ့ကာကွယ်တောအတွင်း အပင်ရေ ၁၀၀၀၊ မြင်းမူမြို့နယ် ကံပြားလမ်းပိုင်းတွင် လမ်းဘေးဝဲယာတစ်လျှောက် အပင်ရေ ၂၀၀၀ နှင့် မြောင်မြို့နယ် ဆင်ခေါင်းတောင်တွင် အပင်ရေ ၇၀၀၀ တို့ကို တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

## အင်္ဂပူမြို့နယ်တွင် မြေဆီလွှာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း သရုပ်ပြပြီး လက်မှတ်များပေးအပ်

**အင်္ဂပူ မေ ၂၃**

အင်္ဂပူမြို့နယ်အတွင်းမှ တောင်သူများ၏ လယ်ယာမြေများအတွင်းရှိ မြေဆီလွှာတွင် မြေချဉ်၊ မြေငန်ကိန်းနှင့် ယူရီးယား၊ တီစူပါ ပါဝင်မှုအခြေအနေများကို မှန်မှန်ကန်ကန် သိရှိစေရန်ရည်ရွယ်၍ မြေဆီလွှာများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက လက်တွေ့ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းနှင့် မြေဆီလွှာအာဟာရဓာတ်စစ်ဆေးခြင်း မှတ်တမ်းများ ပေးအပ်ပွဲကို မေ ၂၀ ရက်က အင်္ဂပူမြို့နယ် ထူးကြီးမြို့ ဝါးနက်တောကျေးရွာရှိ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်း ရှင်းလင်းဆောင်၌ ပြုလုပ်ခဲ့သည်။

မြေဆီလွှာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများ ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ညွန့်ညွန့်ဆွေက အသေးစိတ် ရှင်းလင်းပြောကြားပြီးနောက် မြေဆီလွှာဓာတ်ခွဲစမ်းသပ်ခြင်း လုပ်ငန်းများကို စိုက်ပျိုးရေးဌာန ဝန်ထမ်းများက လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့သည်။ ထို့နောက် မြို့နယ် သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်တင်အောင်က ပိုးမွှားရောဂါအကြောင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ စစ်ဆေးပြီးသည့် မြေဆီလွှာအာဟာရဓာတ် စစ်ဆေးချက်မှတ်တမ်းများကို ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာနှင့် တာဝန်ရှိသူများက တောင်သူများထံ ပေးအပ်ခဲ့ပြီး ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာရှိနှင့် မြို့နယ်စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများ၊ သရုပ်ပြပွဲသို့ တက်ရောက်လာသော တောင်သူများက မြေအသုံးချရေးစမ်းသပ်အကွက်(RTOP) တွင် ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ၏ လယ်မြေများမှ မြေဆီလွှာများကို လက်တွေ့ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းကြောင့် တောင်သူများအနေဖြင့် မိမိတို့၏ လယ်ယာမြေများတွင် ပါဝင်သော မြေချဉ်၊ မြေငန်အပေါ် မူတည်ပြီး ပြုပြင်ရမည့် နည်းလမ်းများ၊ ယူရီးယား၊ တီစူပါ ပါဝင်မှုအပေါ် မူတည်ပြီး မြေဆီလွှာအတွင်း ထည့်သွင်းရမည့် အာဟာရဓာတ်များကို သိရှိကာ လိုအပ်သလို ပြုပြင်ထည့်သွင်းပေးခြင်းများ ဆက်လက်ဆောင်ရွက်နိုင်ပါက သီးနှံများ အထွက်နှုန်းပိုမိုကောင်းမွန် အောင်မြင်လာမည်ဖြစ်ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)



## မော်တော်ဆိုင်ကယ်စီးနင်းခြင်းဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း မော်တော်ဆိုင်ကယ်စီးနင်းခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) မော်တော်ဆိုင်ကယ်ကို သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ ကိုကိုးကျွန်း၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်မြို့နယ်များတွင် စီးနင်းခွင့်ပြုထားပြီး ကျန်မြို့နယ်များတွင် လုံး၀ (လုံး၀) ခွင့်မပြုပါ။

(ခ) မော်တော်ဆိုင်ကယ်စီးနင်းခွင့်မရှိသည့် မြို့နယ်များတွင် စီးနင်းသည်ကို စစ်ဆေးတွေ့ရှိရပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဂ) လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား စီးနင်းသည်ကို စစ်ဆေးတွေ့ရှိရပါက နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်းနှင့် နယ်ကျော်စီးနင်းသူများကိုလည်း ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအား ကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ရန် လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံး စသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉ %) အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံ သောက်သုံးသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည် အန္တရာယ်၏ ဆိုးကျိုးများကို ပိုမိုထိခိုက် ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# သင်္ကြန်ကာလအတွင်း မန္တလေးဆေးရုံကြီးသို့ လူနာ ၇၀၀ နီးပါးနှင့် အလောင်း ရှစ်လောင်း ရောက်ရှိခဲ့

**မန္တလေး မေ ၂၃**

ပြီးခဲ့သော မဟာသင်္ကြန်ကာလ လေးရက်အတွင်း မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ လူနာ ၇၀၀ နီးပါး ရောက်ရှိ ဆေးကုသမှုခံယူခဲ့ကာ သေဆုံးပြီးသည့် အလောင်းရှစ်လောင်း ရောက်ရှိခဲ့ကြောင်း ဆေးရုံ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ဆေးလုပ်မှုဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်က "သင်္ကြန် အကြိုနေ့ကနေ အတက်နေ့အထိ မန္တလေးမြို့ပေါ်သာမက အခြားနယ်များမှ မန္တလေးဆေးရုံကြီးကို လာရောက်ဆေးဝါး ကုသသူ အတွင်းလူနာ ကျား ၁၆၇ ဦး၊ မ ၂၅ ဦး ပေါင်း ၁၉၂ ဦးရှိပြီး အရေးပေါ်လူနာ လက်ခံကုသဆောင်မှာပဲ လိုအပ်တဲ့ ဆေးဝါးကုသမှုခံယူပြီး ဆေးရုံမတက်ရဘဲ ပြန်သွားတဲ့လူနာက ကျား ၄၂၄ ဦး၊ မ ၆၇ ဦး ပေါင်း ၄၉၁ ဦး ရှိလို့ စုစုပေါင်းလူနာ ကျား ၅၉၁ ဦး၊ မ ၉၂ ဦး ပေါင်း ၆၈၃ ဦး ဆေးဝါးကုသမှု ခံယူခဲ့ပါတယ်၊ အဲဒီအထဲမှာ ယာဉ်တိုက်မှု၊ ခိုက်ရန်ဖြစ်ပွားမှုနဲ့ အခြား ထိခိုက်မှုများကြောင့် ရောက်ရှိလာတဲ့လူနာက အများဆုံးဖြစ်ပါတယ်၊ နောက်ပြီး အကြောင်းအမျိုးမျိုးကြောင့် အသက် သေဆုံးပြီး ရောက်ရှိလာတဲ့ အလောင်း ရှစ်လောင်း ရှိပါတယ်"ဟု ပြောကြားသည်။

လူမှုကွန်ရက်ပေါ်၌ ပြန့်နေသော ဆေးရုံကြီးသို့ သေဆုံးသူ ၆၀ ကျော် ရောက်ရှိလာသည်ဆိုသည့် သတင်းမှာ မဟုတ်မှန် ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ "လူမှု ကွန်ရက်ပေါ် ဖော်ပြထားတဲ့ သတင်းတွေက မမှန်ပါဘူး၊ အဲဒီ လောက်အများကြီး ရောက်ဖို့ဆိုတာက မဖြစ်နိုင်ဘူး၊ မပြော ကောင်းမဆိုကောင်း ကားအက်ဆီးဒင့်ဖြစ်ပြီး လူတွေအများကြီး သေလို့ ဆေးရုံရောက်လာတယ်ဆိုရင်တော့ ဒီက စာရင်းများ သွားမယ်၊ အဲလိုမှပဲ ရှိနိုင်မယ်၊ ဒီအတိုင်းကတော့ အဲလောက် မရှိပါဘူး"ဟု ပြောကြားသည်။

"မနှစ်က လူနာစာရင်းက ၈၁၃ ဦးရှိပြီး သေဆုံးအလောင်း ရောက်ရှိမှုက ၁၇ ဦးရှိခဲ့တဲ့အတွက် ဒီနှစ် လူနာဦးရေရော၊ သေဆုံးသူအရေအတွက်ရော လျော့ကျသွားပါတယ်၊ ဒီလို လျော့ကျရတဲ့အကြောင်းကလည်း ကျွန်တော်တစ်ဦးတည်းရဲ့ အမြင် ပြောရရင်တော့ နယ်ဆေးရုံတွေမှာ ကိုယ့်ဒေသက လူနာ တွေကို လက်ခံကုသပေးပြီး လိုအပ်မှသာ ဆေးရုံကြီးကို လွှဲ တာ၊ လမ်းလျှောက်သင်္ကြန်ကဲ့သို့ ကျင်းပပေးတဲ့အတွက် ရမ်း ကားမှုတွေ နည်းသွားတာ၊ ပြည်သူတွေရဲ့ ကျန်းမာရေးအသိ မြင့်မားလာတာ စတဲ့ အချက်တွေကြောင့်လို့ သုံးသပ်မိပါတယ်။ နောက်ပြီး ကျန်းမာရေးဝန်ထမ်းတွေက အချိန်ပြည့် လိုအပ်တဲ့ ဆေးဝါးကုသမှုတွေကို ချက်ချင်းဆောင်ရွက်ပေးတဲ့အတွက် အဖိတ်အစင် နည်းပါးသွားပါတယ်၊ သင်္ကြန်ကာလအတွင်းမှာ အားတက်သရော ပူးပေါင်းအကူအညီပေးကြတဲ့ လူမှုရေး အသင်းအဖွဲ့ဝင်တွေကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး အပါအဝင် ဆေးရုံကြီးအုပ်ချုပ်မှုအဖွဲ့သည် သင်္ကြန်မတိုင်မီ ကာလမှစ၍ အစည်းအဝေးများ ကြိုတင်ပြုလုပ်ပြီး သင်္ကြန် ကာလအတွက်သာမက အပူချိန်မြင့်မားသည့် ရာသီများ၌ ဖြစ်ပွားတတ်သည့် အပူရှပ်ရောဂါ(Heat Stroke)ကာကွယ် ရေးအတွက်ပါ ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း သိရ သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တာချီလိတ်မြို့၌ ရွှေ့ပြောင်းသွားလာသူများ၏ အခက်အခဲများကိုဖော်ထုတ်ကာ ကူညီပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး

**တာချီလိတ် မေ ၂၃**

တာချီလိတ်မြို့နယ်အတွင်း ရွှေ့ပြောင်းသွားလာ နေထိုင်သူများ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို ဖော်ထုတ်ကာ ဒေသတွင်း ပူးပေါင်းကူညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံကြက်ခြေနီ အသင်း မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာန၏ စီစဉ်မှုဖြင့် မေ ၂၀ ရက်က တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ ဟိုတယ်(တာချီလိတ်)အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်းရွှေက တာချီလိတ် မြို့နယ်သည် နယ်စပ်ဒေသဖြစ်သည့်အတွက် အိမ်နီးချင်းနိုင်ငံများသို့ ပြောင်းရွှေ့နေထိုင် အလုပ်လုပ်သူများ အများအပြားရှိကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် နေ့စဉ် အခက်အခဲများ ကြုံတွေ့နေရကြောင်း၊ ယင်းအခက်အခဲများကို ဌာနဆိုင်ရာ



များနှင့် အသင်းအဖွဲ့များက အလျဉ်းသင့်သလို ကူညီဆောင်ရွက်ပေးနေသော်လည်း လိုအပ်ချက်များ ရှိနေသေးကြောင်း၊ မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာန အနေ ဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန်အတွက် သတင်းအချက်အလက်များရရှိအောင် ယခုလို ဆောင်ရွက်ခြင်းကို ကျေးဇူးတင် ရှိကြောင်း၊ အကူအညီပေးရေးအဖွဲ့များကို ကျေးရွာအုပ်စုအဆင့်အထိ ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေလိုအပ်ချက် ရရှိရေးနှင့်အတူ ဌာနဆိုင်ရာ များ၊ အသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ရန် စသည်တို့ကို ဆွေးနွေးပြောကြား သည်။

ထို့နောက် ရှမ်းပြည်နယ်အရှေ့ပိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသိန်းငွေ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း မိသားစုပြန်လည်ဆက်သွယ်ပေး ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စုစုလင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ(ကျိုင်းတုံရုံး)မှ ကွင်းဆင်းကိုယ်စားလှယ် Mr.Andrea Zanfretta တို့က ရွှေ့ပြောင်းအလုပ်သမားများအတွက် ကူညီပေးနိုင်မည့် အချက်အလက်များ၊ ကြက်ခြေနီအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆွေးနွေးပွဲတွင် အဓိက ဆွေးနွေး သင့်သည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ခရိုင်ဥပဒေရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာဌာန၊ ရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ပညာရေးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန စသည့် အစိုးရဌာန များနှင့်အတူ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့် ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ၊ ခရိုင်ကြက်ခြေနီတပ်ဖွဲ့နှင့် အခြား လူမှု ရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကာ ရွှေ့ပြောင်းအလုပ်သမားများ၏ အခြေအနေများ၊ ဌာနများနှင့် အဖွဲ့အစည်းများ၏ လက်ရှိပူးပေါင်းဆောင်ရွက်နေမှု များ၊ အဖွဲ့အစည်းများ ဖွဲ့စည်းတည်ရှိသည့် အခြေအနေများ၊ ပူးပေါင်းပါဝင် ဆောင် ရွက်ပေးနိုင်မည့် အစီအစဉ်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

**ဝေယံလင်း(မြန်/ဆက်)**

# ရှမ်းပြည်နယ် အပန်းဖြေစခန်း တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေ(မူကြမ်း)ဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်

**တောင်ကြီး မေ ၂၃**

ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေ (မူကြမ်း) နှင့် ပတ်သက်၍ ပဉ္စမအကြိမ်မြောက် ဆွေးနွေးပွဲကို ရှမ်းပြည်နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ပြည်နယ်သစ်တောဦးစီးဌာန ရတနာသစ်အစည်းအဝေးခန်းမ၌ မေ ၂၀ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးသို့ ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံ ဆိုင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးက အမှာစကားပြောကြားသည်။

ဥပဒေ(မူကြမ်း)ကို ရေးဆွဲခြင်းမှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတော်၏မူဝါဒများကို အကောင်အထည်ဖော်ရန်၊ ပတ်ဝန်းကျင် သဘာဝရေ၊ မြေ၊ တော၊ တောင်၊ တိရစ္ဆာန်များကို ချစ်မြတ်နိုးပြီး ထိန်း သိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်၊ မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များနှင့် ယင်းတို့၏ နေရင်းဒေသများအား ကာကွယ်ရန်၊ သဘာဝသိပ္ပံ ဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူပြုစေရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း နှင့် ပုဂ္ဂလိကများ ပါဝင်၍ စနစ်တကျ ပေါင်းစပ်ဆောင်ရွက်နိုင်စေရန်၊ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုရှိလာအောင် အသိပညာပေးစည်းရုံးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်နှင့် ပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေ အနားယူ သွားလာ နိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ရေးဆွဲပြုစုခြင်းဖြစ်ကြောင်းနှင့် ဥပဒေ (မူကြမ်း)ပါ အချက်အလက်များ ပိုမိုပြည့်စုံစေရန် တက်ရောက်လာသူများက ဝိုင်းဝန်း အကြံပြု ဆွေးနွေးပေးစေလိုကြောင်း ဝန်ကြီးက ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ အကြံပြုချက်များကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စား လှယ် ဦးခိုင်ညီညီကျော်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီ လေးချမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ဆောမြို့ စည်ပင်သာယာဈေးတွင် အလေးချိန်ခွင်များ တိကျမှန်ကန်မှု ရှိ/မရှိ လိုက်လံစစ်ဆေး

**ဆော မေ ၂၃**

ဂန့်ဂေါခရိုင် ဆောမြို့စည်ပင်သာယာဈေး၌ အလေးချိန်ခွင်များ တိကျမှန်ကန်မှု ရှိစေ ရေးနှင့် သန့်ရှင်းလတ်ဆတ်သော အသားငါးများ ရောင်းချရေးတို့အတွက် မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က မေ ၂၂ ရက် နံနက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်စွာမင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မြို့မဈေးအတွင်းရှိ စားသောက်ကုန်များနှင့် သားငါးများရောင်းချသည့် ဆိုင်များ၌ သန့်ရှင်းသပ်ရပ်စွာ ရောင်းချရေး၊ သန့်ရှင်းလတ်ဆတ်သော အသားများကို သာ ရောင်းချရေးနှင့် အလေးချိန်ခွင်များ တိကျမှန်ကန်မှုရှိရေးအတွက် လိုက်လံ စစ်ဆေးခဲ့ခြင်းဖြစ်ကာ ဆိုင်ရှင်များအား အသိပညာပေးဆွေးနွေးမှုများလည်း ဆောင် ရွက်ခဲ့ကြောင်း သိရသည်။

**(၁၀၁)**



## မှုခင်းသတင်းတိုများ

### ဆိုင်ကယ်စီးလာသူများထံမှ မူးယစ်ဆေးပြားများဖမ်းမိ

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်တွင် မေ ၂၁ ရက်က ရဲတပ်ဖွဲ့ဝင်များ လှည့်ကင်း ဆောင်ရွက်နေစဉ် လူငယ်တစ်ဦးထံမှ မူးယစ်ဆေးပြားများ ဖမ်းမိခဲ့ကြောင်း သိရသည်။ မိတ္ထီလာရဲစခန်းမှ ဒုရဲအုပ်သိပ်ပွံ့သည် သက်သေများနှင့် လှည့်ကင်းဆောင်ရွက်နေစဉ် ပြည်သာယာ(တ)ရပ်ကွက်အတွင်း ဆိုင်ကယ်စီးလာသော လူငယ်နှစ်ဦးအား မေးမြန်း စစ်ဆေးရာ ဆိုင်ကယ်နောက်မှ လိုက်ပါလာသူ အောင်ခန့်ကို ဆိုသူမှာ ထွက်ပြေး သွားပြီး ဆိုင်ကယ်မောင်းနှင်လာသူ သူရိန်ထွန်း (၂၃နှစ်)ထံမှ 88/1 စာတန်းပါ မူးယစ်ဆေးဝါးဟုယူဆရသော ပန်းရောင်ဆေးပြား ၂၀၀ ပါ အထုပ် ၁၂ ထုပ်နှင့် ဆေးပြား ၁၀ ပြားစီပါသော ပလတ်စတစ်အထုပ်သေး ခုနစ်ထုပ် စုစုပေါင်း ဆေးပြား အရေအတွက် ၂၄၇၀ ကို ဖမ်းမိခဲ့၍ မိတ္ထီလာရဲစခန်း၌ အမှုဖွင့်ကာ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

### မန္တလေး ကျုံးဘေးနှင့် အများဆိုင်နေရာများတွင် အရက်ဝိုင်းဖွဲ့သောက်သူများကို အရေးယူ

မန္တလေး ကျုံးဘေးပတ်လည်နှင့် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်းအနီးတွင် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်လောက်အောင် အရက်ဝိုင်းဖွဲ့သောက်စားနေ သူများအား မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦး၏ ကြီးကြပ်မှုဖြင့် ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးအောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက စည်ပင် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လိုက်လံစစ်ဆေး အရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက် ညပိုင်းက စုစုပေါင်း ခုနစ်ဦးကို အရေးယူထားကြောင်း သိရသည်။

**အောင်စံမောင်**

### စည်းကမ်းပျက်ယာဉ်များစစ်ဆေးစဉ် လိုင်စင်မဲ့ယာဉ်တစ်စီးတွေ့၍ အရေးယူ

မန္တလေး ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၉၂)မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် မေ ၁၉ ရက်က သက်သေများနှင့်အတူ ကျောက်ဆည်မြို့ ရန်ကုန်-မန္တလေးကားလမ်းပေါ်၌ စည်းကမ်း ပျက်ယာဉ်များအား စစ်ဆေးဖမ်းဆီးနေစဉ် ပြည်ကြီးတံခွန်မြို့နယ်နေ မင်းသူ(၁၉ နှစ်) မောင်းလာသည့်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ယာဉ်မှတ်ပုံတင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် မင်းသူအား ကျောက်ဆည်မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရ သည်။

**တင်မောင်(မန္တလေး)**

### အမျိုးသမီးများပါဝင်သောဖဲဝိုင်းကိုလောင်းကြေး၁၆သိန်းကျော်နှင့်အတူဖမ်းမိ

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်အတွင်း ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးအနောက်ဘက်ခြမ်း တောထဲတွင် ဖဲဝိုင်းပြုလုပ်နေကြောင်း သတင်း အရ အုတ်တွင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်း ဒုရဲအုပ်မင်းမင်းဇော်နှင့်အဖွဲ့က အသိသက်သေများနှင့်အတူ မေ ၂၀ ရက် ညနေ ၅ နာရီခန့်က ဝင်ရောက်ဖမ်းဆီးရာ ရွက်ဖျင်တဲထိုး၍ ဖဲရိုက်နေကြသော အမျိုးသား နှစ်ဦး၊ အမျိုးသမီး သုံးဦးအား လောင်း ကြေးငွေစုစုပေါင်း ငွေကျပ် ၁၆ သိန်းကျော်နှင့် ဆိုင်ကယ်မျိုးစုံ ရှစ်စီးတို့နှင့်အတူ ဖမ်းမိခဲ့၍ ညောင်ခြေထောက်နယ်မြေရဲစခန်း၌ လောင်းကစားဥပဒေအရ အမှုဖွင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

### မိုးညှင်းမြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းမိ

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဘီလူးကျေးရွာအုပ်စု ကန်သာကုန်းရပ်ကွက်ရှိ နေအိမ် တစ်အိမ်၌ မူးယစ်ဆေးဝါးများ မေ ၂၀ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ် ဆေးဝါးသတင်းအရ ကန်သာကုန်းရပ်ကွက်နေ ဝဏ္ဏကျော်(၃၄ နှစ်)၏နေအိမ်သို့ မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ ရဲအုပ်စိုးမြင့်ထွန်း ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် မိုးညှင်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ ဝဏ္ဏကျော်ထံမှ ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့် ၀ ဒသမ ၃ ဂရမ်ခန့်စီပါ ကော်ဘူး ကိုးဘူး၊ လေးဂရမ်ခန့်ပါ ကော်ဘူးတစ်ဘူး စုစုပေါင်း အလေးချိန် ၆ ဒသမ ၇ ဂရမ်ခန့်နှင့် ပလတ်စတစ်အိတ်ဖြင့်ထည့်ထားသည့် 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၅ ပြားတို့ကို ဖမ်းမိခဲ့၍ မိုးညှင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဝင်းအောင်**

# အပင်မျိုးသစ် အကာအကွယ်ပေးရေးစနစ်

*ဒေါက်တာ ပပဝင်း*

**ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ စိုက်ပျိုးနိုင်သည့် မြေဧရိယာနှင့် အခြားသော ပတ်ဝန်းကျင်သဘာဝအရင်းအမြစ်များ ရှားပါးလာပါသည်။ ၎င်းအပြင် ယနေ့ကမ္ဘာပေါ်ရှိ လူသားများအားလုံးသည် ခန့်မှန်းမရသည့် ရာသီဥတုပြောင်းလဲမှုကိုလည်း ရင်ဆိုင်နေကြရသည်။ အဆိုပါ ပြဿနာများသည် ကမ္ဘာ့လူသားများ၏ စားဝတ်နေရေးတို့ကို စိန်ခေါ်လျက်ရှိရာ ဖြေရှင်းနိုင်သည့် နည်းလမ်းများကို အမြဲရှာဖွေနေကြရပါသည်။**



နည်းလမ်းများစွာရှိသည့်အနက် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းပြီး ပြောင်းလဲရာသီနှင့် ရောဂါ၊ ပိုးမွှားဒဏ်ခံနိုင်ရည်ရှိသည့် အပင်မျိုးသစ်များ မွေးမြူထုတ်လုပ် စိုက်ပျိုးခြင်းသည် အရေးပါသော နည်းလမ်းတစ်ခုဖြစ်သည်။ အပင်မျိုးသစ် တစ်မျိုးရရှိရန် အပင်မျိုးမွေးမြူသူများအနေဖြင့် အချိန်၊ ငွေ၊နည်းပညာ၊ လူသားအရင်းအမြစ်များကို များစွာရင်းနှီးလုပ်ကိုင်ကြရပါသည်။

**မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေ**

အပင်မျိုးမွေးမြူသူများအတွက် ၎င်းတို့ ရင်းနှီးလိုက်သည့် အရင်းအနှီးများအပေါ်မှ အကျိုးအမြတ်ပြန်လည်ရရှိရန် အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေအောက်ရှိ အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်မှ ထိန်းချုပ်ကာကွယ်ပေးထားပါသည်။ အဆိုပါ စနစ်ကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင့်သုံးလာကြရန် အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ် အကာအကွယ်ပေးရေးအဖွဲ့ (The International Union for the Protection of New Varieties of Plants,UPOV) ကို ၁၉၆၁ ခုနှစ်က ပြင်သစ်နိုင်ငံတွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ရုံးစိုက်ထားပါသည်။

အဆိုပါအဖွဲ့ကြီး၏ အဓိကမျှော်မှန်းချက်မှာ လူမှုအသိုင်းအဝိုင်းအား အကျိုးအမြတ်ရှိစေသည့် အပင်မျိုးသစ်များ ရရှိစေရန်အလို့ငှာ အပင်မျိုးမွေးမြူခြင်းလုပ်ငန်းကို အားပေးသည့်



အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ် လက်ခံကျင့်သုံးလာရေးကိုအားပေးသွားရန် ဖြစ်ပါသည်။ နိုင်ငံတကာတွင် (harmonized) လိုက်လျောညီထွေသည့် အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ် ကျင့်သုံးလာနိုင်ရန် လိုက်နာသင့်သည့် ဥပဒေပုဒ်မများကိုလည်း ၁၉၇၂၊ ၁၉၇၈နှင့် ၁၉၉၁ ခုနှစ်များတွင် အဆင့်ဆင့်ပြင်ဆင် ပြုစုခဲ့ပါသည်။

ယခုအခါ UPOV အဖွဲ့ဝင်နိုင်ငံပေါင်း ၇၅ နိုင်ငံရှိခဲ့ပြီး ဖြစ်ပါသည်။ ဒေသတွင်းအဖွဲ့များဖြစ်သည့် ဥရောပဒေသရှိ နိုင်ငံနှင့် အဖွဲ့အစည်းများ စုပေါင်းဖွဲ့စည်းထားသည့် Community Plant Variety Office, CPVO (1994)၊ အာဖရိကဒေသရှိ နိုင်ငံနှင့်အဖွဲ့အစည်းများ စုပေါင်းဖွဲ့စည်းထားသည့် African Intellectual Property Organization, OAPI(1999) နှင့် East Asia Plant Variety Protection Forum, EAPVP Forum (2007) အဖွဲ့များသည် UPOVမှ ချမှတ်ထားသည့် ဥပဒေမူဝါဒများနှင့်အညီ အချင်းချင်းအပြန်အလှန်ပူးပေါင်း၍ လူမှုအသိုက်အဝန်းအား အကျိုးပြုစေမည့် အပင်မျိုးမွေးမြူထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ရည်ရွယ်၍ ချီတက်လျက်ရှိကြပါသည်။

**အပင်မျိုးသစ်များ**

သဘာဝသယံဇာတသစ်တောနှင့် ပင်လယ်ထွက်ပစ္စည်းများ ပေါများပြီး စိုက်ပျိုးရေးကို အခြေခံ၍ အဓိကစီးပွားရေးအနေနှင့် လုပ်ကိုင်နေသော မြန်မာနိုင်ငံရှိ အပင်မျိုးသစ်များနှင့် နီးနွယ်ဆက်စပ်နေသည့် Stakeholders အားလုံးအတွက် အပင်မျိုးသစ်များ ရရှိအသုံးပြုလာနိုင်ခြင်းသည် အလွန်ပင်အရေးပါလှပါသည်။ အထွက်နှုန်းကောင်း အရည်အသွေးကောင်း အပင်မျိုးသစ်၊ မျိုးဆန်းများကိုသာ စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်လာပါက ရေမြေသဘာဝပတ်ဝန်းကျင် မျိုးစုံရှိသည့် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၄ ခုနှစ်မှ စတင်၍ ဇီဝမျိုးကွဲများထိန်းသိမ်းရေးကွန်ဗင်းရှင်း ( Convention on Biological Diversity, CBD) အဖွဲ့ဝင်နှင့် ၁၉၉၅ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (World Trade Organization, WTO)တို့တွင် အဖွဲ့ဝင်ဖြစ်ခဲ့ပါသည်။ အဆိုပါ အဖွဲ့ဝင်များအနေဖြင့် လိုက်နာကျင့်သုံးရမည့် မူဝါဒစည်းမျဉ်းများနှင့်အညီ နေထိုင်ကြရမည့်အားလျော်စွာ မြန်မာနိုင်ငံအနေဖြင့်လည်း အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်အပါအဝင် လိုအပ်နေသည့် ဥပဒေ၊ မူဝါဒများစည်းမျဉ်းစည်းကမ်းများစွာ ချမှတ်အကောင်



အထည်ဖော်လျက်ရှိပါသည်။

**အရှိန်အဟုန်မပျက် လုပ်ကိုင်**

မြန်မာနိုင်ငံတွင် အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေ (New Plant Variety Protection Law) ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီး အဆိုပါစနစ်ကို စတင်ကျင့်သုံးနေပြီ ဖြစ်ပါသည်။ အပင်မျိုးသစ် အကာအကွယ်ပေးရေးစနစ်အောက်တွင် လုပ်ကိုင်ဆောင်ရွက်ရမည့် နည်းပညာပိုင်းနှင့် စီမံဆောင်ရွက်မှုအပိုင်းများကို အရှိန်အဟုန်မပျက် လုပ်ကိုင်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် အပင်မျိုးသစ် အကာအကွယ်ပေးရေးဌာနစုကို ၁၀.၅.၂၀၁၆နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုအခါ အပင်မျိုးမွေးမြူသူများသည် ယင်းတို့၏ အပင်မျိုးသစ်များဖြစ်သော ပြောင်းဖူး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ကြံနှင့် ဝါသီးနှံ အပင်မျိုးသစ်များကို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်လျှောက်ထားရန် အပင်မျိုးသစ် အကာအကွယ်ပေးရေးဌာနစုသို့ ကမ်းလှမ်းလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် UPOV အဖွဲ့ဝင် နိုင်ငံဖြစ်ရန် ကြိုးစားနေဆဲ ဖြစ်ပါသည်။ ၂၀၀၇ ခုနှစ်က အရှေ့ အာရှအပင်မျိုးသစ် အကာအကွယ်ပေးရေး (East Asia Plant Variety Protection Forum, EAPVP) အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ပါသည်။ အဆိုပါ အဖွဲ့ကို ၂၀၀၇ခုနှစ်တွင် အာဆီယံ ၁၀နိုင်ငံ အပေါင်း သုံးနိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။

အဖွဲ့ကြီး၏ အဓိကမျှော်မှန်းချက်မှာ UPOV စနစ်ကို အခြေခံသည့် အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့သည့် အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်းများမှတစ်ဆင့် လူမှုအဖွဲ့အစည်းအတွက် စားနပ်ရိက္ခာဖူလုံမှုရှိစေရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်ကို ကောင်းစွာ ဖွံ့ဖြိုးတိုးတက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက စီးပွားရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်သာယာရေးနှင့် နိုင်ငံရေးကဏ္ဍများစွာ အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။



**"အထွက်နှုန်းကောင်း အရည်အသွေးကောင်း အပင်မျိုးသစ်၊ မျိုးဆန်းများကိုသာ စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်လာပါက ရေမြေသဘာဝ ပတ်ဝန်းကျင်မျိုးစုံရှိသည့် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်"**

## ရွှေကျောင်းကျေးရွာ၌ အဆင့်မြင့်ဆေးပေးခန်း ပန္နက်တင်

**ရေစကြို ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ညောင်ဇောက်ကျေးရွာအုပ်စု ရွှေကျောင်းကျေးရွာ၌ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌတိပိဋက ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ ဆရာတော်အမှူးပြု၍ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် အဆင့်မြင့် ဆေးပေးခန်း ဆောက်လုပ်ခြင်း ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဧပြီ ၂၂ ရက်က ဆေးပေးခန်းဆောက်လုပ်မည့် ယာယီမဏ္ဍပ်၌ပြုလုပ်ကြောင်း သိရသည်။

ထို့နောက် တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌတိပိဋက ရေစကြိုဆရာတော်က အဆင့်မြင့်ဆေးပေးခန်းဆောက်လုပ်ရခြင်းအကြောင်း တရားဟောကြားပြီး ဆရာတော်အမှူးပြု၍ ရတနာရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်များကို ဆရာတော်များနှင့် လူပုဂ္ဂိုလ်များက ပန္နက်တော်တင်ပေးကြသည်။

ယခုဆောက်လုပ်မည့် အဆင့်မြင့်ဆေးခန်းကို ရေစကြိုဆရာတော်ကြီးအား အမှူးထား၍ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝံသသီရိ (ထေရဝါဒသာသနာ ဇောတက ပြည်ပထေရဝါဒဗုဒ္ဓဘာသာပြန့်ပွားရေးဆပ်ကော်မတီအတွင်းရေးမှူး)နှင့် အင်ဒိုနီးရှားနိုင်ငံ ဓမ္မညီအစ်ကိုမောင်နှမများက စုပေါင်းမတည်လှူဒါန်းခြင်းဖြစ်ပြီး ဆရာဝန်နားနေခန်း၊ သားဖွားခန်း၊ ကျား၊ မ လူနာဆောင်နှင့် သန့်စင်ခန်းများပါဝင်ကာ (၈၂ × ၅၀) ပေ တစ်ထပ်အဆောက်အအုံ ဖြစ်သည်။ အဆောက်အအုံမှာ ငွေကျပ်သိန်း ၇၅၀ ခန့် ကုန်ကျမည်ဖြစ်ပြီးကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ဝဂ်ဘော်ဆင်စခန်းမှ မိုးယွန်းကြီးအင်းသို့

**ခင်မောင်ဌေး (ပညာရေး)**

မိုးလေကင်းစင်ကာ ပွင့်လင်းရာသီဥတုသို့ ရောက်လာသည်နှင့် ပြည်တွင်းခရီးသွားများ စတင်လှုပ်ရှားနေကြလေပြီ။ နိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့တွင် သဘာဝကမ်းခြေများ၊ လိုဏ်ဂူများ၊ တောတောင်များ၊ ကျွန်းအလှများကား ပေါများလှသည်။ နာမည်ကြီး ဘုရားပုထိုးစေတီများကလည်း နေရာဒေသတိုင်းတွင် ထိန်ထိန်ငြီးလျက်ရှိ၏။ ခရီးသွားများအနေဖြင့် မိမိတို့နှစ်သက်ရာ ရွေးချယ်သွားလာနိုင်ကြသည်။ စင်စစ်မြန်မာနိုင်ငံသည် အပျော်ခရီးထက် အပန်းဖြေသွားလာစရာကောင်းသည့် နေရာများ၊ သဘာဝတောတောင်နှင့် ပတ်ဝန်းကျင်အလှအပ ခံစားလိုသူများအတွက် နေရာများ၊ တရားရိပ် ဘုရားရိပ် ခိုလှုံလိုသူများအတွက် သာသနာ့နယ်မြေဒေသများဖြင့် ပြည်စုံလှသည့် နိုင်ငံဖြစ်၏။

**ခရီးစဉ်ရွေးချယ်ပါ**

ယခုအခါ ပြည်တွင်းခရီးသွားဦးရေမှာလည်း သိသိသာသာ မြင့်တက်လာသည်ကို တွေ့ရ၏။ ယခင်က အောက်တိုဘာ၊ ဒီဇင်ဘာကဲ့သို့ ကျောင်းပိတ်ရက်များတွင် ခရီးအများအပြား သွားလာကြသည်ကို တွေ့ရသော်လည်း ယခုအချိန်တွင် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်နှင့်တွဲ၍ ပိတ်ရက် ၃-၄ ရက်လောက်ရသည် ဆိုလျှင်ပင် မိမိတို့ မရောက်ဖူးသည့်ဒေသများသို့ ကိုယ်ပိုင်ယာဉ်ဖြင့်သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း သွားလာနေကြသည်ကို တွေ့ရ၏။ ခရီးသွားများစုပေါင်း၍ မိသားစုများစုဖွဲ့ကာ သွားသည့် ခရီးစဉ်များလည်း များပြားလာကာ သွားရေးလာရေး၊ စားသောက်နေထိုင်ရေးကအစ စီစဉ်ဆောင်ရွက်ပေးသည့်ဝန်ဆောင်မှု ကောင်းမွန်မှုကြောင့်လည်း လူအများစု ခရီးသွားလာမှု များပြားလာစေလေသည်။ မိမိတို့ရရှိသည့် ပိတ်ရက်အနည်းအများပေါ်တွင် မူတည်၍ ခရီးစဉ်ကို ရွေးချယ်သွားလာနိုင်ကြလေသည်။

စာရေးသူမိသားစုဆို ပိတ်ရက်ကိုသာမျှော်ကြသည်။ ပိတ်ရက်ရလျှင် မြို့ပြင်ထွက်ရန် တာစူနေသော မိသားစုနှင့်အတူ ခရီးနှင်ခဲ့ပြန်သည်။ ယခုခရီးစဉ်မှာ ရန်ကုန်မြို့မှ အမြန်လမ်း ၃၉ မိုင်အနီးတွင်ရှိသည့် ဝဂ်ဘော်ဆင်စခန်းဖြစ်၏။ သို့ဖြင့် ခရီးစဉ်ကလေး သွားဖြစ်၏။ ဝဂ်ဘော်ဆင်စခန်းသည် မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားသည့် ဆင်စခန်းများထဲမှ တစ်ခုဖြစ်သည်။ ရန်ကုန်-မန္တလေး အမြန်လမ်း ၃၉ မိုင်မှ ဘုရားကြီးလမ်းခွဲသို့ ဝင်ရသည်။ ဘောနက်ကြီး ရဲစခန်းအပိုင် နယ်မြေဖြစ်သည်။ လမ်းဘေးတွင်ရှိကာ ဧက ၄၀ ပေါ်တွင် တည်ရှိသည်။ ဝဂ်ဘော်ဆင်စခန်းတွင် ဆင်ကြီး ၈ ကောင်၊ အမိနောက်လိုက် ဆင်ငယ် ၄ ကောင်နှင့် အမိမဲ့ဆင်ငယ် ၇ ကောင်ရှိသည်။ ဝဂ်ဘော်ဆင်စခန်းသို့ သွားလိုလျှင် ယင်းဆင်စခန်း၏ နေ့စဉ်လုပ်ဆောင်မှု အချိန်ဇယားကို သိသင့်သည်။ သို့မှသာ တစ်နေ့တာဆင်တို့နှင့် ပတ်သက်သည့် ကြည့်ရှုဖွယ်ရာများကို အပြည့်အဝကြည့်ရှုနိုင်မည်ဖြစ်၏။ မကြာသေးမီကပင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ လာရောက်ကြည့်ရှုခဲ့သေးသည်။

**တစ်နေ့တာ အချိန်စာရင်း**

ဝဂ်ဘော်ဆင်စခန်း၏ နေ့စဉ်လုပ်ငန်းများကို နံနက် ၆ နာရီမှ ၇ နာရီအထိ ဆင်တင်းကုပ် သန့်ရှင်းခြင်း၊ ၇ နာရီမှ ၇ နာရီ ၄၅ မိနစ်အထိ ဆင်စခန်းအနီးရှိ ရေအေးချောင်းတွင် ဆင်ရေချခြင်းဖြစ်၏။ ယင်းသို့ ဆင်ရေချရာတွင် လာရောက်ကြသည့် ခရီးသွားဧည့်သည်များပါ ပါဝင်ဆင်နွှဲနိုင်၏။ နံနက် ၇ နာရီမှ ၈ နာရီခွဲအထိ ဆင်သရုပ်ပြခြင်းများကို ကြည့်ရှုနိုင်သေးပါသည်။ နံနက်ခင်းပိုင်း ဆင်စီးခြင်းလည်း ပြုလုပ်နိုင်၏။ ခရီးနီးစီးလျှင် ဆင်တစ်ကောင်မှ ငါးထောင်။ ယင်းခြံဝန်းကြီးတစ်ပတ်ဆိုလျှင် တစ်ဦး ၅၀၀၀နှင့် နိုင်ငံခြားဧည့်သည်များဆိုလျှင် ၂၀၀၀၀ ဖြစ်သည်။ ခရီးဝေးတွင် လူကြီး ၂ဦးနှင့် ကလေးတစ်ဦး အခမဲ့ လိုက်နိုင်လေသည်။ နံနက် ၁၁ နာရီခွဲမှ ညနေ ၃ နာရီထိ ဆင်များ နားချိန်ဖြစ်သည်။ ညနေ ၃ နာရီမှ ၃ နာရီ၄၅မိနစ်ထိ ညနေပိုင်း ဆင်ရေချချိန်ဖြစ်သည်။ ညနေ ၃ နာရီ ၄၅ မှ ၆ နာရီထိ ညနေပိုင်း ဆင်စီးချိန် ဖြစ်သည်။ ညနေ ၄ နာရီခန့်တွင် ဆင်များကို လွှတ်ကြောင်းခြင်းများရှိကာ သဘာဝအလျောက် နေထိုင်ကျက်စားနေပုံများကိုလည်း လေ့လာနိုင်သည်။ လာရောက်လည်ပတ်သူများအနေဖြင့် ဆင်စာကျွေးခြင်း၊ ဆင်ရေချခြင်း၊ ဓာတ်ပုံအတူရိုက်ခြင်းများကို ပြုလုပ်နိုင်သည်။ ဆင်စခန်းတွင် တစ်နေကုန် နေထိုင်သူများသာ ဤသို့ပါဝင်နိုင်ပြီး နာရီပိုင်းမျှ ကြည့်ရှုလေ့လာသူများမှာမူ ဆင်စခန်း၏ တစ်နေ့တာ လှုပ်ရှားမှုများကို အပြည့်အဝ တွေ့နိုင်မည် မဟုတ်ပေ။

**အထူးအစီအစဉ်**

ဝဂ်ဘော်ဆင်စခန်းတွင် ဆင်ကြီးများထက် ဆင်ငယ်ကလေးများ ပိုများသည်။ အမိမဲ့ဆင်ငယ်လေးများမှာ ၇ ကောင်ပင် ရှိသည်။ အချို့ဆင်ငယ်လေးများမှာ ၅ လသား ၆ လသားအရွယ်သာရှိရာ နို့တိုက်ရသေးသည်။ လာရောက်လေ့လာသူများအနေနှင့် ဆင်ဘူဖေးကျွေးနိုင်ကြောင်း သိရသည်။ ဆင်ဘူဖေးကျွေးလိုလျှင် သီးနှံစုံ တန်ဖိုး ၈ သောင်းမှ တစ်သိန်းအထိ ရှိကြောင်းသိရသည်။ လာရောက်လည်ပတ်သူများအနေဖြင့် နေ့ခင်းစာ စားသောက်လိုက တစ်ရက်ကြိုတင်မှာကြားနိုင်ကြောင်း သိရလေသည်။ စာရေးသူတို့မှာ တစ်နေကုန် အချိန်မသုံးနိုင်။ ဆင်စခန်းအနှံ့ ကြည့်ရှုပြီးနောက် ရန်ကုန်-ဒိုက်ဦး လမ်းပေါ်သို့ရောက်ခဲ့၏။ ဒေးစွန်ပါဘုရားအလွန်တွင် မိုးယွန်းကြီးအင်းရှိ၏။ တည်နေရာမှာ ပဲခူးတိုင်းဒေသကြီး ပဲခူးနှင့် ဝေါမြို့တွင် ရှိသည်။ ဧရိယာစတုရန်းမိုင် (၄၀)၊ ၂၅၆၀၀၀.၀၀ ဧက ကျယ်ဝန်းသည်။



မိုးယွန်းကြီးအင်း၌ တွေ့ရသည့် ငှက်များကို တွေ့ရစဉ်။

**နောက်ခံသမိုင်း**

၁၈၇၈ ခုနှစ်တွင် ပဲခူး-စစ်တောင်း တူးမြောင်းအတွင်း နွေရာသီသစ်ဖောင်မျှောရန်အတွက် မိုးယွန်းကြီး ရေလှောင်တမံအဖြစ် တည်ဆောက်ခဲ့ပြီး နှစ်ကာလကြာမြင့်သောအခါ သဘာဝအင်းအဖြစ် ပြောင်းလဲတည်ရှိခဲ့ရာ ၁၉၈၈ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် မိုးယွန်းကြီးအင်းဘေးမဲ့တောအဖြစ် သတ်မှတ်ကြေညာခဲ့သည်။ နိုင်ငံတကာရေတိမ်ဒေသ ထိန်းသိမ်းရေးအဖွဲ့အစည်းဖြစ်သည့် Ramsar Covention အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီးနောက် မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့အရေးကြီးထိန်းသိမ်းရမည့် ရေတိမ်ဒေသ (Ramsar Site) အဖြစ် ပထမဦးဆုံးအသိအမှတ်ပြုထားသော နေရာတစ်ခုဖြစ်ပါသည်။

**တောရိုင်းတိရစ္ဆာန်များနှင့် တည်းခိုစရာ**

မိုးယွန်းကြီးအင်းတွင် စစ္စလီ၊ စင်ရော်ကဲ့သို့ ရေပျော်ငှက်၊ (၅၃)မျိုး။ ကုန်းတွင်းပိုင်းငှက်နှင့် ဆောင်းခိုငှက်မျိုး (၃၅) မျိုး၊ ငါးမျိုးစိတ်အမျိုး (၃၀)၊ ဖားမျိုးစိတ်ရှစ်မျိုးခန့်၊ မြွေမျိုးစိတ်(၁၅) မျိုး၊ ကင်းလိပ်ချောနှင့် ပုတ်သင်ညိုမျိုးစိတ် ငါးမျိုးအပြင် အင်းဆက်များဖြစ်သည့် လိပ်ပြာမျိုးစိတ်(၃၃)မျိုးခန့် ရှိလေသည်။ လာရောက်အပန်းဖြေ လေ့လာသူများအတွက် ရေတိမ်ဒေသဆိုင်ရာ ပညာပေးပြခန်း (၈) ဦးမှ ၁၆ ဦးအထိ တည်းခိုနိုင်သော Family Room ၊ ကျား၂ ဦး တည်းခိုနိုင်သော လှေပုံသဏ္ဌာန် ရေပေါ်အိမ် Boat House များ၊ ရှစ်မြောင့်ပုံ စားသောက်ဆိုင်နှင့် စက်လှေများ၊ နားနေဆောင်များ၊ စကြ်ံလမ်းတံတားများနှင့် ငှက်ကြည့်စင်များ ဆောက်လုပ်ထားသည်။ အင်းအတွင်း တစ်နာရီကြာ စက်လှေစီးခမှာ လူရှစ်ဦးလိုက်ပါနိုင်ပြီး နှစ်သောင်းဖြစ်သည်။

**အကြံပြုလွှာ**

ခရီးသွားလုပ်ငန်းသည် မီးခိုးတိတ် စီးပွားရေးလုပ်ငန်းဖြစ်သည်။ မိမိတို့နိုင်ငံအတွင်း၌ ခရီးသွားလုပ်ငန်းများအနေဖြင့် ဖော်ဆောင်ပြီး ဖော်ဆောင်ဆဲနှင့် ဖော်ဆောင်ရန် လျာထားသော သဘာဝအခြေခံနေရာပေါင်းများစွာ ရှိသည်။ ပြည်တွင်းခရီးသွားဦးရေ တစ်ဟုန်ထိုးတိုးတက်လာသကဲ့သို့ ပြည်ပနိုင်ငံခရီးသွားများပို၍ တိုးတက်ဝင်ရောက်လာနိုင်စေရန် ကြိုတင်စီမံဆောင်ရွက်သင့်သည်များစွာရှိ၏။

မြန်မာနိုင်ငံအတွင်း၌ ဝဂ်ဘော်ဆင်စခန်းကဲ့သို့ ဆင်စခန်းများစွာရှိ၏။ သဘာဝအင်းအိုင် များစွာရှိ၏။ ယင်းဒေသများတွင် ရောက်ရှိလာသည့် ခရီးသွားဧည့်သည်များအား အလည်အပတ် ခရီးသက်သက် မဖြစ်စေဘဲ ဆင်သရုပ်ပြပွဲများ၊ ဆင်လိမ္မာပြပွဲများကို စိတ်ဝင်စားဖွယ်ပြသသင့်၏။ အချို့အစီအစဉ်များကို အချိန်ဇယားအတိုင်းဆိုသည်ထက် နေ့ကြီးရက်ကြီးများတွင် အထူးအစီအစဉ်များ ပါဝင်ခြင်း၊ ခရီးသည် အနည်းအများပေါ် ကြည့်၍ အစီအစဉ်များကို လိုအပ်သလို ပြောင်းလဲတင်ဆက်သင့်သည်။ အချို့နေရာများဆိုလျှင် မိသားစုပျော်ပွဲစား အဆင့်မျိုးဖြင့် အချိန်ကုန်လျှင် ပြန်ကြရသည့် အနေအထားသာဖြစ်နေရာ ခရီးသွားများကို ဆွဲဆောင်ညို့ယူဖမ်းစားနိုင်မည့် အစီအစဉ်မျိုးများများဖော်ဆောင်နိုင်ဖို့လိုသည်။ သို့မှသာ ရောက်ဖူးရုံ အဆင့်လာခြင်းမျိုးမဟုတ်ဘဲ ကြိမ်ဖန်များစွာ လာရောက်လေ့လာလိုစိတ်များ၊ စိတ်အပန်းဖြေမှုများ ရရှိနိုင်မည့်နေရာအဖြစ် အသိအမှတ်ပြုလာနိုင်ကြမည် ဖြစ်ပါသည်။ ။

## ပေါက်တောမြို့နယ် သရက်တောကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**ပေါက်တော မေ ၂၃**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ် သရက်တောကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မေ ၂၂ ရက်က သရက်တောကျေးရွာ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ဖွင့်လှစ်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်တင်တင်စိန်၊ သရက်တောကျေးရွာ စာကြည့်တိုက် ဥက္ကဋ္ဌ ဦးညီကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်သို့ စာအုပ်စာစောင်များ လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူသည်။

အဆိုပါစာကြည့်တိုက်မှာ အလျား ၁၅ ပေ ၊ အနံ ကိုးပေ၊ အမြင့် ရှစ်ပေရှိ တစ်ထပ်အုတ်တိုင် အဆောက်အအုံအမျိုးအစားဖြစ်သည်။ ထို့အပြင် စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သရက်တောကျေးရွာ စာကြည့်တိုက်အဆောက်အအုံရှေ့၌ နံရံကပ်စာစောင်ပြပွဲ၊ မြန်မာ့အလှ သဘာဝရှုခင်းဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲများ ခင်းကျင်းပြသသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)



## အဆာဟိသူနာပြုနှင့် သက်ကြီးရွယ်အို ကူညီစောင့်ရှောက်ရေးသင်တန်း မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

**မြစ်ကြီးနား မေ ၂၃**

ဂျပန်နိုင်ငံ၌ စိတ်ပါဝင်စားမှု အများဆုံး ရရှိထားသည့် အဆာဟိသူနာပြုနှင့် သက်ကြီးရွယ်အို ကူညီစောင့်ရှောက်ရေး သင်တန်း (Asahi Nursing & Welfare Training Center) မိတ်ဆက်ပွဲကို မေ၂၁ ရက်က မြစ်ကြီးနား မြို့သစ်ရပ်ကွက်ရှိ ဝိုင်အမ်စီအေခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် ဖိတ်ကြားထားသူများ၊ မြို့ပေါ်ရပ်ကွက် ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် စိတ်ပါဝင်စားသည့် လူငယ်မောင်မယ်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ Asahi Nursing & Wlfare Training Center မှ မန်နေဂျင်းဒါရိုက်တာ Mr. Nagakawa က ယနေ့အချိန်အခါတွင် မည်သည့်နိုင်ငံတွင်မဆို သက်ကြီးရွယ်အိုများ များပြားလာပြီး နည်းစနစ်မှန်ကန်စွာ ပြုစုစောင့်ရှောက်ခြင်းဖြင့် သက်ကြီးဘိုးဘွားများအား စိတ်အေးချမ်းသာစေမည် ဖြစ်ကြောင်း၊ မိမိတို့ သင်တန်းမှ သက်ကြီးဘိုးဘွားများအား ပြုစုစောင့်ရှောက်ခြင်းအပြင် သူနာပြုသင်တန်း၊ ဂျပန်ဘာသာစကားနှင့် စာပေများလည်း အချိန်ကာလအပိုင်းအခြားဖြင့် သင်ကြားပေးလျက်ရှိပါကြောင်း၊ ဂျပန်ဘာသာစကားနှင့် စာပေတတ်မြောက်သူများအား အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက်လည်း လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံမှာ ရာသီဥတုတူညီမှုများ ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ သင်ကြားသင်ယူမှုဆိုင်ရာများနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ မန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကာ တက်ရောက်လာသူများအား အဆာဟိသူနာပြုနှင့် သက်ကြီးရွယ်အို ကူညီစောင့်ရှောက်ရေးသင်တန်း လက်ကမ်းစာစောင်များအား ဝေငှပေးခဲ့ကြောင်း သိရသည်။

ဝင်းနိုင် (ကချင်မြေ)



နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

# မဂွေဇ-ခေါင်လန်ဖူး ဒေသက အိပ်မက်လမ်းတစ်သွယ် (၂)

မြင့်စိုး (နတလ)



### တွေ့ပါများတော့ ခင်၊ မြင်ပါများတော့ ရင်းနှီး

၁၉၈၉ ခုနှစ်မှာ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ခဲ့သည်။ ၁၉၉၅ ခုနှစ်မှာ ကျွန်တော် နတလသို့ရောက်သည်။ လက်လှမ်းတမီ မြင်ခဲ့တွေ့ခဲ့ကြုံခဲ့သမျှ အချိန်ကာလတစ်ခုအရ နယ်စပ်ဒေသများစွာထဲမှာ ဖောက်လုပ်ပေးခဲ့သော လမ်းတွေထဲက စီးပွားရေးအရ တွက်ခြေကိုက်သော လမ်းလုပ်ငန်းတစ်ခုခု (သို့မဟုတ်) တံတားတစ်စင်းတလေများ ရှိခဲ့သလား မေးလာပါမူ၊ မရှိပါဟူ၍ဘဲ ကျွန်တော်ဖြေရပါလိမ့်မည်။ နယ်စပ်ဒေသများမှာ လမ်း/တံတားလုပ်ငန်းများ စတင်ဆောင်ရွက်ပေးပြီဆိုကတည်းက စီးပွားရေးတွက်ခြေကိုက်ခြင်း မကိုက်ခြင်း ဆိုသည့်အချက်ကို ထည့်သွင်းစဉ်းစား၍ မရတော့ဘဲ၊ နှစ်ပေါင်းများစွာ အလှမ်းကွာဝေးနေကြသည့် တိုင်းရင်းသားသွေးချင်းများ၊ တစ်နေရာနှင့် တစ်နေရာ လွယ်ကူချောမွေ့စွာ ကူးလူးဆက်ဆံနိုင်စေဖို့၊ တွေ့ပါများတော့ခင်၊ မြင်ပါများတော့ ရင်းနှီးဆိုသကဲ့သို့ လူမျိုး တစ်မျိုးနှင့်တစ်မျိုး ချစ်ကြည်ရင်းနှီးမှုမှသည် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ရှင်သန်ခိုင်မာ ထွန်းကားပြန့်ပွားလာစေဖို့ ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

နောက်တစ်ခု- ထိုနောက်တစ်ခုက နည်းနည်းပို၍ သတိပြုရမည့်အချက် ဖြစ်သည်။ နတလကို ရောက်ပြီး ၁၉၉၅- ၁၉၉၆ နှစ်များအတွင်းမှာပဲ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း နယ်စပ်ဒေသများကို ရောက်ခဲ့သည်။ ရောက်တုန်းရောက်ခိုက် တိုင်းရင်းသားများနှင့် ထွေရာလေးပါးစကားပြောရင်း အစဉ်အဆက် တာဝန်ယူခဲ့သည့် မိမိတို့နိုင်ငံ၏ ခေါင်းဆောင်များနာမည်ကို ပြောပြပြီး သိ မသိ မေးမြန်းကြည့်ရာ မသိပါ မကြားဖူးပါ၊ မမြင်ဖူးပါ ဆိုသည့် အဖြေများကိုသာ ကြားခဲ့ရ၏၊ သို့သော်ငြားလည်း တစ်ဖက်နိုင်ငံ၏ ဘုရင်၊ ထိုဘုရင်၏ မိသားစုအကြောင်းကို မေးပါမူ သိတဲ့သူက ခပ်များများဖြစ်နေသည်။ မိမိတို့က နယ်စပ်ဒေသများနှင့် နှစ်ပေါင်းများစွာ ထိတွေ့ဆက်ဆံမှု နည်းပါးကင်းကွာနေချိန်မှာ သူများက သည်အခွင့်အရေးကို ရသွားခဲ့သည်။

သို့ဖြစ်၍ နယ်စပ်ဒေသများ၌ မိမိတို့နိုင်ငံတော်၊ မိမိတို့နိုင်ငံပိုင်မြေအပေါ် အချုပ်အခြာအာဏာ သက်ရောက်စေရေးအတွက်လည်း နယ်စပ်လမ်းများသည် မဖြစ်မနေ လိုအပ်လျက်ရှိပါကြောင်း တွေ့ရမည်ဖြစ်သည်။ နယ်စပ်ဒေသတစ်ခုအတွင်းမှ လမ်းများသာမက နယ်စပ်ဒေသ တစ်ခုနှင့် တစ်ခု ထိုမှ ပြည်နယ်တစ်ခုနှင့် တစ်ခု၊ တိုင်းဒေသကြီးတစ်ခုနှင့် ပြည်နယ်တစ်ခု ဆီသို့ ဆက်သွယ်ထားသော နယ်စပ်ပတ်လမ်းများ တစ်ခုပြီးတစ်ခု တစ်လမ်းပြီးတစ်လမ်း ပေါ်ပေါက်လာရေးသည်လည်း အလွန်အရေးကြီးကြောင်း တွေ့ရမည်သာ။

### ပူတာအိုမှသည် မဂွေဇ-ခေါင်လန်ဖူးဆီသို့

မိမိတို့ဘဝ ရှင်သန်ရပ်တည်ရေးအတွက် အခက်အခဲ အကျပ်အတည်းပေါင်းစုံနှင့် ရင်ဆိုင်ကျော်လွှားခဲ့ရသော ခေါင်လန်ဖူးဒေသ၊ ဝန်ထမ်းများ၏ ချွေးစက်များနှင့်ရင်း၍ အလှဆင်ခဲ့ရသော ခေါင်လန်ဖူးဒေသ၊ ထိုဒေသရှိ ဒေသခံတိုင်းရင်းသားများ၏ စားဝတ်နေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ လမ်းညွှန်မှုဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနသည် မဂွေဇ - ခေါင်လန်ဖူးလမ်း ၆၅ မိုင် လေးဖာလုံကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်၍ ဖောက်လုပ်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မဂွေဇမှ ငါ့လုံဒမ်းအထိ ၂၅ မိုင် ၄ ဖာလုံကို စီမံကိန်းအပိုင်း ၁ အဖြစ် သတ်မှတ်၍ ၃၄ ပေအကျယ် မြေသားလမ်း၊ Box Culvert ၇၅ ခု၊ တံတား ကြီး/ငယ် စင်းရေ ၁၂ စင်း တည်ဆောက်ဖောက်လုပ်ခဲ့ပြီး ယင်းအပိုင်းတွင် ကျောက်လမ်း ရှစ်မိုင် ခင်းပြီးဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငါ့လုံဒမ်းမှ ရီဒမ်းအထိ ၁၈ မိုင် လေးဖာလုံကို စီမံကိန်းအပိုင်း ၂ အဖြစ် သတ်မှတ်၍ ဆက်လက်ဖောက်လုပ်ခဲ့သည်။ ရှန်ငေါ်တောင်တန်းနှင့် ပေ ၈၀၀၀ ကျော် မြင့်မားသော ဆန်းလွတ်ချက်တောင်ထိပ်ကို ဖြတ်သန်းဖောက်လုပ်ရသော အခက်အခဲဆုံးအပိုင်းဖြစ်သည်။ ကျောက်တောင်များကို မိုင်းအဆင့်ဆင့်ခွဲ၍ ယန္တရားမျိုးစုံသုံးပြီး ဆောင်ရွက်ခဲ့ရသည်။ တပ်မတော်စစ်အင်ဂျင်နီယာတပ်ဖွဲ့မှ မိုင်းကျွမ်းကျင်စစ်သည်များ၊ စက်ယန္တရားမောင်းစစ်သည်များ ပါဝင်ကူညီဆောင်ရွက်လျက်ရှိသည်။ မိုင်းများအဆင့်ဆင့်ခွဲ၍ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ယမ်းများ သယ်ယူရာတွင်လည်းကောင်း၊ ယန္တရားများအတွက် လိုအပ်သည့် စက်သုံးဆီများ သယ်ယူရာတွင်လည်းကောင်း ရာသီဥတုကန့်သတ်ချက်၊ လမ်းပန်းဆက်သွယ်ရေး ကန့်သက်ချက်များ ကြုံတွေ့လာရသဖြင့် တပ်မတော်ရဟတ်ယာဉ်၊ လေယာဉ်များဖြင့် အဆင့်ဆင့် ပို့ဆောင်၍ ဆောင်ရွက်ခဲ့ကြရသည်။ အဆိုပါ ငါ့လုံဒမ်း - ရီဒမ်းလမ်းပိုင်းတွင် ဖြေရှင်းဆောင်ရွက်ရမည့် ဒုတိယအခက်အခဲတစ်ခုမှာ မေခမြစ်ကူးတံတားတစ်စင်း ထပ်မံတည်ဆောက်ရေးဖြစ်သည်။

ယခုလက်ရှိ အခြေအနေမှာ အလျား ပေ ၃၆၀၊ အကျယ် ၁၀ ပေရှိသော ကြိုးတံတားတစ်စင်းရှိနေပြီး၊ လူ၊ လား၊ မြင်းနှင့် ဆိုင်ကယ်များကူးဖို့ရာလောက်ပဲ အဆင်ပြေနိုင်မည်။ ၂၀၀၈ ခုနှစ်က တည်ဆောက်ဖွင့်လှစ်ထားသော တံတားဖြစ်ပြီး ထိုတံတားတည်ဆောက်ရေး ကိစ္စအတွက် သက်ဆိုင်ရာ ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားမည်ဖြစ်သည်။ မေခမြစ်က ရေစီးကြမ်းသည်ကတော့ အမှန်ပင်။ စီမံကိန်းအပိုင်း ၃ ဖြစ်သော ရီဒင်း - ခေါင်လန်ဖူး လမ်းပိုင်း ၂၀ မိုင် လေးဖာလုံကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပထမ ခြောက်လဘတ်ဂျက်နှင့် ဒုတိယ ၁၂ လဘတ်ဂျက်တွင် အမြန်ဆုံး ဆက်လက် ဖောက်လုပ်သွားမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ်မှာ အနည်းဆုံးတော့ ခေါင်လန်ဖူးဒေသသို့ တစ်ကြောင်းထိုး၊ ဤကားလမ်း ပေါက်သွားပြီဆိုပါလျှင် လား၊ မြင်းများအပါအဝင် ခေါင်းရွက်ကျောပိုးဖြင့် စားနပ်ရိက္ခာ သယ်ယူရသောဒုက္ခ၊ ခေါင်လန်ဖူးမှ မဂွေဇအထိ (ရှေးယခင်က ပူတာအိုအထိ) မိုင်ပေါင်းများစွာ ခြေကျင်လျှောက်ရသော ဒုက္ခများ အေးငြိမ်းသွားမည်မှာ မြေကြီးလက်ခတ် မလွဲပေ။

### လမ်းညွှန်ကြီးကြပ် ပေါင်းစပ်ညှိနှိုင်း

မဂွေဇ - ခေါင်လန်ဖူး ၆၅ မိုင် လေးဖာလုံကားလမ်းကို အိပ်မက်လမ်းဟု ကျွန်တော် တင်စားခေါ်ဝေါ်ခဲ့ပြီး ဖြစ်ပါသည်။ ဒေသခံ ရဝမ်၊ လီဆူ တိုင်းရင်းသားအားလုံးက နှစ်ပေါင်းများစွာ မက်ခဲ့သော အိပ်မက်တစ်ခုဖြစ်၍ အိပ်မက်မှုန်းထပြီး လက်တွေ့ကျကျ မြင်တွေ့နိုင်ဖို့ရာ ဝိုင်းဝန်းကြိုးပမ်းဖောက်လုပ်ပေးနေခြင်း ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရကလည်း လမ်းညွှန်မှုပေးသည်။ တပ်မတော်ကလည်း အကူအညီများစွာပေးခဲ့သည်။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ကစထမှူး၊ တိုင်းမှူးတို့နှင့် ညှိနှိုင်းပေါင်းစပ် လမ်းညွှန်မှုများပေး၍ မကြာမကြာ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ အမြဲတမ်းအတွင်းဝန် (နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်) ဦးရဲနိုင်၊ လုပ်ငန်းညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့သည်လည်းကောင်း၊ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ်နှင့် သူ၏တပည့် ဦးဒီပါမောင်တို့ အင်ဂျင်နီယာအဖွဲ့သည်လည်းကောင်း ထိုလမ်း စတင်ဖောက်လုပ်ချိန်မှ ယနေ့အထိ အခေါက်ပေါင်းများစွာ သွားရောက်ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီးဖြစ်သည်။

စာရေးသူ ကျွန်တော့်အနေဖြင့်မူ ထိုလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ တစ်ကြိမ်သာ ရောက်ဖူးသေးသည်။ နောင်မွန်းနှင့် ပန်နန်းဒင်မြို့များသို့ ရောက်ခဲ့သော်လည်း၊ ခေါင်လန်ဖူးမြို့အထိတော့ မရောက်ဖြစ်ခဲ့။ ဆန်းလွတ်ချက်တောင်ထိပ်မှ လမ်းလျှောက်ဆင်းသွားလျှင် မေခမြစ်သို့ ဖြောင့်ဖြောင့်တန်းတန်းကြီး ရောက်သွားပါမည်။ ထိုမှ ခေါင်လန်ဖူးမြို့ အသွားခရီးကိုလည်း မကြောက်ပါ၊ လျှောက်နိုင်ပါလိမ့်မည်။ သို့သော် အပြန်ခရီးမှာ မေခမြစ်ကနေ ဆန်းလွတ်ချက်တောင်ထိပ်အထိ ၁၁ မိုင် လေးဖာလုံခရီးကို လမ်းလျှောက်တက်ဖို့ကတော့ ကျွန်တော်၏ အသက်အရွယ်နှင့် လုပ်အားနှုန်းအရ မစွန့်စားသင့်တော့၍ မသွားဖြစ်ခဲ့ခြင်းရယ်ပါ။ တပည့်ကျော် ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ဦးနှင့် အဖွဲ့ကတော့ ခေါင်လန်ဖူးအထိ လမ်းလျှောက်၍ အရောက်သွားခဲ့ကြပြီးဖြစ်သည်။

ကိုကြည်ဟန်က အညာသားစစ်စစ်၊ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ကံထူးမကျေးရွာအုပ်စု ဝါးရုံရင်းကျေးရွာဇာတိဖြစ်သည်။ သူနှင့် ပူတာအိုတွင် ဖူးစာဆုံခဲ့သော သူ၏ဇနီးဖြစ်သူ ဒေါ်မေရမ်က ခေါင်လန်ဖူးဇာတိဖွား ရဝမ်တိုင်းရင်းသူဖြစ်၏၊ ရဝမ်တိုင်းရင်းသူနှင့် အကြောင်းပါသောအခါ ကိုကြည်ဟန်တစ်ယောက် ခေါင်လန်ဖူးဒေသကို သံယောဇဉ်ကြီးခဲ့မိသည်မှာ မဆန်းပေ၊ သူတတ်ကျွမ်းသော ယန္တရားမောင်းပညာဖြင့် မဂွေဇ - ခေါင်လန်ဖူးကားလမ်း ဖောက်လုပ်ရေးတွင် ရှေ့ပြေးတောတိုးဖောက်လုပ်နေသော ယာဉ်/ယန္တရားအုပ်စုခေါင်းဆောင်အဖြစ် တာဝန်ယူ ဆောင်ရွက်နေပေသည်။ နေပူမရှောင် မိုးရွာမရှောင် (တစ်ခါတစ်ရံ ပြိုကျလာတတ်သော ကျောက်တုံးကျောက်ခဲကြီးများကိုလည်း မရှောင်နိုင်လောက်အောင်) ကြိုးပမ်းဖောက်လုပ်နေသူ ဖြစ်သည်။ ခေါင်လန်ဖူးဒေသက တိုင်းရင်းသားများကလည်း သူ့ကို သံယောဇဉ်ရှိကြသည်။ တောကောင်တွေ ဘာတွေရလာလျှင် ကိုကြည်ဟန်စားဖို့ဆိုပြီး လာပေးတတ်ကြသည်။ မဂွေဇ - ခေါင်လန်ဖူး လမ်းဖောက်လုပ်ရေးလုပ်ငန်း သွားရောက်ကြည့်ရှုစစ်ဆေးရင်း သူတို့မိသားစုနှင့် ရင်းနှီးခင်မင်ခဲ့သည်။ သူတို့ ချက်ပြုတ်ကျွေးမွေးခဲ့သော ရဝမ်ရိုးရာအစားအစာများကိုလည်း ကျေးဇူးတင်စွာ စားခဲ့ရသည်။ ကျွန်တော်က ကိုကြည်ဟန်အတွက် အနွေးအကျႌတစ်ထည် ပြန်လည်၍ လက်ဆောင်ပေးခဲ့သည်။ အကျႌတွင် 4 in 1 ရေးထားပေရာ သူတို့ဆီမှာ ရာသီဥတုလေးမျိုး အသုံးတည့်သည့် သဘောမျိုးလားတော့ မသိပေ။

### အိပ်မက်လမ်းဆီသို့ ရောက်ချင်ပါသေးသည်

ခေါင်လန်ဖူးဒေသသို့ နောက်တစ်ကြိမ် သွားရောက်ရန် အခွင့်အရေးနည်းပါးသွားပြီဖြစ်ပါသည်။ ထိုလမ်းကြီးပေါက်ပြီဆိုလျှင် ကျွန်တော်လည်း အငြိမ်းစားဝန်ထမ်းဘဝသို့ ရောက်နေပြီးဖြစ်ပါမည်။ သို့သော် ရောက်ခဲ့ဖူးသော၊ သွားခဲ့ဖူးသော ထိုဒေသမှ ဒေသခံတိုင်းရင်းသားများအတွက် အဆိုပါ အိပ်မက်လမ်းကြီးတစ်သွယ် ပေါ်ပေါက်လာပြီဆိုလျှင် ရောက်ရာအရပ်မှ နေ၍ ဝမ်းမြောက်ဝမ်းသာဖြစ်နေမိမည်မှာ သေချာပါသည်။ ပူတာအို၊ နောင်မွန်း၊ ပန်နန်းဒင်၊ ခေါင်လန်ဖူးဒေသများမှ တိုင်းရင်းသားအားလုံးအတွက် အထက်ပါ မဂွေဇ - ခေါင်လန်ဖူး အိပ်မက်လမ်းတစ်သွယ် အမြန်ပေါ်ပေါက်လာပါစေကြောင်း ဆုမွန်တောင်းလျက်.......။ ။

**"နယ်စပ်ဒေသများ၌ မိမိတို့နိုင်ငံတော်၊ မိမိတို့နိုင်ငံပိုင်မြေအပေါ် အချုပ်အခြာအာဏာ သက်ရောက်စေရေး အတွက်လည်း နယ်စပ်လမ်းများသည် မဖြစ်မနေ လိုအပ်လျက်ရှိပါကြောင်း တွေ့ရမည်ဖြစ်သည်၊ နယ်စပ် ဒေသတစ်ခုအတွင်းမှ လမ်းများသာမက နယ်စပ်ဒေသ တစ်ခုနှင့် တစ်ခု ထိုမှ ပြည်နယ်တစ်ခုနှင့် တစ်ခု၊ တိုင်းဒေသကြီးတစ်ခုနှင့် ပြည်နယ်တစ်ခု ဆီသို့ ဆက်သွယ်ထားသော နယ်စပ်ပတ်လမ်းများ တစ်ခုပြီးတစ်ခု တစ်လမ်းပြီးတစ်လမ်း ပေါ်ပေါက်လာရေးသည်လည်း အလွန်အရေးကြီး"**

## လေဘေးသင့်အိမ်ထောင်စုများသို့ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး ပစ္စည်းများ ပေးအပ်

မိုးကောင်း ဧပြီ ၂၃

မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ထုံးရေပေါက်ကျေးရွာအုပ်စု၌ ဧပြီ ၁၀ ရက်ညက လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၀ လုံး ခေါင်မိုးများပျက်စီးပြီး သုံးဘီးဆိုင်ကယ်မောင်းနှင်လာသူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါနေအိမ်များပြုပြင်ရန်အတွက် ဧပြီ ၂၁ ရက်က အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၉၀၂၇၀၀၊ လေဘေးသင့်ပြည်သူ ၄၃ ဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာတန်ဖိုး ငွေကျပ် ၉၀၃၀၀၊ ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ လေဘေးသင့်အိမ်ထောင်စု ၁၀ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးပါ ပုံးတစ်ပုံးစီတို့ကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနကိုယ်စား ဒုတိယဦးစီးမှူး ဒေါ်ရွှေစင်နိုင်နှင့် ဒေါ်ရင်ငြိမ်းအေးတို့က ထုံးရေပေါက်ကျေးရွာသို့ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းအောင်

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကျေးရွာ ၈၁ ရွာ ရေပေးဝေရေးလုပ်ငန်းများ လုပ်ဆောင်ပေးမည်

**မုံရွာ ဧပြီ ၂၃**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ကိုးခုမှ ကျေးရွာပေါင်း ၈၁ ရွာ၌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ ၁၂၂၅ သန်းကျော်ဖြင့် ရေရရှိရေးနည်းလမ်း ခြောက်မျိုး လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ကျေးလက်နေပြည်သူတွေ သန့်ရှင်းတဲ့ သောက်သုံးရေ အလုံအလောက်ရရှိရေးကို ဘဏ္ဍာနှစ်အလိုက် လုပ်ဆောင်ပေးတာပါ။ အခုဘဏ္ဍာနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လအတွင်းမှာ အခုရေရရှိရေးလုပ်ငန်းအားလုံးကို အပြီးလုပ်ဆောင်ပေးသွားမှာပါ၊ လုပ်ငန်းအားလုံးရဲ့ ကုန်ကျငွေကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေကျပ် ၁၂၂၅ သန်းကျော်နဲ့ လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းကျော်မျိုးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ကျေးလက်ရေရရှိရေးလုပ်ငန်းများအဖြစ် ကလေးခရိုင်အတွင်းရှိ ကျေးရွာ ၁၀ ရွာတွင် တွင်းနက် ခုနစ်တွင်း၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း သုံးခုအား ငွေကျပ် ၁၆၉ သန်းဖြင့် လည်းကောင်း၊ ကသာခရိုင်အတွင်းရှိ ကျေးရွာ ၁၉ ရွာတွင် တွင်းတိမ် တစ်တွင်း၊ တွင်းနက် ၁၁ တွင်း၊ လက်တူးတွင်း သုံးတွင်းနှင့် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း လေးခုအားငွေကျပ် ၂၄၆ သန်းဖြင့် လည်းကောင်း၊ ကန့်ဘလူခရိုင်အတွင်းရှိ ကျေးရွာ ခုနစ်ရွာတွင် တွင်းနက် ခုနစ်တွင်းအား ငွေကျပ် ၈၉ သန်းဖြင့် လည်းကောင်း၊ ခန္တီးခရိုင်အတွင်းရှိ ကျေးရွာ ခြောက်ရွာတွင် တွင်းနက် လေးတွင်း၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း နှစ်ခုကို ငွေကျပ် ၈၃ ဒသမ ၂၀၀ သန်းဖြင့် လည်းကောင်း၊ စစ်ကိုင်းခရိုင်အတွင်းရှိ ကျေးရွာ ခုနစ်ရွာတွင် တွင်းနက် နှစ်တွင်း၊ အခြားနည်းဖြင့် ရေရရှိရေးလုပ်ငန်း ငါးခုကို ငွေကျပ် ၁၃၉ ဒသမ ၀၈၃ သန်းဖြင့် လည်းကောင်း၊ မုံရွာခရိုင်အတွင်းရှိ ကျေးရွာ ခြောက်ရွာတွင် တွင်းနက် ခြောက်တွင်းကို ငွေကျပ် ၉၃ ဒသမ ၇၀၀ သန်းဖြင့် လည်းကောင်း၊ မော်လိုက်ခရိုင်အတွင်းရှိ ကျေးရွာ ငါးရွာတွင် တွင်းနက် ငါးတွင်းကို ငွေကျပ် ၆၄ သန်းဖြင့် လည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ ကျေးရွာ ကိုးရွာတွင် တွင်းနက် ရှစ်တွင်းနှင့် ရေကန်တူးဖော်ခြင်းလုပ်ငန်းကို ငွေကျပ် ၁၃၉ ဒသမ ၂၀၀ သန်းဖြင့် လည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ ကျေးရွာ ၁၂ ရွာတွင် တွင်းနက် ၁၁ တွင်းနှင့် တက်တူးတွင်း တစ်တွင်းကို ငွေကျပ် ၂၀၁ ဒသမ ၇၀၀ သန်းဖြင့် လည်းကောင်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး (ဧယျာတိုင်း)**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

**အပူဒဏ်အန္တရာယ် သတိပြုဖွယ်**

ကာယလုပ်သားများ၊ လယ်သမားများ၊ အငှားယာဉ်မောင်းသူများ၊ အားကစားသမားများနှင့် နေရောင်အောက်တွင် သွားလာလှုပ်ရှားနေရသူများ

၁။ ပူပြင်းသောနေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့် နေရာများတွင် မကြာခဏအနားယူပါ။

၃။ အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## တနင်္သာရီမြို့နယ် ဗောဓိကမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း လှူဒါန်းဆောက်လုပ်ပေးလျက်ရှိ

**တနင်္သာရီ ဧပြီလ ၂၃**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ဆင်ခြေဖုန်းကျေးရွာအုပ်စု ဗောဓိကမ်းကျေးရွာရှိ ကျောင်းသား ကျောင်းသူများသည် တနင်္သာရီမြစ်ကို ဖြတ်၍ နေ့စဉ်ကူးတို့လှေဖြင့်ကူး၍ ရေခြားမြေခြား ကျောင်းတက်နေရသဖြင့် အမှန်တကယ်လိုအပ်နေသည့် ဗောဓိကမ်းရွာ အခြေခံပညာမူလတန်း ကျောင်းဆောင်အား တနင်္သာရီမြို့နေ ထူးထက်ရှိန်ကုမ္ပဏီက လှူဒါန်းဆောက်လုပ်ပေးလျက်ရှိရာ ယနေ့အချိန်အထိ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



အဆိုပါကျောင်းဆောက်လုပ်ရန် ဗောဓိကမ်းရွာအဝင် ကားလမ်းနံဘေးရှိ တောင်ကုန်းမြေတစ်ဧကကို ဝယ်ယူပြီး စက်ယန္တရားဖြင့် မြေညှိဆောင်ရွက်ပေးခဲ့ကာ အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေ RC သွပ်မိုး တစ်ထပ် အဆောက်အအုံအား ခန့်မှန်းကုန်ကျငွေကျပ် ၃၅၀ သိန်းခန့်ဖြင့် လှူဒါန်းရန် ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

"ဗောဓိကမ်းရွာက ကျောင်းသား ကျောင်းသူ ၅၀ ခန့်ဟာ ဗောဓိကမ်းရွာကတစ်ဆင့် တနင်္သာရီမြို့က အထက်တန်းကို နေ့စဉ် ကူးတို့လှေနဲ့ကူးပြီး ရေခြားမြေခြားကျောင်းတက်နေကြတာကို နေ့စဉ်မြင်တွေ့နေရလို့ စိတ်မချမ်းသာ ဖြစ်မိတယ်၊ နောက်ပြီး ပိုဆိုးတာက မိုးတွင်းကာလဆိုရင် ဝတ်စုံအပိုထည့်ပြီးမှ ကျောင်းတက်နေရတာတွေကို ကရုဏာဖြစ်မိလို့ မိမိစိတ်ကူးနဲ့ လှူဒါန်းဆောက်လုပ်ပေးတာပါ၊ ဒီကျောင်းပြီးသွားရင်လည်း သက်ဆိုင်ရာပညာရေးဌာနကို တရားဝင်လွှဲပြောင်းပေးသွားမှာဖြစ်တယ်" ဟု အလှူရှင် ဦးတင်ရှိန်က ပြောသည်။

**နန်းသာရီ-ထိန်ဝင်း**

## ဧပြီလထုတ် သုတပဒေသာစာစောင် ကဏ္ဍစုံလင်စွာထွက်ပြီ




၁၉၇၃ ခုနှစ် ဇူလိုင်လမှစတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။

ဧပြီလထုတ် သုတပဒေသာစာစောင်တွင် ဆရာကိုဇော်ဒွေး (ယဉ်ကျေးမှု)၊ ဦးဟန်ညွန့် (ဥပဒေ)၊ ဒေါက်တာကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)၊ သန်းစော (စီပီအေ) တို့၏ "ယနေ့လူငယ်များနှင့် မြန်မာ့ယဉ်ကျေးမှု" မျက်နှာဖုံးဆောင်းပါးများ၊ ဟိန်းလတ်၊ ကြည်မင်း၊ မောင်ပေါ်ထွန်းတို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ ဇင်မင်း၊ စည်သူလှိုင်၊ မဟာသဒ္ဓမ္မဇောတိကဓဇ စည်သူဒေါက်တာ ခင်မောင်ညွန့်တို့၏ နိုင်ငံရေးရာဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ တင်ညွန့်၊ မြသိန်းတို့၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာဆောင်းပါးများ၊ သောင်းထိုက်ဦး (သဃ်န်းကျွန်းကြီး)၊ ရည်ဝင်းလှိုင်၊ ဒေါက်တာ မြင့်သန်း (သန္တေသား)၊ ဒေါ်စောကြိုင် (အငြိမ်းစားပါမောက္ခ)၊ တက္ကသိုလ်မိုးမြင့်တို့၏ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ခိုင်ဇော် (ဒဿန)၊ တင်ကြည်အောင် (တွံတေး) တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ဖိုးရန်နိုင် (ကျောက်ကြီး)၊ ဆွေဇင်ညွန့်၊ စိုးစိုး (ပန်းတောင်း)၊ ပါမောက္ခ ဦးသိန်းလှိုင်၊ ကိုရင်ကျော်၊ ခြယ်မှုန်းသီ၊ ကျော်ဝင်းဟိန်း (ပခုက္ကူ)၊ ဆောင်းဝင်းလတ်၊ မောင်ကျေးဇူး၊ ကေအက်စ်၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် တ-၅၅၊ သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး ဖုန်း ၀၂-၃၀၁၈၆ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူ လိုပါက ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကချင်ပြည်နယ်အတွင်းရှိ ရွှေဘို-မြစ်ကြီးနား ကားလမ်းပိုင်းတွင် တိုးဂိတ်ပေါင်းလေးခု မကြာမီ ဆောက်လုပ်သွားမည်

**မိုးညှင်း ဧပြီ ၂၃**

ကချင်ပြည်နယ်အတွင်းရှိ ရွှေဘို-မြစ်ကြီးနားကားလမ်းပိုင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုးညှင်း၊ ဟိုပင်၊ မိုးကောင်း၊ မြစ်ကြီးနား စသည့်မြို့များတွင် ခေတ်မီနည်းပညာများ တပ်ဆင်ထားသည့် တိုးဂိတ်ပေါင်း လေးခုကို ကချင်ပြည်နယ်အစိုးရအစီအစဉ်ဖြင့် နှစ်နှစ်အတွင်း ဆောက်လုပ်သွားမည်ဖြစ်ပြီး ကားလမ်းကိုလည်း လက်ရှိအကျယ် ၁၈ ပေမှ ၂၄ ပေအထိ ကွန်ကရစ်ကတ္တရာလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုးဂိတ်ဆောက်လုပ်မည့်နေရာတွင် ကားလမ်းသည် ခြောက်လမ်းသွားအထိ ကျယ်ပြီး တစ်ဖက်ယာဉ်ကြော သုံးခုစီ ညာဘက်အစွန်ဆုံး ယာဉ်ကြောမှာလည်း ကတ္တားတွေရှိပြီး ကုန်တင်ကားတွေ ဖြတ်သန်းရမည်ဖြစ်ကြောင်း တိုးဂိတ်တိုင်းမှာ CCTV Camera နှင့် ကားထဲမှာပါသည့် ပစ္စည်းများကို ထိုးဖောက်စစ်ဆေးနိုင်သည့် X-Ray စက်တွေကိုပါ တပ်ဆင်ထားမည်ဖြစ်ကြောင်း လမ်းဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ကချင်ပြည်နယ်အတွင်း မြို့အဝင်ဘီးကောက်လိုင်စင်များကို ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ မီနီဘတ်ဂျက် ခြောက်လအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လေလံစနစ်ဖြင့် ရောင်းချခဲ့သော မြို့ဝင်ဘီးကောက်လိုင်စင်များအား ဧပြီလ ၁၉ ရက်နေ့မှ စတင်၍ကောက်ခံခြင်းမပြုရန် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ဆက်လက်ညွှန်ကြားခဲ့ကြောင်း သိရသည်။

**နီတိုး**

## မိတ္ထီလာတွင် သက်ကြီးဘိုးဘွားပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ




**မိတ္ထီလာ ဧပြီ ၂၃**

မိတ္ထီလာတွင် ဧပြီလတတိယပတ်က သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သက်ကြီးဘိုးဘွားပူဇော်ပွဲကို အောင်မင်္ဂလာခန်းမတွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မောင်သင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းကိုကို၊ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းဌေး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက အသက် ၉၀ ကျော် ဘိုးဘွား ၁၃၂ ဦးအား ထောက်ပံ့ငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပြီး ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ဇီဝိတဒါနငါးလွှတ်ပွဲကို အထက ၁ အနီး ကျင်းပရာ မိတ္ထီလာကန်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ငါးသောင်းကျော်ကို မြန်မာနှစ်သစ်ကူးနှစ်ဆန်းတစ်ရက် ဇီဝိတဒါနအဖြစ် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ကျွန်းလှအထက၌ ဂါလန် ၂၄၀၀ ဆံ့ရေစင် တည်ဆောက်ရေး ဆွေးနွေး

**ကျွန်းလှ ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှအထက၌ ဧပြီ ၂၂ ရက်နေ့က ဂါလန် ၂၄၀၀ ဆံ့ရေစင်တည်ဆောက်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခုအသုံးပြုလျက်ရှိသော ရေစင်မှာ ဂါလန် ၅၀၀ ဆံ့သာရှိပြီး နှစ်ပေါင်း ၂၀ ကျော်ကြာ၍ ပြိုကျပျက်စီးတော့မည်ဖြစ်ကြောင်း ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ စုစုပေါင်း ၂၅၀၀ ခန့်ရှိပြီး သောက်သုံးရေအတွက် အခက်အခဲရှိကြောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းဆွေက ပြောသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဖြိုး၊ ကျောင်းအုပ်ဆရာကြီး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျောင်းအကျိုးတော်ဆောင်များ ဆွေးနွေးကြရာ ရေစင်တည်ဆောက်ရာတွင် ငွေကျပ် သိန်း ၁၀၀ ခန့်ကုန်ကျမည်ဖြစ်ပြီး မန္တလေးမြို့ ဦးထွန်းထွန်းဝင်းမိသားစုက မတည်အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# တောင်ပေါ်ပန်းများ ပွင့်လန်းစေရာ... အမျိုးသမီး အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်း (ကွန်ဟိန်း)

**စိုင်းဇော်လတ် (လင်းခေး)**

စာရေးသူသည် ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းသို့ တစေ့တစောင်း သွားရောက်လေ့လာခဲ့ရပါသည်။

စာရေးသူ၏မိတ်ဆွေ ကွန်ဟိန်းမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဆရာမကြီး နှစ်ဦး၊ ဌာနလုပ်ဖော်ကိုင်ဖက်ဖြစ်သူ ဒေါ်နန်းသန္တာဦး (မြို့နယ်ပြန်/ဆက် ဦးစီးမှူး) တို့နှင့်အတူ သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းငွေလှ၏ အကူအညီဖြင့် ကျွန်းတစ်ထောင်မြေ (ခေါ်) ကွန်ဟိန်းမြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်အောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း (ကွန်ဟိန်း) သို့ တစေ့တစောင်း သွားရောက်လေ့လာခွင့် ရရှိခဲ့ပါသည်။

### ကျွန်းတစ်ထောင်မြေ

ထိုသို့သွားရောက်လေ့လာခဲ့ရသော အဆိုပါသင်တန်းကျောင်းနှင့် ပတ်သက်၍ စာရေးသူတို့ မှီတင်းနေထိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အသက်ရှင်နေထိုင်လျက်ရှိကြကုန်သော ပြည်ထောင်စုတိုင်းရင်းသား ညီအစ်မောင်နှမ အမျိုးသမီးများအားလုံးတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရရှိစေလိုခြင်း အလို့ငှာ ရည်ရွယ်စွာဖြင့် စာရေးသူမှ "ကျွန်းတစ်ထောင်မြေ၏ အလှပန်းများ ထာဝရမွှေးစေ



ချင်ပါသည်" ဟု ဖော်ပြ ရေးသားတင်ပြလိုပါသည်။

ကျွန်းတစ်ထောင်မြေ (ခေါ်) ကွန်ဟိန်းမြို့သည် ရှမ်းပြည်နယ်တောင်ပိုင်း အရှေ့မြောက်ဘက်အရပ် ၈၄ မိုင်အကွာတွင် တည်ရှိပြီး တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်သွားမော်တော်ကားလမ်း (ပြည်ထောင်စုလမ်းမကြီး) ပေါ်၌ တည်ထားသောမြို့တစ်မြို့ဖြစ်ပါသည်။ ဖော်ပြပါ အမျိုးသမီးများဘဝ လူနေမှုအဆင့်အတန်းဖွံ့ဖြိုးရေးဆိုင်ရာအကြောင်း တစေ့တစောင်း လေ့လာခဲ့ရမှုများအား မတင်ပြမီ စာရေးသူအနေဖြင့် ကျွန်းတစ်ထောင်မြေ၏ ဒေသန္တရ အထင်ကရနေရာများကို စာဖတ်သူတို့ထံ အနည်းငယ် ဝေမျှတင်ပြလိုပါသည်။

ကွန်ဟိန်းမြို့အား ရှေးနှစ်ပေါင်းများစွာကပင် ကျွန်းတစ်ထောင်မြေဟု ခေါ်ဝေါ်သမုတ်ခဲ့ကြကြောင်း ဒေသခံများက ဆိုပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၁၆၁၅ ပေရှိပြီး ရှမ်းပြည်နယ်တောင်ပေါ် မြေပြန့်မြို့ကလေးတစ်မြို့ဖြစ်သည်။ ရာသီဥတု အပူအအေးအသင့်အတင့်မျှတ၍ သဘာဝပေါက်ပင်များ ပေါများကာ စိမ်းလန်းသာယာသည်။ မြို့ပေါ်တွင် ရှမ်းတိုင်းရင်းသားလူမျိုးစု အများဆုံးနေထိုင်လျက်ရှိပြီး လားဟူ၊ အာခါ၊ ရွှေပလောင်၊ ငွေပလောင်၊ ကချင်၊ ဗမာ၊ ကရင်၊ ချင်း အခြားတိုင်းရင်းသားလူမျိုးစုများ အနည်းငယ်တို့ စုပေါင်းနေထိုင်ရာဒေသဖြစ်ကြောင်း တွေ့ရှိရပါသည်။

မြို့ပတ်ဝန်းကျင်ပတ်ပတ်လည် သာယာလှပသော ရှမ်းရိုးမတောင်တန်းများ ဝိုင်းရံလျက်ရှိသည်။ ကျယ်ပြန့်သော နမ့်ပန်ချောင်းကြီးမှ ကွန်ဟိန်းမြို့လယ်သို့ တောင်မြောက် ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ထိုနမ့်ပန်ချောင်းကြီးအား ဖြတ်သန်းတည်ဆောက်ထားသည့် ကွန်ဟိန်းတံတားကြီး၏ အကွေ့အကောက်သဏ္ဍာန်ဖြင့် တည်ဆောက်ထားပုံမှာလည်း သာယာလှပ ကဗျာဆန်လှသောကြောင့် ရှမ်းပြည်တောင်ပိုင်းတစ်ခွင်မှ ထင်ရှားလူသိများသော အရှည် ၁၁၈၅ ပေရှည်လျားပြီး အကျယ် ၃၂ ပေခွဲရှိ တံတားတစ်စင်း ဖြစ်ပေသည်။

### အထင်ကရနေရာများ

"နမ့်ပန်ချောင်း" စီးဆင်းလာရာတစ်လျှောက်နေရာတို့တွင် အရေအတွက်အားဖြင့် တစ်ထောင်ကျော်ခန့် ဖြစ်ထွန်းတည်ရှိလာခဲ့ခြင်းကြောင့် ရှမ်းဘာသာစကား (ကွန်ဟျိန်) မြန်မာဘာသာအားဖြင့် ကွန်ဟိန်းမြို့ဟု အမည်တွင်ခဲ့ခြင်းဖြစ်ကြောင်း မှတ်သားခဲ့ရပါသည်။ ထိုမျှမက ကွန်ဟိန်းမြို့သို့ ရောက်ရှိလာသူတိုင်း အပန်းဖြေလည်ပတ်စရာ ပတ်ဝန်းကျင် အထင်ကရနေရာများစွာ တည်ရှိသည့် ဒေသလည်းဖြစ်သည်။ မျက်မှောက်ကာလ၌ လူသိထင်ရှား အသွားအလာများပြားလာသည့် အထင်ကရနေရာများမှာ- ဝိန်းလုံရေတံခွန်၊ ဝမ်ပန်ရေတံခွန်၊ ဘီလူးမစေတီရေတံခွန်၊ ခွန်အော်သဘာဝရေတံခွန်များအပြင် ထင်ရှားသော သဘာဝလိုဏ်ဂူများဖြစ်သော ထမ်ဟန်လီဂူ၊ ထမ်နောင်ချိဂူ၊ ထမ်ကျိုင်းဂူတို့နှင့် ကွန်ဟိန်းမြို့တွင်း၊ မြို့ပြင်ရှိ သဘာဝငါးကန် အပန်းဖြေစရာနေရာများကလည်း ကျွန်းတစ်ထောင်မြေ၏ သဘာဝအလှအား ပိုမိုထင်ဟပ်ပေါ်လွင်စေပါကြောင်း လေ့လာမြင်တွေ့ခဲ့ရပါကြောင်း အနည်းငယ် တင်ပြရေးသားဖော်ပြလိုက်ရပါသည်။

ဆက်လက်၍ စာရေးသူသွားရောက်လေ့လာခဲ့ရသော ကျွန်းတစ်ထောင်မြေ၏ အလှပန်းများ အကြောင်းအား တင်ပြလိုပါသည်။

### အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း

နိုင်ငံတော်အစိုးရက နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနအား အကောင်အထည်ဖော်ကြီးကြပ်လမ်းညွှန်မှု ပြုစေ၍ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ (တိုင်းရင်းသူ) တို့၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ကာ ၂၀၁၆ ခုနှစ် မတ်လ ၁၀ ရက်နေ့ ကျင်းပပြုလုပ်ခဲ့သော အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၉/၂၀၁၆ အရ သင်တန်းကျောင်း ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိခဲ့ပြီး ၂၀၁၆ ခုနှစ် မေလ ၁ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့တွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းအား စတင်ဖွင့်လှစ်ပေးခဲ့ပါသည်။

၎င်းကျောင်းသည် ကွန်ဟိန်းမြို့ အမှတ် ၃ ရပ်ကွက် မြို့ရှောင်လမ်းနံဘေး အနီးတွင် တည်ရှိပြီး မြေဧရိယာ ဧကအကျယ်အဝန်း ငါးဧက ကျယ်ဝန်းသည်။ နိုင်ငံတော်အစိုးရမှ အဆိုပါ သင်တန်းကျောင်းကြီးအား ဖွင့်လှစ်သင်ကြားစေသည့် အဓိကရည်ရွယ်ချက်များမှာ -

နယ်စပ်ဒေသရှိ တိုင်းရင်းသူကလေးများကို အိမ်တွင်းမှုသက်မွေးပညာရပ်များ သင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန်၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ အမျိုးဂုဏ် ဇာတိဂုဏ်ကို စောင့်ထိန်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးလေးများဖြစ်လာစေရန်၊ တိုင်းချစ်ပြည်ချစ်စိတ် အမျိုးချစ်စိတ် အစဉ်ရှင်သန်ထက်မြက်နေသည့် အမျိုးသမီးလေးများဖြစ်လာစေရန်နှင့် ရိုးရာယဉ်ကျေးမှု အိမ်တွင်းမှုအတတ်ပညာများ ပိုမိုထွန်းကားပြန့်ပွားလာစေရန် ဟူသော ရည်မှန်းချက် ငါးရပ်ချမှတ်ကာ နိုင်ငံတော်အစိုးရ၏ စေတနာဖြင့် ဖွင့်လှစ်ထူထောင်ပေးခဲ့သော အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတစ်ခု ဖြစ်ပေသည်။

### သင်ကြားပို့ချပေးလျက်ရှိ

သင်တန်းကျောင်းသို့ တက်ရောက်ခွင့်ရှိစေရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံသားများအားလုံးနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ အသက် ၁၆ နှစ်မှ ၃၀ နှစ်အတွင်း အမျိုးသမီး လူမျိုးဘာသာမရွေး တက်ရောက်ပညာသင်ကြားနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။ သင်တန်းအမျိုးအစားမှာ အခြေခံအိမ်တွင်းမှုပညာနှင့် အဆင့်မြင့်စက်ချုပ်ပညာသင်တန်းဟူ၍ နှစ်မျိုးခွဲခြားပေးထားသည်။ သင်တန်းကာလမှာ သုံးလစီကြာမြင့်သည် ဖြစ်သည်။ အခြေခံအိမ်တွင်းမှုသင်တန်းတွင် ဇာထိုး၊ ပန်းထိုး၊ မြန်မာမုန့်လုပ်နည်းအမျိုးမျိုးနှင့် အဆင့်မြင့်တွင် စက်ချုပ်ပညာဘာသာရပ်ကို အဓိကထားသင်ကြားပို့ချပေးလျက်ရှိရာ (စင်တီချုပ်နည်း၊ လက်မချုပ်နည်း) ပညာတို့ကို သင်တန်းသူများ ကျွမ်းကျင်တတ်မြောက်သည့် အဆင့်ထိ စာတွေ့၊ လက်တွေ့ပေါင်းစပ်ပို့ချသင်ကြားပေးလျက်ရှိကြောင်း မြင်တွေ့လေ့လာခဲ့ရပါသည်။

စာရေးသူနှင့်အဖွဲ့ သွားရောက်လေ့လာချိန် လက်ရှိကာလ၌ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်း (ကွန်ဟိန်း) တွင် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် ၃၊ အခြေခံအမှတ်စဉ် ၄ တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး အခြေခံသင်တန်း၌ ဗမာ၊ ရှမ်း၊ လားဟူ၊ ဓနုနှင့် ချင်းတိုင်းရင်းသူ ၃၅ ဦး၊ အဆင့်မြင့်တွင် ဗမာ၊ လားဟူ၊ ချင်း၊ ပအိုဝ်း၊ လီဆူနှင့် အိန္ဒိယလူမျိုးအမျိုးသမီး ၂၀ စုစုပေါင်း သင်တန်းသူ ၅၅ ဦးတို့ တက်ရောက်ပညာသင်ကြားလျက်ရှိကြပါသည်။

သင်တန်းသို့တက်ရောက်ရာတွင် ကျောင်းအိပ်၊ ကျောင်းစား (အဆောင်နေသူ) ၄၀ ၊ နေသင်တန်းသူ ၁၅ ဦးရှိကြောင်း၊ ၎င်းတိုင်းရင်းသူလေးများမှာ ကွန်ဟိန်းမြို့နယ်မှ ၁၉ ဦး၊ နမ့်စန်မြို့နယ်မှ တစ်ဦး၊ မိုးနဲမြို့နယ်မှ သုံးဦး၊ ကလောမြို့နယ်မှ နှစ်ဦး၊ ခိုလမ်မြို့နယ်မှ နှစ်ဦး၊ တာကော်မြို့နယ်မှ တစ်ဦး၊ ကာလိမြို့နယ်မှ နှစ်ဦး၊ မိုင်းနောင်မြို့နယ်မှ ကိုးဦး၊ ပင်းတယမြို့နယ်မှ သုံးဦးနှင့် ရပ်စောက်မြို့နယ်မှ တိုင်းရင်းသူ နှစ်ဦးတို့ တက်ရောက်လျက်ရှိကြသည်။

ဆက်လက်ပြီး ကွန်ဟိန်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းငွေလှက " ကျွန်မတို့ နိုင်ငံတော်အစိုးရ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးလမ်းညွှန်ချက်တွေနဲ့အညီ ဒီကွန်ဟိန်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းဟာဆိုလို့ရှိရင် လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ် မေလ ၁ ရက်နေ့ကစပြီး ဖွင့်လှစ်သင်ကြားပေးလာခဲ့တာ ခုဆိုရင် နှစ်နှစ်ခွဲကာလခရီးကို ဖြတ်သန်းလာခဲ့ပါပြီ၊ ကျွန်မတို့ဝန်ကြီးဌာန၊ ဦးစီးဌာနတာဝန်ရှိသူတွေရဲ့ မှာကြားချက်၊ ရည်မှန်းချက်တွေနဲ့အညီ သင်တန်းကျောင်းလုပ်ငန်းတွေကို အဓိကထား ဆောင်ရွက်ပေးလျက်ရှိတဲ့နေရာမှာ ကျွန်မတို့အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကြားရေးဟာ မြန်မာနိုင်ငံအတွင်း ဒေသမဖွံ့ဖြိုးမတိုးတက်သေးတဲ့ အချို့နေရာက အမျိုးသမီးငယ်တွေအပါအဝင်၊ ပြည်ထောင်စုမှာနေထိုင်ကြတဲ့ လူမျိုးမရွေး၊ ဘာသာမရွေး အမျိုးသမီးလေးတွေကို ဘဝတက်လမ်း အကျိုးရှိစေရုံသာမက သူတို့ရဲ့လူနေမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်လာစေဖို့ ကျွန်မတို့ နိုင်ငံတော်အစိုးရက စေတနာထားဖွင့်လှစ်ပေးခဲ့တယ်လို့ ကျွန်မခံယူယုံကြည်မိပါတယ်၊ ကျွန်မတို့ ဦးစီးဌာနရဲ့လုပ်ငန်းရည်ရွယ်ချက်များအပြင် အကြောင်းအမျိုးမျိုးကြောင့် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားခွင့်မရခဲ့ကြတဲ့ ကျွန်မတို့အမျိုးသမီးလေးတွေအတွက် အလုပ်အကိုင်အခွင့်လမ်းတွေ ရရှိလာစေရန်ဆိုတဲ့ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်အောင် ကျွန်မနဲ့အတူ နည်းပြဆရာမတွေကလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

### တာဝန်ယူဆောင်ရွက်

ကျွန်မတို့ မြန်မာနိုင်ငံမှာ ယခင်က ၃၉ ကျောင်းရှိရာကနေ အခုဆို ၄၃ ကျောင်းအထိ နိုင်ငံတော်က ဖွင့်လှစ်ပေးနိုင်ခဲ့ပါပြီ၊ ကျွန်မတို့တစ်တွေဟာ ဒီအမျိုးသမီးလေးတွေရဲ့ဘဝတိုးတက်လာစေရေး စက်ချုပ်၊ အိမ်တွင်းမှု ပညာရပ်တွေကို သင်ကြားပေးရင်း သူတို့လေးတွေရဲ့ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းချစ်မြတ်နိုးတတ်လာစေရန် အချိန်အခါအားလျော်စွာ အစစအရာရာ ဒီကျောင်းက တာဝန်ယူဆောင်ရွက်ပေးလျက်လည်း ရှိနေပါတယ်၊ အဲဒီအပြင် အမျိုးသမီးလေးတွေအနေနဲ့ သင်တန်းပြီးဆုံးတဲ့အခါမှာ အခြေခံ၊ အဆင့်မြင့်သင်တန်း နှစ်ခုလုံးမှာ ထူးချွန်သူတွေကို အပ်ချုပ်စက်တစ်စုံစီ ဆုချီးမြှင့်ပေးပါတယ်၊ သင်တန်းတက်ရောက်ခဲ့သူ၊ အပ်ချုပ်စက်လိုအပ်နေသူတွေကိုလည်း သုံးလဆိုင်း အရစ်ကျငွေပေးချေစနစ်နဲ့ ကျွန်မတို့ဌာနက စက်တွေ ရောင်းချပေးပါတယ်။

အမျိုးသမီးလေးတွေက သင်တန်းဆင်းအောင်လက်မှတ်ရရှိပြီး လုပ်ငန်းခွင်တွေထဲ ဝင်ရောက်လုပ်ကိုင်လိုတယ်ဆိုရင်လည်း ကျွန်မတို့ကျောင်းကနေ တာဝန်ယူပို့ဆောင်ပေးပါတယ်၊ ခရီးစရိတ်ကိုလည်း ထောက်ပံ့ကူညီပေးပါတယ်၊ ဥပမာအားဖြင့် ရန်ကုန်အစိုးရအထည်ချုပ်စက်ရုံ (မော်တာစက်ချုပ်သင်တန်းကျောင်း) တွေလို အလုပ်အကိုင်ချက်ချင်းရရှိစေနိုင်အောင်လည်း ကျွန်မတို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်လို့ ကျွန်မ နိဂုံးချုပ်အနေနဲ့ ပြောချင်ပါတယ်"ဟု ပြောကြားခဲ့ပါသည်။

သို့ဖြစ်၍-

ယနေ့ နိုင်ငံတော်အစိုးရ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ - ကျွန်းတစ်ထောင်မြေမှ တိုင်းရင်းသား အမျိုးသမီးလေးများ၏ လူနေမှုဘဝ လှပစေရေးအတွက် အိမ်တွင်းမှုသက်မွေးပညာများကို ဖော်ပြခဲ့ပြီးသော အချိန်ကာလမှစတင်ကာ ၁၉-၁၂-၂၀၁၆ မှ ၂၄-၃-၂၀၁၇ အမှတ်စဉ် ၁ သင်တန်းတွင် သင်တန်းသူ ၆၅ ဦး၊ ၈-၅-၂၀၁၇ မှ ၁၁-၈-၂၀၁၇ အမှတ်စဉ် ၂ တွင် သင်တန်းသူ ၈၀၊ ၂၈-၈-၂၀၁၇ မှ ၁-၁၂-၂၀၁၇ အမှတ်စဉ် ၃ တွင် သင်တန်းသူ ၇၀ တို့အား မွေးထုတ်ပေးခဲ့ပြီး ယခု တက်ရောက်သင်ကြားလျက်ရှိသော ၁၉-၁၂-၂၀၁၇ မှ ၂၃-၃-၂၀၁၈ တွင် သင်တန်းသူ ၅၅ ဦး စုစုပေါင်း အမျိုးသမီးငယ်သင်တန်းသူ ၂၇၀ တို့ကို ၎င်းသင်တန်းကျောင်းကြီးမှ ပညာသင်ကြား ဆက်လက်မွေးထုတ်ပေးနိုင်တော့မည် ဖြစ်ပေသည်။

အချုပ်ဆိုရသော် -

စာရေးသူအနေဖြင့် ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကို မောင်နှမများတို့၏ မိသားစုအတွင်းမှ အကြောင်းအမျိုးမျိုးကြောင့် ပညာရည်ဆုံးခန်းတိုင်အောင် မတက်ရောက်နိုင်ခဲ့ကြသော အလုပ်လက်မဲ့ အမျိုးသမီးငယ်များ ရှိခဲ့ပါမူလျှင် စာရေးသူ အထက်တွင် တင်ပြဖော်ပြခဲ့သည့်အတိုင်း နိုင်ငံတော်အစိုးရ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ

ပြည်တွင်းပြည်ပနိုင်ငံများသို့ပါ အလုပ်သွားရောက် လုပ်ကိုင်သွားနိုင်သည်အထိ အရည်အချင်းပြည့်ဝသော နိုင်ငံ့ရတနာသမီးကောင်းများအား မွေးထုတ်ပေးလျက်ရှိသောကြောင့် တက်ရောက်လိုသော မည်သည့် အမျိုးသမီးလေးများအနေဖြင့် နိုင်ငံတော်အစိုးရမှ မွန်မြတ်သောစေတနာအားဖြင့် ခင်းပေးထားသော အမျိုးသမီးအိမ်တွင်းမှု လုပ်ငန်းပညာသင်တန်းကျောင်း (ကွန်ဟိန်း) ပန်းခင်းလမ်းသို့ လာရောက်လျှောက်လှမ်း တက်ရောက်သင့်ပါကြောင်း၊ စာရေးသူတို့နေထိုင်ရာ ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားအမျိုးသမီးများ သာမက နိုင်ငံအဝန်းရှိ မြန်မာအမျိုးသမီးတို့ဘဝ သာယာလှပလာစေလိုကြောင်း ရည်ရွယ် အကြံပြုတိုက်တွန်းအားပေးလိုပါကြောင်း .....။ ။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Oyster Cleaning Machine With Fiber Boat & Accessories | 1 Set |
| (ခ) | ရေအောက်လောင်းလိုင်းသုံးပစ္စည်း | ၆ မျိုး |
| (ဂ) | ရေအောက်လုပ်ငန်းသုံးပစ္စည်း | ၇၀ မျိုး |
| (ဃ) | Bio Nucleus & Nucleus | ၁၂ မျိုး |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကိုတစ်စုံလျှင် ၂၀၀၀/(ကျပ်နှစ်ထောင်) နှုန်းဖြင့်ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၂၅-၄-၂၀၁၈ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၂၂-၅-၂၀၁၈ရက် ၁၅း၀၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၄၀၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

---

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### တင်ဒါအမှတ်-၁/၂၀၁၈(စက်နှင့်စက်ပစ္စည်း/အထည်)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အထည်စက်ရုံများအတွက်လိုအပ်သော စက်နှင့်စက်အရန်ပစ္စည်း၊ လျှပ်စစ်နှင့် စက်မှုဆိုင်ရာပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၄-၂၀၁၈ရက်

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**

နေပြည်တော် - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊

ရန်ကုန် - အထည်အလိပ်လုပ်ငန်း(ရုံးခွဲ)၊ အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၂

(ဂ) **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၂-၅-၂၀၁၈ရက် ၁၆း၀၀နာရီ

(ဃ) **တင်ဒါပေးသွင်းရမည့်နေရာ** - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊

၃။ အသေးစိတ်သိရှိလိုပါက အထွေထွေမန်နေဂျာ(စီမံရေး)၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် လူနာများအား ကုသမှုပေးရန် F.D.A အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲ၊ ဓာတ်မှန်သုံး ဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂၆-၄-၂၀၁၈ ရက် (ကြာသပတေးနေ့)၊ နံနက် ၁၀း၀၀ နာရီ

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၅-၂၀၁၈ ရက် (သောကြာနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများစာရင်းအသေးစိတ်ကို ရုံးချိန်အတွင်း ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)**
**ဖုန်း-၀၆၇-၄၂၁၄၆၆၊ ၀၆၇-၄၂၁၄၆၂**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက် အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)ရှိ သိုလှောင်ကန် (TK-C) မှ စီဂျီအိုများနှင့် အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)ရှိ သိုလှောင်ကန် (TAC-57) မှ ဆီပြာ (Blue Oil) များအား သံကန်အပြောင်းရွှေ့စနစ်ဖြင့်လည်းကောင်း၊ အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)နှင့် ဖယောင်းတိုင်ထုတ်လုပ်ရေးဌာနခွဲ(မန္တလေး)တို့ရှိ ဂျီအီးစီဖယောင်းတိုင် (တစ်သေတ္တာလျှင် ၇၅ ထုပ်ပါ)များအားလည်းကောင်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)ရှိ စီဂျီအိုများအားလည်းကောင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

**(က) အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)**
(၁) စီဂျီအို- ၁၅၄၄၀၆၇ ဂါလန် (ဂါလန် တစ်သန်းငါးသိန်း လေးသောင်းလေးထောင်ခြောက်ဆယ့်ခုနစ်တိတိ)

**(ခ) အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)**
(၁) ဂျီအီးစီဖယောင်းတိုင် ၅၀၀၀ သေတ္တာ(သေတ္တာငါးထောင်တိတိ)
(၂) ဆီပြာ(Blue Oil) ၉၅၀၀၀ ဂါလန် (ဂါလန် ကိုးသောင်းငါးထောင်တိတိ)

**(ဂ) ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)**
(၁) စီဂျီအို- ၁၀၀၀၀၀၀ ဂါလန် (ဂါလန်တစ်သန်းတိတိ)

၂။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊အချိန်နှင့်နေရာ** - ၄-၅-၂၀၁၈ (သောကြာနေ့) ၁၃း၀၀ နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ် ၄၄၊ နေပြည်တော်

၃။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၄-၅-၂၀၁၈ (သောကြာနေ့) ၁၄း၀၀နာရီ

၄။ သတ်မှတ်ထားသည့် တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website တွင် ၂၃-၄-၂၀၁၈ ရက်မှစ၍ ဝင်ရောက်ကြည့်ရှုပြီး Download ရယူလျှောက်ထားနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၃၄၁၁၀၈၂ နှင့် ၀၆၇-၃၄၁၁၀၉၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

**တင်ဒါပိတ်မည့်ရက်** - ၂၆-၄-၂၀၁၈ ရက်

**တင်ဒါပိတ်မည့်အချိန်နှင့်နေရာ** - ၁၄း၀၀ နာရီ ပစ္စည်းစီမံရေးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်

တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (www.moee.gov.mm) တွင် Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း(SITE)

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် Sea Lion ကုမ္ပဏီ၊ ဂျာမန် FESTO ကုမ္ပဏီတို့ ပူးပေါင်း၍ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း (SITE) တွင် ကာလတိုသင်တန်းများဖြစ်သည့် Certificate in Industrial Technologies သင်တန်းနှင့် Advanced Certificate in Industrial Automation သင်တန်းများအား ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပါသည်။

၁။ **ဖွင့်လှစ်သင်ကြားမည့်သင်တန်းများ**

(က) **Certificate in Industrial Technologies သင်တန်း**
- (ကက) Electrical & Electronics
- (ခခ) Mechanical & Plant Equipment
- (ဂဂ) Pneumatics & Electropneumatics
- (ဃဃ) Hydraulics & Electrohydraulics

(ခ) **Advanced Certificate in Industrial Automation သင်တန်း**
- (ကက) Programming PLC
- (ခခ) Factory Automation
- (ဂဂ) Process Control
- (ဃဃ) Process Automation

၂။ Certificate in Industrial Technologies သင်တန်းအတွက် လျှောက်ထားသူသည် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီရမည်ဖြစ်ပါသည်။

(က) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာတွဲများပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။

(ခ) အနိမ့်ဆုံးအဆင့် GTHS (EcT၊ ET၊ MT၊ AMT၊ RACT၊ IT) နှင့် ITC (Machine Tools Operator၊ Machinery Fitter၊ Tools & Die Maker၊ Mechanical Draftman၊ Pattern Maker၊ Automobile Mechanic၊ Electrician၊ Electronics Mechanic၊ CAD/CAM၊ CNC Operator၊ Welder၊ Foundry Man) သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

(ဂ) နည်းပညာနှင့် သက်မွေးလုပ်ငန်းသဘောနှင့် လိုက်လျောညီထွေဖြစ်ရမည့်အပြင် ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်း ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဃ) ပဏာမရွေးချယ်ခံရပြီးသူများ Interview ဖြေဆိုရမည်ဖြစ်ပါသည်။

၃။ Advanced Certificate in Industrial Automation သင်တန်းအတွက် လျှောက်ထားသူသည် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီရမည်ဖြစ်ပါသည်။

(က) အနိမ့်ဆုံးအဆင့် GTI (EC၊ EP၊ Mechanical၊ IT) အောင်လက်မှတ်ရရှိထားသူများ လျှောက်ထားနိုင်သည်။

(ခ) Certificate in Industrial Technologies သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

(ဂ) နည်းပညာနှင့် သက်မွေးလုပ်ငန်းသဘောနှင့် လိုက်လျောညီထွေဖြစ်ရမည့်အပြင် ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဃ) ပဏာမရွေးချယ်ခံရပြီးသူများ Interview ဖြေဆိုရမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာ အောင်လက်မှတ်မိတ္တူ၊ အမှတ်စာရင်းမိတ္တူ၊ ကျောင်းသား၏ မှတ်ပုံတင်မိတ္တူတို့အား ပူးတွဲလျှောက်ထားရမည်ဖြစ်ပါသည်။ လျှောက်ထားသည့်အချိန်တွင် သက်ဆိုင်ရာ အောင်လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်း၊ ကျောင်းသား၏ မှတ်ပုံတင်မူရင်းတို့အား တစ်ပါတည်းတင်ပြနိုင်ရမည်။ မှတ်ပုံတင်မရှိပါက (၃)လအတွင်း ပြုလုပ်ထားသော ရပ်ကွက်၊ ရဲစခန်းထောက်ခံစာမူရင်းနှင့်တကွ ပူးတွဲလျှောက်ထားနိုင်ပါသည်။

၅။ သင်တန်း(၂)မျိုးလုံးအတွက် သင်တန်းကာလ(၄)လ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြုအောင်လက်မှတ် (Certificate) ရရှိမည်ဖြစ်ပါသည်။ ဂျာမန် FESTO Company မှ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်လည်း ရရှိမည်ဖြစ်ပါသည်။

၆။ **သင်တန်းဖွင့်လှစ်မည့်ရက်** ။ ။ ၂၀၁၈ ခုနှစ် ဇွန်လ ၁၈ ရက်

**သင်တန်းဖွင့်လှစ်မည့်နေရာ** ။ ။ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း (School of Industrial Training and Education) နတ်မောက်လမ်းသွယ် (၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဆက်သွယ်စုံစမ်းရန်ဖုန်း (၀၁-၅၅၅၈၂၄၊ ၀၁-၅၅၆၅၈၃၊ ၀၉-၂၅၅၅၆၁၁၉၁)

၇။ သင်တန်းလျှောက်လွှာများကို စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း (SITE) တွင် (၂-၅-၂၀၁၈)ရက်နေ့မှ စတင်၍ နံနက် (၉း၃၀)မှ ညနေ (၄း၀၀)နာရီအတွင်း ထုတ်ယူနိုင်ပြီး (၁၅-၅-၂၀၁၈)ရက် နောက်ဆုံးထားပြီး ပြန်လည်လျှောက်ထားနိုင်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း(SITE)၊ ဖုန်း (၀၁-၅၅၅၈၂၄၊ ၀၁-၅၅၆၅၈၃၊ ၀၉-၂၅၅၅၆၁၁၉၁) သို့ ရုံးချိန်အတွင်း (နံနက် ၉း၃၀ နာရီမှ ညနေ ၄း၀၀ နာရီအတွင်း) စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၆၈ ရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမ၊ အမှတ် ၆၆ ရှိ သိုလှောင်ရုံ၊ အဆောက်အအုံ(၂၂) ငွေစာရင်းရုံးခန်း၊ အဆောက်အအုံ အမှတ်(၃၀)၊ ကျောက်စိမ်းသံဂိုဒေါင်နှင့် အဆောက်အအုံ အမှတ်(၁၈) သံဂိုးဂိုဒေါင် စုစုပေါင်းအဆောက်အအုံ(၅)လုံးအား ၁၃-၆-၂၀၁၈ ရက်မှ ၁၂-၆-၂၀၂၃ ရက်အထိ ကာလအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်။ တင်ဒါထည့်သွင်းခြင်းကို ၂၃-၄-၂၀၁၈ ရက်မှ ၂၂-၅-၂၀၁၈ ရက်အထိ ၁၆း၀၀နာရီအတွင်း မည်သူမဆို လွှတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်ကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရာဇသင်္ဂဟလမ်း၊**
**နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၄၈၁၈၊ ၀၆၇-၄၁၄၉၀၄**

---

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန
# အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်ရက်နှင့် ဖွင့်ဖောက်စစ်ဆေးမည့်ရက်ပြင်ဆင်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန တင်ဒါကော်မတီသည် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ သန်လျင်၊ တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူး၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ထန်းတပင်မြို့နယ် (၁၁)မြို့နယ်တွင် မြို့ဝင်ကြေး Toll Gate တည်ဆောက်ခြင်းနှင့် ကောက်ခံခြင်းလုပ်ငန်းများကို B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ၅-၄-၂၀၁၈ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၅)၊ ကော်လံ(၃/၄)နှင့် ၅-၄-၂၀၁၈ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂၄)၊ ကော်လံ(၃/၄)တို့တွင် ကြော်ငြာခဲ့ပါသည်။

၂။ သို့ရာတွင် သတင်းစာကြော်ငြာပါသည့်ရက်တွင် ဆောင်ရွက်နိုင်ခြင်းမရှိပါ၍ အိတ်ဖွင့်တင်ဒါအား ၃၁-၅-၂၀၁၈ရက် ၁၀း၀၀ နာရီတွင် ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပါ၍ ၄င်းနေ့ ၀၉း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းနိုင်ပါကြောင်းနှင့် သိရှိလိုသောအချက်များကို တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဖုန်း-၀၉-၈၅၃၁၂၉၆၆၀၊ ၀၉-၈၇၆၆၈၀၄၇၉၊ ၀၉-၂၀၄၂၇၅၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန**

---

## နိုင်ငံတော်ပိုင် မြန်မာယူနီဗာဆယ်ဘဏ်လီမိတက်၊
## မန္တလေးဘဏ်ခွဲအမည်ပေါက်မြေနှင့် အဆောက်အအုံများ
# လေလံတင်ရောင်းချရန်ကြော်ငြာ

နိုင်ငံတော်ပိုင် မြန်မာယူနီဗာဆယ်ဘဏ်လီမိတက် (မန္တလေးဘဏ်ခွဲအမည်ပေါက် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ် ၄၀၈/၅၁၉ မြေဧရိယာ ၀ဒသမ ၃၈ဧကရှိ ဂရန်မြေကွက်၊ ဦးပိုင်အမှတ် ၄၀၈/၅၂၀ မြေဧရိယာ ၀ဒသမ ၅၅ဧကရှိ ဂရန်မြေကွက်၊ ဦးပိုင်အမှတ် ၄၀၈/၅၂၁ မြေဧရိယာ ၀ဒသမ ၄၅ဧကရှိ ဂရန်မြေကွက်၊ ဦးပိုင်အမှတ် ၄၀၈/၅၂၂ မြေဧရိယာ ၀ဒသမ ၃၇ဧကရှိ ဂရန်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အဆောက်အအုံများကို အများပြည်သူများသို့ မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံတင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေနှင့်အဆောက်အအုံများအား အိတ်ဖွင့်လေလံစနစ်ဖြင့် လေလံဆွဲဝယ်ယူလိုသူများသည် လျှောက်လွှာပုံစံနှင့် အိတ်ဖွင့်လေလံစည်းကမ်းချက်များကို မြန်မာ့စီးပွားရေးဘဏ်၊ မန္တလေးတိုင်းဒေသကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်လေလံဈေးနှုန်းတင်သွင်းလွှာများကို ကြော်ငြာသည့်ရက်မှ ၂၄-၅-၂၀၁၈ ရက် နံနက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ မြန်မာ့စီးပွားရေးဘဏ်၊ မန္တလေးတိုင်းဒေသကြီးရုံး၌ တင်သွင်းရပါမည်။ ၂၄-၅-၂၀၁၈ ရက် မွန်းလွဲ ၁၄း၀၀နာရီတွင် အများပြည်သူရှေ့မှောက်တွင် ဖွင့်လှစ်ကြေညာသွားမည်ဖြစ်၍ ၂၄-၅-၂၀၁၈ရက် နံနက် ၁၂း၀၀နာရီနောက်ပိုင်း တင်သွင်းလာသည့် အိတ်ဖွင့်လေလံဈေးနှုန်းတင်သွင်းလွှာများကို လုံးဝ ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်၊ လေလံတင်ရောင်းချရေးအဖွဲ့**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၂၁- A)၊ စက်ဆန်းရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရော်ဘာကြိတ်လုံးစက်ရုံဝင်းအတွင်းရှိ အအေးခန်းစက်ရုံအပါအဝင် အဆောက်အအုံသုံးလုံး၊ ရေဆင်းတံတားတစ်စင်း၊ စက်ပစ္စည်းခြောက်မျိုးနှင့် ဆက်စပ်မြေဧရိယာ ၃၆၀၃ဒသမ၂၂ စတုရန်းမီတာတို့ကို (အအေးခန်းစက်ရုံ၏ မူလလုပ်ငန်းကိုသာ လုပ်ကိုင်ဆောင်ရွက်မည့်သူ)တိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်းစာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်။

(က) အဆောက်အအုံသုံးလုံးနှင့် ရေဆင်းတံတားတစ်စင်းပါရှိပြီး အသေးစိတ်စာရင်းကို တင်ဒါပုံစံတွင် ဖော်ပြထားပါသည်။

(ခ) စက်ပစ္စည်း ခြောက်မျိုးပါရှိပြီး အသေးစိတ်စာရင်းကို တင်ဒါပုံစံတွင် ဖော်ပြထားပါသည်။

(ဂ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၄-၂၀၁၈ရက်မှ ၂၂-၅-၂၀၁၈ရက်ထိ
**အချိန်** - နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ

(ဃ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၂၄-၅-၂၀၁၈ရက် ၁၂း၀၀နာရီ

(င) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၄-၅-၂၀၁၈ရက် မွန်းလွဲ ၁၃း၀၀နာရီ

(စ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ် (၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့

(ဆ) **Deposit ပေးသွင်းနိုင်သည့် ဘဏ်များ** - တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီး ဖြစ်ပါသည်။

(ဇ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ် (၅၂)၊ နေပြည်တော်

(ဈ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ နေပြည်တော်

၂။ အဆိုပါအဆောက်အအုံသုံးလုံး၊ ရေဆင်းတံတားတစ်စင်း၊ စက်ပစ္စည်း ခြောက်မျိုးနှင့် ဆက်စပ်မြေဧရိယာ ၃၆၀၃ဒသမ၂၂ စတုရန်းမီတာတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၅၀၄၃၂သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

---

# တိုက်ခန်း ရောင်းမည်

ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်
ပေ (၁၈×၄၅) သုံးလွှာ
**ဖုန်း- ၀၉-၄၃၀၄၁၃၂၀၊ ၀၉-၅၁၃၈၁၄၄**

---

# ပိုင်ရှင်ကိုယ်တိုင် အမြန်ဆက်သွယ်ပါ

တွံတေးမြို့နယ်၊ ကဒုံကျေးရွာနေ ဦးမြင့်သိန်း၏သား မောင်ရဲလင်း ၇/တတန(နိုင်)၂၃၇၇၅၂၏ မှတ်ပုံတင်ပါသော ပိုက်ဆံအိတ် ကောက်ရထားပါသည်။

**ဆက်သွယ်ရန်-**
**ဖုန်း-၀၉-၂၅၄၁၁၃၂၆၅**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၈၀၉၊ ဧရိယာ ၀ဒသမ ၀၈၂ဧကရှိ ဦးကျော်နိုင်ဦး အမည်ပေါက်ပါမစ်မြေအား ဦးတိုက်အေး(ခ)ဦးအောင်နိုင်ထွန်း (ဘ) ဦးထွန်းရွှေ ၁၀/သထန(နိုင်)၀၁၁၅၆၂ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက် သဘောတူ ကတိဝန်ခံချက်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၂၀၀၇၊ ဧရိယာ ၀ဒသမ ၀၈၂ဧကရှိ ဒေါ်မြင့်ကြည်(ခ)ဒေါ်မြင့်ရီအမည်ပေါက် ပါမစ်မြေအား ဦးအောင်ရန်နိုင် (ဘ) ဦးအောင်နိုင်ထွန်း ၇/ပမန(နိုင်)၁၁၀၄၅၃ မှမြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၈၀၇၊ ဧရိယာ ၀ဒသမ ၀၈၂ဧကရှိ ဒေါ်ခင်နှင်းသက် အမည်ပေါက် ပါမစ်မြေအား ဦးတိုက်အေး(ခ)ဦးအောင်နိုင်ထွန်း (ဘ)ဦးထွန်းရွှေ ၁၀/သထန(နိုင်)၀၁၁၅၆၂ မှမြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

**အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်(Recruitment Point System)အရ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းစာမေးပွဲအောင်မြင်သူများအား ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်း (Skills Test)နှင့် လုပ်ကိုင်နိုင်မှု အရည် အချင်းစစ်ဆေးခြင်း(Competency Test)စမ်းသပ်စစ်ဆေးမှု ကျင်းပမည့်အစီအစဉ်**

## အသိပေးကြေညာချက်

၁။ ကျွမ်းကျင်မှုစစ်ဆေးခြင်း(အပိုင်း-၂စစ်ဆေးခြင်း)လျှောက်လွှာထုတ်ပေး/လက်ခံခြင်း (အလုပ်အကိုင်အတွေ့အကြုံနှင့်ကျွမ်းကျင်မှုလက်မှတ် စာရွက်စာတမ်းများတင်သွင်းလိုသူများအတွက်သာ) - ၂၅-၄-၂၀၁၈ရက်မှ - ၂၇-၄-၂၀၁၈ရက်ထိ

၂။ ကျွမ်းကျင်မှုစစ်ဆေးခြင်းပြုလုပ်မည့်နေ့ရက်၊ အချိန်၊ နေရာကြေညာခြင်း - ၁၈-၅-၂၀၁၈ရက် (သောကြာနေ့)

၃။ ကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့်လုပ်ကိုင်နိုင်မှုအရည်အချင်းစစ်ဆေးခြင်း - ၂၇-၅-၂၀၁၈ရက်မှ ၂၈-၅-၂၀၁၈)ရက်ထိ

၄။ အလုပ်လျှောက်လွှာတင်သွင်းခွင့်ရသူများအပြီးသတ်အောင်စာရင်း ထုတ်ပြန်ကြေညာခြင်း - ၁၅-၆-၂၀၁၈ရက်

၅။ အမှတ်ပေးစနစ်ဆိုသည်မှာ-အပိုင်း-၁စစ်ဆေးခြင်း(ကိုးရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ)၊ အပိုင်း-၂စစ်ဆေးခြင်း (ကျွမ်းကျင်မှုနှင့်လုပ်ကိုင်နိုင်မှုအရည်အချင်း)ကျင်းပပြုလုပ်ပြီး၊ ရမှတ်များအားလုံးပေါင်း၍ အမှတ်ပေးခြင်းဖြစ်ပြီး အမှတ်အများ/ အနည်းအလိုက် အပြီးသတ် အောင်မြင်သူများ စာရင်းထုတ်ပြန်မည်ဖြစ်ပါသည်-

| လုပ်ငန်း | ပေးမှတ် စုစုပေါင်း | EPS TOPIK | ကျွမ်းကျင်မှု စစ်ဆေးခြင်း | လုပ်ငန်းလုပ်ကိုင်နိုင်မှုအရည်အချင်းစစ်ဆေးခြင်း | | | |
|---|---|---|---|---|---|---|---|
| | | | | ပေါင်း | လုပ်ငန်း အတွေ့ အကြုံ | အသက်မွေးဝမ်း ကျောင်း သင်တန်း | အစိုးရဌာနများမှ သင်တန်းဆင်း လက်မှတ် |
| စိုက်ပျိုးရေး မွေးမြူရေး လုပ်ငန်း | ၂၀၀မှတ် | ၉၀မှတ် | ၁၁၀မှတ် | ၅မှတ် | ၃မှတ် | ၁မှတ် | ၁မှတ် |

၆။ ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ(အပိုင်း-၁စစ်ဆေးခြင်း)ကို အမှတ်အများ/အနည်းဖြင့် လုပ်ငန်းအမျိုးအစားအလိုက် သော်လည်းကောင်း၊ အပိုင်း-၂စစ်ဆေးခြင်း ဖြေဆိုခွင့်ရှိသူ (၅၀၉)ဦးကို အောက်ဖော်ပြပါ လုပ်ငန်းအမျိုးအစားနှင့် ဦးရေအလိုက် ရွေးချယ်၍သော်လည်းကောင်း၊ ကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့်လုပ်ကိုင်နိုင်မှုအရည်အချင်း စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပြီး အမှတ်အများ/အနည်းအလိုက် အပြီးသတ်အောင်မြင်သူစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း(၄၀၀)ဦးကို အောင်မြင် ခွင့်ပေးသွားမည်ဖြစ်ပါသည်-

| လုပ်ငန်းအမျိုးအစား | EPS-TOPIK အောင်မြင်သူဦးရေ(ခန့်မှန်း) အပိုင်း(၂)ဖြေဆိုခွင့်ရှိသူ | (Skills Test)နှင့်(Competency Test) စစ်ဆေးပြီး၊ အပြီးသတ် အောင်မြင်သူဦးရေ(ခန့်မှန်း) |
|---|---|---|
| စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်း | ၅၀၉ | ၄၀၀ |

အပိုင်း-၁ စစ်ဆေးခြင်းအောင်မြင်သူများအားလုံးသည် ကျွမ်းကျင်မှုစစ်ဆေးခြင်း(Skills Test)အား မပျက်မကွက်ဝင်ရောက်ဖြေဆိုရမည်။

ပထမအဆင့်စစ်ဆေးခြင်း — ဒုတိယအဆင့်စစ်ဆေးခြင်း

EPS-TOPIK → အောင်မြင်သူများ → [ဒုတိယအဆင့် အခြေခံ ကျွမ်းကျင်မှု Skills Test] + [လုပ်ကိုင်နိုင်မှု အရည်အချင်း စစ်ဆေးခြင်း(လုပ်ငန်း အတွေ့အကြုံသင်တန်း အောင်လက်မှတ်)] → အမှတ်အများ ဆုံးရရှိရွေး ချယ်ခံရသူများ → [တန်းစီဇယား အတွက်အလုပ် လျှောက်လွှာ တင်သွင်းခွင့်ရသူ]

၇။ ကျွမ်းကျင်မှုစစ်ဆေးခြင်း(Skills Test)

(က)စစ်ဆေးခြင်းပြုလုပ်မည့်လုပ်ငန်းများ - စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း

(ခ) စစ်ဆေးမှုများ-
(၁) ကိုယ်ခန္ဓာကြံ့ခိုင်မှု
(၂) လူတွေ့မေးမြန်းခြင်း(လုပ်ငန်းအတွေ့အကြုံ)
(၃) အခြေခံကျွမ်းကျင်မှု

၈။ ကျွမ်းကျင်မှုစစ်ဆေးခြင်း(Skills Test)အတွက် အမှတ်ပေးမှုပုံစံ

| လုပ်ငန်းအမျိုးအစား | ပေးမှတ် ပေါင်း | ကျွမ်းကျင်မှုစစ်ဆေးခြင်း | | |
|---|---|---|---|---|
| | | ကိုယ်ကာယကြံ့ခိုင်မှု | လူတွေ့စစ်ဆေးခြင်း | အခြေခံကျွမ်းကျင်မှု |
| စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း | ၁၁၀ | ၃၀ | ၃၀ | ၅၀ |

၉။ စာမေးပွဲဖြေဆိုရမည့်အချိန်

| ဖြေဆိုရမည့်အချိန် | ရှင်းလင်းဆွေးနွေးချိန် | စာမေးပွဲဖြေဆိုချိန် |
|---|---|---|
| ပထမအချိန် | ၀၈း၃၀-၀၉း၀၀ | ၀၉း၀၀-၁၁း၃၀ |
| ဒုတိယအချိန် | ၁၂း၃၀-၁၃း၀၀ | ၁၃း၀၀-၁၅း၃၀ |

၁၀။လုပ်ကိုင်နိုင်မှုအရည်အချင်း စစ်ဆေးခြင်း(Competency Test)

(က) အကျုံးဝင်သူများ

နောက်ဆုံးအဆင့် ရွေးချယ်မည့်အရေအတွက်ကို EPS-TOPIK အောင်မြင်သူများမှ အမှတ်အများ၊ အနည်းအလိုက် သတ်မှတ်ကြေညာပေးမည်ဖြစ်ပြီး ၎င်းတို့သည် လျှောက်ထားမည့်လုပ်ငန်းနှင့်သက်ဆိုင်သည့် လုပ်ငန်းအတွေ့အကြုံ သင်တန်းဆင်းအောင်လက်မှတ်၊ အသက်မွေးဝမ်းကျောင်းနှင့်အစိုးရသင်တန်းကျောင်းတစ်ခုခုတို့၏ သင်တန်းဆင်းအောင်လက်မှတ် စသည့် အထောက်အထားများ တင်ပြနိုင်သူများဖြစ်ရမည်။

(ခ) လိုအပ်သည့်စာရွက်စာတမ်းများ

သတ်မှတ်ပုံစံများကို အလုပ်လျှောက်လွှာထုတ်ယူတင်သွင်းသည့် ကောင်တာ(သို့မဟုတ်) POEA-EPS facebookတို့မှ တစ်ဆင့်ကြိုတင်ထုတ်ယူ၍ ဖြည့်စွက်ပြုစုထားရန်နှင့် လျှောက်ထားသည့်အလုပ်နှင့် သက်ဆိုင်သည့် လုပ်ငန်းအတွေ့အကြုံ၊ အသက်မွေးဝမ်းကျောင်း သင်တန်းဆင်းအောင်လက်မှတ်၊ အစိုးရသင်တန်းဆင်းအောင်လက်မှတ်များတင်ပြရန် မရှိပါက တင်ပြရန် မလိုအပ်ပါ။

(ဂ) တင်သွင်းရမည့်ရက်

လျှောက်လွှာများကို ၂၅-၄-၂၀၁၈ရက်မှ ၂၇-၄-၂၀၁၈ရက်အတွင်း တင်သွင်းရမည် ဖြစ်ပါသည်။

၁၁။ သတိပြုရန်အချက်များ

(က) လုပ်ကိုင်နိုင်မှု အရည်အချင်း(Competency Test)အတွက် လျှောက်ထားမည့် အလုပ်အကိုင်နှင့် စပ်လျဉ်း၍ အနည်းဆုံး(၁) နှစ်နှင့် အထက် လုပ်ငန်းအတွေ့အကြုံရှိသူများသည် လျှောက်ထားသည့်လုပ်ငန်းနှင့် ဆက်စပ်သည့် အသက်မွေးဝမ်းကျောင်းသင်တန်း၊ သင်ကြားချိန်နာရီ(၁၂၀)နှင့်အထက် တက်ရောက်အောင်မြင်ပြီး နိုင်ငံအဆင့် ကျွမ်းကျင်မှုလက်မှတ် (National Level Skill Certificate)ရရှိထားသူများဖြစ်ရမည်။

(ခ) ဖြေဆိုလိုသူများသည် ၂၅-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မှ ၂၇-၄-၂၀၁၈ရက်(သောကြာနေ့)အထိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံးတွင် လူကိုယ်တိုင်သတ်မှတ်ပုံစံ အထောက်အထားစာရွက်စာတမ်းများနှင့်အတူ တင်သွင်းကြရပါမည်။

(ဂ) (Competency Test)အတွက် ဖြေဆိုရန်မရှိပါက Skills Test အတွက် သီးသန့်လျှောက်ထားရန် မလိုအပ်ပါကြောင်းနှင့် ဖြေဆို ရမည့်ရက်၊ အချိန်၊ နေရာတို့ကို ၁၈-၅-၂၀၁၈ရက်တွင် ထုတ်ပြန်ကြေညာသည့်အခါ မပျက်မကွက် လာရောက်ဖြေဆိုရန် ဖြစ်ပါသည်။

၁၂။ စာမေးပွဲဖြေဆိုသည့်ရက်တွင် ယူဆောင်လာရမည့် အထောက်အထားများနှင့် သိရှိရန်အချက်များ

(က) ဖြေဆိုခွင့်ကတ်ပြား

(ခ) နိုင်ငံကူးလက်မှတ်(စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား

[အထက်အပိုဒ် (က)၊(ခ)၊(ဂ)ပါ အထောက်အထားများ ယူဆောင်လာခြင်းမရှိပါက စာမေးပွဲအားဝင်ရောက်ဖြေဆို ခွင့်မရှိပါ]

(ဃ) တင်သွင်းရမည့် အထောက်အထားနမူနာပုံစံများကို **အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ ကြော်ငြာသင်ပုန်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန Website ၏ Home page** တွင် ရယူနိုင်ပါသည်။

(င) တင်သွင်းသော စာရွက်စာတမ်းများသည် မမှန်မကန်ပြုစုတင်ပြထားကြောင်း စစ်ဆေးတွေ့ရှိရပါက (၃)နှစ်တာ ကာ လအတွင်း EPS-TOPIK စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ရှိမည်မဟုတ်ကြောင်းနှင့်တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး အပ်ပါသည်။

(စ) ကျွမ်းကျင်မှုစစ်ဆေးခြင်း(Skills Test )ဖြေဆိုခွင့် ရသူများအားလုံးကို HRD Korea မှ အရောင်ခွဲခြားနိုင်မှုရှိ/မရှိ စမ်းသပ်စစ်ဆေးမည်ဖြစ်ရာ အရောင်ခွဲခြားနိုင်စွမ်းမရှိသူ (Colour Blind)ဖြစ်ခဲ့ပါက (Skills Test)အား ဆက်လက်ဖြေဆိုခွင့် မရနိုင်ကြောင်း အသိပေးအပ်ပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်မြင့် (သံတွဲ)

**လူထုပညာရေးမှူးဟောင်း**

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ယုဇနမြခွာညိုအိမ်ရာ၊ မြခွာညိုလမ်းသွယ်(၂)၊ အမှတ် ၁၂နေ(ဦးမောင်မောင်)(ဒု-ထောင်ပိုင်၊ ငြိမ်း)၏ဇနီး၊ ဦးသိန်းဦး(ခ) သံလွင်ဦး၊ ဦးသိန်းသန်း(အကျဉ်းဦးစီးဌာန၊ငြိမ်း)-ဒေါ်ဝေဝေစန်း၊ ဒေါ်သုဓမ္မစာရီ(ရွှေစက်တော်)၊ ဒေါ်အေးအေးသန်း၊ ဦးအောင်ဆန်း-ဒေါ်ခင်ဝင်းစိန်(ILBC)၊ ဗိုလ်မှူးကြီးစောရန်နိုင်-ဒေါ်ဝိုင်းဝိုင်းရီ၊ ဒေါ်မြင့်မြင့်စန်း၊ ဦးဇော်မိုးအောင်-ဒေါ်တင်တင်ညို(Tin Tin Nyo & Associate Audit Firm)တို့၏မိခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၁-၄-၂၀၁၈ရက် (စနေနေ့) ညနေ ၅း၂၅နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဝင်းဝင်းမော် အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ဝဇီရာ ၈ လမ်း၊ အမှတ် ၁၀၉၈နေ (ဦးအောင်မြင့်-ဒေါ်သန်းရီ) တို့၏သမီး၊ ဦးဝင်းကို(MPPE၊ ငြိမ်း)- ဒေါ်အုန်းရီ၊ ဒေါ်ကြည်ကြည်လှိုင်(လ/ထ ညွှန်မှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ငြိမ်း)၊ ဦးမြင့်ဇော်-ဒေါ်တင်တင်နွဲ့ (အမက-၃၂၊ မ/ဥက္ကလာ)၊ ဦးထွန်းဝင်း (TTAS Co., Ltd.)-ဒေါ်စိုးစိုးနွယ်(အမက-၂၊ မ/ဥက္ကလာပ)တို့၏ညီမ၊ ဦးသိန်းဌေး-ဒေါ်အေးအေးလွင်၊ ဦးကိုကိုလွင်တို့၏အစ်မ၊ တူ၊ တူမ ရှစ်ယောက်တို့၏အဒေါ်သည် ၂၂-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၈ရက်(အင်္ဂါနေ့)ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဦးထွန်းသန်း

**နည်းပြ၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်**
**ကျောင်းအုပ်၊ တော်ဝင်နည်းပြသင်တန်း၊ ဗီအိုအေမြန်မာပိုင်းအစီအစဉ်**
**တာဝန်ခံအယ်ဒီတာ၊ သတင်းဌာန၊ MRTV (ငြိမ်း)**
**ဧည့်ကထိက၊ ထေရဝါဒဗုဒ္ဓတက္ကသိုလ်(ငြိမ်း)**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေ(မြောက်)ရပ်ကွက်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၁၇၊ အခန်း ၃နေ (ဦးဘခင်-ဒေါ်တင်ဦး)တို့၏သား၊ (ဒေါ်လှမြိုင်)၏ ခင်ပွန်း၊ ဦးဘိုကျော်(ဒဂုံ-၁၊ ငြိမ်း)၏အစ်ကို၊ ဦးထွန်းလွင်(ညွှန်ချုပ်-ငြိမ်း၊ မိုးဇလ)-ဒေါ်မူမူသန်း၊ ဦးထွန်းကြည်-ဒေါက်တာယဉ်ယဉ်သန်း၊ ဒေါက်တာဇော်မြင့်(ဒု-ညွှန်ချုပ်၊ ဆေး/သု)-ဒေါက်တာကြူကြူသန်း၊ ဦးခွန်မျိုးကျော်သူ-ဒေါ်အေးအေးသန်း(Teacher Aye's General English Classes)၊ ဦးထင်အောင်ကျော် - ဒေါ်ဇင်မေကျော့ရှင်းတို့၏ဖခင်၊ ကိုအောင်ဇော် (Faith & Love Furniture)-ဒေါက်တာမြတ်စုထွန်းလွင်(ဒါဒို့ပြည် Souvenir Shop)၊ ကိုဇွဲမာန်ထွန်းလွင်(NCS, Singapore)၊ မစွမ်းရည်ထွန်းလွင်(UC Berkeley, USA)၊ မစုယဉ်ထွန်း(APU,Japan)၊ ကိုစိုးရန်အောင်(Final Part II,UM1)၊ ကိုချစ်ခိုင်(ABAC,Thailand)၊ မချောချောခိုင်(1st Yr,UM1)၊ ခွန်ရဲထက်(DKSH)-မမြတ်သန်းနုစိုး၊ မကြယ်စင်(1st Yr,UM1)၊ မမေဇွန်ကျော့ရှင်း (MRTV-4)တို့၏အဘိုး၊ မောင်ခန့်သစ်(နဝမတန်း-C ၊ အထက-၁ဒဂုံ)၊ မောင်ထူးခန့်(စတုတ္ထတန်း-A၊ အထက-၁၊ ဒဂုံ)၊ မစုတင့်တယ်(သူငယ်တန်း-E၊ အထက-၁၊ ဒဂုံ)၊ ခွန်သာတို့၏အဘိုးသည် ၂၂-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၄-၂၀၁၈ရက် (စနေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## (၂၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဦးစိုးတင့် B.Sc(Geology)**

**(၂၄-၄-၁၉၉၃ မှ ၂၄-၄-၂၀၁၈)**

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ၂၄-၄-၂၀၁၈ ရက်တွင် ၂၅ နှစ်ပြည့်ပြီဖြစ်သော်လည်း ဖခင်ကြီး၏ ကျေးဇူးတရားများကို သတိရအောက်မေ့နေဆဲပါ။ ဖခင်ကြီးအတွက် ရည်စူး၍ ပြုလုပ်သောကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေပါသည်။ ဖခင်ကြီး ရောက်ရာဘုံဘဝမှ မြင်နိုင်၊ ကြားနိုင်၊ သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်သား-ဒေါက်တာလင်းခိုင်စိုး**

---

### ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

သိန္နီမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၁၄/ဝိန်းကဲ့ရပ်)၊ ဦးပိုင်အမှတ်(၅၃/ဃ)၊ မြေချိန်ဧရိယာ ၀ ဒသမ၁၀၀ ဧကရှိ မြေကွက်အား မြေငှားဂရန်အသစ်ကို ဦးဂမ်အောင်အမည်ဖြင့် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာဌာနများသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဂမ်အောင်**
**၁၃/သနန(နိုင်)၀၄၈၉၅၃**

---

### ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

သိန္နီမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၁၄/ဝိန်းကဲ့ရပ်)၊ ဦးပိုင်အမှတ်(၅၃/က)၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၁၀ ဧကရှိ မြေကွက်အား မြေငှားဂရန်အသစ်ကို ဦးလောက်အေ(ခ)လောက်အယ်အမည်ဖြင့် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာဌာနများသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးလောက်အေ(ခ)လောက်အယ်**
**၁၃/သနန(နိုင်)၀၁၄၀၃၉**

---

### ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

သိန္နီမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၁၄/ဝိန်းကဲ့ရပ်)၊ ဦးပိုင်အမှတ် (၅၃/ခ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၇၆ ဧကရှိ မြေကွက်အား မြေငှားဂရန်အသစ်ကို ဒေါ်ဂျောင်ဂျင်မေ အမည်ဖြင့် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာဌာနများသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဂျောင်ဂျင်မေ**
**၁၃/သနန(နိုင်)၀၁၈၄၅၆**

---

### ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

သိန္နီမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၁၄/ဝိန်းကဲ့ရပ်)၊ ဦးပိုင်အမှတ် (၅၃/င)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၄၉ဧကရှိ မြေကွက်အား မြေငှားဂရန်အသစ်ကို ဒေါ်ဂျောင်ဂျင်မေ အမည်ဖြင့် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာဌာနများသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဂျောင်ဂျင်မေ**
**၁၃/သနန(နိုင်)၀၁၈၄၅၆**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ဇရပ် ဒါယိကာမကြီး**

## ဒေါ်ခင်အေးဆွေ(ခ)ဒေါ်ဝင်းဝင်း

**အထက်တန်းပြ(ငြိမ်း)၊ အထက(၁)ရေစကြို**

**အသက်(၇၄)နှစ်**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အမှတ်(၅)နယ်မြေ၊ မြို့မရပ်၊ သီရိ မင်္ဂလာလမ်း၊ အမှတ် ၂၃၅နေ (ဦးညွန့်-ဒေါ်စောတင်)တို့၏သမီး၊ (ဦးအောင်သိန်း-ဒေါ်မြသန်း)တို့၏ချွေးမ၊ ဦးဘကြည်(အထက-၁၊ ရေစကြို)၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင်ဌေးနွယ်၊ (ဦးဝင်းနိုင်)-ဒေါ်သန်းသန်းဝင်း၊ ဦးမြင့်အောင် (ရွှေနှင်းဆီပွဲရုံ၊ ရေစကြို)တို့၏အစ်မ၊ ဦးကျော်ဟိန်း-ဒေါ်မြဒါယု(Chan Hein Group of Co.,Ltd.)၊ ဦးထွန်းနိုင်ဝင်း-ဒေါ်စန်းစန်းနွယ်(ရွှေတိုးပွဲရုံ၊ ပခုက္ကူ)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၂၀-၄-၂၀၁၈ရက်(သောကြာနေ့) ည ၁၀း၂၅နာရီတွင် Bangkok, Bumrungrad International Hospital၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၈ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် Bangkok မြို့ Wat Apai Tharam (Wat Makok)၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မောင်ဌေး ၁၃/တကန(နိုင်)၀၈၃၆၅၆၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၉၇၇၅၃၃**

---

### မိဘအမည်မှန်

မိတ္ထီလာမြို့၊ အထက(၁)၊ နဝမတန်း(E)မှ မချယ်ရီထွန်း၏ ဖခင်အမည်မှန်မှာ ဦးရဲဝင်းထွန်း ၁၂/ရပသ(နိုင်)၀၃၈၀၇၉ ဖြစ်ပါကြောင်း။

**ဦးရဲဝင်းထွန်း**

---

### အမည်ပြောင်း

ဦးအိုင်စစ္စတို၏သား လှိုင်ကော်မြို့ အထက(၃)၊ သတ္တမတန်း(က)မှ မောင်ကုချယ်အား ယနေ့မှစ၍ မောင်ဆီမိုးနယ်ဟုပြောင်းလဲခေါ်ပါရန်။

**မောင်ဆီမိုးနယ်**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ စံနန်းထက်ကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်းဖြေဆိုအောင်မြင်သော လွေးနှင်းမေခိုင်၏ ဖခင် ဦးမောင်ဆိုင်နှင့် ဦးမိုင်းအောင်စိမ်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ဆိုင်(ခ)ဦးမိုင်းအောင်စိမ်း**
**၁၃/နခန(နိုင်)၀၂၀၈၆၅**

---

### ဖခင်အမည်မှန်

နမ့်ခမ်းမြို့နယ်၊ အထက(ခွဲ)၊ အလက(၃)၊ပထမတန်း(A)မှ လွေးအီနွမ်လောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်လင်း ၁၃/နမတ(နိုင်)၀၁၂၃၈၂ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်လင်း**

---

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လှိုင်လင်မြို့၊ ရပ်ကွက်(၄)၊ တ/၂၀၊ ကျောက်ထိုးတန်းလမ်းနေ ဒေါ်နန်းရှင် ၁၃/လလန(နိုင်)၀၀၅၉၂၁၏သမီး မကြည်သိန်း ၁၃/လလန(နိုင်)၀၁၀၄၅၂သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း။

**ဒေါ်နန်းရှင် ၁၃/လလန(နိုင်)၀၀၅၉၂၁**

---

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကလေးမြို့၊ သဇင်ရပ်ကွက်၊ အိမ်အမှတ် ၈/၇၈၊ ကျိန်နွဲလမ်းနေ ဦးအိုက်လုံ ၅/ကလထ(နိုင်)၀၁၆၉၆၉၏သား မောင်အိုက်ဗိစ် ၅/ကလထ(နိုင်)၁၆၄၇၈၇သည် မိဘအား မကြားဝံ့မနာသာ မူးရစ်ဆဲဆိုရန်မူသည့်အတွက် ယနေ့မှစ၍ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။ မိသားစုအား ဝင်ရောက်စွက်ဖက်ပါက ဥပဒေအရ အရေးယူမည်။ **(မေးမြန်းနိုင်သည်။)**

**ဦးအိုက်လုံ**



# လှိုင်သာယာရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်နေမှုကြောင့် အနီးဝန်းကျင်ရှိ ပြည်သူများ မီးခိုးငွေ့များ ရှူရှိုက်နေရ

**ရန်ကုန် မေ ၂၃**

လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေးရွာအုပ်စုရှိ ထိန်ပင်အမှိုက်ပုံအတွင်း အပူရှိန်လွန်ကဲမှုကြောင့် မေ ၂၁ ရက် မွန်းလွဲ ၁၂ နာရီခွဲမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ မေ ၂၃ ရက် ညနေ ၅ နာရီအထိ လောင်ကျွမ်းနေသဖြင့် အနီးရှိ ရပ်ကွက်အချို့ နှင့် ကျေးရွာနေပြည်သူများ မီးခိုးငွေ့များ ရှူရှိုက်နေရဆဲဖြစ်ကြောင်း သိရသည်။

"ကုလားကြီးစုရွာထဲကို မနက်ပိုင်းကမှ မီးခိုးအနံ့တွေ ဝင်လာတယ်၊ ဒီနေ့ဆိုရင်အမှိုက်ပုံ မီးလောင်တာသုံးရက်ရှိပြီ၊ယာယီဆေးခန်းတစ်ခုတော့ ဖွင့်ထားတယ်၊ ဆေးထိုး၊ ဆေးသောက်လိုတဲ့ ပြည်သူတွေအတွက် ကျန်းမာရေးဆရာမနဲ့ကြက်ခြေနီတွေက ဆောင်ရွက်ပေးနေပါတယ်၊ ရွှေလင်ပန်းနဲ့ (၂၀)ရပ်ကွက်က သက်ကြီးပိုင်းတွေအသက်ရှူမဝလို့ ဆေးရုံ၊ ဆေးခန်းရောက်ကြတယ်လို့ သိရတယ်၊ မနေ့ညက လွှတ်တော်ကိုယ်စားလှယ်တွေရောက်လာတယ်၊ မီးသတ်ကားတွေလည်း ပထမငါးစီးကနေ ၁၆ စီးအထိ ရောက်လာပြီး ငြိမ်းသတ်ပေးလို့ ဒီနေ့မီးခိုးငွေ့ရှူရတာ သက်သာနေတယ်လို့ဆိုရမှာပါ" ဟု ကုလားကြီးစုကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောသည်။

ယမန်နေ့ ညပိုင်းက အမှတ် (၂၀) ရပ်ကွက် အနော်ရထာလမ်းမကြီးနှင့် အမှတ်(၂၀)ရပ်ကွက် ရွှေလင်ပန်းကျေးရွာသို့ မီးခိုးငွေ့များလွင့်ပျံ့နေ၍ သန့်ရှင်းသောလေ

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆

# မောင်တောဒေသ မြေပြင်အခြေအနေ သတင်းရယူရန် ပြည်တွင်းပြည်ပမှ သတင်းမီဒီယာများ စစ်တွေမြို့ရောက်ရှိ

**စစ်တွေ မေ ၂၃**

ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး ကိစ္စရပ်များအပါအဝင် အခြားကိစ္စရပ်များအား မြေပြင်ကွင်းဆင်းသတင်းရယူရန် ပြည်တွင်းသတင်းဌာနများနှင့် ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာသမားများသည် ယနေ့ညနေ ၅ နာရီ ၁၀ မိနစ်တွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

သတင်းမီဒီယာအဖွဲ့တွင် MNA၊ MRTV၊ MITV၊ TBS၊ TV Asahi၊ CRI၊ Xinhua၊ AFP၊ VOA၊ BBC၊ The Mainichi Newspaper နှင့် RFA သတင်းဌာနတို့မှ သတင်းသမားစုစုပေါင်း ၁၃ ဦးပါဝင်ကြသည်။

*စာမျက်နှာ ၁၀ ကော်လံ ၄* ✳


မှိုင်ဝင်ချောင်းဝကင်းစခန်းအနီး၌ နေရပ်စွန့်ခွာရောက်ရှိသူများအား ၎င်းတို့၏ နေရပ်သို့ ချောမောစွာ ပြန်လည်ပို့ဆောင် စာ -၁၀

တိုက်ကြီးမြို့နယ် ကွမ်းသီးခြောင်တွင် ဆင်ပေါက်တစ်ကောင်သေဆုံးလျက်တွေ့ရှိ စာ -၁၂

ကက်စထရိုမိသားစုက မဟုတ်တဲ့ ကျူးဘား သမ္မတအသစ် စာ -၁၅




မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုရ အောင်လအန်ဆန်။ ဓာတ်ပုံ-ဖိုးသော်ဇင်

# အောင်လအန်ဆန်၏ MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲ ဇွန် ၂၉ ရက် ထိုးသတ်မည်

**ရန်ကုန် မေ ၂၃**

MMA ဘက်စုံကိုယ်ခံပညာသုံး ပြိုင်ပွဲတွင် ဝိတ်တန်းနှစ်ခု၌ ကမ္ဘာ့ချန်ပီယံဆုရထားသည့် မြန်မာကစားသမား အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲကို ဇွန် ၂၉ ရက်တွင် ထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ယခုနှစ်တွင် ကမ္ဘာ့ ချန်ပီယံဆုကာကွယ် ပွဲနှစ်ပွဲ ထိုးသတ်ရမည်ဖြစ်ပြီး ဇွန်လတွင် မစ်ဒယ်ဝိတ်တန်း၊ စက်တင်ဘာတွင် လိုက်ဟဲဗီးဝိတ်တန်းတို့ ထိုးသတ်ရမည်ဖြစ်သည်။

MMA ပြိုင်ပွဲများကို တာဝန်ယူကျင်းပနေသည့် ONE Championships အဖွဲ့အစည်းသည် မူလက ၂၀၁၈ ခုနှစ်တွင် ရန်ကုန်မြို့၌ ပြိုင်ပွဲတစ်ကြိမ်သာကျင်းပရန် စီစဉ်ထားသော်လည်း သုံးကြိမ်အထိ ပြောင်းလဲကျင်းပမည်ဖြစ်သည်။

အောင်လအန်ဆန်သည် ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲထိုးသတ်ရမည်ဖြစ်ပြီး ပြိုင်ဘက်ကိုမူ ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။ အောင်လအန်ဆန်သည် ၂၀၀၅ ခုနှစ်တွင် MMA ပြိုင်ပွဲ စတင်ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင်

*စာမျက်နှာ ၁၃ ကော်လံ ၅* ●

# ဘုရှနိုင်းဘုရင့်ဖလားပြိုင်ပွဲ အုပ်စုပွဲအဖြစ် မြန်မာနှင့်ထိုင်း ယနေ့ကစားမည်

**ရန်ကုန် မေ ၂၃**

၂၀၁၈ ဘုရှနိုင်းဘုရင့်ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲအဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းသည် မေ ၂၄ ရက် **(ယနေ့)** မြန်မာစံတော်ချိန်ညနေ ၆ နာရီ ၄၅ မိနစ်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု (က) ၌ ပါဝင်နေပြီး ထိုင်း၊ အိမ်ရှင် ဘရူနိုင်း၊ တီမောအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။ မြန်မာအသင်းသည် အဖွင့်ပွဲမှာပင် နာမည်ကြီး ထိုင်းအသင်းနှင့် တွေ့ဆုံခြင်းဖြစ်ပြီး ပွဲဦးထွက်ရလဒ်ကောင်းရရန် ကြိုးပမ်းရဖွယ်ရှိနေသည်။ မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် နာမည်ကြီး ထိုင်း၊ အိမ်ရှင်ဘရူနိုင်းအသင်းတို့နှင့် တွေ့ဆုံမည့်ပွဲများမှာ အရေးပါနေပြီး ရလဒ်ကောင်းရရန် လိုအပ်နေသည်။ ယင်းပြိုင်ပွဲတွင် အသင်းခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အုပ်စု (ခ) တွင် လာအို၊ စင်ကာပူနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ မြန်မာ ယူ-၂၁ အသင်း နည်းပြချုပ် ဦးကြည်လွင်က "ဒီပြိုင်ပွဲက ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မှုတွေထဲက တစ်ခုဖြစ်ပါတယ်။

*စာမျက်နှာ ၁၃ ကော်လံ ၃* ❐



မြန်မာ ယူ-၂၁ အသင်း ပြိုင်ပွဲမတိုင်မီ လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
အင်္ဂါ၊ မေ ၂၄၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ မြန်မာနိုင်ငံ အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုအဖွဲ့အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

## နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့ကို ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန

မင်းမင်းဇော်(ကလေးဝ)



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ

ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့ကို ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းထားသည်။

**အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်**
**ပြည်ထဲရေးဝန်ကြီးဌာန**

ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးအဖြစ်သို့ရောက်ရှိစေမယ့် မျှော်မှန်းချက် (Vision)တွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ တည်ဆဲဥပဒေ ၄၉ ခုနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့နဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာဆိုရင် ပြည်သူလူထုအခြေပြု ရဲလုပ်ငန်းစနစ်ကိုကျင့်သုံးပြီး ရဲစခန်းနယ်မြေအလိုက် မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြေကျင်လှည့်ကင်းများအပြင် ရေယာဉ်လှည့်ကင်းများဖြင့်ပါ သက်ဆိုင်ရာ ဒေသခံပြည်သူလူထုနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**နိုင်ငံအလိုက်ရဲအဖွဲ့များနဲ့ ဆက်သွယ်**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံလုံခြုံရေးအတွက် နယ်စပ်ဆက်ဆံရေးရုံး(BLO)တွေကို မြန်မာနိုင်ငံမှာ မောင်တောမြို့နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာဖ်မြို့တို့မှာ ဖွင့်လှစ်နိုင်ဖို့ဆောင်ရွက်လျက်ရှိပါတယ်၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့၊ ဥရောပရဲအဖွဲ့၊ နိုင်ငံအလိုက်ရဲအဖွဲ့များနဲ့ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုစစ်တမ်းကောက်ယူရာမှာလည်း ၁၉၉၉ ခုနှစ်မှာ မူးယစ်ဆေးဝါးပပျောက်ရေး နောက်တိုးငါးနှစ်စီမံကိန်းများကို



ပြည်ထဲရေးဝန်ကြီးဌာန
အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်

၂၀၁၉ ခုနှစ်အထိ ရေးဆွဲပြီး ဘိန်းအပါအဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးခြင်းနဲ့ သစ်တောစိုက်ပျိုးထိန်းသိမ်းမှုတွေကို ဆောင်ရွက်နိုင်ခဲ့တာကြောင့် ၂၀၁၇ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု ၂၅ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ပါတယ်။

**မြေငှားဂရမ် ထုတ်ပေးနိုင်ခဲ့**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပိုင်းမှာဆိုရင် ဥပဒေရေးရာကိစ္စရပ်တွေ ဆောင်ရွက်ရေး၊ မြို့နဲ့ကျေးရွာများ စနစ်တကျဖွဲ့စည်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော်ရေး၊ အသင်းအဖွဲ့များ ဥပဒေနဲ့အညီ ဖွဲ့စည်းရေး၊ ဂုဏ်ထူးဆောင်ဘွဲ့များနဲ့ တံဆိပ်များ ချီးမြှင့်ထိုက်သူ ချီးမြှင့်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရေး၊ မြေယာစီမံခန့်ခွဲမှုများဥပဒေနဲ့အညီဖြစ်ရေး၊ ယစ်မျိုးစီမံခန့်ခွဲမှုများ စနစ်တကျဖြစ်ရေးနဲ့ အခွန်လေးမျိုး လျာထားချက်ပြည့်မီကျော်လွန်အောင် ကောက်ခံရေးတွေကို ပင်မလုပ်ငန်းတာဝန်များအဖြစ် ဆောင်ရွက်လျက်ရှိရာမှာ သာသနာ့ဂရန် ၂၁၈ ခု၊ ဗဒ္ဓသိမ် ၉၃ ခု၊ ငါးကေအထက် မြေငှားဂရန် ၃၅၀၊ ငါးကေအောက် မြေငှားဂရန် ၄၄၂၉၆ ခု ထုတ်ပေးနိုင်ခဲ့ပါတယ်။

**အခွန်လေးမျိုး**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကောက်ခံလျက်ရှိသော အခွန်လေးမျိုးဖြစ်တဲ့ မြေခွန်၊ ယစ်မျိုးခွန်၊ တာတမံခွန်၊ ဓာတ်သတ္တုခွန်တွေနဲ့ ပတ်သက်လို့ ငွေကျပ်သန်းပေါင်း ၃၃၉၃၄ ဒသမ ၅၉၁ ကို ကောက်ခံရရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်သန်းပေါင်း ၃၆၅၇၇ ဒသမ ၀၁၇ ကောက်ခံရရှိခဲ့တဲ့အတွက် လျာထားချက်ပြည့်မီ ကျော်လွန်အောင် ကောက်ခံရရှိခဲ့ပါတယ်။

နှစ်နှစ်တာသက်တမ်း ကာလအတွင်း ပြည်တွင်းအသင်းအဖွဲ့၊ အသင်းအဖွဲ့အသစ် ၃၆၆ သင်း၊ သက်တမ်းတိုးတဲ့ အသင်းအဖွဲ့ ၈၁ သင်း၊ စုစုပေါင်း ၄၄၁ သင်းနဲ့ နိုင်ငံတကာအသင်းအဖွဲ့အသစ် အသင်း ၃၀ အပါအဝင် သက်တမ်းတိုးအသင်း အဖွဲ့ ၄၂ သင်း စုစုပေါင်း ၇၂ သင်းကို မှတ်ပုံတင်ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)တွေ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော် လျက်ရှိရာမှာ နေပြည်တော်၊ တိုင်းဒေသကြီးနဲ့ပြည်နယ်များက မြို့နယ်ပေါင်း ၃၁၆ မြို့နယ်မှာ ဆောင်ရွက်ပေးလျက်ရှိပြီး စုစုပေါင်းဝန်ဆောင်မှု ၂၉၁၉၅၄၉ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှာဆိုရင် စီးပွားရေးဆိုင်ရာ ပြစ်မှုတွေနဲ့ ပတ်သက်လို့ စုံစမ်းဖော်ထုတ်အရေးယူခဲ့ရာမှာ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၁၅ ရက်အထိ အမှု ၉၅ မှုကို စုံစမ်းစစ်ဆေးခဲ့ပါတယ်။ အဲဒီလို စုံစမ်းစစ်ဆေးခဲ့သည့်အမှုတွေကနေ ငွေကျပ်သိန်းပေါင်း ၅၃၅၄၄၃၂ ကျော်နဲ့ အမေရိကန်ဒေါ်လာ ၁၈၅၆၆ ၉၄၅ ခန့်အပေါ် အခွန်စည်းကြပ်နိုင်ဖို့အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို အကြောင်းကြားနိုင်ခဲ့ပါတယ်။

*အချပ်ပို(ခ)သို့*




**JICA နှင့် ပူးပေါင်း၍ သဘာဝဘေးစီမံခန့်ခွဲမှုအလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

*အချပ်ပို(က)မှ*

အကျဉ်းဦးစီးဌာနအပိုင်းကို ကြည့်မယ်ဆိုရင် ပြည်ထောင်စုအစိုးရရဲ့ဘတ်ဂျက်နဲ့ အကျဉ်းထောင်အသစ်တွေ ဆောက်လုပ်လျက်ရှိပြီး လက်ရှိအကျဉ်းထောင်တွေကိုလည်း တိုးချဲ့ဆောက်လုပ်လျက်ရှိပါတယ်။ အကျဉ်းသားအိပ်ဆောင်တွေကို တစ်ဦးလျှင် ၁၈ စတုရန်းပေထားရှိပြီး ရေသန့်စက်များ တည်ဆောက်ပေးလျက်ရှိရာ အကျဉ်းထောင်နဲ့ စခန်း ၉၄ ခုအတွက် ငွေကျပ် ၈၅၄ ဒသမ ၆၃ သန်း အကုန်ကျခံ တည်ဆောက်ပေးခဲ့ပါတယ်။

မီးသတ်ဦးစီးဌာနအနေနဲ့ မီးငြိမ်းသတ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ဖို့အတွက် ပိုလန်နိုင်ငံချေးငွေနဲ့ ခေတ်မီ မီးငြိမ်းသတ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးယာဉ်တွေ ဖြည့်တင်းပေးနိုင်ခဲ့ပါတယ်။ ထိရောက်သော မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ဖို့အတွက် တိုင်းဒေသကြီးနဲ့ပြည်နယ်



**ဦးအောင်သိုက်ဝင်း**
**ညွှန်ကြားရေးမှူး(စီမံ)**

များဖွဲ့စည်းပုံအရ တပ်ဖွဲ့ဝင်များ အင်အားတိုးမြှင့်ခြင်း၊ ခရိုင်၊ မြို့နယ်၊ နယ်မြေမီးသတ်စခန်းများ အသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ မီးသတ်ယာဉ်၊ စက်နဲ့ ပစ္စည်းကိရိယာများ ဖြည့်တင်းခြင်းအပါအဝင် စခန်းအဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်နိုင်ခဲ့ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနဟာ ဌာနရဲ့ရည်မှန်းချက်တာဝန်တွေကို အကောင်အထည်ဖော်ရာမှာ တည်ဆဲဥပဒေများနှင့်အညီ အလေးထားဆောင်ရွက်ရတာဖြစ်တဲ့အတွက် ဝန်ကြီးဌာနရဲ့ ဝန်ထမ်းတွေကို လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ပြည်တွင်း၊ ပြည်ပ သင်တန်းတွေ အပါအဝင် အစည်းအဝေးများနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကို စေလွှတ်လျက်ရှိပါတယ်။

**ရဲမှူးကြီးသက်နိုင်**
**ညွှန်ကြားရေးမှူး(စီမံ)**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

လက်ရှိအစိုးရသစ်ကာလ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ပြည်သူလူထုပူးပေါင်းပါဝင်တဲ့ လုပ်ငန်းစနစ်ဖော်ဆောင်နိုင်ဖို့အတွက် ပြည်သူ့အတွက် ရဲတပ်ဖွဲ့ရဲ့ဝန်ဆောင်ပေးမှုကို ရှေးရှုတဲ့ ရဲလုပ်ငန်းစနစ်ကိုကူးပြောင်းပြီး ပြဿနာဖြေရှင်းမှုကို ရှေးရှုတဲ့ ရဲလုပ်ငန်းနဲ့ ပြည့်စုံသော မှုခင်းဆိုင်ရာ သတင်းအချက်အလက်တွေကို အခြေခံတဲ့ ရဲလုပ်ငန်းတို့နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ပထမရည်မှန်းချက်တာဝန်ဖြစ်တဲ့ ပြည်တွင်းလုံခြုံရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးဆောင်ရွက်ရာမှာ ပိုမိုထိရောက်မှုရရှိစေဖို့အတွက် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတစ်ရုံး၊ နယ်မြေ ရဲစခန်းရှစ်ခု၊ ရဲကင်းစခန်း ၁၄ ခုတို့ကို တိုးချဲ့အသစ်ဖွင့်လှစ်ခဲ့ပြီး ရဲကင်းစခန်းငါးခု နယ်မြေရဲစခန်းအဆင့် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ အနောက်ဘက်တံခါးဖြစ်တဲ့ ရခိုင်ပြည်နယ် နယ်စပ်ဒေသ လုံခြုံရေးဆောင်ရွက်မှုမြှင့်တင်ဖို့ ယခင်က အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲလေးခုနဲ့ လုံခြုံရေးဆောင်ရွက်လျက်ရှိရာက နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ လေးခု ထပ်မံဖွဲ့စည်းခဲ့ပြီး တပ်ဖွဲ့ခွဲရှစ်ခု၊ နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံးသုံးရုံး တိုးချဲ့ဖွင့်လှစ်ပြီး အင်အား ဖြည့်တင်းလုံခြုံရေးဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံလုံခြုံရေးအတွက် နယ်စပ်ဆက်ဆံရေးရုံး (BLO) တွေ နှစ်နိုင်ငံအတွင်းဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်နိုင်ငံနယ်ခြားစောင့်တပ်တွေအကြား အလံတင်အစည်းအဝေးဗဟိုအဆင့် နှစ်ကြိမ်၊ ကွပ်ကဲရေးမှူးအဆင့် နှစ်ကြိမ်၊ တပ်ရင်းမှူးအဆင့် ၁၂ ကြိမ်၊ တပ်ခွဲမှူးအဆင့် တစ်ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။ နယ်စပ်တစ်လျှောက် လှည့်ကင်းဖြင့် စိုးမိုးမှုများဆောင်ရွက်ခြင်း၊ ကင်းစခန်းများမှာ နှစ်ထပ်ဘန်ကာမျှော်စင်များ ဆောက်လုပ်ခြင်း၊ ပစ်ကျင်း၊ ဆက်သွယ်ရေးမြောင်းများ၊ ခြံစည်းရိုးများ စနစ်တကျဆောင်ရွက်ခြင်းဖြင့် လုံခြုံရေးမြှင့်တင်လျက်ရှိပါတယ်။ ပင်လယ်မြစ်ကြောင်း လုံခြုံရေးအတွက် ကမ်းရိုးတန်းသွား ကင်းလှည့်ရေယာဉ်လေးစင်း၊ မြစ်တွင်းသွားကင်းလှည့် ရေယာဉ် ၁၀ စင်း၊ Fast Boat ၁၅ စင်း၊ Rubber Boat ရှစ်စင်း၊ စုစုပေါင်း ၃၇ စင်း ဖြည့်တင်းပြီး လုံခြုံရေးဆောင်ရွက်လျက်ရှိပါတယ်။

ပုံမှန်လုံခြုံရေးတာဝန်တွေအပြင် နိုင်ငံတော်အဆင့် အခမ်းအနားတွေ၊ နိုင်ငံတော်အကြီးအကဲတွေ၊ အရေးကြီးပုဂ္ဂိုလ်တွေနဲ့ ပြည်ပဧည့်သည်တော်တွေအတွက်လုံခြုံရေး လုံးဝကျိုးပေါက်မှု မရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လုံခြုံရေးဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေဖို့အတွက် ရဲတပ်ဖွဲ့ကို ခေတ်မီမောင်းပြန် လက်နက်တွေနဲ့ အဓိကရုဏ်းနှိမ်နင်းရေး လက်နက်တွေ အစားထိုးလဲလှယ်တပ်ဆင်ခဲ့ပြီး ဖြစ်ပါတယ်။

ဒုတိယရည်မှန်းချက်တာဝန်ဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများ ဘေးကင်းလုံခြုံရေး၊ မှုခင်းများ၊ အကြမ်းဖက်မှုများကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးနဲ့ တိုက်ဖျက်ရေးလုပ်ငန်းတွေကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်များနဲ့ အညီဆောင်ရွက်လျက်ရှိပြီး ဖြစ်ပွားခဲ့တဲ့ အမှုတွေက တရားခံများကို စစ်ဆေးဖော်ထုတ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူများမှုခင်းဆိုင်ရာ အသိပညာရရှိစေဖို့အတွက် မှုခင်းပညာပေးပြခန်းယာဉ်များနဲ့ လှည့်လည်ဟောပြောခြင်း၊ နယ်မြေများနဲ့ စာသင်ကျောင်းများကို ကွင်းဆင်းဟောပြောခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတွေအပြင် နယ်မြေလူထု ပူးပေါင်းပါဝင်သောရဲလုပ်ငန်းစနစ်နဲ့ အိမ်တိုင်ရာရောက်ရဲလုပ်ငန်း စနစ်တွေကို လက်တွေ့ကျကျ ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံဖြတ်ကျော်မှုခင်းတွေတားဆီးကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့၊ ဥရောပရဲအဖွဲ့အပါအဝင် နိုင်ငံအလိုက်ရဲအဖွဲ့များနဲ့ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။

တတိယရည်မှန်းချက်ဖြစ်တဲ့ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ရောင်းဝယ်ပျံ့နှံ့မှု တားဆီးနှိမ်နင်းဖို့အတွက် တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ အထူးစစ်ဆင်ရေးရှစ်ကြိမ်ဆောင်ရွက်ခဲ့ပြီး အမှုပေါင်း ၁၃၈၈ မှု၊ တရားခံပေါင်း ၁၉၅၇ ဦးကို မူးယစ်ဆေးဝါး၊ ဆက်စပ်ပစ္စည်းတွေနဲ့အတူ အရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထို့အတူ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး သတင်းဖလှယ်ဖော်ထုတ်အရေးယူမှုတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

စတုတ္ထရည်မှန်းချက်တာဝန်ဖြစ်တဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး လုပ်ငန်းစဉ်တွေကို သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အပြင် သဘာဝဘေး အန္တရာယ်နဲ့ပတ်သက်တဲ့ ကြိုတင်ကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အချိန်နဲ့တစ်ပြေးညီ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေက ရေရှားပါးမှုဖြစ်ပေါ်ခဲ့တဲ့ဒေသတွေကို သောက်သုံးရေဂါလန်ပေါင်း ၄၃၀၂၄၂ ဂါလန် လှူဒါန်းနိုင်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ကျရောက်မှုစုစုပေါင်း အကြိမ် ၄၀ မှာ တပ်ဖွဲ့ဝင်တွေက ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**ဦးအောင်သိုက်ဝင်း**
**ညွှန်ကြားရေးမှူး(စီမံ)**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဟာ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဆိုတဲ့ ရည်မှန်းချက်တာဝန် လေးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ အုပ်ချုပ်ရေးဆိုင်ရာဥပဒေ ၁၉ ခုနဲ့အညီ လိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိပြီး အဓိကလုပ်ငန်းတာဝန်တွေဖြစ်တဲ့ မြို့နှင့်ကျေးရွာမြေများ စနစ်တကျဖွဲ့စည်းရေး၊ အသင်းအဖွဲ့များ ဥပဒေနှင့်အညီဖွဲ့စည်းရေး၊ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များချီးမြှင့်ထိုက်သူချီးမြှင့်ရေး၊ မြေယာစီမံခန့်ခွဲရေး၊ ယစ်မျိုးစီမံခန့်ခွဲရေး၊ အခွန်လေးမျိုးကောက်ခံရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေအပြင် နိုင်ငံတော်သမ္မတရုံးနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကပေးအပ်တဲ့လုပ်ငန်းတာဝန်တွေနဲ့ ပြည်ထဲရေးဝန်ကြီးဌာနက ပေးအပ်တဲ့ လုပ်ငန်းတာဝန်တွေအပြင် အခြားဝန်ကြီး ဌာနများမှပေးအပ်တဲ့ လုပ်ငန်းတာဝန်တွေကိုဌာနရဲ့ ရည်မှန်းချက်တွေနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

နေပြည်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များရှိ မြို့နယ်တွေမှာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး မြေယာအရှုပ်အရှင်းကင်းတဲ့ကျေးရွာတွေမှာ မြေငှားဂရန်(မြေငှားစာချုပ်) ထုတ်ပေးရေး လုပ်ငန်းကို ရက် ၁၀၀ စီမံချက်ကနေ စတင်



**ရဲမှူးကြီး သက်နိုင်**
**ညွှန်ကြားရေးမှူး(စီမံ)**

အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၆ ခုနှစ် ဧပြီမှ ၂၀၁၈ ခုနှစ် မတ် အထိ နှစ်နှစ်တာကာလအတွင်း မြို့နယ်ပေါင်း ၂၇၅ မြို့နယ်မှာရှိတဲ့ ကျေးရွာ ၂၇၅ ရွာမှာ ကျေးရွာမြေငှားဂရန်စုစုပေါင်း ၂၂၅၁၈ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် သာသနာ့ဂရန် ၂၁၈ ခု၊ ဗဒ္ဓသိမ် ၉၃ ခု၊ ငါးကေ အထက် မြေငှားဂရန် ၃၅၀ ခု၊ ငါးကေအောက် မြေငှားဂရန် ၄၄၂၉၆ ခု ထုတ် ပေးနိုင်ခဲ့ပါတယ်။ အဲဒီလိုမြေငှားဂရန်တွေ ထုတ်ပေးနိုင်ခြင်းဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက အခွန်ငွေတိုးမြှင့်ကောက်ခံရရှိသလို တစ်ဖက်မှာလည်း နိုင်ငံသားတွေအနေနဲ့ ပိုင်ဆိုင်မှုအထောက်အထား ခိုင်မာစွာဖြင့် စိတ်အေးချမ်းသာစွာနေထိုင်နိုင်ပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်တဲ့ အခွင့်အရေးများ ရရှိနိုင်မှာဖြစ်ပါတယ်။

*အချပ်ပို(ဂ)သို့*



**တနင်္သာရီမြို့နယ် သိန်ခွန်း ကျေးရွာအုပ်စု ထုံခါးကျေးရွာရှိ ဆင်ဖြူရှင် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းမှ လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသားများအား လမ်းစရိတ်ပေးအပ်စဉ်။**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချုပ်ပို(ခ)မှ*

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီက အသုံးပြုရန်မရှိသော စွန့်လွှတ်မြေ (၅၂၁၃၈ ဒသမ ၇၃၀၅) ကေကို မူလပိုင်ရှင်များသို့ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်၊ အဲဒီလိုပဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ အသုံးပြုခြင်းမရှိတော့တဲ့ ဌာနပိုင်မြေစုစုပေါင်း (၅၂၃ ဒသမ ၈၃၁) ကေကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ဖို့အတွက် နိုင်ငံတော်သို့ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

**အရေးယူခြင်းများ ဆောင်ရွက်**

ယစ်မျိုးစီမံခန့်ခွဲခြင်းအနေနဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် အရက်သောက်သုံးမှုလျှော့ချပြီးသဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဖို့ ရည်ရွယ်ကာ ယစ်မျိုးလုပ်ငန်းကတစ်ဆင့် အခွန်တိုးမြှင့်ကောက်ခံနိုင်ရေးအတွက် ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ Task Force အဖွဲ့များဖြင့်စစ်ဆေးခြင်း၊ အချိန်ကာလသတ်မှတ်ပြုပြင်စေခြင်း၊ စည်းကမ်းလိုက်နာမှုမရှိတဲ့ ယစ်မျိုးလိုင်စင်တွေကို ပိတ်သိမ်းသည်အထိ အရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ကောက်ခံလျက်ရှိတဲ့ အခွန်လေးမျိုးဖြစ်တဲ့ မြေခွန်၊ ယစ်မျိုးခွန်၊ တာတမံခွန်၊ ဓာတ်သတ္တုခွန်တွေကို လျာထားသတ်မှတ်ချက်နဲ့အညီ ကောက်ခံဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အခွန်လေးမျိုးလျာထားချက် ကျပ်သန်းပေါင်း (၂၆၆၅၉ ဒသမ ၂၆၃)မှာ ကျပ်သန်းပေါင်း (၃၃၉၃၄ ဒသမ ၅၉၁)ကိုကောက်ခံရရှိခဲ့တဲ့အတွက် လျာထားချက်အပေါ်(၁၄၅ ဒသမ ၅၀)ရာခိုင်နှုန်းနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အခွန်လေးမျိုး လျာထားချက် ကျပ်သန်းပေါင်း (၃၃၁၉၀ ဒသမ ၀၁၄)မှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ ကျပ်သန်းပေါင်း (၃၆၅၇၇ ဒသမ ၀၁၇) အား ကောက်ခံရရှိခဲ့လို့ လျာထားချက်ပြည့်မီကျော်လွန်အောင်ကောက်ခံရရှိခဲ့ပြီး အခွန်ကောက်ခံရရှိငွေတွေကို တိုင်းဒေသကြီးနဲ့ပြည်နယ် ဘဏ္ဍာရန်ပုံငွေစာရင်းအပါအဝင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

**တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့**

လက်ရှိနိုင်ငံတော်အစိုးရရဲ့နှစ်နှစ်တာကာလအတွင်း ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၅၄ နှင့်အညီ မြို့ရပ်ကွက်နဲ့ ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ရာ နေပြည်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များရှိ စုစုပေါင်းမြို့ ၁၃ မြို့၊ ရပ်ကွက် ၈၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၁အုပ်စု၊ ကျေးရွာ ၇၁၀ ရွာတိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ နိုင်ငံတော်အစိုးရရဲ့ နှစ်နှစ်တာကာလအတွင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနဲ့အညီ ကျေးရွာမြေငှား ဂရန်ထုတ်ပေးရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနဲ့ အသင်းအဖွဲ့များကို ဥပဒေနှင့်အညီဖွဲ့စည်းဆောင်ရွက်နိုင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**ဦးအောင်မျိုး**
**ညွှန်ကြားရေးမှူး**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေနဲ့ စီးပွားရေးဆိုင်ရာပြစ်မှုများ စုံစမ်းဖော်ထုတ်အရေးယူရေး၊ ဝန်ထမ်းမသမာမှုများ စုံစမ်းဖော်ထုတ်အရေးယူရေး၊ နိုင်ငံတော် လုံခြုံရေးသတင်းများစုဆောင်းတင်ပြရေးနဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးစတဲ့ ရည်မှန်းချက်များချမှတ်ပြီး စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဥပဒေအကြံပေးခြင်း၊ တရားစွဲတင်ပို့ခြင်းနှင့် တရားရုံးအမှုလိုက်ပါခြင်း၊ သတင်းများစုဆောင်းတင်ပြခြင်းနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်ခြင်းစတဲ့ အဓိကလုပ်ငန်းတွေကိုဆောင်ရွက်လျက်ရှိပါတယ်။

**စုံစမ်းဖော်ထုတ်အရေးယူခဲ့**

စီးပွားရေးဆိုင်ရာ ပြစ်မှုတွေနဲ့ပတ်သက်လို့ ပြည်ပပို့ကုန်တွေရဲ့ကုန်ဖိုးငွေတွေကို ပြည်တွင်းကို ပြန်မသွင်းဘဲ ပြည်ပမှာသာ ငွေကြေးလှည့်ပတ်အသုံးပြုနေခြင်း၊ Internet အခြေခံ Online ဝန်ဆောင်မှု လုပ်ငန်းတွေကိုဘန်းပြပြီး မက်လုံးပေးစည်းရုံးငွေကြေးလိမ်လည်ရယူခြင်း၊ သစ်တောထွက်ပစ္စည်းများ၊ သယံဇာတများနဲ့ ကုန်ပစ္စည်းတွေကို ခွင့်ပြုချက်မရှိဘဲ သယ်ဆောင်ရောင်းဝယ်ခြင်း၊ တင်ပို့ခြင်း၊ ဆေးဝါးများအတုပြုလုပ်ခြင်း၊ ဆင့်ပွားဈေးကွက်စနစ်နဲ့ ကုန်ပစ္စည်းရောင်းချခြင်းတွေကို စုံစမ်းဖော်ထုတ်အရေးယူခဲ့ရာမှာ အမှု ၉၅ မှုကို စုံစမ်းစစ်ဆေးခဲ့ပါတယ်။

ဝန်ထမ်းမသမာမှုတွေနဲ့ ပတ်သက်လို့ ဝန်ထမ်းတွေအနေနဲ့ လယ်ယာမြေလုပ်ကိုင်မှုကိုအကြောင်းပြုပြီး မြေကွက်တွေကို တရားမဝင်ရောင်းစားမှုတွေ၊ လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ်ကို မသမာသောနည်းတွေနဲ့ ဆောင်ရွက်ခြင်းကြောင့်ဖြစ်ပေါ်လာတဲ့ ပိုင်ဆိုင်မှု၊ အငြင်းပွားမှုတွေကို ဖြစ်ပေါ်စေတဲ့ဝန်ထမ်းတွေကို ဖော်ထုတ်ပြီး စီမံခန့်ခွဲရေးအပိုင်းကနေ ကြိုတင်တားဆီးကာကွယ်ခြင်းဆောင်ရွက်ခဲ့ရာမှာ အမှုပေါင်း ၄၄ မှုကို စုံစမ်းစစ်ဆေးခဲ့ပါတယ်။



ဦးမင်းစိုး(ညွှန်ကြားရေးမှူး
အကျဉ်းဦးစီးဌာန)



ဦးကျော်နိုင်(ညွှန်ကြားရေးမှူး
မီးသတ်ဦးစီးဌာန)



ဦးအောင်မျိုး (ညွှန်ကြားရေးမှူး
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)

မြန်မာငွေတန်ဖိုးတည်ငြိမ်စေရေး၊ ငွေကြေးလည်ပတ်စီးဆင်းမှု မှန်ကန်စေရေးတို့အတွက် ငွေကြေးခဝါချမှုတွေ၊ သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှုတွေအပါအဝင် မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုတွေက ရရှိလာတဲ့ငွေကြေးတွေကို အသွင်ပြောင်းလဲခြင်း၊ ဖျောက်ဖျက်ခြင်း၊ ငွေဖြူအဖြစ်ပြောင်းလဲခြင်းများနဲ့ပတ်သက်လို့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရ အမှုပေါင်း ၁၃၁ မှု စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနကနေ တရားစွဲတင်ပို့နိုင်ခဲ့တဲ့ အမှုတွေအနက် တရားရုံးကအမိန့်ချမှတ်ပြီး ပြည်သူ့ဘဏ္ဍာအဖြစ် မြန်မာကျပ်ငွေ (၁၉၀၁၇၅၆၉၆၇) ကျပ်၊ ဒေါ်လာ (၄၆၇၂၄၀)၊ ယူရိုငွေ (၃၃၀၀၀)၊ ဂျပန်ယန်း (၅၂၆၁၀၀၀)၊ မလေးရှားရင်းဂစ် (၂၈၅၀၅)၊ တရုတ်ယွမ်(၃၃၁၉၃)၊ ပေါင်စတာလင်(၆၁၀)၊ ထိုင်ဝမ်ဒေါ်လာ(၅၀၇၀၀)၊ ကိုရီးယားဝမ် (၁၀၀၁၀၀၀)နဲ့ ဟောင်ကောင် ဒေါ်လာ(၁၇၁၀၀) ရရှိခဲ့ပါတယ်။

**Website တွေမှာ ဖော်ပြ**

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနဟာ မသိနားမလည်တဲ့ ပြည်သူတွေ ငွေကြေး ဆုံးရှုံးနစ်နာမှုမရှိစေရေး MLM စနစ်အရကျင့်သုံးတဲ့ကုမ္ပဏီနဲ့ လုပ်ငန်းများအခြေအနေ၊ Crypto Currency နဲ့ပတ်သက်တဲ့ သဘောသဘာဝ၊ ကောင်းကျိုး၊ ဆိုးကျိုးတွေကိုလည်း သိရှိလေ့လာနိုင်ကြစေဖို့ နိုင်ငံပိုင်သတင်းမီဒီယာနဲ့ ပြည်ထဲရေးဝန်ကြီးဌာန Website တွေမှာ ဖော်ပြပေးနိုင်ခဲ့ပါတယ်။

**ဦးမင်းစိုး**
**ညွှန်ကြားရေးမှူး**
**အကျဉ်းဦးစီးဌာန**

လက်ရှိအကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်မှာ အကျဉ်းထောင် ၄၃ ထောင်၊ အချုပ်ထောင်ခြောက်ထောင်၊ စခန်း ၄၈ ခု၊ စခန်းစုစုပေါင်း ၉၇ ခု ရှိပါတယ်။

အကျဉ်းသားအိပ်ဆောင်တွေမှာ အကျဉ်းသားတစ်ဦးအတွက် ၁၈ စတုရန်းပေ ထားရှိပါတယ်။ ပြည်ထောင်စုအစိုးရရဲ့ဘတ်ဂျက်နဲ့ အကျဉ်းထောင်အသစ်တွေကို တိုးချဲ့ဆောက်လုပ်လျက်ရှိပါတယ်။ နှစ်နှစ်တာကာလအတွင်း အချုပ်ထောင်နှစ်ခု၊ အကျဉ်းထောင် တစ်ခု ဆောက်လုပ်ပြီး ဖြစ်ပါတယ်။ ရေသန့်စက်တွေကိုလည်း အကျဉ်းထောင်၊ စခန်း ၉၄ ခုမှာ ငွေကျပ်သန်း ၈၅၄ ဒသမ ၆၃ သန်း အကုန်ကျခံတိုးချဲ့တည်ဆောက် ပေးခဲ့ပါတယ်။ မိလ္လာစနစ်ဆိုရင်လည်း ရေလောင်းမိလ္လာစနစ်၊ ရေဆိုးထုတ်ပိုက်လိုင်း အသုံးပြုတဲ့စနစ်တွေနဲ့ အနံ့အသက်ကင်းစင်ပြီး သန့်ရှင်းသပ်ရပ်စွာ ကျန်းမာရေးနဲ့ ညီညွတ်အောင်ဆောင်ရွက်လျက်ရှိပါတယ်။ မြေနေရာလပ်ပေါ်မူတည်ပြီး အကျဉ်းသား အချိုးနဲ့ညီအောင် နေ့၊ ညမိလ္လာတွေ ဆောက်လုပ်ပေးလျက်ရှိပါတယ်။

**စီစဉ်ဆောင်ရွက်ပေး**

အိပ်ဆောင်တိုင်းမှာ တီဗွီ၊ ဗီဒီယိုတွေ ထားရှိပေးထားတဲ့အပြင် စလောင်းတွေကိုလည်း တပ်ဆင်ပေးထားပါတယ်။ ကဏ္ဍစုံစာအုပ်များ ပါဝင်တဲ့ စာကြည့်တိုက်ကိုလည်း ဖွင့်လှစ်ထားရှိပြီး လွတ်လပ်စွာဖတ်ရှုခွင့်ပေးထားပါတယ်။ အကျဉ်းသားတွေကို နံနက်တိုင်း ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်စေခြင်း၊ နေ့ရက်ကြီးများမှာ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ အလွယ်တကူကစားလို့ရတဲ့ ခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘောကစားနိုင်ဖို့အတွက်လည်း စီစဉ်ဆောင်ရွက်ပေးပါတယ်။

ထောင်ဝင်စာတွေ့ဆုံမယ့် ရက်တွေမှာ အကျဉ်းသား၊ အချုပ်သားတွေ့ဆုံတဲ့ရက် ခွဲခြားခြင်းမပြုဘဲ ၎င်းတို့မိသားစုများလာရောက်တဲ့နေ့မှာတွေ့ဆုံနိုင်ရေးစီစဉ်ပေးထားပြီး

*အချုပ်ပို(ဃ) သို့*




ပိုလန်နိုင်ငံ ODA အစီအစဉ်ဖြင့် ရရှိမည့် မီးသတ်ယာဉ်များအတွက် ပြုပြင်ထိန်းသိမ်းရေးသင်တန်းကို မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ သွားရောက်သင်ကြားခဲ့စဉ်။



သောက်သုံးရေအခက်အခဲဖြစ်နေသည့် ကျေးရွာများသို့ မီးသတ်ဦးစီးဌာနမှ သောက်သုံးရေဖြန့်ဝေပေးမှုကို တွေ့ရစဉ်။

**“မီးဘေးအန္တရာယ်အပါအဝင် သဘာဝဘေးအန္တရာယ်တွေနဲ့ အခြားမတော်တဆဖြစ်စဉ်များ ကျရောက်လာပါက လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ အတွက် မီးသတ်ဦးစီးဌာနသို့ ပိုလန်နိုင်ငံအစိုးရနောက်ခံ အခြေပြုဥရောပသမဂ္ဂ၏ တစ်စိတ်တစ်ပိုင်းကူညီ ထောက်ပံ့မှုချေးငွေမှ တရားဝင်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ အစီအစဉ်ဖြင့် ယူရိုသန်း ၅၀ ထောက်ပံ့ချေးငွေနဲ့ ခေတ်မီမီးငြိမ်းသတ်ရေးယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်၊ မီးသတ်အထောက်အကူပြုယာဉ် စုစုပေါင်း ၆၅ စီးနဲ့ စက်ကိရိယာတွေ၊ ဆက်စပ်ပစ္စည်းတွေ ကြံ့ခိုင်မွမ်းမံမှုနှင့် ထိန်းသိမ်းမှုနည်းစနစ် သင်တန်းနဲ့ မီးသတ်ပညာရပ်ဆိုင်ရာတွေကို ပိုလန်နိုင်ငံ မီးသတ်တက္ကသိုလ်ကို သွားရောက်လေ့ကျင့်ပေးနိုင်ခဲ့ပါတယ်”**



ကန်တော်ကြီးပဲလေ့စ်ဟိုတယ်မီးလောင်မှုမီးငြိမ်းသတ်ရာတွင် မီးသတ်တပ်ဖွဲ့က အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်စဉ်။

*အချပ်ပို (ဂ)မှ*

ထောင်ဝင်စာ တွေ့ဆုံတဲ့အချိန်ကို ယခင် ၁၅ မိနစ်က မိနစ် ၂၀ အတွင်း သတ်မှတ်ထားရာကနေ ယခုမိနစ် ၂၀ က ၂၅ မိနစ်အထိ ဖြေလျှော့ခွင့်ပြုပေးထားပါတယ်။ ပြစ်ဒဏ်ကျခံနေတဲ့ မိသားစုဝင်အချင်းချင်းကိုလည်း တစ်ပတ်တစ်ကြိမ် တွေ့ဆုံပေးထားပြီး ညှော်တွေနားနေဆောင်တွေကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အကျဉ်းသား၊ အကျဉ်းသူတွေထဲမှာ အကြောင်းအမျိုးမျိုးကြောင့် ထောင်ဝင်စာလာရောက်မတွေ့ဆုံနိုင်တဲ့သူတွေကို အကျဉ်းထောင်၊ စခန်းများရဲ့ အစီအစဉ်နဲ့ အသုံးအဆောင်ပစ္စည်းတွေ အစားအသောက်တွေကို ဖြည့်ဆည်းပေးလျက်ရှိပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ ဗဟိုအကျဉ်းထောင်သုံးခုမှာ ခုတင် ၅၀ ဆံ့ ဆေးရုံတစ်ခုစီတည်ဆောက်ပေးထားပြီး အခြားအကျဉ်းထောင်၊ စခန်းတွေက လူနာတွေကိုလည်း လက်ခံကုသပေးလျက်ရှိပါတယ်။ အင်းစိန်ဗဟိုအကျဉ်းထောင်မှာ တီဘီလူနာကုသဆောင်ကိုလည်း ဆောက်လုပ်ထားပါတယ်။ ဌာနက ဆရာဝန် တွေ၊ ကျန်းမာရေးမှူးတွေနဲ့ နေ့စဉ်ဆေးဝါး ကုသပေးလျက်ရှိပြီး ပြင်ပပြည်သူ့ဆေးရုံများသို့ ပြသ/တင်ပို့ကုသရန် လိုအပ်သူတွေကိုတင်ပို့ကုသပေးလျက်ရှိပါတယ်။ ပြည်သူ့ဆေးရုံကြီးတွေက အထူးကု ဆရာဝန်ကြီးတွေကို ဖိတ်ကြား၍လည်း ကုသပေးလျက်ရှိပါတယ်။ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းတွေကို ဆရာဝန်တွေ၊ ကျန်းမာရေးနဲ့ သက်ဆိုင်တဲ့နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဟောပြောပွဲတွေ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးတွေကို ကာကွယ်ဆေးထိုးခြင်း၊ TB Mobile Team အဖွဲ့ကနေ ထောင်နဲ့စခန်းတွေကို လှည့်လည်ပြီး ရောဂါရှာဖွေကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အကျဉ်းထောင်နဲ့ စခန်းတွေမှာ မိမိတို့ယုံကြည်ကိုးကွယ်တဲ့ဘာသာအလိုက် ကိုးကွယ်ခွင့်ပေးထားတဲ့အပြင် ဗုဒ္ဓဘာသာဝင်အကျဉ်းသား၊ အကျဉ်းသူတွေကို ဝိပဿနာ ၁၀ ရက် တရားစခန်းများဖွင့်လှစ်ပြီး အဘိဓမ္မာသင်တန်းတွေကိုလည်းအလျဉ်းသင့်သလို ဖွင့်လှစ်ပေးပါတယ်။

ပြစ်ဒဏ်ကျခံလျက်ရှိတဲ့ အကျဉ်းသား၊ အကျဉ်းသူတွေအနေနဲ့ အကျဉ်းထောင်၊ စခန်းတွေကနေ လွတ်မြောက်သွားတဲ့အခါ အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုခု တတ်မြောက်သွားစေဖို့ ရည်ရွယ်ပြီး အကျဉ်းထောင်၊ စခန်းတွေမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေအပြင် စက်မှုလုပ်ငန်းနဲ့ လက်မှုလုပ်ငန်းတွေကိုပါ သင်တန်းဖွင့်လှစ် သင်ကြားပေးလျက်ရှိပါတယ်။

စာပေပညာသင်ကြားခြင်းအပိုင်းမှာဆိုရင်လည်း ပညာတစ်ပိုင်းတစ်စနဲ့ ပြစ်ဒဏ်ကျခံလျက်ရှိတဲ့ အကျဉ်းသား၊ အကျဉ်းသူတွေကို အတန်းပညာဆက်လက် သင်ကြားနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ခုနှစ်၊ ပညာသင်နှစ်မှာ မူလတန်းမှ အထက်တန်းအထိ အကျဉ်းသားကျောင်းသား ၂၁၃ဦး၊ အကျဉ်းသူကျောင်းသူ ၁၃ဦး၊ တက္ကသိုလ်အဆင့်အတွက် အကျဉ်းသားကျောင်းသား ၁၃ ဦးကို ပညာသင်ကြားပေးခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ အကျဉ်းသား ကျောင်းသား ၃၈ ဦး၊ အကျဉ်းသူကျောင်းသူသုံးဦး ဝင်ရောက်ဖြေဆိုခဲ့ရာ အကျဉ်းသား ၁၅ ဦး၊ အကျဉ်းသူ တစ်ဦးအောင်မြင်ခဲ့ပါတယ်။ အဲဒီမှာ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ငါးဦးထွက်ပေါ်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်၊ ပညာသင်နှစ်မှာ ၂၃၉ ဦးကို အတန်းပညာသင်ကြားပေးခဲ့ပြီး ၎င်းတို့အထဲမှ ၁၀၄ ဦးဟာ တက္ကသိုလ်ဝင်တန်းဖြေဆိုထားပါတယ်။ အတန်းပညာသင်ကြားခဲ့ဖူးခြင်းမရှိတဲ့ အကျဉ်းသား၊ အကျဉ်းသူတွေအတွက် “အ”သုံးလုံးပညာကို သင်ကြားလျက်ရှိရာ ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်ကနေ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်ထိ အမျိုးသား ၄၅၁ ဦး၊ အမျိုးသမီး ၁၁၇ဦး ၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်ကနေ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်အထိ ၈၈၅ ဦးကို သင်ကြားပေးနိုင်ခဲ့ပါတယ်။

**ဦးကျော်နိုင်**

**ညွှန်ကြားရေးမှူး မီးသတ်ဦးစီးဌာန**

မီးသတ်ဦးစီးဌာနအနေနဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်ပစ္စည်းတွေ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးတွေကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းနဲ့ သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသော ဘေးအန္တရာယ်များကျရောက်တဲ့အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။



ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ပေးစဉ်။

အစိုးရနှစ်နှစ်တာကာလအတွင်း မီးသတ်ဦးစီးဌာနရဲ့ ရည်မှန်းချက်တွေနဲ့ လုပ်ငန်းတာဝန်တွေကို ပိုမိုထိရောက်အောင်မြင်အောင် လုပ်ဆောင်နိုင်ရေးအတွက် မီးသတ်ဦးစီးဌာနဖွဲ့စည်းပုံကို တိုင်းဒေသကြီးနဲ့ ပြည်နယ်မီးသတ်ဦးစီးရုံးတွေမှာ ညွှန်ကြားရေးမှူးအဆင့် တိုးမြှင့်ပေးခြင်း၊ ခရိုင်မီးသတ် စခန်း၇၃ ခု၊ မြို့နယ်မီးသတ်စခန်း ၃၃၀ ၊ နယ်မြေမီးသတ်စခန်း ၇၀၃ ခု စုစုပေါင်း မီးသတ်စခန်း ၁၁၀၆ ခုနဲ့ မီးဘေးလုံခြုံရေးကို ဆောင်ရွက်လျက်ရှိပါတယ်။

မီးသတ်စက်ယာဉ်များမှာ ၂၀၁၆ ခုနှစ်မတိုင်မီ မီးသတ်စက်ယာဉ်ပေါင်း ၂၉၂၀ ရှိခဲ့ရာကနေ နှစ်နှစ်တာကာလအတွင်း ၄၃၁ စီးတိုးတက်လာခဲ့ရာ မီးသတ်စက်ယာဉ်ပေါင်း ၃၃၅၁ စီးရှိပြီဖြစ်ပါတယ်။

မီးသတ်ဦးစီးဌာနရှိ တပ်ဖွဲ့တွေကို ရိက္ခာငွေအဖြစ်တပ်ဖွဲ့ဝင်တစ်ဦးလျှင် တစ်ရက်ငွေကျပ် ၁၅၀၀ နှုန်းအား တိုးမြှင့်ခံစားခွင့်ပြုနိုင်ခဲ့ပါတယ်။

မီးဘေးအန္တရာယ်အပါအဝင်သဘာဝဘေးအန္တရာယ်တွေနဲ့ အခြားမတော်တဆဖြစ်စဉ်များ ကျရောက်လာပါက လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ဖို့အတွက် မီးသတ်ဦးစီးဌာနသို့ ပိုလန်နိုင်ငံအစိုးရနောက်ခံအခြေပြုဥရောပသမဂ္ဂ၏ တစ်စိတ်တစ်ပိုင်းကူညီ ထောက်ပံ့မှုချေးငွေ (Organization for Economic Co-operation and Development) မှ တရားဝင်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့(Official Development Assistance) အစီအစဉ်ဖြင့် ယူရိုသန်း ၅၀ ထောက်ပံ့ချေးငွေနဲ့ ခေတ်မီမီးငြိမ်းသတ်ရေးယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်၊ မီးသတ်အထောက်အကူပြုယာဉ် စုစုပေါင်း ၆၅ စီးနဲ့ စက်ကိရိယာတွေ၊ ဆက်စပ်ပစ္စည်းတွေ ကြံ့ခိုင်မွမ်းမံမှုနှင့်ထိန်းသိမ်းမှုနည်းစနစ် သင်တန်းနဲ့ မီးသတ်ပညာရပ်ဆိုင်ရာတွေကို ပိုလန်နိုင်ငံ မီးသတ်တက္ကသိုလ်ကို သွားရောက်လေ့ကျင့်ပေးနိုင်ခဲ့ပါတယ်။ အဲဒီယာဉ်တွေဟာ ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံကိုရောက်ရှိမှာ ဖြစ်ပါတယ်။

ဟုတ်ကဲ့။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။




၁-၄-၂၀၁၈ ရက်က ကျင်းပသည့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အမှာစကားပြောကြားစဉ်။

# သဘာဝ သယံဇာတအရင်းအမြစ်များကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရေး ရေရှည်တည်တံ့စေသောနည်းလမ်းဖြင့် ထုတ်ယူသုံးစွဲလျက်ရှိ

**အမေး၊ အရေး - မော်စီ၊ ဓာတ်ပုံ - အေးသန်း**

**မြန်မာနိုင်ငံသည် တွင်းထွက်နှင့် သဘာဝသယံဇာတများပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းပြီး သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရေး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အနာဂတ်မျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။**

အနာဂတ်မျှော်မှန်းချက်များ အောင်မြင်စေရန် နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရေး၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရန်အတွက် ရေရှည်တည်တံ့စေသော နည်းလမ်းဖြင့် နိုင်ငံတော်၏ သဘာဝ သယံဇာတ အရင်းအမြစ်များကို ထုတ်ယူသုံးစွဲရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ ထိခိုက်ပျက်စီးမှုများ တတ်နိုင်သမျှ လျော့နည်းသက်သာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဟန်ချက်ညီညီ သဟဇာတရှိရှိဖြစ်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ပတ်သက်ပြီး ပြည်သူများ သိရှိစေရန် ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားဖော်ပြလိုက်ရပါသည်။

**ဦးအုန်းဝင်း**
**ပြည်ထောင်စုဝန်ကြီး**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**မေး။ ။သစ်တောကဏ္ဍနဲ့ ပတ်သက်လို့ ဆောင်ရွက်မှုတွေအနက် သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သစ်ထုတ်လုပ်မှုကို တစ်နှစ်ရပ်ဆိုင်းခဲ့ပြီး မြန်မာ့ကျွန်းသစ်မူရင်းဒေသဖြစ်တဲ့ ပဲခူးရိုးမမှာ သစ်ထုတ်လုပ်မှုကို ၁၀ နှစ်ရပ်ဆိုင်းခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံသစ်တောတွေ ပြန်လည်တည်ထောင်ရေးစီမံကိန်းကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အထိ ၁၀ နှစ် စီမံချက်ရေးဆွဲပြီး သစ်တောတွေ တည်ထောင်ခြင်းနဲ့ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်း ၁၉ ရပ်ကို နိုင်ငံတစ်ဝန်းလုံးမှာ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေ တိုးချဲ့ဖွဲ့စည်းခဲ့မှုအနေနဲ့ ယခင်အစိုးရကာလအထိ ၂၄ ဒသမ ၇၂ ရာခိုင်နှုန်းရှိရာမှ အခု နှစ်နှစ်တာကာလအတွင်း ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ၂၇ ခု ထပ်မံတိုးချဲ့ဖွဲ့စည်းနိုင်ခဲ့တဲ့အတွက် ၂၅ ဒသမ ၁၆ ရာခိုင်နှုန်းရှိသွားပြီဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းသတ်မှတ်ရန် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ ၃၆ ခု ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နှစ်နှစ်တာကာလမှာ သဘာဝနယ်မြေတစ်ခု ထပ်မံတိုးချဲ့ ဖွဲ့စည်းနိုင်ခဲ့တဲ့အတွက် ၅ ဒသမ ၇၉ ရာခိုင်နှုန်းရှိပြီး ဖွဲ့စည်းသတ်မှတ်ရန် ရည်ရွယ်ကြောင်း ခုနစ်ခုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ၃၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းဖို့နဲ့ သဘာဝနယ်မြေ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းဖို့ ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါတယ်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတည်ထောင်ခြင်းနဲ့ ပတ်သက်လို့ ၁၉၉၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာမှာ ဧကသုံးသိန်းနီးပါးဆောင်ရွက်နိုင်ခဲ့ပြီး လက်ရှိအစိုးရလက်ထက် နှစ်နှစ်တာကာလအတွင်း ဧကနှစ်သိန်းကျော် ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် စုစုပေါင်း ဧက ငါးသိန်းကျော် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

တရားမဝင်သစ်ခုတ်လှဲ၊ ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်ခြင်းကို တားဆီးကာကွယ်ဖို့ လူထုအခြေပြုစောင့်ကြည့်ခြင်းနဲ့ သတင်းပို့စနစ် (Community Monitoring and Reporting System)ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ယခင်က ခရီးသွားဆင်စခန်း ငါးခုသာ ဆောင်ရွက်ရာမှ နှစ်နှစ်တာကာလအတွင်း ခရီးသွားဆင်စခန်း ၁၈ ခု အထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်တွင်းဝင်ငွေ ငွေကျပ်သိန်း ၃၀၀၀ ခန့် ပိုမိုရှာဖွေနိုင်ခဲ့ပါတယ်။ လုပ်ငန်းသဘောသဘာဝ ကိုက်ညီတဲ့ နေရာတွေမှာလည်း ဆင်ထိန်းသိမ်းရေးအခြေပြု ခရီးသွားစခန်းတွေ ထပ်မံတိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းအတွက် ပြုပြင်ဆောင်ရွက်နိုင်ခဲ့မှုတွေကို သိချင်ပါတယ်။**

ဖြေ။ ။ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေ၊ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ စိုက်ခင်းတည်ထောင်ခြင်းနဲ့ တရားမဝင်သစ်ကာကွယ်တားဆီးမှု လုပ်ငန်းတွေကို ပီပြင်ထိရောက်အောင် ဆောင်ရွက်နိုင်ဖို့ သစ်တောဦးစီးဌာနရဲ့ဖွဲ့စည်းပုံတိုးချဲ့နိုင်ဖို့အတွက်နဲ့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ရေဝေ ရေလဲဒေသတွေ ထိန်းသိမ်းခြင်းလုပ်ငန်းတွေကိုပါ ဆောင်ရွက်မယ့် “ရေဝေ ရေလဲဒေသနှင့် မြေယာထိန်းသိမ်းရေးဦးစီးဌာန” အဖြစ် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းဖို့အတွက် ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် သစ်ထုတ်လုပ်မှု လျှော့ချဆောင်ရွက်ခြင်း၊ အနာဂတ်ကာလတွေမှာ သဘာဝတောကို မမှီခိုဘဲ သစ်ကုန်ကြမ်းရရှိနိုင်ဖို့အတွက် ကိုယ်ပိုင်သစ်တောစိုက်ခင်းတွေ တည်ထောင်ခြင်း၊ ပြည်သူလူထု အပန်းဖြေအနားယူနိုင်ဖို့အတွက် ဆင်စခန်းတွေ တိုးချဲ့ထူထောင်ခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်တဲ့ “မြန်မာ့သစ်လုပ်ငန်း” ကို “မြန်မာ့သစ်တောလုပ်ငန်း”အဖြစ် အသွင်ပြောင်းလဲဖွဲ့စည်းသွားဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိဖို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုတွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ရေရှည်မှာ ပတ်ဝန်းကျင်အခြေခံကောင်းတွေရရှိနိုင်ဖို့ နှစ်နှစ်တာကာလအတွင်း လက်ရှိပြောင်းလဲလာတဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအခြေအနေနဲ့အညီ အမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒ (National Environmental Policy)၊ မြန်မာရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ (Myanmar National Climate Change Policy)၊ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနဲ့လုပ်ငန်း အစီအစဉ် (Myanmar Climate Change Strategy and Action Plan)တို့ကို အပြီးသတ်ရေးဆွဲထားရှိပြီး အဆင့်ဆင့်တင်ပြပြီးတော့ အတည်ပြုချက်ရယူ ထုတ်ပြန်သွားမှာဖြစ်ပါတယ်။

ဒါ့အပြင် အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်(Green Economy Policy Framework)၊ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်(National Waste Management Strategy and Action Plan) တို့ကို မူကြမ်းရေးဆွဲထားရှိပြီးဖြစ်ပါတယ်။

အဲဒီ မူဝါဒ၊ မဟာဗျူဟာတွေနဲ့ လုပ်ငန်းအစီအစဉ်တွေကို သက်ဆိုင်ရာကဏ္ဍအလိုက် ထိရောက်စွာ ပေါင်းစပ်အကောင်အထည်ဖော်နိုင်ဖို့အတွက် အင်အားဖြည့် ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီခြောက်ခုအပြင် တိုင်းဒေသကြီး၊ ပြည်နယ်တွေနဲ့ ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့ အတွက်လည်း တိုင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ထိ ကြီးကြပ်မှုကော်မတီနဲ့ လုပ်ငန်းအဖွဲ့တွေကို တိုးမြှင့်ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဆက်တည်းမှာပဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရဲ့ ဖွဲ့စည်းပုံကို စုစုပေါင်း ၁၉၂၂၉ ဦးနဲ့ တိုးချဲ့ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ကိုးနှစ်စီမံချက်နဲ့ ခရိုင် ၇၃ ခုနဲ့ မြို့နယ် ၃၃၀ မှာ ပတ်ဝန်းကျင် ထိခိုက်မှုအများဆုံးဖြစ်တဲ့ ခရိုင်၊ မြို့နယ်တွေကို ဦးစားပေးအလိုက် ရွေးချယ်ပြီး ဖွင့်လှစ်လျက်ရှိပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း

ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ကိစ္စတွေ ပိုမိုဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ လုပ်ငန်းကဏ္ဍအလိုက် အစီရင်ခံစာပြုစုတဲ့ တတိယအဖွဲ့အစည်း၊ လုပ်ငန်းရှင်တွေ ပိုမိုရှင်းလင်းစွာ ဆောင်ရွက်နိုင်ဖို့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ နည်းပညာအကူအညီနဲ့ သက်ဆိုင်ရာဌာနတွေနဲ့ပူးပေါင်းပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍဆိုင်ရာ လမ်းညွှန်ချက်များ(အပြီးသတ်မူကြမ်း)၊ ရေအားလျှပ်စစ်ကဏ္ဍဆိုင်ရာလမ်းညွှန်ချက်များ (အပြီးသတ်မူကြမ်း)၊ သတ္တုကဏ္ဍဆိုင်ရာလမ်းညွှန်ချက်များ (မူကြမ်း)၊ ကျန်းမာရေးထိခိုက်မှု ကဏ္ဍဆိုင်ရာလမ်းညွှန်ချက်များ(မူကြမ်း)၊ အများပြည်သူပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်(မူကြမ်း) တွေကို ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် သစ်တောတက္ကသိုလ်ကိုလည်း သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းပုံပြင်ဆင်ခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘာသာရပ်တွေ သီးခြားသင်ကြားနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတကာနဲ့ ဆက်စပ်ဆောင်ရွက်ခဲ့မှုတွေရှိရင်လည်း သိပါရစေ။**

ဖြေ။ ။သတ္တုကဏ္ဍ ရေရှည်ဖွံ့ဖြိုးဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ငန်းတွေအနက် အရှေ့ဖျားအာရှနှင့် အရှေ့တောင်အာရှနိုင်ငံတွေရဲ့ ဘူမိသိပ္ပံဆိုင်ရာညှိနှိုင်းဆောင်ရွက်မှုကော်မတီ (Coordinating Committee for Geoscience Programme in East and Southeast Asia- CCOP) အဖွဲ့ဝင် နိုင်ငံအဖြစ် ၂၀၁၅ ခုနှစ်မှ စတင်ပါဝင်ခဲ့ပြီး CCOP ရဲ့ ချိတ်ဆက်ထောက်ပံ့ပေးမှုနဲ့ ဘူမိသိပ္ပံဆိုင်ရာ သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ နှီးနှောဖလှယ်ပွဲတွေကို အကြိမ်ပေါင်းများစွာ တက်ရောက်နိုင်ခဲ့ပါတယ်။

(၆၈)ကြိမ်မြောက် Steering Committee အစည်းအဝေးကို ၂၀၁၇ ခုနှစ် မတ်လမှာ အိမ်ရှင် နိုင်ငံအဖြစ်လက်ခံပြီး ***အချပ်ပို(စ)သို့***




ကမ္ဘောဒီးယားနိုင်ငံ၌ ဧပြီ ၅ ရက်က ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် မဲခေါင်မြစ်ကော်မရှင် ထိပ်သီးအစည်းအဝေးနှင့် ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*အချပ်ပို(င)မှ*

အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။ အာဆီယံဒေသ အတွင်း ဓာတ်သတ္တုဆိုင်ရာလုပ်ငန်းတွေမှာ ဖွံ့ဖြိုးတိုးတက်မှုရှိလာစေဖို့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့ ရည်ရွယ်ချက်နဲ့ (၁၄) ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍ အဆင့် မြင့် အရာရှိကြီးများ လုပ်ငန်းအဖွဲ့အစည်းအဝေး၊ 16th ASEAN Senior officials Meeting on Minerals (16th ASOMM)နဲ့ (၁၉)ကြိမ်မြောက် ASOMM + 3 Consultation (19th ASOMM+3) အစည်းအဝေး၊ (၆)ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍဝန်ကြီးအဆင့် အစည်းအဝေး (6th ASEAN Ministerial Meeting on Mineral-AMMin) တွေကို နှစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံက အိမ်ရှင် နိုင်ငံအဖြစ်လက်ခံပြီးတော့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

**မေး။ ။မြန်မာနိုင်ငံရဲ့ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများ ပွင့်လင်းမြင်သာမှု (EITI) လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု အခြေအနေကိုလည်း သိလိုပါတယ်။**

ဖြေ။ ။တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်မှု ပွင့်လင်းမြင်သာရှိဖို့နဲ့ မြန်မာနိုင်ငံဟာ ၂၀၁၄ ခုနှစ်မှာ EITI အဖွဲ့ဝင်လောင်းနိုင်ငံဖြစ်ခဲ့ပြီး တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် လမ်းညွှန်ကြီးကြပ်နိုင်ဖို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှာ EITI ဦးဆောင်ကော်မတီကို ပြည်ထောင်စုဝန်ကြီးအပါအဝင် အဖွဲ့ဝင် လေးဦးနဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ လုပ်ငန်းကော်မတီနဲ့ အစိုးရ၊ ကုမ္ပဏီ၊ အရပ်ဘက်အဖွဲ့အစည်းတွေပါဝင်တဲ့ သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ MSG ကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။

EITI ပထမအကြိမ် အစီရင်ခံစာကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှာ နိုင်ငံတကာ EITI Board အဖွဲ့သို့ တင်ပြခဲ့ပြီးနောက် တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် Board အဖွဲ့က အကဲဖြတ်နိုင်ဖို့ ၂၀၁၄-၂၀၁၅ နဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သတ္တု၊ ကျောက်မျက်ကဏ္ဍဆိုင်ရာ အခွန်ဘဏ္ဍာ အချက်အလက်တွေနဲ့အတူ ဒုတိယအကြိမ်နဲ့ တတိယအကြိမ်အစီရင်ခံစာကို ၂၀၁၈ ခုနှစ် မတ်လ ၃၀ ရက်နေ့မှာ နိုင်ငံတကာ EITI Board အဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါတယ်။ အစီရင်ခံစာထုတ်ပြန်တဲ့အပြင် EITI ရဲ့အနှစ်သာရဖြစ်တဲ့ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်မှုကဏ္ဍ ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းလာစေဖို့ အစီရင်ခံစာအပေါ် အခြေခံပြီးပြုပြင်ပြောင်းလဲမှုတွေ (Report to Reform) ကို လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



ထိုင်းနိုင်ငံမှ ဘူမိဗေဒအဖွဲ့နှင့် ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရွှေမြင်တင်တောင်ခြေတွင် ကျောက်မျက်ဖြစ်ထွန်းမှုလေ့လာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။



SEG အဖွဲ့နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ဘော်ဆိုင်းဒေသ ထိပ်တန်းကြယ်ဆယ်ခု ကုမ္ပဏီတို့ ပူးပေါင်း၍ ခဲသတ္တုဟင်းလင်းဖွင့်နည်းဖြင့် သတ္တုတူးဖော်နေမှုကို လေ့လာစဉ်။

သတ္တုကဏ္ဍကို ကြည့်မယ်ဆိုရင် စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေး အစရှိတဲ့ ဘက်ပေါင်းစုံကနေ ထည့်သွင်းစဉ်းစားပြီး ကမ္ဘာ့အဆင့်မီသတ္တုကဏ္ဍတစ်ခုဖြစ်လာဖို့ အခက်အခဲတွေအများကြီးကို ကျော်ဖြတ်ရဦးမှာ ဖြစ်ပါတယ်။ ဥပမာပြောရရင် ရှာဖွေ၊ စမ်းသပ်တိုင်းတာခြင်းအနေနဲ့ သတ္တုတူးဖော်ခြင်းဆိုင်ရာ အချက်အလက်တွေကို အများပြည်သူ ပွင့်လင်းမြင်သာစွာသိရှိနိုင်ဖို့ တစ်နိုင်ငံလုံးမှာ ဓာတ်သတ္တုဖြစ်ထွန်းတည်ရှိမှုပြမြေပုံများ(Mineral Occurrence Maps) နဲ့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တည်ရှိနေတယ့် သတ္တုလုပ်ကွက်တွေကို ဖော်ပြတဲ့ ပထဝီဝင်သတင်းအချက်အလက်စနစ် (Mining Cadaster) ကို တည်ထောင်ထားရမှာ ဖြစ်ပါတယ်။

ကမ္ဘာ့အဆင့်မီ World Class သတ္တုတွင်းတစ်ခုဖြစ်ဖို့အတွက် ထုတ်လုပ်မှု၊ ဆင့်တက်ပြုပြင်မှု၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရေး ဆောင်ရွက်မှု၊ စနစ်တကျမိုင်းပိတ်သိမ်းမှုတွေ ပါဝင်တဲ့ အစီအမံများလည်း လိုအပ်ပါတယ်။

ဒါ့အပြင် သဘာဝသယံဇာတတွေ တူးဖော်ထုတ်လုပ်ရာကရရှိတဲ့ အခွန်ဘဏ္ဍာတွေ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအားလုံးအတွက် ထိရောက်ပြီး အကျိုးအမြတ်အများဆုံးရှိစေမယ့် အခွန်အကောက်စနစ်များ သတ်မှတ်ခြင်း၊ ကောက်ခံခြင်း (Fiscal Regime) ကို ကောင်းအောင်ဆောင်ရွက်ရပါမယ်။ လုပ်ငန်းများ ဆောင်ရွက်ရာမှာလည်း တာဝန်ခံမှု၊ တာဝန်ယူမှုများနဲ့အတူ လုပ်ပိုင်ခွင့်တွေလည်း ခွဲဝေပေးရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်ထောင်စု၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေအကြား လုပ်ပိုင်ခွင့်တွေ ခွဲခြားသတ်မှတ်ပေးရပါမယ်။

*အချပ်ပို(ဆ)သို့*

*အချပ်ပို(စ)မှ*

သတ္တုကဏ္ဍနဲ့ပတ်သက်ပြီး လိုအပ်တဲ့ ထိန်းကျောင်းမှုတွေပြုလုပ်နိုင်ဖို့ ဥပဒေ၊ နည်းဥပဒေတွေကိုလည်း ခေတ်ကာလနဲ့ လိုက်လျောညီထွေဖြစ်စေဖို့ လွှတ်တော်နှစ်ရပ်မှ ဥပဒေကြမ်းကော်မတီတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ သဘာဝသယံဇာတတွေ စီမံခန့်ခွဲရာမှာ အလေးထားဆောင်ရွက်ရမယ့် ကိစ္စရပ်တွေလည်း အားလုံးသိရှိအောင် ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ သယံဇာတတွေ ထုတ်ယူသုံးစွဲတဲ့နေရာမှာ သယံဇာတဖြစ်ထွန်းတည်ရှိမှုအခြေအနေ၊ ရေရှည်ထုတ်ယူသုံးစွဲနိုင်ဖို့နဲ့ နိုင်ငံတကာဈေးအတက်အကျပေါ်မူတည်ပြီး စီမံခန့်ခွဲရတာဖြစ်တဲ့အတွက် သတိထားပြီး ချိန်ဆဆောင်ရွက်ရပါတယ်။

သဘာဝသယံဇာတတွေကို စီမံအုပ်ချုပ်ရာမှာ ပတ်ဝန်းကျင်နဲ့ ဂေဟစနစ်တွေ ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရေး EIA /SIA/ IEE/ EMP စတဲ့ Impact Assessment Guideline တွေအပြင် အခြေခံသဘောထားမတူညီတဲ့ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမှုတွေကိုလည်း ထည့်သွင်းစဉ်းစားရပါတယ်။ ဥပမာအားဖြင့် သစ်တောကဏ္ဍမှာ စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်း၊ ခုတ်လှဲ၊ ထုတ်လုပ်၊ အချောထည် (processing) လုပ်၊ ဈေးကွက်ရှာဖွေ၊ innovation and research စတဲ့လုပ်ငန်းစဉ်တွေပါသလို သတ္တုကဏ္ဍမှာလည်း ရှာဖွေ၊ စမ်းသပ်တိုင်းတာ၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာ၊ ထုတ်လုပ်၊ ဆင့်တက်ပြုပြင်၊ ဈေးကွက်ရှာဖွေ၊ မိုင်းပိတ်သိမ်း စတဲ့ လုပ်ငန်းစဉ်တွေရှိတဲ့အတွက် ဝန်ကြီးဌာနအနေနဲ့ Supply Chain တစ်ခုလုံးကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရပါတယ်။

ဒါ့အပြင် အခွန်အခခွဲဝေမှု အချိုးတွေနဲ့ ပတ်သက်ပြီးတော့လည်း နိုင်ငံတော်နဲ့ နိုင်ငံသားအားလုံး အကျိုးစီးပွားရှိရေး (Maximum benefits in terms of ecosystem services, in terms cash income) ကို စဉ်းစားပြီး ဆောင်ရွက်လျက်ရှိကြောင်းနဲ့ အခြားတစ်ဖက်မှာလည်း မတူညီတဲ့ လုပ်ငန်းသဘောသဘာဝတွေအပေါ် ရင်းနှီးမြှုပ်နှံသူများအနေနဲ့လည်း ယုံကြည်စွာဖြင့် သင့်တင့်မျှတစွာ အကျိုးရှိရှိ ရင်းနှီးမြှုပ်နှံပေးနိုင်ဖို့ကို နိုင်ငံတော်ရဲ့ မူဝါဒတွေနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်ခြင်းဖြင့် ရေရှည်မှာ နိုင်ငံတော်နဲ့ နိုင်ငံသားအားလုံး အကျိုးအမြတ် ရရှိနိုင်မယ့် သဘာဝသယံဇာတများ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းစနစ်တစ်ရပ် ရရှိလာမှာဖြစ်ပါတယ်။



ညောင်ဦးမြို့နယ်တွင် ဖွင့်လှစ်ထားသော ပလင်းကမ်းသာယာဆင်စခန်း။

**ဦးခင်လတ်ကြီး၊ ညွှန်ကြားရေးမှူးချုပ်**
**သတ္တုတွင်းဦးစီးဌာန**

သတ္တုကဏ္ဍအနေနဲ့ နှစ်နှစ်တာ ကာလအတွင်း ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်က ထုတ်ပြန်ခဲ့တဲ့ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေနဲ့ လိုက်လျောညီထွေဖြစ်ပြီး သတ္တုတွင်းလုပ်ငန်းတွေ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြုစုရေးဆွဲခဲ့တဲ့ မြန်မာ့သတ္တုတွင်းနည်းဥပဒေအသစ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။ နည်းဥပဒေအသစ်အရ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ အဖွဲ့တွေက ဆောင်ရွက်ခွင့်ရှိတဲ့ ဓာတ်သတ္တုအသေးစားနဲ့ လက်လုပ်လက်စား လုပ်ငန်းတွေကို စီမံခွင့်ပြုပေးနိုင်တော့မှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်အရ ၂၀၁၇ ခုနှစ် မေလကစတင်ပြီး ခွင့်ပြုမိန့်ထုတ်ပေးထားတဲ့ ဓာတ်သတ္တုလုပ်ကွက်တွေမှာ မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေကို လိုက်နာမှုရှိ၊ မရှိ စိစစ်နိုင်ဖို့နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို အလေးအနက်ထားလုပ်ဆောင်ဖို့ လိုအပ်လာတဲ့အတွက် ပူးပေါင်းကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ၁၂ ဖွဲ့နဲ့ စီမံချက်ချမှတ်ပြီး စစ်ဆေးလျက်ရှိပါတယ်။ အခုအချိန်အထိ ဓာတ်သတ္တုလုပ်ကွက် ၄၃၈ ကွက်ကို စစ်ဆေးနိုင်ခဲ့ပြီး လိုအပ်ချက်တွေ၊ အားနည်းချက်တွေကို ပြုပြင်ထိန်းကျောင်းတည့်မတ်ပေးနိုင်ခဲ့ပါတယ်။

**ဒေါက်တာ ရဲမြင့်ဆွေ၊ ညွှန်ကြားရေးမှူးချုပ်**
**ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**

ဘူမိဗေဒမြေပုံရေးဆွဲရေး လုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း၊ ချင်းပြည်နယ် ဖလမ်း-တီးတိန်၊ ဟားခါး၊ မင်းတပ်၊ မတူပီမြို့နယ် ဝန်းကျင်ဒေသတွေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်နဲ့ ရေဦးမြို့နယ် ဝန်းကျင်ဒေသတွေမှာ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ကျောက်မီးသွေးရှာဖွေ စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းအနေနဲ့ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်ဒေသတွေမှာ ဆောင်ရွက်ခဲ့ပါတယ်။ ဓာတ်သတ္တုဖြစ်ထွန်းမှုလေ့လာရေးလုပ်ငန်းအနေနဲ့ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်နဲ့ ချင်းပြည်နယ် မင်းတပ်မြို့နယ် ပတ်ဝန်းကျင်ဒေသတွေမှာ ဆောင်ရွက်ခဲ့ပါတယ်။ ဂရက်ဖိုက် ရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်းအနေနဲ့ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်၊ ကြက်စောင်းတောင်ဝန်းကျင်မှာ ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် ချင်းပြည်နယ် ဟားခါးမြို့နယ် ဘုံဇုံဒေသမှာ ထုံးကျောက် အသေးစိတ် စမ်းသပ်တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီး ဘိလပ်မြေသုံး အရည်အသွေးမီ ထုံးကျောက်များ တိုင်းတာဖော်ထုတ်လျက်ရှိပါတယ်။ ဘူမိဘေးအန္တရာယ် (Geohazard) လေ့လာမှုများအနေနဲ့ မြေလွှာကျုံ့ကျမှု၊ မြေပြိုမှု၊ မြေလွှာအက်ကွဲခြင်းဖြစ်ပေါ်မှုကို မန္တလေးတိုင်းဒေသကြီး မိုးကုတ်-သစ်စိမ့်ကုန်းဒေသနဲ့ ပုပ္ပားတောင်ကလပ်အနီး အောင်သိဒ္ဓိကုန်းတွေမှာ ဆောင်ရွက်ခဲ့ပြီး အန္တရာယ်ဇုန်တွေ ဖော်ထုတ်တိုင်းတာခဲ့ကြပါတယ်။

ဖင်လန်နိုင်ငံ ဘူမိဗေဒဌာန(GTK)၊ ကိုရီးယားသမ္မတနိုင်ငံ ဘူမိသိပ္ပံနဲ့ ဓာတ်သတ္တုသယံဇာတဆိုင်ရာဌာန (KIGAM)၊ ဂျပန်နိုင်ငံ International Cooperation Agency (JICA)၊ ထိုင်းနိုင်ငံ Department of Mineral Resources (DMR)၊ ဂျပန်နိုင်ငံအခြေစိုက် International consortium on Landslide (ICL) အဖွဲ့၊ Japan Oil, Gas and Metals National Corporation (JOGMEC) စတဲ့အဖွဲ့တွေနဲ့ ပူးပေါင်းပြီး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။



မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးရွာအုပ်စု ပုပ္ပားတောင်ကလပ်အနီး အောင်သိဒ္ဓိကုန်းမြေလွှာ အက်ကြောင်းကို ၁၃-၁၁-၂၀၁၇ ရက်က ဘူမိပညာရှင်များ တိုင်းတာနေစဉ်။

မြန်မာပုလဲထုတ်လုပ်ရေးနဲ့ ရောင်းဝယ်ရေးလုပ်ငန်းမှာ နိုင်ငံပိုင် ကျွန်းစခန်းတစ်ခုနဲ့ ဖက်စပ်လုပ်ကိုင်လျက်ရှိတဲ့ ပြည်တွင်းကုမ္ပဏီ ခုနစ်ခု၊ ပြည်ပကုမ္ပဏီ လေးခု စုစုပေါင်း ပုလဲထုတ်လုပ်ရေးကျွန်းစခန်း ၁၂ ခု တို့မှာ တစ်နိုင်ငံလုံး အနေနဲ့ ပုလဲ ၃၃၄၀၀၀ မိုမီ ထုတ်လုပ်ဖို့ လျာထားဆောင်ရွက်ခဲ့ရာ ရရှိမှုမှာ ပုလဲ ၇၅၂၈၂၆ လုံး၊ ၅၁၂၃၃၄.၄၇ မိုမီဖြစ်တဲ့အတွက် လျာထား ချက်ရဲ့ (၁၅၃ ဒသမ ၃၉)ရာခိုင်နှုန်းထိ ကျော်လွန်ထုတ်လုပ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

နိုင်ငံပိုင်ကျွန်းစခန်းတွေက ဖော်ထုတ်ရရှိတဲ့ ပုလဲတွေနဲ့ ဖက်စပ်ကုမ္ပဏီတွေက အချိုးကျခွဲဝေရရှိတဲ့ ပုလဲတွေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပြည်တွင်းမှာ နှစ်ကြိမ်၊ ပြည်ပမှာ တစ်ကြိမ်ရောင်းချခဲ့ရာ ဌာနရဲ့ရငွေ လျာထားချက် ကျပ်သန်း (၁၄၀၂၃ ဒသမ ၀၀၀) ဖြစ်သော်လည်း အမှန်တကယ်ရငွေမှာ ကျပ်သန်း (၁၆၁၂၀ ဒသမ ၆၇၃) ရရှိတဲ့အတွက် လျာထားချက်ရဲ့၁၁၄ ဒသမ ၉၇ ရာခိုင်နှုန်း တိုးမြှင့်ရရှိခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာလည်း ပြည်တွင်းမှာ တစ်ကြိမ်၊ ပြည်ပမှာ ၂ ကြိမ် ရောင်းချခဲ့ရာ ဌာနရဲ့ ရငွေ လျာထားချက် ကျပ်သန်း ၁၁၅၈၂ ဒသမ ၀၀၀ ဖြစ်ပြီး အမှန်တကယ်ရငွေမှာ ကျပ်သန်း ၁၄၃၀၉ ရရှိခဲ့တဲ့အတွက် လျာထားချက်ရဲ့ ၁၂၃ ဒသမ ၅၅ ရာခိုင်နှုန်းတိုးမြှင့်ရရှိခဲ့ပါတယ်။

*အချပ်ပို(ဇ)သို့*

*အချပ်ပို(ဆ)မှ*

**ဒေါက်တာညီညီကျော်၊ ညွှန်ကြားရေးမှူးချုပ်**
**သစ်တောဦးစီးဌာန**

ကျွန်တော်တို့ ဌာနအနေနဲ့ နိုင်ငံရဲ့သစ်တော သယံဇာတအရင်းအမြစ်တွေ ရေရှည်တည်တံ့ဖို့နဲ့ ထိန်းသိမ်းကာကွယ်နိုင်ဖို့အတွက် ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောတွေနဲ့ သဘာဝနယ်မြေတွေကို သိသိသာသာ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကနေ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အထိ ၁၀ နှစ်စီမံချက်ရေးဆွဲပြီး နိုင်ငံတစ်ဝန်းလုံးမှာ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ ငါးနှစ် နှစ်ကြိမ် ဆောင်ရွက်မှာဖြစ်ပြီး ပထမနှစ်ဖြစ်တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ နိုင်ငံပိုင် စီးပွားရေး၊ ရေဝေရေလဲ၊ ဒီရေတောနဲ့ ကျေးရွာ ထင်းစိုက်ခင်းဧကပေါင်း ၂၂၆၅၇ ဧက၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း ၉၄၁၃၇ ဧက စတာတွေကို ဆောင်ရွက်နိုင်ခဲ့တဲ့ အပြင် ဓမ္မတာမျိုးဆက်ခြင်း၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ ပုဂ္ဂလိက သစ်တော စိုက်ခင်းတည်ထောင်ခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ လူထုဖြန့်ပျိုးပင်များ စိုက်ပျိုးခြင်း၊ စီးပွားရေးစိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေ တိုးချဲ့ဖွဲ့စည်းခြင်း ၁၅ ခု၊ ၅၆၁၀၉၅ ဧကတိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၈ မိုးရာသီမှာ နိုင်ငံပိုင် စိုက်ခင်းစုစုပေါင်း ၂၇၀၂၇ ဧက ထပ်မံစိုက်ပျိုးဖို့အတွက် လုပ်ငန်းအဆင့်အလိုက် ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ဇီဝမျိုးစုံမျိုးကွဲတွေ ထိန်းသိမ်းကာကွယ်တဲ့ လုပ်ငန်းတွေအနက် ဥယျာဉ်အုပ်ချုပ် လုပ်ကိုင်မှု စီမံချက်တွေ ရေးဆွဲဆောင်ရွက်တာ၊ မြန်မာနိုင်ငံ ဆင်ထိန်းသိမ်းရေး လုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်တာ၊ ကျားထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်တာ၊ မြန်မာ့ကြယ်လိပ်တွေ ထိန်းသိမ်းကာကွယ်တာ စတာတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ထူးခြားမှုအနေနဲ့ကတော့ အင်းတော်ကြီး၊ မိန်းမလှကျွန်းနဲ့ မုတ္တမပင်လယ်ကွေ့(မွန်ပြည်နယ်အပိုင်း)တွေကို ရမ်ဆာရေဝပ်ဒေသတွေအဖြစ် သတ်မှတ်ခံခဲ့ရတဲ့အပြင် အင်းတော်ကြီးကန်ဒေသကို လူသားနဲ့ဇီဝအဝန်းနယ်မြေ (MAB) အဖြစ် ကမ္ဘာ့အဆင့် သတ်မှတ်ခံရအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်ဆောင်ရွက်ခြင်းအပိုင်းမှာလည်း ၁၉၉၅ ခုနှစ်ကနေ စတင်ဆောင်ရွက်လာတာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်အထိ ဧက ၃ သိန်းနီးပါး ဆောင်ရွက်နိုင်ခဲ့ပြီး အခုအစိုးရလက်ထက် နှစ်နှစ်တာကာလအတွင်းမှာ ဧကနှစ်သိန်းကျော် ထပ်မံတိုးချဲ့ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် စုစုပေါင်း ဧက ငါးသိန်းကျော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလို ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတွေ ဆောင်ရွက်မှုထဲမှာ ကမ္ဘာ့အဆင့် အသိအမှတ်ပြုခံခဲ့ရတာကတော့ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်မှာရှိတဲ့ ရိုးစုံကျေးရွာ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောကို Energy Globe Foundation ကနေပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်ကနေ ၁၆ ရက်အထိ အီရန်နိုင်ငံ တီဟီရန်မြို့မှာ ကျင်းပတဲ့ (၁၈)ကြိမ်မြောက် Energy Globe Award ဆုပေးပွဲမှာ Energy Globe National Award ချီးမြှင့်ခံခဲ့ရတာဖြစ်ပါတယ်။ ရိုးစုံအစုအဖွဲ့ပိုင်သစ်တောဟာ အကျယ်အဝန်း ၅၅၀ ဧကရှိပြီး ဧက ၇၀ ကို သဘာဝတောအဖြစ် ထိန်းသိမ်းထားပြီး ကျန် ၄၈၀ ဧကကို ယာသီးနှံနဲ့ လျှော်ဖြူ(ဆေးကုလားမ)တို့ ရောနှောစိုက်ပျိုးထားတာဖြစ်ပါတယ်။

**ဦးလှမောင်သိန်း၊ ညွှန်ကြားရေးမှူးချုပ်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အနေနဲ့ နှစ်နှစ်တာကာလအတွင်းမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ကဏ္ဍအသီးသီး မှာ ပေါင်းစပ်နိုင်ဖို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်တစ်ခုကို တည်ထောင်နိုင်ခဲ့ပါတယ်။ အဲဒီအထဲမှာ အဓိကအားဖြင့်တော့ မူဝါဒပိုင်းဆိုင်ရာရေးဆွဲခြင်း၊ အဖွဲ့အစည်းပိုင်းကို အင်အားဖြည့်တင်းခြင်း၊ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ငွေကြေးပိုင်းဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒီလုပ်ငန်းတွေကို အောင်မြင်မှု ရှိ၊ မရှိ ကြီးကြပ်လိုက်နာစေခြင်းဆိုတဲ့ အပိုင်း ခြောက်ပိုင်းနဲ့ လုပ်ဆောင်ခဲ့ပါတယ်။

မူဝါဒပိုင်းနဲ့ပတ်သက်လို့ အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ ရေးဆွဲပြီး ဖြစ်ပါတယ်။ မူဝါဒရဲ့ အဓိကရည်မှန်းချက်ကတော့ မြန်မာပြည်သူပြည်သားအားလုံး ချမ်းသာကြွယ်ဝပြီး ကျန်းမာဖို့အတွက် သန့်ရှင်းတဲ့ပတ်ဝန်းကျင်နဲ့ ကောင်းမွန်တဲ့ဂေဟစနစ်တွေကို တည်ထောင်ဖို့ဆိုတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ မျှော်မှန်းချက်ကို အဓိကဦးတည်ပြီး လုပ်ပါတယ်။ မြန်မာနိုင်ငံက ရာသီဥတုပြောင်းလဲမှု ထိခိုက်လွယ်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက်ကြောင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်နိုင်ဖို့အတွက် ရေရှည်မှာ အကောင်အထည်ဖော်နိုင်မယ့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ၂၀၃၀ မူဝါဒ ရည်မှန်းချက်ကို ချမှတ်ခဲ့ပါတယ်။ ၂၀၃၀ မှာ မြန်မာပြည်သူပြည်သားတွေ ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေရှိပြီး ရာသီဥတုပြောင်းလဲမှုကိုလျှော့ချနိုင်မယ့် လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ထောင်မယ်ဆိုတဲ့ ၂၀၃၀ ရည်မှန်းချက်ကို ချမှတ်ခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ မြို့ပြတွေ၊ စက်ရုံ၊ အလုပ်ရုံတွေ တိုးတက်လာတဲ့အခါမှာ စွန့်ပစ်ပစ္စည်းတွေ လျော့နည်းစေဖို့နဲ့ ပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်နိုင်ဖို့အတွက်လည်း တစ်နိုင်ငံလုံး အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းဆိုင်ရာ မဟာဗျူဟာကို ရေးဆွဲခဲ့ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ စိမ်းလန်းပြီးသန့်ရှင်းတဲ့ မြန်မာနိုင်ငံ တည်ထောင်ဖို့အတွက်ပဲ ဖြစ်ပါတယ်။

**ဦးဇော်ကိုကို၊ ပညာရှင်**

သတ္တုတွင်းနည်းဥပဒေကို ဒီထက်ပိုပြီးတော့ ခိုင်မာအောင်၊ လက်တွေ့အသုံးချနိုင်အောင် ဆောင်ရွက်ဖို့ လုပ်ထုံးလုပ်နည်းတွေ တိတိကျကျ ပြဋ္ဌာန်းဖို့ လိုအပ်မယ်လို့ မြင်ပါတယ်။ ဥပဒေ၊ နည်းဥပဒေအသစ်မှာ ဥပဒေက ၂၀၁၅ ဒီဇင်ဘာလမှာ ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေက ၂၀၁၈ ဖေဖော်ဝါရီလမှာ ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

သတ္တုဆိုတာ ဝေးလံခေါင်သီတဲ့ အရပ်ဒေသတွေမှာ ဖြစ်ထွန်းကြတော့ တရားဥပဒေစိုးမိုးမှုလည်းလိုအပ်မယ်။ အဲဒီအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်တွေ ပူးပေါင်းဆောင်ရွက်ဖို့လိုမယ်၊ သတ္တုရဲ့သဘောသဘာဝအရ တောထဲတောင်ထဲမှာ ဖြစ်တော့ တရားမဝင် တူးဖော်မှုတွေကို ထိန်းသိမ်းကြပ်မတ် အရေးယူနိုင်ဖို့က အားနည်းနေသေးတယ်။ တရားမဝင်တူးဖော်မှုတွေကို ထိန်းသိမ်းနိုင်မှပဲ သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တယ်လို့ အကြံပြုချင်ပါတယ်။ ဘူမိဗေဒ၊ ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအနေနဲ့က စမ်းသပ်တိုင်းတာရေး လုပ်ငန်းတွေကို ဥပဒေ၊ နည်းဥပဒေသစ်မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ပြီးတော့ ဘယ်လုပ်ကွက်ကတော့ နိုင်ငံတော်အတွက် အရန်ထားမယ့်သတ္တုအမျိုးအစား၊ ပြည်ထောင်စုအစိုးရက လုပ်ပိုင်ခွင့်ပေးတဲ့ သတ္တုအမျိုးအစား၊ ပြည်နယ်၊ တိုင်းဒေသတွေက လုပ်ပိုင်ခွင့်ရှိတဲ့ သတ္တုအမျိုးအစား စသည်ဖြင့် ဒါတွေကို ခွဲခြားသတ်မှတ်ဖို့အတွက် ဘူမိဗေဒ၊ သတ္တုရှာဖွေရေးဦးစီးဌာနက အများကြီးလုပ်ဆောင်ပေးရမယ်လို့ ကျွန်တော်မြင်ပါတယ်။

သဘာဝသယံဇာတတွေ ရေရှည်တည်တံ့ဖို့အတွက် အရေးကြီးဆုံးအချက်က သဘာဝသယံဇာတကဏ္ဍသည် ကျယ်ပြန့်လှတဲ့အပြင် ဘက်ပေါင်းစုံ ပါဝင်နေသည့်အတွက် လုပ်ငန်းများကို ဆောင်ရွက်ရာမှာ အစိုးရဌာန၊ အဖွဲ့အစည်းတွေသာမက ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းလက်တွဲဆောင်ရွက်သွားမှသာ ရေရှည်မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး အားလုံးမျှော်မှန်းထားသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာမှာဖြစ်တဲ့အတွက် အားလုံးလက်တွဲ ပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်လှပါတယ်။ ။



သင်ပေါင်းဒေသတွင် ကျောက်မီးသွေးရှာဖွေရေးလုပ်ငန်းဆောင်ရွက်ရန် လွန်တူးလုပ်ငန်းဆောင်ရွက်နေစဉ်။



ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ ICL အဖွဲ့တို့ပူးပေါင်း၍ ဟားခါးမြို့ဟောင်းရပ်ကွက် မြေပြိုမှုဖြစ်ပေါ်ခဲ့သော တောင်စောင်းအား UAV, Drone Photo ဖြင့် လေ့လာ မှတ်တမ်းတင်ပုံ။

**သတ္တုကဏ္ဍနဲ့ပတ်သက်ပြီး လိုအပ်တဲ့ ထိန်းကျောင်းမှုတွေပြုလုပ်နိုင်ဖို့ ဥပဒေ၊ နည်းဥပဒေတွေကိုလည်း ခေတ်ကာလနဲ့ လိုက်လျောညီထွေဖြစ်စေဖို့ လွှတ်တော်နှစ်ရပ်မှ ဥပဒေကြမ်းကော်မတီတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိ။**

**သယံဇာတတွေ ထုတ်ယူသုံးစွဲတဲ့ နေရာမှာ သယံဇာတဖြစ်ထွန်းတည်ရှိမှု အခြေအနေ၊ ရေရှည်ထုတ်ယူသုံးစွဲနိုင်ဖို့နဲ့ နိုင်ငံတကာဈေးအတက်အကျပေါ် မူတည်ပြီး စီမံခန့်ခွဲရတာဖြစ်တဲ့အတွက် သတိထားပြီး ချိန်ဆဆောင်ရွက်**